www.burmeseclassic.com

# ကြည်ဦး

# လူဝင်စားများနှင့် တွေ့ဆုံခြင်း



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

______________________ သို့

______________________ မှ

ဓမ္မလက်ဆောင်မွန်

● ဖြန့်ချိရေး ●

မဇ္ဈိမစာပေ

အမှတ်(၂၃၇)၊ ၃၉-လမ်း(ပထမထပ်-ဝဲ)၊ အပေါ်ဘလောက်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁-၃၉၂၈၃၅၊ ၀၉-၇၃၀၅၉၉၃၅၊ ၀၉-၅၀၅၆၈၄၃

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမို ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊


## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

နမော တော ဗုဒ္ဓ ဝီရဿ၊

မဉ္ဇိုမစာစဉ်(၃၀)

# ကြည်ဦး



# လူဝင်စားများနှင့် တွေ့ဆုံခြင်း

www.burmeseclassic.com

www.burmeseclassic.com

# လူဝင်စားများနှင့် တွေ့ဆုံခြင်း

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| တာမူခွင့်ပြုချက်အမှတ် | ❖ | ၄၀၁၄၄၉၁၀၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ❖ | ၄၀၁၄၅၄၁၂၁၁ |
| ပုံနှိပ်ခြင်း | ❖ | ဒုတိယအကြိမ် အုပ်ရေ (၅၀၀) |
| ထုတ်ဝေသည့်ကာလ | ❖ | ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ |
| ထုတ်ဝေသူ | ❖ | ဒေါ်ခင်မာချို<br>ပန်းဝေဝေစာပေ<br>အမှတ်(၁၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊<br>ကျောက်တံတားမြို့နယ်။ |
| အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် | ❖ | ဦးမျိုးမြင့်ကျော်<br>မြတ်ထက်ဟိန်းပုံနှိပ်တိုက်<br>အမှတ်(၅)၊ ဈေးလမ်း၊<br>တပ်မြေ (၆)ရပ်ကွက်၊ ပုဇွန်တောင်။ |
| အတွင်းဖလင် | ❖ | ကိုဦး (၀၉ ၅၀ရ၀၆၆၃) |
| မျက်နှာဖုံး | ❖ | ပန်းချီလင်းဝဏ္ဏ |
| အတွင်းအပြင်အဆင် | ❖ | အိအိဖြိုး၊ ယဉ်ယဉ်ထွေး၊ ထက်ထက်အောင် |
| တန်ဖိုး | ❖ | ၁၅၀၀ ကျပ် |

ကြည်ဦး CIP - 808.84

လူဝင်စားများနှင့် တွေ့ဆုံခြင်း - ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ၂၀၁၁။
စာ ၂၂၀၊ ၁၀.၅ x ၇.၃ စင်တီ။


BURMESE CLASSIC .com

# မာတိကာ


- စကားလက်မွန် ........ ၉
- မျက်နှာဖြူလူဝင်စားနှင့် တွေ့ဆုံခြင်း ........ ၂၃
- သုံးဖြစ်လဲ ဆရာတော်ကြီး ........ ၃၀
- လူဝင်စား မဉ္ဇူနံ့စိန် ........ ၄၀
- ဆရာတော်ဦးလဲ့ရှာပုံတော် ........ ၅၀
- ရပ်စုံကျောင်းတော်ကြီး ........ ၇၀
- အောင်နိုင်နတ် ........ ၁၀၃
- လူဝင်စားက ဖော်ထုတ်ပေးသည့်လူသတ်မှု ........ ၁၂၃
- သေလာပြီးမှ လွှမ်းနေရသည် ........ ၁၃၅


www.burmeseclassic.com

www.burmeseclassic.com



# ဆရာမကြီး ဒေါ်ကြည်ဦး

အမည်ရင်း ဒေါ်လှကြည် ဖြစ်သည်။ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းဇာတိဖြစ်၍ ဗိန္ဒောဆေးဆရာကြီး ဦးသက်နှံနှင့် ဒေါ်ငွေယုန်တို့မှ ၁၂၈၇ - ခု၊ ဝါဆိုလဆန်း ၅ ရက် (၂၄ - ၆ - ၁၉၂၅) နေ့တွင် ဖွားမြင်သည်။ တက္ကသိုလ်ဝင်တန်းအထိ၊ အတန်းပညာသင်ခဲ့ရသည်။ စာပေနယ်သို့ ၁၉၅၀ ခုနှစ်ထုတ်၊ တိုင်းရင်းမေ ဂျာနယ်တွင် သိုင်းပညာ ပြန့်ပွားရေးကို ဦးတည် ရေးသားထားသည့် "သက်လုံ" ဝတ္ထုတိုဖြင့် စတင်ဝင်ရောက်သည်။

၁၉၅၂ - ခုနှစ်တွင် "ရဲရိက္ခာထောက်ပံ့ရေးရုံး" ၌အောက်တန်းစာရေးအဖြစ်၊ ၁၉၅၃ - ခုနှစ်တွင် လူထုပညာရေးကောင်စီမှ ထုတ်ဝေသည့် လူထုပညာစာစောင်၌ လက်ထောက်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ လစဉ်ထုတ်မဂ္ဂဇင်းများတွင် ဝတ္ထုတို၊ ဆောင်းပါး ရေးသည်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



များရေးခဲ့ကာ ကလေးကြေးမုံ ငှက်မျိုးစုံ၊ ကလေးကြေးမုံ ပင်မျိုးစုံ၊ မြန်မာ့ ရိုးရာစကားထာ၊ ရှေးထုံးစဉ်လာမြန်မာမှုများ၊ ကိုကိုတို့အရွယ်၊ မေ့ကွက် ကိုရှာ၊ အလောင်းတော် ကဿပဘုရားလား စသည့် လုံးချင်းစာအုပ်များ ကို ရေးခဲ့သည်။

၁၉၇၈ - ခုနှစ် ဆရာမကြီး ဒဂုန်ခင်ခင်လေး လက်ထက်မှ စ၍ ဆရာမကြီး ကွယ်လွန်ပြီးသည့်နောက် ၆ နှစ်ခန့်အထိ ယုဝတီဂျာနယ် တွင် တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

ကွယ်လွန်ချိန်အထိ ဘာသာရေးမဂ္ဂဇင်းနှင့် လစဉ်ထုတ်မဂ္ဂဇင်း များ၌ ဆရာမကြီး နိုင်ငံတော်မဟာ တည်ရှုံးရေး အတွက် အထောက်အကူပြုသည့် စာပေဆောင်းပါးများ၊ ဝံသာနုစိတ် ၏ သမိုင်းကို ဖော်ပြသည့် ဆောင်းပါး စသည်များကို လစဉ် ရေးသားခဲ့ပါ သည်။

BURMESE CLASSIC .com





## စကားလက်ဦး

လူဝင်စားတို့၏ ဘဝကို ကျွန်မ စိတ်ဝင်စားခဲ့သည်။ လူဝင်စား တို့၏ ဘဝအမျိုးမျိုးကိုလည်း တွေ့ကြုံ၊ ဆွေးနွေး၊ လေ့လာခဲ့ ဖူးသည်။ လူဝင်စားအချို့သည် စကားပြောတတ်စပြုသည့် သုံး လေးနှစ်အရွယ်မှ သူတို့ ကွယ်လွန်ကြသည့် အသက် ခုနစ်ဆယ်၊ ရှစ် ဆယ် အထိ ဘဝဟောင်းမှ ဖြစ်ရပ်အားလုံးကို မှတ်မိနေတတ်ကြသည်။

ဤလူဝင်စားများကား သေလျှင်သေခြင်း (ဝိညာဉ်ချုပ်လျှင် ချုပ်ခြင်း) ဘဝသစ်သို့ ကူးပြောင်းမှီတွယ်ခွင့် (ပြန်လည်ဝင်စားခွင့်) ရသူ များ ဖြစ်သည်ကို လေ့လာတွေ့ရှိရ၏။

ဥပမာ ။ ။ သုံးဖြစ်လဲ ဆရာတော်ကြီးနှင့် မညွန့်စိန်လို လူဝင် စားမျိုး ဖြစ်လေ၏။ အချို့သော လူဝင်စားများကား၊ ကလေးဘဝတွင်သာ ဘဝဟောင်းမှ အဖြစ်အပျက်များကို မှတ်မိကြပြီးလျှင် အသက် တဖြည်း ဖြည်း ကြီးပြင်းလာသည်နှင့်အမျှ ဘဝဟောင်းမှ ဖြစ်ရပ်များအားလုံးကို မှတ်မိခြင်း မရှိတတ်ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



[redacted] ဥပမာ ၊ ၁၉၂၀ ခုနှစ်လောက်တွင် အလွန် နာမည်ကြီးခဲ့သည့် "ခုနစ်နှစ်သားအရွယ်ရှိ ပိဋကတ် မောင်ထွန်းကြိုင်" သည် စကားပြောတတ်သည့် အရွယ်မှစ၍ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်ထားသည့်အတိုင်း ဟောနိုင်၊ ပြောနိုင်၊ ဆွေးနွေးလာသမျှကိုလည်း ဖြေကြားနိုင်သည်ဟု နယ်လှည့်ဓမ္မကထိကအဖြစ်နှင့် ဖိုးသူတော်ကလေးဝတ်ကာ တရားဟောခဲ့သည်၊

ပန်းဘာနေ့ဘိုးနယ်၊ မင်းဆယ်ရွာရှိ "ယွန်းကျောင်းကြီး ဆရာတော်" ဝင်စားလာသည်ဟု ဆရာတော် ဘဝက၊ သိုမှီးသိမ်းဆည်းထားသည့် ပစ္စည်းများကိုပင် ထုတ်ပေးသည်။ သို့သော် မောင်ထွန်းကြိုင်သည် အသက်နှစ်ဆယ်ကျော်လျှင် ဘဝဟောင်းမှ ဖြစ်ရပ်များ အားလုံးကို မှုန်ဝါးသွားရာမှ နောက်ဆုံးတွင်မူ လုံးဝ မေ့လျော့သွားသည်ဟု ကျွန်မ ကြားသိမှတ်မိထားလေသည်။

ဒေါက်တာဦးညို၏ တူသား၊ ကျိုက္ကဆံစေတီတော်ကြီးအနီး၊ သယ်န်းကျွန်းမှာနေသည့် ကျွန်မ မိတ်ဆွေ ဦးကျော်ဇံသည် ခေတ်ပညာတတ်တစ်ယောက်၊ ရုံးအမှုထမ်းတစ်ယောက်၊ စာပေသမားတစ်ယောက်ဖြစ်ရုံမျှမက၊ ပယောဂဆရာ၊ ဗေဒင်ဆရာ နာမည်ကြီးတစ်ယောက် ဖြစ်သည်။ အင်္ဂဝိဇ္ဇာပညာမှာ အလွန်မှန်သည်ဟုလည်း သတင်းကြီးသည်။ သူသည် ကျွန်မနှင့်တွေ့ဆုံရင်းနှီးသည့် အသက်ခြောက်ဆယ်ကျော်အရွယ်အထိ သူ့ဘဝဟောင်းကို ရုပ်ရှင်ကြည့်ထားသလို ရွဲမြဲစွာဖြင့် မှတ်မှတ်သားသား ပြောနိုင်နေသေးသည့် လူဝင်စားတစ်ယောက် ဖြစ်သည်။ သူပြောပြသည်များမှာကား ဤသို့ဖြစ်သည်။

"ကျွန်တော် အရင်ဘဝက ကရင်လူမျိုး ဆင်ဦးစီးသားပေါ့။ ထုံးကြီး





ကျောက်တန်းက တောကြီးတန်းမှာနေတာ၊ အဖေက သိပ်စိတ်တိုတတ်တယ်၊ အရက်ကလဲ အမြဲသောက်တယ်။ ဒီတော့ ကျွန်တော်ပါ သူနဲ့အတူ အရက်သောက်တတ်လာတာပေါ့။

တစ်နေ့တော့ ဘာစိတ်ဆိုးနေတယ်မသိဘူး၊ အရက်ကလဲ မူးနေတော့ ကျွန်တော့်ကို သူကိုင်နေတဲ့ လှံတိုနဲ့ ပစ်လိုက်တာ၊ ကျွန်တော်သေသွားတယ်။ အဲဒီတော့ ကျွန်တော့်အသက် ဆယ့်ငါးနှစ်လောက်ပဲရှိသေးတယ်၊ အမေက "ဖိုးခွါး…ဖိုးခွါး" လူလေးလူလေး ဆိုပြီးငိုလိုက်တာ အကျယ်ကြီးပဲ၊ အမေ့အသံကို ကြားရင်း ကျွန်တော် အသက်ထွက်သွားတယ် ထင်ပါရဲ့၊ ဘာမှမသိတော့ဘူး။

ကျွန်တော်သိတော့ တောထဲက သစ်ပင်တစ်ပင်ပေါ် ရောက်နေတယ်၊ တစ္ဆေဖြစ်သွားတာပေါ့၊ တစ္ဆေဘဝနဲ့ နေရာအနှံ့ကို ရောက်နေတယ်၊ ကျောက်တန်း တောထဲမှာ နေလို့မရဘူး၊ မောင်းထုတ်တဲ့သူ ရောက်လာတယ်၊ အဲဒါနဲ့ နေရာရှာရင်း သန်လျင်က သရက်ပင် မောင်နှမမှာ အကြာကြီး နေခဲ့ရတယ်။ အခုဘဝမှာ သန်လျင်ကို ကျွန်တော် သွားရင် အဲဒီသရက်ပင်ကို မော့ပြီး မကြည့်ရဲဘူး၊ အတူတူနေခဲ့ဖူးတဲ့ ကောင်တွေက ရှိနေသေးတယ်၊ တွေ့မိမှာစိုးလို့ မကြည့်ရဲတာပဲ။ (ယခု ဤသရက်ပင်ကြီး မရှိတော့ပါ၊ ခုတ်လိုက်ကြလေပြီ)

သရက်ပင် မောင်နှမကနေ ကျိုက္ကဆံဘုရားဝင်းထဲမှာ ရှိတဲ့ သရက်ပင်တွေဆီကို သွားနေရအောင်လို့ အဖော်လာစပ်တာနဲ့ အဖော်နဲ့အတူ ကျိုက္ကဆံဘုရားဝင်းထဲက ဆာဦးဘိုးသာ တန်ဆောင်း ရှိတဲ့ အပေါက်ဝလေ့ကားထစ်အနားက သရက်ပင်ပေါ် ရောက်လာတယ်။ အဲဒီမှာ အမေနဲ့တွေ့တာပဲ။ ကျွန်တော့် အမေနဲ့အစ်မက အခု ဒေါက်တာဦးညို့



www.burmeseclassic.com

www.burmeseclassic.com



ခြံလို့ ခေါ်နေကြတဲ့ ခြံကြီးထဲက တိုက်မှာနေတာ၊ အစ်မက ကျွန်တော့်ထက် အသက်ဆယ်နှစ်ကျော်ကျော်ကြီးတယ်၊ အမေတို့မှာ ဒီသမီး တစ်ယောက်ပဲ ထွန်းကားတယ်။ ကျွန်တော့်အမေက ဒေါက်တာ ဦးညိုရဲ့ဇနီး ဒေါ်ဒေါ်ညွှန့်ရဲ့ညီမအရင်း။

အမေနဲ့ အစ်မက ကျိုက္ကဆံဘုရားကြီးမှာ အရက်ဆွမ်း ခဏခဏ လာကပ်လေ့ရှိတယ်။ အိမ်နဲ့အနီးကလေးဆိုတော့ လာနိုင်ကြတာပေါ့၊ ဆွမ်းကပ်ပြီးရင် ခေါင်းလောင်းထိုးတယ်၊ အမျှဝေတယ်။ ဒါပေမယ့် ကျွန်တော်တစ်ခါမှ သာဓုမခေါ်ဘူး၊ ခေါ်ရကောင်းမှန်း သိချင်မှလည်း သိမယ် ထင်ပါရဲ့၊ စိတ်ထဲမှာတော့ အမေနဲ့ အစ်မ ပြန်သွားရင် လိုက်သွားချင်တဲ့စိတ်တော့ ပေါ်တယ်။ အဲဒါနဲ့ ကျွတ်ချိန်တန်လို့ ထင်ပါရဲ့၊ အရင်ဘဝကလည်း အကုသိုလ် မလုပ်ခဲ့ဘူးလေ . . . ဒါကြောင့် လူပြန်ဖြစ်လာရတယ် ထင်ပါရဲ့။

စကားစပ်လို့ ပြောရအုံးမယ် ... ကျိုက္ကဆံ ဘုရားဝင်းထဲက သရက်ပင်ကြီးတွေပေါ်မှာ အဲဒီကောင်တွေ အခုထိရှိနေကြသေးတယ်။ သူတို့လဲ သူတို့လောကနဲ့သူတို့ ပျော်နေကြတာပါပဲ။ တချို့ဆို ကလေးပုခက်တွေ ဘာတွေများဆင်လို့၊ ကျွန်တော် အားလုံးမြင်နေရတာပဲ။

ဦးကျော်ဖံသည် တစ်နှစ်လျှင် တစ်ကြိမ်ထုံးကြီးကျောက်တန်းမှာ ရှိနေကြသည့် ဘဝဟောင်းမှ မိဘများထံ စားသောက်စရာများဝယ်သွားပြီး အမြဲသွားရောက် ကန်တော့လေ့ရှိသည်။ သူ့မှာ ပွင့်လင်းသောမယဉ်ကျေးသော အသုံးအနှုန်းမျိုးကို သုံးတတ်လွန်းပါ၍ ကျွန်မက ဝေဖန်လျှင် "အဲဒါ အရင်ဘဝကပါလာတဲ့အကျင့်" ဟု ဝန်ခံသည်။ အရင်ဘဝကအတိုင်း ငပိရည်၊ တို့စရာများများနှင့် တလပေါ်ဟင်းကို အလွန်





နှစ်သက်၏။ ယခုတော့ သူကွယ်လွန်သွားသည်မှာ ငါးနှစ်ကျော်သွားပါပြီ။ သူ၏ အစ်မကြီးနှင့် သူ၏မိသားစုသာလျှင် သယ်န်းကျွန်း ဦးညိုခြံကြီးထဲမှာ ရှိပါတော့သည်။

သတ္တဝါတိုင်းသည် မိမိတို့၏ သက်ရှိဘဝများတွင် နေထိုင်ကျင့်သုံး ဆောက်တည်လာခဲ့ကြသည့် ကုသိုလ်၊ အကုသိုလ် ဟူသော ပြုခဲ့ကြသည့် စိတ်စေတနာအလျောက်၊ ဘဝမပြတ်သေးသမျှ ဖြစ်လေရာရာဘဝများစွာတို့တွင် စံစား၊ ခံစားကြရမည်သာဖြစ်သည် ဟူသော အချက်ကို လက်ခံနိုင်မှသာလျှင် ထေရဝါဒဗုဒ္ဓဘာသာဝင် စစ်စစ်ဖြစ်သည်ဟု ဆိုရပါမည်။

ဓမ္မပဒဝတ္ထုတော်ကြီး ဒုတိယတွဲတွင် "ပုတ္တာမတ္ထိ" အစရှိသည့် တရားဒေသနာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အာနန္ဒာ အမည်ရှိသည့် သူဌေးကြီးကို အကြောင်းပြု၍ ဟောတော်မူသည်မှာ -

သာဝတ္ထိပြည်တွင် ကုဋေရှစ်ဆယ် ကြွယ်ဝသော အာနန္ဒာဆိုသည့် သူဌေးကြီး ရှိသည်။ ထိုသူဌေးကြီးတွင် မူလသီရိဟူသော သားတစ်ယောက်ရှိသည်။ သူဌေးကြီးသည် သားဖြစ်သူအား ပစ္စည်းဥစ္စာများခွဲဝေပေးခြင်း မရှိခဲ့၊ အလွန် နှမြောတွန့်တိုသောကြောင့် ငါ့မှာရှိသည့်ဥစ္စာကို များပြားလှပြီဟု မထင်မှတ်နှင့်၊ အသစ်အသစ်သော ဥစ္စာများကို သိုမှီးနိုင်ရန်အတွက် အလုပ်ကို ကြိုးစားလုပ်ဟု အမြဲမှာကြား ဆုံးမသည်။ သားကို အသိမပေးပဲနှင့် ရွှေအိုးကြီး ငါးလုံးကိုလည်း တိတ်တဆိတ် မြှုပ်သည်။ ထိုသူဌေးကြီး သေလွန်လျှင် သာဝတ္ထိမြို့တံခါး၏ အပြင်ဘက်ရှိ ဒွန်းစဏ္ဍားတို့၏ ရွာ၌ သန္ဓေစွဲကပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီး မရှိတော့လျှင် သား မူလသီရိအား သာဝတ္ထိဘုရင်ကောသလမင်းသည် ဖခင်ရာထူးဖြစ်သည့် သူဌေးကြီး ဟူသော ဘွဲ့ကို ပေးအပ်လေသည်။ ဒွန်းစဏ္ဍားတို့သည် မိမိတို့ မိသားစုအလိုက် အစုအဝေးနှင့် နေထိုင်ကြသည် ဖြစ်လေရာ၊ အာနန္ဒာသူဌေးကြီး ဝင်စားလာသော မိသားစုသည် အာနန္ဒာသူဌေးကြီး သနွေစွဲကပ်လာသည့်နေ့မှ စ၍ မည်သူ့ထံကမှ အလှူခံ၍မရ၊ တစ်နေ့လျှင် ထမင်းတစ်ဆုပ်မျှပင် မရသောအခါ "ငါတို့အတွင်းမှာ သူယုတ်မာ ရှိနေပြီ" ဆိုကာ အတူနေ မိသားစုကို နှစ်စုခွဲစေလိုက်၏။

ဤသို့ ခွဲဝေရင်းဖြင့် အာနန္ဒာသူဌေးကြီး၏သနွေကို စွဲနေသည့် ဒွန်းစဏ္ဍားမကို တစ်ဦးတည်း ခွဲနေစေဟု နှင်ထုတ်လိုက်ကြ၏။ ဒွန်းစဏ္ဍားမသည်လည်း သန္ဓေသားကို မဖွားမချင်း မျှတစွာ မစားရဘဲ ငြိုငြင်ဆင်းရဲစွာ နေလာခဲ့ရင်းဖြင့် သားကို ဖွားမြင်လာ၏။

ထိုအခါ ဖွားမြင်လာသော သားသည် နှာခေါင်း၊ မျက်စိ၊ နား၊ ခံတွင်း စသည့် အားလုံးပကတိရှိနေရမည့်နေရာတို့မှာ သဘာဝအတိုင်း မရှိကြသည့်အပြင် လက်ခြေ စသည်များမှာလည်း အင်္ဂါမစုံဘဲ ချို့တဲ့စွာ ဖြစ်လာသောကြောင့် မြေဘုတ်ဘီလူးကဲ့သို့ ရုပ်အဆင်းဖောက်ပြန်လာလေ၏။ မိခင် ဒွန်းစဏ္ဍားမသည် ရင်သွေးအား ချစ်ခြင်းမေတ္တာဖြင့် မည်သို့မျှ မစွန့်ပစ်နိုင်ဘဲ။ သားကို ချီပွေ့လျက်သာ လှည့်လည်၍ တောင်းရမ်းလျှင် ထိုနေ့အတွက် ထမင်းတစ်ဆုပ်တစ်ခဲမျှပင် ရမလာပဲ ပြန်လာရ၏။

ဤသို့ဖြင့် သားငယ်လမ်းလျှောက်တတ်လျှင် "ချစ်သား အမေမှာ ချစ်သားကို အမှီပြုပြီး ဆင်းရဲခဲ့ရသည်။ ယခု ချစ်သားကိုယ်တိုင် သာ



ဝတ္ထိ မြို့တွင်းသို့ သွားပါ။ မြို့တွင်းမှာ ထမင်းဟင်းအလှူပြုနေတဲ့ တင်းကုပ်တွေ ရှိရာကို ရှာဖွေပြီး အသက်မွေးပါတော့" ဟု မှာကာ ခွက်တစ်ခွက်ကို သားလက်ထဲထည့်၍ စွန့်ပစ်လိုက်လေတော့၏။ သားသည် အိမ်စဉ်တကာသို့ လှည့်လည် တောင်းခံရင်း ယခင် အနန္ဒာသူဌေးကြီး ဘဝက နေခဲ့သော နေရာခြံဝင်းရှေ့သို့ ရောက်လျှင် အတိတ်ဘဝအားလုံးကို ပြန်လည် သတိရသည့် ဇာတိဿရဉာဏ်ကို ရသည်ဖြစ်၍ ငါ့အိမ်ပဲ ဟူသော အမှတ်ဖြင့် တိုက်ထဲသို့ ဝင်သွားလေ၏။

တံခါးအစောင့်တို့ ရှိပါသော်လည်း တံခါးသုံးထပ်မှ လွန်သည် အထိ မည်သူမျှ မမြင်ကြလေကုန်၊ လေးခုသော တံခါးသို့ ရောက်ကာမှ မူလသီရိသူဌေး၏သား၊ အာနန္ဒာသူဌေးကြီး၏ မြေးတော်စပ်သည့်သူငယ်ကို မြင်လျှင်ကြောက်လန့် ဖွယ်ရာသော သူ၏ ရုပ်အဆင်းကြောင့် ထိတ်လန့် ငိုကြွေးကြလေကုန်၏။ ထိုအခါမှ တံခါးစောင့်များ သိမြင်ကြသော၊ ဒွန်းစဏ္ဍားသူငယ်အား ရိုက်နှက်၍ ခြံပြင်ရှိ အမှိုက်ပုံထဲသို့ လွှင့်ပစ်လိုက်ကြ၏။

ထိုအချိန်တွင် ဘုရားရှင်သည် နောက်ပါ အရှင်အာနန္ဒာမထေရ်နှင့်အတူ ဆွမ်းအလှူခံထွက် ကြွလာတော်မူသည် ဖြစ်လေရာ၊ အမှိုက်ပုံ နေရာသို့ရောက်လျှင် ရှင်အာနန္ဒာမထေရ်အား ဘုရားရှင် ကြည့်တော်မူလေ၏။ ရှင်အာနန္ဒာမထေရ်က မေးလျှောက်တော်မူလျှင် ထိုအကြောင်းများကို ဘုရားရှင် မိန့်တော်မူသောကြောင့် အရှင်အာနန္ဒာမထေရ်သည် မူလသီရိသူဌေးကို ခေါ်စေတော်မူလေ၏၊ ထိုအခါ မူလသီရိသူဌေးနှင့် အတူ လူအပေါင်းတို့ ရောက်လာကြလျှင် ဘုရားရှင်သည်၊ အမှိုက်ပုံထဲ လဲနေရာသည့် သူငယ်ကိုပြကာ သိသလားဟု ... မူလသီရိက ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



မှ မရှိလျှင် "အာနန္ဒာသူဌေးကြီး သင်ဝှက်ထားခဲ့သည့် ရွှေအိုးကြီး ငါးလုံး နေရာကို ပြောကြားလေတော့" ဟု ဘုရားရှင် မိန့်တော်မူလေ၏။

ထိုအခါမှ အမှိုက်ပုံထဲမှ အာနန္ဒာသူဌေးကြီး တစ်ဖြစ်လဲ ဒွန်းစဏ္ဍားသူငယ်သည်၊ ရွှေအိုးကြီး ငါးလုံး မြှုပ်သည့်နေရာကို ထုတ်ဖော်ပြောပြလေတော့၏။ မူလသီရိသူဌေးသည်လည်း ထိုအချိန်မှစ၍ မြတ်စွာ ဘုရားကို ဆည်းကပ် ကိုးကွယ်ခြင်းအဖြစ်သို့ ရောက်လေ၏။ ဘုရားရှင်သည်၊ အာနန္ဒာသူဌေးကြီးကို အကြောင်းပြု၍ "ပုတ္တာမတ္ထိ" တရားဒေသနာတော်ကို ဟောကြားတော်မူသောအခါ ဒေသနာတော် အဆုံး၌ နှစ်သောင်းလေးထောင်သော သတ္တဝါအပေါင်းတို့သည် သစ္စာလေးပါး တရားအထူးကို သိမြင်ကြလေကုန်၏။

ဤဒေသနာတော်ကို ထောက်၍ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ လျင်မြန်စွာဖြင့် သန္ဓေစွဲကပ် လူအဖြစ်သို့ ရောက်တတ်သူများသည် ဇာတိဿရဉာဏ်အထူးကို ရတတ်ကြသည်ဟု ကျွန်မတို့ ယူဆယုံကြည်နိုင်ပါသည်။

ယခု ကျွန်မ စုစည်းတင်ပြလိုက်သည့် လူ့ဝင်စားများတွင် မျက်နှာဖြူ လူဝင်စားနှင့် ဆရာတော်ဦးလှဲ့ နှစ်ပုဒ်မှာသာ ဘဝဟောင်းကို ပြန်ပြောင်းပြောပြနိုင်ခြင်း မရှိဘဲ မိဘများ၏ အိပ်မက်မှတစ်ဆင့် လူ့ဝင်စား ဖြစ်လာကြရသည်ဟု အသိအမှတ်ပြုရခြင်း ဖြစ်ပါသည်။

လူ့ဝင်စား ဆိုသူများသည် ကမ္ဘာအရပ်ရပ်၌ ရှိကြပါသော်လည်း ဘဝဟောင်းကို ပြန်ပြောင်းပြောနိုင်ကြသူကား နည်းပါးလှပါသည်။ မြန်မာ့ရာဇဝင်တွင် ဟံသာဝတီရာဇာဓိရာဇ်၏သား ဗောလောကျွန်းတောသေရာတွင် သူ၏ ဆုတောင်းကြောင့် အင်းဝမင်းဘုရင်မင်းခေါင်၏မိဖုရား





ရှင်မိနှောက်ဝမ်းသို့ ဝင်စားကာ သားတော် မင်းရဲကျော်စွာ ဖြစ်လာရသည်ဟု တွေ့ရသည်။ သက္ကရာဇ် ၈၀၀ ကျော် ဒုတိယမင်းခေါင် လက်ထက်၌ ဘုရင်မင်းခေါင် ကိုးကွယ်သည့် မင်းဆရာတော် "ဆီးတော ဆရာတော်" သည် မင်းသုံးဆက်တို့ ကိုးကွယ်ခြင်းကို ခံယူရကာ သာသနာတော်တွင် အလွန်ထင်ရှားခဲ့၏။ ထိုဆီးတော ဆရာတော် ပျံလွန်လျှင် စလင်းမြို့ရှိ တောင်ဖီလာ ဆရာတော်၏ မယ်တော်ဖြစ်တော်မူမည့်သူအား "ငါ ဆီးတော ဆရာတော်၊ လာနေမည်" ဟု ဆိုကာ အိပ်မက်ပေးသည်ဟု "သာသနာ့ဝံသ ဒီပနီ" တွင် ဖတ်ရလေသည်။

ဤကဲ့သို့ ဝင်စားလာမှုအမျိုးမျိုး ရှိကြသည်နှင့် ပတ်သက်၍ လယ်တီဆရာတော်ဘုရားကြီး ရှင်းပြတော်မူထားသည်ကို တင်ပြလိုပါသည်။

၁။ အတိတ်ဘဝ၌ ကုသိုလ်ကောင်းမှုပြုတိုင်း "ဘဝဟောင်းကို သိရပါလို၏" ဟု ဆုတောင်းသူ၊

၂။ ပုဗ္ဗေနိဝါသ အဘိညာဉ်ကို ရရှိသည့် ပုဂ္ဂိုလ်များ၊

၃။ အတိတ်ဘဝ၌ ခွန်အားရှိနေစဉ် အနိုက်၊ တစ်စုံတစ်ခုသော အန္တရာယ်ကြောင့် ရုတ်တရက် သေဆုံးရပြီးလျှင်၊ ချက်ချင်း လူပြန်ဖြစ်လာရသူ။

၄။ ဥပပတ်ပဋိသန္ဓေဖြင့် နတ်၊ ဗြဟ္မာ၊ ပြိတ္တာ၊ ငရဲဘဝသို့ ရောက်သူ စသည့် ဤလေးဦးသော ပုဂ္ဂိုလ်တို့သည်ကား ဘဝဟောင်းမှ သေလွန်၍ ဘဝသစ်သို့ရောက်လာလျှင်လည်း ဘဝဟောင်းကို ပြန်လည် သိမြင်နိုင်ကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



၅။ ဘဝဟောင်း၌ ကာလရှည်ကြာစွာ ရောဂါဖိစီးခြင်းကို ခံနေရ၍ ကိုယ်စိတ်နှစ်ပါး နွမ်းနယ်စွာ ခံစားရပြီးမှ သေဆုံးရသူနှင့်

၆။ ယခုဘဝတွင် အမိဝမ်းကြာတိုက်၌ ကာလရှည်ကြာစွာ နေခဲ့ရခြင်းကြောင့် စိတ်အားယုတ်လျော့ မိန်းမောသွားရခြင်း ... စသည့် ဤအကြောင်းတရား နှစ်ပါးကြောင့် လူအများစုသည် ရှေးဘဝဟောင်းကို မေ့တတ်ကုန်ကြ၏။

***

ဤနေရာတွင် ဆရာကြီး ဦးအေးနိုင် (မွှာစရိယ - ဘီအေ) ၏ လူဝင်စားအတွေ့အကြုံကို အနည်းငယ် တင်ပြလိုပါသည်။ ဆရာကြီး၏ ဇနီးသည် ကျွန်မနှင့်ဆွေမျိုးရိပ်မကင်းသူ ဖြစ်ပါ၍ ဆရာကြီးသည် လူဝင်စား ဖြစ်ရုံမျှမက ဘဝဟောင်းကိုလည်း ပြန်လည်သိမြင်ကာ ဇာတိဿရဉာဏ်ရသည်ဟု ကြားသိထားပါ၍ ဆရာကြီးကို မေးကြည့်သောအခါတွင် သိရသည်မှာ -

"အရင်ဘဝက ပန်းတနော်မြို့နယ်ထဲက ဂုံမင်းရွာမှာ နေကျော်ဆိုတဲ့ နာမည်နဲ့ ကရင်လူမျိုး ဖြစ်ခဲ့တယ်။ ဗုဒ္ဓဘာသာ၊ ငွေကြေးလည်း ချမ်းသာတော့ အကြီးအကဲ၊ ခုခေတ်အလိုတော့ ရွာမိ၊ ရွာဖပေါ့။ ကရင်အခေါ်ကတော့ စော်ကဲလို့ ခေါ်ကြတယ်။ အိမ်ထောင်နဲ့ သား သုံးယောက်၊ သမီး လေးယောက် ရတယ်။ ဘုရားတည်၊ ကျောင်းဆောက်၊ ရေတွင်းရေကန် လှူခဲ့တဲ့အပြင် ကိုးကွယ်ထားတဲ့ ရွာကျောင်း ဘုန်းတော်ကြီးကိုလဲ နေကျော်လို့ လက်မှတ်ထိုးထားတဲ့ ပိဋကတ်သုံးပုံ လှူတယ်"





နေကျော်ရဲ့စီးပွားရေးက ဂုံမင်းရွာဝန်းကျင်မှာရှိတဲ့ အင်းအိုင်တွေကို အစိုးရဆီက လေလံဆွဲပြီး ပန်းတနော်နဲ့ ရေလမ်း မိုင်တစ်ရာလောက်ဝေးတဲ့ ခန္ဓကဘိုရွာက ကိုဘဖေ၊ မသော်တို့နဲ့ ကုန်စပ်တူ လုပ်ကြတယ်၊ အင်းအလုပ်ပေါ်ချိန်ရောက်ရင် ကိုဘဖေတို့က ဂုံမင်းရွာကို ခေတ္တပြောင်းရွှေ့ပြီး လာနေတယ်။ မသော်က ဟင်းချက်သိပ်ကောင်းတယ်၊ နေကျော်က မသော် ချက်တဲ့ဟင်း သိပ်ကောင်းတာပဲလို့ သဘောကျတယ်၊ အင်းချိန်ကုန်တော့ မသော်တို့ သူတို့ရွာ ခန္ဓကဘို ပြန်နေတယ်။ နေကျော်ကလဲ ဂုံမင်းရွာနဲ့ သိပ်မဝေးတဲ့ ခန္ဓကဘိုကို မကြာခဏ အလည်ရောက်တယ်။

ဒီလိုနဲ့ နေကျော်ဇနီး သေတယ်၊ နောက် နေကျော်လဲ သေတယ်၊ နေကျော် သေတာကို မသော်တို့ မသိဘူး၊ နေကျော်သေပြီး သုံးလလောက်အကြာမှာ၊ တစ်နေ့တော့ ... မသော် နေမကောင်းသလို ဖြစ်ပြီး ကယောင်ကတန်းနဲ့ သူ့ယောကျ်ား ကိုဘဖေကို -

"ငါ နေကျော်ပဲ ... နင်တို့ မကောင်းဘူး၊ ငါ သေတာကို မလာကြဘူး"

ဆိုတော့ ကိုဘဖေက တောင်းပန်တယ်။

"မသိလို့ပါ အစ်ကိုကြီးရယ် ... အခု အစ်ကိုကြီးလာတာ ဘာပြောချင်လို့လဲ"

"ပြောစရာရှိတာပေါ့" တဲ့။

"နင်တို့နဲ့ လာနေချင်လို့ ခွင့်လာတောင်းတာ"

လို့ ... နေကျော်က ပြောတယ်။

"လာနေပါ အစ်ကိုကြီးရယ် ခွင့်ပြုပါတယ်" ...



www.burmeseclassic.com

www.burmeseclassic.com



လို့ ... ကိုဘဖေက ပြောတော့ ...

"ငါ လာနေရင်၊ ငါ့ကို ဘယ်တော့မှ မရိုက်ပါဘူးဆိုတဲ့ ကတိကို ပေးနိုင်ပါ့မလား" လို့နေကျော်က ထပ်မေးတယ်။ ဒီတော့ ကိုဘဖေက...

"ကိုယ့်အစ်ကိုကြီးပဲ၊ မရိုက်ပါဘူး"

လို့ ... ပြောတော့ နေကျော်က ပြောပြန်တယ်။

"အေး ... ဒါဖြင့် တပေါင်းလကို ငါ လာမယ်" လို့ ပြောတယ်။

ဦးနေကျော် ပြောသွားသည့်အတိုင်း ဒေါ်ခေသာ်သည် တပေါင်းလတွင် သန္ဓေရှိကာ ဆရာဦးအေးနိုင် ဖြစ်လာမည့် သားရတနာလေးကို ဖွားမြင်လာသည်။ တစ္ဆေဘဝတွင် ခြောက်လ နေခဲ့ရပြီးမှ လူ့ဘဝသို့ ပြန်လည် ဝင်စားလာရခြင်း ဖြစ်လေသည်။

တစ္ဆေဆိုတာ နတ်အမျိုးအစားမှာ ပါဝင်တဲ့ အနိမ့်စား ဝိနိပါတိက နတ်တစ်မျိုးပဲ ကျမ်းဂန်မှာတော့ ပြိတ္တာလို့ ဆိုထားတယ်၊ ဒီပြိတ္တာမျိုးက လူတွေနဲ့ နီးနီးကပ်ကပ်နေခွင့်ရတယ်။ လူတွေက ကုသိုလ်ပြုရင်၊ အမျှဝေရင် သာဓုခေါ်နိုင်ခွင့်ရပြီး မြန်မြန်ကျွတ်လွတ်တတ်တယ်။ လူသူနဲ့ ဝေးတဲ့နေရာကို ရောက်နေကြတဲ့ ပြိတ္တာမျိုးတွေကတော့ အမျှဝေသံကို မကြားရတတ်တော့ လူ့ဘဝပြန်ရောက်ဖို့ မလွယ်ကြဘူး။ တစ္ဆေတွေမှာ ကံကြောင့်ပါလာတဲ့ ကမ္မဇိဒ္ဓိလို့ခေါ်တဲ့ တန်ခိုးကြောင့် ကိုယ်ထင်ပြနိုင်တယ်၊ ကိုယ်ရောင် ဖျောက်နိုင်တယ်။ အဲဒီတန်ခိုးကြောင့် သူတို့ လူပြန်ဖြစ်မယ့်ကာလကို ပြောပြနိုင်ကြတယ်။ ဘယ်သူ့ဘယ်ဝါဆီ ဝင်စားမယ် ဆိုတာကိုပါ နတ်ပြည်က နတ်သားတွေ စုတေခါနီးမှာ နိမိတ်ထင်လာတတ်သလို ထင်လာတာမျိုးလဲ ရှိနိုင်တယ်ဟု ဆရာကြီး ဦးအေးနိုင်က ရှင်းပြပါသည်။





ဆရာကြီးသည် ၁၂၈၄ – ခု၊ ပြာသိုလဆန်း ၇ ရက်နေ့ဖွားဖြစ်၍ ယခုဆိုလျှင် အသက် ၈၀ ရှိနေပြီ၊ အိပ်မပျော်သောရောဂါကြောင့် ဆေးရုံသို့ တစ်ကြိမ်တက်ရသည်မှလွဲ၍ ရောဂါပြင်းပြင်းထန်ထန် မရှိဟု သိရသည်။ ခုနစ်တန်းအောင်သည့်နှစ်ဆယ့်ငါးနှစ်သားအရွယ်မှစ၍ သာသနာရေး ဦးစီးဌာန၊ ကျမ်းပြုတာဝန်ဖြင့် ကုသိုလ်အလုပ်ကို ဆက်လုပ်ခဲ့သည်။ ယနေ့ထက်တိုင်လည်း ထွက်ရှိသမျှသော ဘာသာရေး စာအုပ်များမှ လာရောက် မေတ္တာရပ်ခံသမျှကို တတ်နိုင်သမျှ စာမူများ ချီးမြှင့်ခြင်းဖြင့် ကုသိုလ်ယူလျက် ရှိပါသည်။

ဆရာကြီးသည် စကားပြောတတ်ကာစတွင် ကရင်စကားကို ဝ၍ ပြောသည်ဆို၏။ အသက်သုံးနှစ်တွင် ဂုံမင်းရွာကို သွားချင်တယ်၊ အဲဒီမှာ အိမ်ရှိတယ်၊ သားသမီးတွေ ရှိတယ်ဟု မိဘများကို ပူဆာသည်။ မိဘများကလည်း ဦးနေကျော် ဝင်စားလာသည်ဟု သိနေ၍ လိုက်ပို့ပေးသည်။ အဝေးကြီးကပင် အိမ်ကို မှတ်မိစွာဖြင့်ပြသနိုင်သည်။ အိမ်မှာ အပျိုကြီး ဘဝဖြင့် ရှိနေသေးသည့် သမီးသုံးယောက် မနန်းပု၊ မနန်းရွှေ၊ မနန်းငွေ တို့ကို တွေ့တွေ့ချင်း နာမည်မှန်အောင် ခေါ်နိုင်သည်။

"ငါ့ဖဲဘောင်းဘီ ၄ ထည်နဲ့၊ ပိုးဘောင်းဘီ ၃ ထည် ရှိသေးလား" မေးသည်။

"အဘ ဆုံးတော့ ... အားလုံး ကန့်လန့်ကာ ချုပ်ပြီး ဘုန်းကြီးကျောင်း လှူလိုက်တယ်"

ဟု သမီးများက ပြောသည်။

"အိမ်နောက်ဖေး သရက်ပင်အောက်မှာ ငွေအိုးမြှုပ်ထားတယ်"

ဟု ပြော၍ သမီးများက တူးလျှင် စဥ့်အိုးနှင့် မြှုပ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



လက်ဝတ်လက်စားများကိုတွေ့၍ သမီးများကို အားလုံးဝေပေးလိုက်သည်။

ဆရာကြီးသည် ဒါနများစွာပြုခဲ့သူ ဖြစ်ခြင်းကြောင့် ယခုဘဝတွင် ဘောဂသမ္ပတ္တိ၊ ဥစ္စာပစ္စည်းနှင့် ပြည့်စုံခြင်း၊ ပိဋကတ်သုံးပုံတည်းဟူသော စာပေဒါနကို ပြုခဲ့ခြင်းကြောင့် ယခုဘဝတွင် ပညာဉာဏ်နှင့် ပြည့်စုံခြင်း စသည့် မိမိပြုလုပ်ခဲ့သော ကံ၊ ကံ၏အကျိုးများကို ခံစားနေရသည်မှာ ထင်ရှားလှပါ၏။ ဆရာကြီးသည် အတိတ်ဘဝ၌ ထူးခြားသော တောင့်တမှု နှစ်ခုကိုလည်း အမြဲဆုတောင်းခဲ့သည်ဟုဆိုပါသည်။ ထိုနှစ်ခုသည်ကား -

ဘဝဟောင်းကို ပြန်သိလိုခြင်း (ဇာတိဿရဉာဏ်) နှင့် မြန်မာလူမျိုးဖြစ်လိုခြင်း စသည်များဖြစ်သည်။ ကျွန်မတို့၏ ပစ္စုပ္ပန်ဘဝအတွက် ကျင့်ကြံအားထုတ်မှုများ မည်မျှ လိုအပ်သည်။ မည်သို့ နေထိုင် ကျင့်သုံးဆောက်တည်ရမည်၊ သို့မှသာလျှင် ဘဝမှာ ရင်းစား မဆုံးရှုံးခြင်းနှင့် ကြုံတွေ့ကြခြင်း ဖြစ်မည်ကို ဆရာကြီး၏ လူဝင်စားဘဝကို လေ့လာရင်းဖြင့် ကျွန်မတို့သည် ပညာများစွာ ရလိုက်ပါသည်။

သို့ပါ၍ ကျွန်မ စုဆောင်းတင်ပြလိုက်သည့် "လူဝင်စားများနှင့် တွေ့ဆုံခြင်း" သည် အပျော်ဖတ်စာပေ မဟုတ်ပါ။ ကျွန်မတို့၏ ဘဝများစွာအတွက် သတိပြုသင့်သည့် အချက်များစွာကို မီးမောင်းထိုးပြလိုက်သကဲ့သို့ မေတ္တာဖြင့် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်ဟု ...။ ။

ကြည်ဦး





## မျက်နှာဖြူ လူဝင်စားနှင့် တွေ့ဆုံခြင်း

လူဝင်စားဟု ခေါ်ဆိုသော ပုဂ္ဂိုလ်များကို အရွယ်ရွယ်အစားစားဖြင့် မြင်ဖူးရ ကြားဖူးရသည်မှာ များလှပါပြီ။ အချို့က ဘဝဟောင်းက ဖြစ်ပျက်လာသမျှကို ရုပ်ရှင်ကြည့်ခဲ့ပြီး ဇာတ်လမ်းဇာတ်ကွက်အားလုံးကို ပြန်ပြောသလို ပြန်ပြောနိုင်သည်။ အချို့က ဘဝချင်း နီးစပ်စွာ သေပြီးသည်နှင့် ချက်ချင်း လူ့ဘဝကို ပြန်ရောက်လာရသောကြောင့် အရင်ဘဝက သိမ်းဆည်းသိုဝှက်ခဲ့သမျှသော ဥစ္စာပစ္စည်းများကိုပင် စနစ်တကျ ပြန်လည်ပြောပြနိုင်သည်။ ပိဋကတ် မောင်ထွန်းကြိုင်ဆိုသော ပုဂ္ဂိုလ်တစ်ဦးကမူ စကားပြောတတ်စ ငါးနှစ် ခြောက်နှစ်အရွယ်မှာ သင်ကြားပေးမှုမရှိပါဘဲ အလိုအလျောက် ပိဋကတ်စာပေများကို ဟောပြောနိုင်သည်။ သူသည် ပန်းတနော်မြို့နယ်၊ မင်းဆယ်ရွာမှာ ကျေးစီးဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး (ယွန်းကျောင်း ဆရာတော်) ဖြစ်သည်ဟု ပြန်ပြောပြသည်။ နယ်လှည့် ဓမ္မကထိကအဖြစ် ခုနစ်နှစ်သားအရွယ် မြစ်ဝကျွန်းပေါ်တစ်ဝိုက်မှာ ဟောပြောခဲ့သည်ဟု ၁၉၂၀ ခုနှစ် ပတ်ဝန်းကျင်မှာ သတင်းကြီးခဲ့သည်။

လူဝင်စားကိစ္စများကို ကျွန်မတို့မှာ ဘာသာရေးစာပေများ၌လည်း အများအပြား တွေ့ရပါသည်။ ဥပမာ "ကာဠီဘီလူးမ" သည် ရန်ငြိုးကြီးစွာသောစိတ်ဖြင့် ကြောင်နှင့် ကြွက်ဘဝ၊ သစ်မနှင့် သမင်မ၊ ဘီလူးမနှင့် လူမိန်းမ စသည်ဖြင့် ဘဝချင်းနီးစပ်စွာ ကူးပြောင်းခဲ့ရင်း နောက်ဆုံးဇေတဝန်ကျောင်းတော်မှာ ဘုရားရှင် ဟောကြားတော်မူသော တရားကို နာယူရသောကြောင့် ဘီလူးမသည် သောတာပတ္တိဖိုလ်၌ တည်သွားကာ လယ်စောင့်နတ်သမီး "ပုန်းမကြည် ရှင်မနတ်" အဖြစ် ယနေ့တိုင်လယ်သမားတို့၏ ယုံကြည်ကိုးစားရာ မိတ်ဆွေကောင်းနတ် ဖြစ်လာရသည်ဟု ဓမ္မပဒဝတ္ထုတော်ကြီး ပထမတွဲ ယမကဝဂ်မှာ ဖတ်ရှုမှတ်သားရပါသည်။

လူဝင်စားများအားလုံး အတိတ်ဘဝကို ပြောနိုင်ကြသူကများသည်၊ အချို့သော လူဝင်စားဆိုသူများကမူ မိခင်ဖြစ်သူမှ တစ်ဆင့်အိပ်မက် အမြင်ဖြင့် မိမိ လူဝင်စား မည်သူမည်ဝါဖြစ်သည်ဟု မထင်မရှားသိကြသည်၊ အချို့သော လူဝင်စားများကမူ မျောက်ဘဝမှ လာသည်ဟု မျောက် အပြုအမူများနှင့် တူညီစွာ နေထိုင် စားသောက်ရုံမျှမက သူတို့၏ ရုပ်အဆင်း ကြန်အင်ကပါ မျောက်ကဲ့သို့ ခြေခွင်နေခြင်း၊ မျောက်မျက်နှာ၊ မျောက်ဦးခေါင်း စသည်တို့နှင့် တူလာခြင်းများကလည်း အံ့သြဖွယ်ရာ မြင်ရပါ၏။





ကျွန်မ၏ အစ်မ တစ်ယောက်ကဲ့သို့ ချစ်ခင် ရင်းနီးပါသော ကျောင်းဆရာမကြီးတစ်ဦးသည် ဥပစ္ဆေဒကကံနှင့် ကွယ်လွန်သွားရာမှ တစ်နှစ်အတွင်းမှာ လူ့ဘဝသို့ မိန်းကလေးအဖြစ် ပြန်လည်ဝင်စားလာသည်။ ထိုဆရာမကြီးသည် ဘာသာတရား ကိုင်းရှိုင်းပါသည်။ သီလလုံခြုံပါသည်။ သို့ပေသည့် ဒါနတရားဘက်မှာ အားနည်းပါသည်။ လှူဒါန်းနိုင်သော ဥစ္စာပစ္စည်းရှိပါသော်လည်း လှူဒါန်းခဲပါသည်။

သို့ကြောင့်ပင်လား မပြောတတ်ပါ။ လူ့ဘဝကို တစ်ဖန် ပြန်၍ရရှိလာပါသော်လည်း အလွန် ဆင်းရဲချို့တဲ့သော မိဘများ၏ ဝမ်းမှာ လူသွားဖြစ်ရသည်။ စကားပြောတတ်စ သုံးလေးနှစ်အရွယ်မှာ သူ့မိဘများက သူ့ကိုကြွေရည်သုတ် ဇလုံကလေးနှင့် ထမင်းကျွေးသည်။ သူက ဇလုံထဲ ထည့်ထားသည့် ထမင်းကို လုံးဝ မစား၊ ငါ့အိမ်မှာ ကြွေပန်းကန်ပြားနဲ့ထည့်စားတာ၊ ဒီဇလုံက ငါ့အိမ်မှာမွေးထားတဲ့ ခွေးကို ထည့်ကျွေးတာလို့ ကြွေပန်းကန်ပြားနဲ့ထမင်းထည့်၍ မကျွေးမချင်း လုံးဝ မစားဘဲနေသည်။

ကျောင်းထားချိန်ရောက်မှ သူ့ဇာတိ ပေါ်လာသည်။ အရင်ဘဝက ကားမှောက်၍ သေခဲ့ရခြင်း ဖြစ်သောကြောင့် ယခုဘဝမှာ ကားသံကိုလည်းမကြားရဲ၊ ကားကိုလည်း မကြည့်ဝံ့၊ ဆတ်ဆတ်တုန်အောင်ကြောက်နေသည်ကို သူ့ဆရာမက သတိထားမိ၍ ဘာဖြစ်လို့ ကားကို ကြောက်ရသလဲ ဟူသော မေးခွန်းကို မေးတော့မှ သူ့အတိတ်ဘဝကို ပြန်ပြောပြသည်။

ကားမှောက်သည်ဟု ကြား၍ အိမ်နှင့် နီးသော သူ့အဖော သွားကြည့်သည်၊ ဘုရားဖူးကားဖြစ်၍ အများအပြား ဒဏ်ရာရကြသည်၊ ခြောက်ယောက် သေသည်။ ယောကျ်ား နှစ်ယောက်နှင့် မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်သည်။ ထိုအခါ ကားမှောက်သည်ကို သွားကြည့်သော သူ့အဖေက -

"တို့နဲ့ နေချင်ရင် လိုက်ခဲ့ပေ့ … မိန်းမဆိုရင် လက်ခံမယ်၊ ယောက်ျားကလေးတော့ မလိုချင်ဘူး .. တို့မှာ သားတစ်ယောက်ရှိနေပြီ"

လို့ အော်ပြောသံကို ကြားလိုက်ရ၍ သူ့အဖေ ဖြစ်လာမည့်သူ၏ ပုဆိုးကို ဆွဲကာ လိုက်သွားချင်စိတ်ပေါ်သည့် ခဏမှာပဲ သူ အားလုံးကို မေ့သွားသည်။

သူ ကွယ်လွန်ပြီး ရှစ်လနှင့် နှစ်ဆယ့်ခြောက်ရက်အကြာမှာ ဘဝသစ်ကို သူပြန်ရလာသည်။ ဘဝဟောင်းကအတိုင်း ရှင်မတောင် သနပ်ခါးမွှေးမွှေးကလေးကိုမှ လိမ်းချင်သော သူ့ကို ဘဝသစ်မှာ တွေ့ရသည့် မိဘနှစ်ပါးက သနပ်ခါးလိမ်းပေးပါလို့ ပူဆာသော သူ့ကို စက်သွေး သနပ်ခါးခဲများ သွေးလိမ်းပေးတော့ … သူ လက်မခံ၊ အော်ငိုသည်။ ဘဝဟောင်းက ခင်ပွန်းနှင့် သားသမီးများကို တွေ့လျှင်တွေ့ချင်း နာမည်ခေါ်ပြီး နှုတ်ဆက်သည်။ ကျောင်းစာများကို ဘဝဟောင်းကအတိုင်း၊ ဉာဏ်ထက်မြက်စွာ ကျက်မှတ်နိုင်သည်။

ကျွန်မမှာ ဤအဖြစ်ကို ကြည့်ရင်း သင်ခန်းစာများစွာ ရလိုက်ပါသည်။ လူ့အဖြစ်ကို သီလအကျိုးကြောင့် ပြန်လည်ရရှိပါသော်လည်း ဒါန မဖွံ့ဖြိုးခဲ့မှုဟူသော မိမိပြုခဲ့သည့် "ကံ" စေတနာအလျောက် ဆင်းရဲငြိုငြင်စွာသော မိဘများထံမှာ လူပြန်ဖြစ်လာရသည်ဟု နားလည် ယူဆသံဝေဂရမိပါသည်။

ကျွန်မအိမ်မှာ ထိုင်ဆွမ်း သံဃာတော် ခြောက်ပါး ရှိပါသည်။ ဝါတွင်းဆိုလျှင် ကိုးပါး ဆယ်ပါးအထိ ပင့်ထားပါသည်။ ကျွန်မနေသော





ရန်ကင်းမြို့မှာ ပဋ္ဌာန်ကာယ်၊ မေဒိနီ၊ ရွှေဟင်္သာ တောရ စသည် စာသင်တိုက်များ ခြောက်တိုက်ခန့် ရှိ၍ စာသင်သား သံဃာတော်များအတွက် ဆွမ်းခံအိမ်များစွာ လိုအပ်ပါသည်။ ထို့ကြောင့် ဆွမ်းခံကြွလိုကြောင်းကို ကြွရောက် ဖိတ်ကြားသမျှသော သံဃာတော်များကို ကျွန်မ အာမဘာဖွေ့ပြုခဲ့ပါသည်။

ကျွန်မ ပင့်ထားသည့် ခြောက်ပါးအနက်မှ ဦးပညာသာရ ဟူသော ကိုယ်တော်တစ်ပါးက ကျွန်မတို့အိမ်နှင့် နီးသည့် "အရိယာမဂ္ဂင်ကျောင်းတိုက်" မှ ဖြစ်သည်။ သက်တော် နှစ်ဆယ့်ခြောက်နှစ်ရှိပြီ ဖြစ်၍ ဝါတော် ခြောက်ဝါရှိသွားပြီကို သိရသည်။ ဒီကိုယ်တော်က ရခိုင်အမျိုးသား၊ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့သား ဖြစ်၍ စကားပြောလျှင် ရခိုင်သံ မပျောက်သေး၊ အတော် နားစိုက်ထောင်မှ ဆိုလိုရင်းအဓိပ္ပာယ်ကို နားလည်ရသည်။

သို့ပေသည့် ထူးဆန်းနေသည်က ဒီကိုယ်တော်၏ ရုပ်အဆင်းသည် အင်္ဂလိပ်လူမျိုး တစ်ယောက်ကဲ့သို့ ဆံပင်များသာမက မျက်ခုံး၊ မျက်တောင်များမှာ ငွေရောင်တောက်နေခြင်း၊ အသားရောင် ဖြူဖွေးနေရုံမျှမက နီစပ်စပ် ဖြစ်နေခြင်း၊ ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းခြင်း စသည်များက မြင်ဖူးသူတိုင်းအတွက် တိုင်းရင်းသား တစ်ယောက် မဟုတ်ဟု တွေးထင်ဖွယ်ရာ ဖြစ်နေရသည်။

ဒီကိုယ်တော်နှင့် ကျွန်မ ငါးနှစ်ကျော်ကျော်လောက် ဆရာဒကာ ဖြစ်လာရပြီးသည့် တစ်နေ့မှာ စကားစပ်ပြီး လျှောက်ထားမိလျှင် ပြန်လည်အမိန့်ရှိသည်များကို ကျွန်မ တင်ပြပါမည်။

"ဦးပဥ္စင်းရဲ့မိဘတွေက ရမ်းဗြဲမှာရှိတယ်၊ ဦးစိန်ဘ၊ ဒေါ်အေးမေလို့ ခေါ်တယ်။ တောင်သူတွေပေါ့၊ သားချင်း ခုနစ်ယောက်မှာ ဦးပဥ္စင်း



www.burmeseclassic.com

www.burmeseclassic.com



က အငယ်ဆုံး။ ကျောင်းစာကို စတုတ္ထတန်းအထိ သင်ခဲ့ရပြီး အသက် ဆယ့်လေးနှစ်မှာ ကိုရင် ဝတ်လိုက်တာ သင်္ကန်းကို မချွတ်တော့ဘူး။

ဦးပဍွင်းတို့ကို မမွေးခင် အမေ ထူးထူးခြားခြား အိပ်မက်မက် တာက မာလကာသီးတွေကို အိပ်မက်ထဲမှာ အမြဲစားရသတဲ့။ အရသာ သိပ်ရှိတယ်လို့ ပြောပြတယ်။ အဲဒီလို အိပ်မက်မျိုးတွေ မက်နေရာက ဦးပဍွင်းထက်အကြီး အစ်ကို့ကို မွေးတယ်၊ နာမည်က နေလင်းထွန်း။ သူ့ကိုမွေးပြီး နှစ်နှစ်အကြာမှာ ဦးပဍွင်းကို မွေးတယ်၊ ဦးပဍွင်း နာမည်က မြိုးဝေအောင်၊ ညီအစ်ကိုနှစ်ယောက်လုံး အင်္ဂလိပ်ရုပ်တွေပေါက်နေလို့ အထူးအဆန်းဖြစ်ပြီး လာကြည့်လိုက်ကြတာ အိမ်မှာ လူမစဲဘူးတဲ့။

ဦးပဍွင်းကတော့ ဘာအိပ်မက်မှလည်း မမက်ဘူး၊ ဘာမှလည်း မမှတ်မိဘူး။ ဒါပေမယ့် ထူးခြားတာတစ်ခုက ဦးပဍွင်းတို့ ညီအစ်ကို နှစ်ယောက်လုံးမှာ ဝါသနာချင်းက မတူလာဘူး။ အစ်ကိုက စက်ပြင်ချင်တယ်၊ ကားမောင်းချင်တယ်၊ ကစားကြရင် ပါးစပ်က ကားဟွန်းသံလို အော်ပြီး လက်တာလဲ ခွေပိုင်းတစ်ခုကို ကားမောင်းသလို လှည့်ပြီး မောင်းနေတတ် တယ်၊ ဦးပဍွင်း ဝါသနာကတော့ ပစ်ချင်၊ ခတ်ချင်တဲ့စိတ်၊ သေနတ်မြင် ရင် ကိုင်ချင်တဲ့စိတ် ခုထိရှိနေသေးတယ်။

နောက်တစ်ခု ဆက်ပြီး ထူးဆန်းတာက ဦးပဍွင်းအောက် ညီမ လေးတစ်ယောက် မွေးတာမှာလဲ ဦးပဍွင်းတို့ ရုပ်အတိုင်းပဲ။ သုံးယောက် က တစ်ပုံစံ၊ ကျန်တဲ့ မောင်နှမ လေးယောက်က တစ်ပုံစံ ဖြစ်နေတယ်။ ဦးပဍွင်းတို့ နှစ်ယောက်ကိုပဲ ညီမလေးက ခင်တယ်၊ ချစ်တယ်၊ ကျန်တဲ့ မောင်နှမတွေကို မချစ်ဘူး။

ညီမလေးရဲ့ ဝါသနာလား၊ အဲ သူက တစ်မျိုးဗျ၊ မောင်နှမတွေ





တစ်ယောက်ယောက် ဖျားနာရင် သူ သိပ်ပြုစုချင်တယ်၊ စောင်ခြုံပေး တယ်၊ ဆေးတိုက်တယ်၊ ရေခပ်ပေးတယ်၊ အဲတာမျိုးလုပ်ရရင် သူပျော် နေတာပဲ။ အဲသလို ထူးဆန်းနေကြတဲ့ ဦးပဍွင်းတို့ မောင်နှမသုံးယောက် ကို တစ်နေ့တော့ အင်္ဂလိပ်ကြီးတစ်ယောက်က လာကြည့်သတဲ့၊ အဖေ အမေတို့ ပြောပြလို့သိတာပါ။ ဦးပဍွင်းကတော့ မမှတ်မိပါဘူး။

အင်္ဂလိပ်ကြီးက ဘာပြောသလဲဆိုတော့ … သူ့သားကြီးက လေယာဉ်မောင်း၊ သားငယ်က စစ်သား၊ သမီးက စစ်မြေပြင်သူနာပြုတဲ့။ မောင်နှမသုံးယောက် ရခိုင်ပြည်နယ်အနားမှာ လေယာဉ်ပျက်ကျလို့ အားလုံး သေကုန်တယ်။ ရမ်းဗြဲမှာ သူတို့မောင်နှမ သုံးယောက်လုံး လူ ပြန်ဖြစ်နေတယ်ကြားလို့ သူ လာကြည့်တာ၊ သူ့သားတွေ ရုပ်အတိုင်းပါ ပဲ၊ အားလုံးတူနေသတဲ့။

အင်္ဂလိပ်ကြီးကလား ဘယ်နေလိမ့်မလဲ၊ အဖေတို့ဆီ တောင်း လိုက်တာမှ ပညာသင်ပေးပါရစေ၊ ပညာတတ်သွားရင် ပြန်ပို့ပေးမယ်လို့ ပြောလိုက်တာတဲ့၊ အဖေတို့ကလား ဘယ်ပေးပါ့မလဲ၊ ခဏအလည်ခေါ် တာတောင် မထည့်ဘူး။ အဲဒီ အင်္ဂလိပ်ကြီး ငိုပြန်သွားတယ်လို့ ပြောတာ ပဲ။

ဒါပေမယ့် အစ်ကိုက ဆယ့်သုံးနှစ်သားမှာ သေသွားတယ်။ ညီမလေးလား။ အင်း သူကလဲ တစ်မျိုးပဲ။ သူပြန်သွားရမယ်၊ အစ်ကိုတို့နဲ့ ခဏလာနေတာ၊ နောက်တစ်ခါ ပြန်လာရမှ ကြာကြာနေမယ်လို့ ခဏ ခဏ ပြောတယ်။ ဦးပဍွင်းတို့က သူ့စကားကို နားမလည်ဘူး၊ အစ်ကို သေ ပြီး ဘာမှမကြာဘူး၊ သူလဲ သေသွားတာပဲ၊ အဲဒီတော့ သူ့အသက် ကိုးနှစ် ရှိသွားပြီ အမေက အိပ်မက်မက်တယ်။ မြေပုံမြို့နယ်ထဲက ကမ်းကြောက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရွာမှာ သူ လူပြန်ဖြစ်နေသတဲ့။

အမေလား ဘယ်နေ့ပဲ့မလဲဗျာ။ သူ့သမီး ဝင်စားနေတယ် ဆိုတဲ့ ရွာကို လိုက်တာပေါ့။ မိန်းကလေးပဲ ပြန်ဖြစ်တယ်။ အဲဒီက မိဘတွေကိုလဲ သူ ရမ်းပြောပြီး အတွန့်မေ သမီးပါလို့ အိမ်မက်ပေးသတဲ့။ ခုဆိုရင် ညီမလေးက လူ့ဘဝကို ပြန်ဝင်စားတာ ဆယ်နစ်ကျော်သွားပြီ၊ ဦးပဥ္စင်း ရန်ကုန်ကို ထွက်လာတော့ သူ သုံးနှစ်သမီးလောက် ရှိနေပြီ။

ဦးပဥ္စင်းလဲ ဘယ်နေနိုင်ပါ့မလဲဗျာ ... ကမ်းထောက်ကြီးရွာမှာ ညီမလေး ပြန်ဝင်စားနေတယ် ကြားကတည်းက တွေ့ချင်နေတာ၊ အမေ ပြန်လာပြီး ဟုတ်တယ်ဆိုတော့ ဦးပဥ္စင်း လိုက်သွားတယ်။ အမယ့် အံ့သြစရာပဲ၊ ဦးပဥ္စင်းကို တွေ့တွေ့ချင်း သိခဲ့ဖူးသလိုပဲ အနားကပ်လာတယ်။ သိလားမေးတော့ ခေါင်းညိတ်ပြတယ်၊ ဒါဖြင့် ဘယ်သူလဲလို့ ထပ်မေးတော့ ဖြိုးဝေအောင်တဲ့ အဲဒီတုန်းက ဦးပဥ္စင်း လူဝတ်ပဲရှိသေးတယ် မျက်ရည်ဝဲမိသေးတယ်ဗျာ။





## သုံးဖြစ်လဲ ဆရာတော်ကြီး

သက္ကရာဇ် ၁၁၄၈ ခုနှစ်တွင် သာသနာပြု သာသနာပိုင် ခန့်အပ်တော်မူသော သာသနာပြု ဆရာတော် ၁၂ ပါးတွင် အပါအဝင် ဖြစ်တော်မူသည့် "မုန်တောဆရာတော် ဖနိန္ဒာဘိပဝံရ မဟာရာဇဂုရု အရှင်မြတ်" သည် တစ်ဦးတည်းသော မိဘထံတွင် သုံးကြိမ် သုံးဘဝတိုင်တိုင် ပြန်လည်ဝင်စားသည်ဟု ဆိုပါသည်။

လူဝင်စားများနှင့် ပတ်သက်၍ ဘဝအမျိုးမျိုးမှာ ဝင်စားတတ်သည်။ လူ့ဘဝမှ လူ့ဘဝကိုပဲ ပြန်ဝင်စားသူ၊ ယောက်ျားဘဝမှ ယောက်ျားအဖြစ်၊ သို့မဟုတ် မိန်းမအဖြစ်သို့ ပြန်လည်ဝင်စားသူ၊ တစ္ဆေဘဝမှ လူ့ဘဝသို့ ရောက်လာရသူ၊ ကျားဘဝတွင် သေနတ်နှင့် အပစ်ခံရ၍ သေသွားရာမှ လူ့ဘဝသို့ ချက်ချင်းရောက်ကာ ကျားဘဝမှာ နေထိုင်ခဲ့ရပုံနှင့် သေနတ်ပစ်ခံခဲ့ရပုံများကို မှတ်မှတ်ရရ ပြန်လည် ပြောပြနိုင်သူ စသည်ဖြင့် ဘဝအမျိုးမျိုး၊ လူဝင်စားအဖုံဖုံကို မြင်ဖူး ကြားဖူးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုလူဝင်စားများကို လေ့လာကြည့်သောအခါတွင် သေလျှင်သေချင်း လူ့ဘဝသို့ ရောက်ရှိလာသူများသာလျှင် သူတို့၏ အတိတ်ဘဝကို အမှတ်ရရဖြင့် ပြန်လည် ပြောပြနိုင်ကြသည်ကို လေ့လာမိပါသည်။ သို့မဟုတ်ပါက သေပြီးသုံးနှစ်၊ ငါးနှစ်လောက်ကြာမှ လူ့ဘဝသို့ ကံကောင်း ထောက်မ၍ ပြန်လည်ရရှိလာသူများအဖို့ သူတို့၏ အတိတ်ဘဝကို မှေးမှေးမှိန်မှိန်ဖြင့် အိပ်မက်ထဲ မက်နေသလောက်ကိုသာ ဝိုးတဝါး မှတ်မိတတ်ကြလေသည်။ အချို့သော လူဝင်စားကား မိဘကို သူ ပြန်လာမည်ဟု အိပ်မက်ပေး၏။ သို့သော် တကယ် မွေးဖွားလာသောအခါတွင် ဘဝဟောင်းမှ အဖြစ်များကို ဘာတစ်ခုမျှ မသိတော့ပေ။

ယခု ရေးပြမည့် မုန်တောဆရာတော်ကြီးအဖြစ်ကား ပြန်၍လည်း ပြောပြနိုင်သည်။ မိဘကိုလည်း သူ ပြန်လာမည်ဟု အိပ်မက်ပေးနိုင်သည်။ ထို့ထက် ထူးခြားသည်ကား သုံးဘဝတိုင်တိုင် သည်အမိဝမ်းထဲသို့ ပြန်လည်ဝင်စားနိုင်သည့် အချက်ပဲ ဖြစ်လေသည်။ ဘဝဟူသည်ကား စရဏတည်း ဟူသော အကျင့်သီလနှင့်လည်း ဆက်စပ်နီးနွယ်မှု ရှိနေပါသော အံ့ဘွယ်တရားပေတည်း။

၁၁၈၄ ခုနှစ်၏ တစ်နေ့သောအခါတွင် ဘကြီးတော် စစ်ကိုင်းမင်းနှင့် မိဖုရားခေါင်ကြီး မယ်နုတို့သည် သားသမီး၊ မင်းမှူးမတ်အခြံအရံစသည်တို့နှင့်အတူ မိုးထိကျောင်းတိုက်ကြီးတွင် သီတင်းသုံးနေတော်မူသည့် မုန်တောဆရာတော် ဘုရားကြီးထံသို့ အဖူးအမြော် ရောက်လာတော်မူကြသည်။

ထိုအခါ ဆရာတော်ဘုရားကြီး၏ သုံးဖြစ်လဲ ဘဝတို့အား





သေချာစွာ သိလိုလှသောကြောင့် ဘုရင်မင်းမြတ်အပါးမှာ ပါလာသည့် မြေတိုင်းအတွင်းဝန်မင်းကြီး မင်းလှအနော်ရထာဘွဲ့ခံ ဦးပေါ်ဦးမှတစ်ဆင့် အလွန် ကြားနာလိုလှသည့် ဆရာတော်ဘုရားကြီး၏ အတိတ်ဇာတ်အကျယ်ကို လိပ်ပတ်လည်အောင် သိပါရစေဘုရားဟု လျှောက်ထားတောင်းပန်လေ၏။

အရှင်မုန်တောဆရာတော်ဘုရားကြီး မှူးမတ်များ စုံအညီတွင် ရှေးရှေးအခါက ဖြစ်ခဲ့ရင်း အကြောင်းများကို ပြန်ပြောင်း၍ မိန့်ကြားတော်မူသည်မှာ ...

"ဟံသာဝတီပါ မင်းလက်ထက် ငါ ... ဆယ်နှစ်သားအရွယ်မှာ ကျောင်းနေချင်လွန်းလို့ မိဘတွေကို ပူဆာတော့ မိဘနှစ်ပါးက ငါ့ဇာတိရွာ အလုံကျေးလက်က အင်းရင်မုန်တောရွာမှာ ရှိတဲ့ ဆရာဘုန်းကြီးကျောင်းမှာ အပ်နှံပေးတယ်။ ကျောင်းနေရင်း ဆယ့်နှစ်နှစ်သားအရွယ်ကို ရောက်လာတဲ့ တစ်နေ့မှာ လူတစ်ယောက် တောင်းထဲကို ကြေးတုံးကြီးတွေထည့်ပြီး ပင်ပန်းကြီးစွာ ထမ်းယူလာတာကို မြင်လိုက်တော့ ...

"ဒီလောက် လေးတာကြီးကို အပင်ပန်းခံပြီး ဘာဖြစ်လို့ ထမ်းလာရတာလဲ" လို့ မေးလိုက်တယ်။ ဒီတော့ ထမ်းလာတဲ့လူကြီးက အိမ်ကသားမယားတွေကို ကျွေးမွေးဖို့အတွက် ထမ်းရတာပေါ့" လို့ ပြောတယ်။

သူ့အဖြေစကားကို ကြားလိုက်ရတာ ငါ့တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထမတတ် ကြောက်သွားရတယ်၊ ဪ လူ့ဘဝမှာ ငါ နေရင် ဒီလူကြီးလိုပဲ ဆင်းရဲပင်ပန်းရတော့မယ်ဆိုတဲ့ သံဝေဂတွေ ပေါ်လာတယ်။ အဲဒါကြောင့် မိဘတွေကို သင်္ကန်းဝတ်ပါရစေလို့ ခွင့်တောင်းတော့ မိဘတွေက ငယ်ဆရာတော်ကြီးဆီမှာ သင်္ကန်းစည်းပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သာမဏေဝတ်နဲ့ တစ်ဝါ ရလာတယ်။ တစ်နေ့မှာ ရွာထဲ ဆွမ်းခံသွားရင်း ရှုးနေတဲ့ ခွေးနက်မတစ်ကောင်ကိုက်တာကိုခံရပြီး ဘဝပြောင်းခဲ့ရတယ်။ မိဘတွေလည်း ငါ့အလောင်းကို မြေထဲသုသာန်မှာ မြှုပ်နှံသင်္ဂြိုဟ်ပြီး အင်မတန်မှ ပူဆွေးဒုက္ခရောက်ကြရရှာတယ်။

အဲသလိုနှင့် ခုနစ်ရက်လည်တော့ မိဘနှစ်ပါးဟာ ငါ့ကို ရည်စူးပြီး သပိတ်သွတ်ဆွမ်းကျွေးအလှူမှာ တရားနာတယ်။ ပြီးတော့ သုသာန်ကိုလာပြီး ငါ့ကို မြှုပ်ထားတဲ့ မြေပုံအနားမှာ -

"သားရေ ... လူလေးရဲ့ မောင်ရင် ရဲ့ ... မိဘတို့ပြုသမျှ ကုသိုလ်ကို ကြည်ညိုသမှုနှင့် သာဓုခေါ်ကွဲ့ ... လူလေးရဲ့"

လို့ ပြောပြီး အသံကျယ်ကျယ်နဲ့ အမျှသုံးကြိမ်ဝေလိုက်တယ်။ ပြီးမှ ငါ့အမေဟာ မြေပုံကို အတော်ကြာအောင် ကြည့်ငိုနေရာက -

"မောင်ရင်ရေ ... နေရစ်ခဲ့ပေတော့၊ အမေတို့ သွားတော့မယ်ကွဲ့ လူကလေးရဲ့"

ဆိုပြီး နှုတ်ဆက် ထွက်ခွာအသွားမှာ အမေခြုံလာတဲ့ တဘက်အစကို ဆွဲပြီး ငါ လိုက်သွားတာ၊ အမေ့ဝမ်းမှာ ဒုတိယအကြိမ် သန္ဓေစွဲပြီး ပြန်ဖွားမြင်လာရပြန်တယ်။

ဒုတိယအကြိမ်မြောက် လူ့ဘဝမှာ ရှစ်နှစ်သားအရွယ်ကို ရောက်လာပြန်တော့ အမေ့ကို ပူဆာပြီး ကျောင်းကို ပို့ခိုင်းပြန်တယ်၊ ကျောင်းမှာ စာသင်ပေးမယ့် ဆရာရှိတယ်လို့ ငါက ခဏခဏပြောတော့ မိဘတွေက

"စာသင်ပေးမယ့် မောင့်ဆရာကျောင်းက ဘယ်မှာတုန်း"

လို့ မေးကြတယ်။ ဒီတော့ ငါက အရင်ဘဝမှာ ဆရာ့ဆီ သာမဏေ ဝတ်နဲ့ စာသင်နေတုန်း ခွေးရူးကိုက်ခံရပြီး သေသွားတာ ခုနစ်ရက်





ကြာ ရက်လည်တဲ့နေ့မှာ ငါရှိတဲ့သုသာန်ကို အမေလာပြီး အမျှပေးတော့ အမေ့ တဘက်စကို ဆွဲပြီး၊ ငါ လိုက်သွားခဲ့တာတွေကို ပြန်ပြောပြတော့ ငါ့မိဘတွေရော ဆွေမျိုးတွေကပါ သိပ်ဝမ်းသာကြပြီး အရင်ဘဝက ငါ့ဆရာ ကျောင်းကိုပဲ ငါ့ကို ပြန်အပ်ပေးတော့ ဆယ်နှစ်သားအရွယ်မှာ ငါ စာသင်သား ဖြစ်ခဲ့ရပြန်တယ်။

ဥပုသ်နေ့တစ်နေ့မှာ ကျောင်းသားအဖော်တွေနဲ့ ကျောင်းဝင်းအပြင်မှာရှိတဲ့ လှွစင်ကို ငါရောက်သွားတယ်၊ လှွစင်မှာ ချွေးတွေ သံတွေ ရွှဲပြီး လှွဆွဲနေကြတဲ့ လူကြီးတွေကို မြင်တော့ ငါ မေးပြန်တယ်။

"ဒီလောက် ပင်ပန်းတဲ့အလုပ်ကို ဘာဖြစ်လို့ လုပ်နေရတာလဲ ဦးကြီးတို့" ဆိုတော့ -

"သားမယားတို့ စားဖို့အတွက် ဒီလိုပဲ လုပ်ရတာပေါ့"

ပြောပြန်တယ်။ ငါ့မှာ အရင်ဘဝကအတိုင်း သံဝေဂဖြစ်ပြီး ရှင်သာမဏေဝတ်ပေးပါ ပူဆာပြန်တယ်။

ဒါကြောင့် ... ဆယ့်တစ်နှစ်အရွယ်မှာ ဆရာဟောင်းထံမှာပဲ သာမဏေ ဖြစ်လာပြန်တယ်၊ သာမဏေဘဝ နှစ်ဝါအရမှာ ညဘက် ကျင်ကြီးစွန့်အိမ်သွားရင်း မြွေဟောက်ခဲတာ ခံရလို့ ... ဆေးမမီ ဝါးမမီနှင့် ဒုတိယအကြိမ် ငါ သေရပြန်တယ်။ မြေထဲသုသာန်မှာ ငါ့အလောင်းကို မြှုပ်နှံကြတယ်။ ရှေးနည်းအတိုင်း ရက်လည်ဆွမ်းကျွေးကို သုသာန်မှာ လာလုပ်ပြီး နှစ်ရက်အကြာ တစ်နေ့မှာ ငါ့မိဘနှစ်ပါး ခရမ်းပေါက်ရွာက ပြန်လာရင်း ငါရှိတဲ့ မြေထဲသုသာန်ကို နေဝင်ပြီးစ အချိန်ကျော်ကျော်မှာ ရောက်လာကြတယ်။ အဖေဖြစ်သူက ခရမ်းပေါက်ရွာက လက်ဆောင်ရလာတဲ့ ဘင်းသီးဟင်းရွက်တွေကို ထမ်းပိုးနှင့် ထမ်းလို့၊



www.burmeseclassic.com

www.burmeseclassic.com



အမေက ငါ့မြေပုံနား လာရပ်ပြီး –

"ငါ့တို့သား မောင်ရင်ကို အမျှပေးဝေပါတယ်"

လို့ ပြောပြီး မိဘနှစ်ပါးလုံးက ငါ့ကို အမျှသုံးခါ ပေးဝေတယ်။ ငါ့မှာ တစ်ကိုယ်လုံး ပေါ့ပါးသွားပြီး၊ လန်းရွှင်သွားတယ်။ ဒါ့ကြောင့် အဖေ ထမ်းလာတဲ့ ဟင်းရွက်တောင်းထဲကို ဝင်ထိုင်ပြီး လိုက်သွားတာ၊ မိခင် ထံမှာပဲ တတိယအကြိမ်မြောက် တစ်ဖန် ပဋိသန္ဓေစွဲပြန်တယ် (မိခင် ဖြစ်သူကလည်း သားဟောင်း မောင်ရင် ရောက်လာမယ်လို့ အိပ်မက် မြင်တယ်) တဲ့။

ဆယ်လစေ့လို့ ဖွားမြင်လာပြန်တော့ ငါဟာ ဗုဒ္ဓဟူးနေ့ဖွားဖြစ် ပေမယ့် ဒီမိဘတွေ ဝမ်းထဲကို သုံးဘဝတိုင်တိုင် ယောကျ်ားကောင်းစစ် စစ် အဖြစ်ကြီးဖြစ်ရပြီး သုံးဘဝလုံးမှာလည်း သည်မိခင်၏ ဝမ်းကြာ တိုက်မှာပဲ မွေးပျော်တယ်လို့ "မောင်ပျော်" ဆိုတဲ့အမည်ကို ပေးကြတယ် အဲသလိုနှင့် ရှစ်နှစ်သားအထိ မိဘနှစ်ပါးနှင့်အတူ နေထိုင်ပြီး ရှေးဟောင်း နှောင်းဖြစ်တွေ ပြန်ပြောင်းပြောပြပြီး ပထမ၊ ဒုတိယ ဆရာ ဖြစ်ခဲ့ဖူးတဲ့ ကျောင်းမှာပဲ တတိယအကြိမ်မြောက်အဖြစ် စာပေသင်ကြားရပြန်တယ်။ ဆယ့်သုံးနှစ်အရွယ်မှာ ရှင်သာမဏေ ဝတ်တယ်၊ ရှင်သာမဏေ ငါးဝါ အရမှာ ဆရာဖြစ်တဲ့ ဘုန်းတော်ကြီး ပျံတော်မူသွားတယ်။ ငါ့ အသက် စေ့တော့ မိဘတွေကပဲ ရဟန်းအဖြစ်ကို ချီးမြှောက်ပေးတယ်။

ရဟန်းဝတ်မှာ ရတနာပူရအင်းဝ၊ အမရပူရ ဆိုတဲ့ အရပ် တစ်ခွင်ကို လှည့်ပြီး အရှင်ဆရာတော် အသီးသီးထံမှာ စာပေပရိယတ္တိ များကို သင်ကြား အားထုတ်လာခဲ့တယ်။ အခုအခါမှာတော့ လာလာ သမျှ တပည့်သားသမီးတွေကို အတတ်ပညာများ သင်ကြားပို့ချပေးပြီး





ရဟန်းကျင့်ဝတ် သိက္ခာပုဒ်ကို အားထုတ် ဆောက်တည်လာခဲ့သည်မှာ သက်တော် ရှစ်ဆယ်က ကျော်လာပြီး၊ ဝါတော်ကလည်း ခြောက်ဆယ့် တစ်ဝါ ရပြီ။

ဘိုးတော်မင်းတရားကြီးလက်ထက် အရှင်ဆရာတော်၊ သံဃာ တော်များ အမှုရောက်ခဲ့ရရှာတဲ့ အတိတ်ကာလကလည်း ငါဟာ သိက္ခာ မချခဲ့ရဘူး။ လူ့နတ်ဗြဟ္မာတို့ စည်းစိမ်ချမ်းသာကို ငါအလိုမရှိလို့ အဓွ ဘော ဆိုတဲ့ ဤခန္ဓာအိမ်ကြီးကို ပစ်ချပြီး မဂ်ဖိုလ်ချမ်းသာကိုသာ အလို ရှိပြီး ငါကျင့်ကြံနေထိုင်လာခဲ့တယ်။ အကယ်၍ ဆုံးပါးသွားကြလေသော ငါ၏မိဘတို့သာ ဤလူ့ရွာမှာ ထင်ရှားရှိပြီး ရှေးဖြစ်ဟောင်းကလို အကြောင်း ညီညွတ်ခဲ့ပါလျှင် မိခင်ဟောင်း၏ ဝမ်းကြာတိုက်မှာပဲ အလိုက်သင့်တစ်ဖန် ခိုအောင်းရပြန်ပြီး ယောကျ်ားကောင်းစစ်စစ် တစ်ဖန်ဖြစ်ပြီးရကာ အရွယ် ရောက်လာပြန်လည်း ရှင်ပင်ဘုရား၏ သုံးပါးသော သာသနာတော်ထမ်း ရဟန်းသာမဏေခေတ်မှာပဲ ဖြစ်ချင်တဲ့ဆန္ဒ ရှိပေတယ်။

စောစောက ဆိုခဲ့တဲ့အတိုင်း ငါဟာ သုံးဖြစ်သော ကာလ၊ လူငယ်စဉ်ကာလမှာလည်း မိခင်၏ ဘုရားသွားကျောင်းတက် တဘက် ကလွဲပြီး ခါးအထက်မှာ ဘယ်ခါမျှ မတင်ခဲ့ဘူး။ ထိုထိုဤဤ အကြောင် အကျား လူတွေဝတ်ကြသည့် ပုဆိုးဆိုတာကိုများ လားလားမျှ မတင်မစီး ခဲ့ပါဘူး။ အလွန်တရာ ကြံ့ကြိုက်ခဲလှသည့် သာသနာတော်အတွင်းမှာ အမင်းမင်းတို့ ကိုးကွယ်ရာဖြစ်ခဲ့သည့် ရဟန်းသာမဏေဘဝကိုလည်း နှစ်သက်ကြည်ညို ငါ အလိုရှိပေတယ်။ ရှေးဘဝသုံးဖြစ်ကိုလည်း သတိ ရတော်မူပေသည့် မှူးမတ်တစ်ဦး မောင်ပေါ်ဦးရယ်ဟု မိန့်တော်မူလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



("သာသနာပိုင် ဆရာတော်များနှင့် တံဆိပ်တော်ရ ဆရာတော် သံဃာတော်များစာရင်း" နှင့် အမတ်ကြီး မင်းလှသီရိသီဟသူ၏ မှတ်တမ်းမှ ...။ ။)

သာသနာ့ဝံသဒီပနီတွင် သုံးဖြစ်လဲ မှန်တောဆရာတော်ကြီး နှင့် ပတ်သက်၍ ဖော်ပြထားသည်မှာ "မှန်တောဆရာတော်က ဂါထာဖွဲ့ မြန်လှသည်။ မင်းမျက်နှာကို မထောက်မထား မိန့်ကြားတော်မူတတ်သည်။ ပုံတော် ပက္ခဒိန်နှင့် မူလ ပက္ခဒိန် အဘယ်ကို နှစ်သက်မည်ဟု သုဓမ္မာသဘင်မှာ ဘိုးတော်မင်းတရားကြီး အမိန့်တော်နှင့် လက်ဝဲ သိမ်ဖိုလ် မေးလျှောက်လျှင် မူလပက္ခဒိန်သည် အမွန်ရှည်စွာ ဆင်းသက်လာသော ပက္ခဒိန်ဖြစ်၍ မူလပက္ခဒိန်ကိုပင် ကြိုက်နှစ်သက်သည်ဟု မင်းမျက်နှာကို မငဲ့ပဲ မိန့်တော်မူသည်။ သက္ကရာဇ် ၁၁၀၂ ခုဖွား ဗုဒ္ဓဟူးသား အင်းရင်မှန်တောရွာ ဇာတိငယ်မည် ဦးပျော်တည်း။

မင်းဇေကရာဇ် ဆရာတော်ဖြစ်ပါသော်လည်း သိက္ခာငါးဆယ်မှ ကျော်သည်အထိ ဆွမ်းခံဝတ်ကို ဖျက်တော်မမူ၊ သက်တော် (၈၂) နှစ်တွင် လွန်တော်မူသည်။ ထိုဆရာတော်ကား တစ်ဦးတည်းသော မိဘထံ၌ သုံးကြိမ်တိုင်တိုင် မပြတ်ဆက်ကာ လူဖြစ်သည်။ ရဟန်းဘွဲ့တော်ကား ဦးဝရ ဟူသတည်း။ အမရပူရမြို့တည်နန်းတည် ဘိုးတော်ဘုရား လက်ထက်တွင် "ဝံသာဘိ သီရိသဒ္ဓမ္မ လင်္ကာရမဇ္ဈ မဟာရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကို ခံယူသည်။ သားတော် အိမ်ရှေ့မင်း ကိုးကွယ်တော်မူသည်ကိုလည်း ခံယူသည်။

သီတင်းသုံးတော်မူရာ ရွှေကျောင်းတိုက်မှာ သာသနာတော်၏ အကျိုးစီးပွားအတွက် စာပေ ပရိယတ္တိများကို စီရင်တော်မူသည်၊





၁၁၈၀ ခုနှစ်တွင် ဘကြီးတော် စစ်ကိုင်းမင်း ကိုးကွယ်ခြင်းကို ခံယူသည်။ စဥ့်ကူးမင်း ကောင်းမှုတော်ဖြစ်ခဲ့သည့် အင်းဝမြို့ အရှေ့တောင်ဘက်ရှိ မိုးထိကျောင်းတိုက်နှင့် မဟာမင်္ဂလာရွှေဘုံကျောင်းတိုက်ကြီး တင်အပ်လှူတော်မူသည်ကိုလည်း ခံယူတော်မူခဲ့လေသည်" ဟု မှတ်သား ဖတ်ရှုရပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com



# လူ့ဝင်စား မညွှန်မိန်

ဘကြီးတော် စစ်ကိုင်းမင်း လက်ထက်မှာ သုံးဘဝတိုင်တိုင် လူ့ဝင်စားပြန်ဖြစ်ပြီး နောက်ဆုံး ဘဝမှာ စစ်ကိုင်းမင်း ကိုးကွယ်တဲ့ မင်းဆရာအဖြစ်နဲ့ "သုံးဖြစ်လဲ မုန်တောဆရာတော်ကြီး" ရယ်လို့ကျော်ကြားလှတဲ့ ဆရာတော်ကြီး ဦးပျော်အကြောင်းကို ပေစာထဲမှာ ဖတ်ခဲ့ရပါတယ်။

ဒီလို လူ့ဝင်စားပြန်ဖြစ်ပုံမျိုးပဲ မင်းတုန်းမင်း ကိုးကွယ်ခဲ့တဲ့ ... "ပန်းလှ္ဘား" ဆရာတော်ဆိုတာ ပျံတော်မူပြီး ချက်ချင်း လူ့ဘဝကို ပြန်ရောက်တာကြောင့် "စလင်းဆရာတော် ဦးလှဲ့" (ဆတော်လှဲ့) ဆိုပြီး နာမည်ကြီးခဲ့တဲ့ စာပေများစွာကို ပြုစုနိုင်ခဲ့ပါတယ်။

ကျွန်မတို့ မိဘများခေတ်မှာ ဇာတ်စင်ပေါ်က နေရင်းက ကွယ်လွန်သွားခဲ့ရတဲ့ ယောက်ျား မင်းသမီး အောင်ဗလဆိုတာ၊ ကရင်ပုံမျိုး



www.burmeseclassic.com

www.burmeseclassic.com



ချနွားဖြစ်တဲ့ မိဘတွေဝမ်းမှာ ချက်ချင်းဝင်စားပြီး အရွယ်ရောက်လာတာနဲ့ အဆို ဒႁ႔ ပညာကို မသင်မပြရဘဲ ထူးထူးချွန်ချွန် အလိုလို တတ်မြောက်လာရတဲ့ မင်းသမီး ဒေါ်ဗလပြန်ရယ်လို့ ဖြစ်လာရပြန်တယ်။

ဒီလူဝင်စားတွေကို သေသေချာချာ လေ့လာကြည့်တဲ့အခါမှာ သေသေချင်း လူပြန်ဖြစ်သူတိုင်းဟာ ဘဝဟောင်းကို ကောင်းကောင်း မှတ်မိတတ်တဲ့အပြင်၊ ဘဝဟောင်းက အတတ်ပညာတွေပါ ဘဝသစ်ကို ပါလာတတ်ကြတာကို တွေ့ရပါတယ်။

ဥပမာ ဆဋ္ဌသံဂါယနာတင်နေတဲ့ အချိန်က "လေးနှစ်အရွယ်ကလေးမကလေးတစ်ဦးကို သိကြားမင်းကပ်ပြီး မဟာစည် ဆရာတော်ဘုရားကို ပါဠိစကားတွေနဲ့ လာလျှောက်သည်" ဆိုတဲ့ သတင်း၊ သတင်းစာတွေထဲမှာ ထူးထူးဆန်းဆန်း ဖတ်ခဲ့ရလို့ အတော်အံ့သြခဲ့ရဖူးပါတယ်။ နောက်မှ တဖြည်းဖြည်း စုံစမ်းသိရှိရတဲ့အခါမှာတော့ လေးနှစ်အရွယ် အဲဒီကလေးမလေးဆိုတာ လူဝင်စားဖြစ်နေတာကိုး။

သူ လူဝင်စား ဖြစ်လာပုံက သံဝေဂ ရစရာ ကောင်းသလို၊ ထိတ်လန့်စရာလည်း ကောင်းလှပါတယ်။ သူ့အဖြစ်ကတော့ ဒီလိုပါ။

ဖျာပုံမြို့၊ အနောက်တောင်ဘက်၊ ရှစ်မိုင်အကွာလောက်မှာ "မနန်းချောင်း" ဆိုတဲ့ ရွာတစ်ရွာရှိတယ်။ အဲဒီရွာကဘုန်းကြီးကျောင်းမှာ ကျောင်းထိုင်ဆရာတော် အသက်ငါးဆယ်လောက်ရှိတဲ့ ဦးနာယကဆိုတာ ပျံလွန်တော်မူသွားတော့ အဲဒီရွာထဲမှာပဲ ချက်ချင်းပြန်ဝင်စားတယ်။

ဦးသိန်းမောင်၊ ဒေါ်လုံးတင် ဆိုတဲ့ အိုးတစ်လုံး ဖျာတစ်ချပ်မှ မရှိတဲ့ ဆင်းရဲသား၊ ကာကဝလ္လိယလို လင်မယားမျိုးရဲ့ဝမ်းမှာမှ သွားဝင်စားတယ်။ ကောက်စိုက်ချိန်ကို အငှားနေ့စား လိုက်စိုက်ရတယ်။ ပျိုးနုတ်





ချိန်၊ ကောက်ရိတ်ချိန်ဆိုလည်း ဒီအတိုင်းပဲ ရရာကြုံရာဘဝနဲ့ ထမင်းစားနေကြရရှာတဲ့ မိဘတွေဝမ်းမှာ လူသွားဖြစ်ရတာဆိုတော့ သူလည်း ဆင်းရဲရှာပါတယ်။

နာမည်က မညွန့်စိန်တဲ့။

မညွန့်စိန် အသက် လေးနှစ်ရှိလာတော့ အိမ်နီးချင်းကလေးတွေရဲ့ စာအုပ်ကို သူ ယူပြီး ဖြောင့်နေအောင် ဖတ်နေတာ မြင်ရတယ်။ သံယာယနာတင် သတင်းတွေပါလာတဲ့ သတင်းစာတွေကို အသံထွက်ပြီး ဖတ်နေတာကို ကြားရတယ်။ ဒီတော့ မိဘတွေသာမက တစ်ရွာလုံးကပါ အံ့သြလာကြတယ်။ ပြီးတော့ ရေဒီယိုရှိတဲ့အိမ်ကို သွားပြီး သံယာယနာ အမေးအဖြေ လုပ်နေကြတာကို နားထောင်တတ်တယ်။

နားထောင်ရုံနဲ့ သူက မပြီးပြန်ဘူး။ ရန်ကုန်ကို ပို့ပေးပါ။ အဲဒီနေရာကို သွားချင်တယ်လို့ ပူဆာလာတယ်။ မစားမသောက်ဘဲ နေတယ်။ ငိုယိုပြီး နေတယ်။ မိဘတွေက နွမ်းပါးတယ်၊ စားဖို့တောင် အနိုင်နိုင်ရှာနေရတာဆိုတော့ သူ့ဆန္ဒကို မဖြည့်နိုင်ကြဘူး။ နောက်ဆုံးတော့ သူများတွေက သနားပြီး ကူညီတာကြောင့် ကမ္ဘာအေးကုန်းမြေကို ရောက်လာရတော့ ဇမ္ဗူဒီပ ကျောင်းဆောင်မှာ သီတင်းသုံးနေကြတဲ့ ဆရာတော်ကြီးတွေဆီ သူ့ကို ခေါ်သွားပြီး ရှိခိုးခိုင်းတယ်။ မိဘတွေက သူတို့သမီးအကြောင်း ဆရာတော်ကြီးတွေကို လျှောက်ထားကြတယ်။

ဒီတော့ ဆရာတော်ကြီးတွေက ပါဠိ အဋ္ဌကထာဋီကာတွေကို အဖတ်ခိုင်းတော့ မညွန့်စိန်က ဌာန်ကရိုဏ်းကျကျ ဖတ်ပြတယ်။ ဆရာတော် တစ်ပါးက ဥပသမ္ပဒကမ္မဝါစာ ယူလာပြီး အဖတ်ခိုင်းတယ်။ ဒီထဲမှာ ရဟန်းခံတဲ့အခါ ဖတ်ရသလို အသံမျိုးနဲ့ ဟန်ရပန်ရ ဖတ်ပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးတွေက သိပ်အံ့ဩပြီး ပါရမီထူးတဲ့ မိန်းကလေးပဲလို့ ချီးကျူးကြတယ်။ ငွေကလေး တစ်ဆယ်၊ နှစ်ဆယ် ဆိုသလို ပေးစွန့်ကြတယ်။

ပြီးတော့ မညွန့်စိန်တို့သားအမိ ရွာကို ပြန်သွားကြတယ်။ ငါးနှစ်အရွယ် ရောက်လာတော့ ရွာထဲက မူလတန်းကျောင်းကို သွားအပ်တယ်။ ကျောင်းဆရာကြီးက မညွန့်စိန်ကိုစကားပြောကြည့်တော့ မညွန့်စိန်က ဒီစာတွေအားလုံး သူ တတ်ပြီးသားပါ။ ဒီကျောင်းမှာ မနေချင်ဘူးပြောတယ်။ ဆရာကြီးက လေးတန်းနဲ့ သက်ဆိုင်တဲ့ သင်္ချာကို တွက်ခိုင်းတော့ တွက်တတ်နေတယ်။ ဒါနဲ့ ဆရာကြီးက ဖျာပုံမှာ ကျောင်းအပ်ချင်အပ် ထောက်ခံစာ ရေးပေးလိုက်မယ်လို့ ပြောတယ်။

တစ်နေ့မှာတော့ ဖျာပုံမြို့ပေါ်မှာရှိတဲ့ မြို့ဦးပြာသာဒ်ကျောင်းဆရာတော် ဦးနန္ဒိယကို မညွန့်စိန်က တွေ့တော့ "ဟော့ … နန္ဒိယ နန္ဒိယ" လို့ လှမ်းအော်ခေါ်တယ်။ သူ့အမေက ကြားတော့ … ဆရာတော်ကို မိုက်မိုက်ရိုင်းရိုင်း ခေါ်ရမလား ဆိုပြီး ရိုက်တယ်။ ဆရာတော် ဦးနန္ဒိယကလည်း စိတ်ဆိုးပြီး မညွန့်စိန်ကို ငေါက်တယ်။ အော်တယ်။ ဒီတော့ မညွန့်စိန်က "ငါ့တပည့် နန္ဒိယမို့ … ငါ ခေါ်တာပဲ" လို့ ရှိက်ကြီးငင်ကြီး ငိုရင်းက အလျင်ဘဝက အကြောင်းကို အဲဒီတော့မှ ပြောပြပါတယ်။

၁၉၆၄ ခုနှစ်လောက်မှာ မဟာစည်ဆရာတော်ဘုရား ဖျာပုံမြို့ကို ကြွသွားပြီး တရားဟောတော့ မညွန့်စိန်နဲ့ တွေ့တယ်။ ဆရာတော်မေးသမျှကို ဖြေနိုင်တဲ့အခါမှာ မိန်းကလေးဉာဏ် အခြေခံကောင်းလှတယ်လို့ ဆရာတော်ဘုရားက ငွေကျပ်တစ်ရာ ပေးစွန့်တယ်။ ပြီးတော့ "ဒီမိန်းကလေး ဉာဏ်ကောင်းလှတယ်၊ ရန်ကုန်သီလရှင် ကျောင်းတိုက်





ကို ပို့ပြီး သီလရှင် ဝတ်ပေးလိုက်ကြပါ။ သာသနာတော်အတွက် ကျေးဇူးများပါလိမ့်မယ်" လို့ အမိန့်ရှိခဲ့တယ်။ ဒါကြောင့် မညွန့်စိန်ကို ရန်ကုန်ခေါ်လာကြတယ်။

ရန်ကုန်ရောက်တော့ … "မြန်မာပါဠိအဘိဓာန် ကျမ်းပြုဆရာတော်" အရှင်ဩဘာသာဘိဝံသ သီတင်းသုံးနေတော်မူတဲ့ ဖျာပုံတိုက်သစ်၊ သရက်တောတိုက်ကို ရောက်လာတယ်။ အဲဒီမှာ ဆရာတော် အရှင်ဩဘာသာဘိဝံသက မညွန့်စိန်ကို အကဲခတ်တယ်။ သူ့အကျင့်က ဦးပဉ္ဇင်းတွေကို ရှိမခိုးဘူး။ ရှိခိုးခိုင်းလည်း မခိုးဘူး၊ သူ့ကိုခေါ်လဲ ဘုရားမထူးဘူး။ ထူးခိုင်းလည်း မထူးဘူး။ ပေနေတယ်။ မာနခံနေသလို မှုံနေတယ်။

ဒီတော့ ဆရာတော်က မညွန့်စိန်ဟာ ခုချိန်ထိ သူ့ကိုယ်သူ အရင်ဘဝကအတိုင်း ဆရာတော်ဖြစ်နေတုန်းပဲလို့ ထင်နေ၊ ကပ်နေတဲ့ အစွဲကို ချွတ်ပေးပြီး သူ့ကိုယ်သူ "မိန်းမ" တစ်ယောက် ဖြစ်နေပြီနေပါလား ဆိုတဲ့ အသိ၊ မိန်းမတစ်ယောက်ရဲ့ ဘဝခရီး ဆိုတဲ့ သဘောတရားတွေကို နားလည်ရိပ်စားမိအောင် ဖြည်းဖြည်းချင်း ပြောရတယ်၊ နားသွင်းရတယ်။ သူ့ကိုကြည့်ရတာက ထောင့်မကျိုးဘူး။ ဘုန်းကြီးလူထွက်တစ်ယောက်လို ဖြစ်နေတယ်။ ဆရာတော်က မညွန့်စိန်ကို မေးတယ်။

"ကဲ… နင်က မိန်းကလေးဆိုတော့ မိန်းကလေးတွေရှိတဲ့ သီလရှင်ကျောင်းကို ပို့ပေးမယ်။ အဲဒီမှာ စာသင်၊ လိုတာရှိရင်ပြော၊ ဘာလိုချင်လဲ၊ ငါပေးမယ်"

မညွန့်စိန်က "သားရေသေတ္တာ၊ ကော်ဖော၊ နှစ်ဖက်ချော သင်ဖြူးဖျာ၊ ဇာခြင်ထောင်၊ ခေါင်းအုံး၊ မျက်နှာသုတ်ပဝါ" တွေကို လိုချင်တယ်လို့ပြောတဲ့အပြင် သီလရှင်ကျောင်းကိုသွားရမယ်ဆိုရင် မော်တော်ကား



www.burmeseclassic.com

www.burmeseclassic.com



နဲ့မှ သွားချင်တယ်လို့ တောင်းဆိုတယ်။ ဘုန်းကြီးတစ်ပါးရဲ့ လိုအပ်တဲ့ အသုံးအဆောင်တွေကို တောင်းပြီး ဆရာတော်တစ်ပါး ခရီးသွားသလို ဟန်ရပန်ရသွားချင်တဲ့ သဘောတွေပါပဲ။

မညွန့်စိန်ဟာ သူ့အိမ်မှာ စောင်အစုတ်၊ ဖျာအစုတ်နဲ့ အိပ်ရပေမယ့် အင်မတန် နီးစပ်နေတဲ့ ဘဝဟောင်းက ဆရာတော်တစ်ပါးရဲ့ အနေအထိုင် အသုံးအစွဲတွေကို စွဲလန်းလာတဲ့အာရုံကြောင့် အခုလို အခန့်စား တောင်းဆိုလိုက်တာ ဖြစ်ပါလိမ့်မယ်။ သူလိုအပ်တာမှန်သမျှကို ဆရာတော်က အားလုံးပေးလိုက်တယ်။ ကားနဲ့ပါပို့ပေးပြီး ရန်ကုန် စမ်းချောင်း၊ ဒေါ်ဥက္ကာစာရီသီလရှင် စာသင်တိုက်ကို အပ်ပေးတယ်။ အဲဒီမှာလဲ အဆင်မပြေလှဘူး။ သီလရှင်တွေကို ရှိမခိုးဘူး။ ဘုရားမထူးဘူး။ တပည့်တော်လို့ မပြောဘူး။ ဒါပေမယ့် သီလရှင် ဆရာတော်ကြီးများက သူ လာရာဘဝကို သိထားတော့ သည်းခံကြပါတယ်။ တဖြည်းဖြည်း ပြုပြင်ယူမယ် ဆိုတဲ့ စေတနာကိုထားပြီး သူ့ကို လက်ခံထားလိုက်ကြတယ်။

ပြီးတော့ စာတတ်ပေတတ် ဖြစ်လာတဲ့အတွက် သီလရှင်ငယ်ကလေးတွေ "သဒ္ဒါ၊ သင်္ဂြိုဟ်" ကို စာအံတဲ့အခါမှာ အမှားကို ရွတ်ဖတ်နေမိရင် အမှန်ကို ရွတ်ဆို ပြုပြင်ပေးရတဲ့ "စာထောက်တာဝန်" ကိုပါ သူ့ကို ပေးအပ်လိုက်တယ်။

သီလရှင်ကလေးတွေမှာ အမှားကို ရွတ်ဖတ်မိရင် သူက ဘုန်းကြီးစိတ် မပျောက်သေးတော့ ဘုန်းကြီးဂိုက်၊ ဘုန်းကြီးဟန်နဲ့ ...

"ဟဲ့ ဒီလို မဆိုရဘူး ... မှားနေတယ် ... ဟောဒီလို ဆိုရတယ်"

လို့ အော်လိုက်၊ ငေါက်လိုက်၊ မာန်မဲလိုက်၊ စိတ်မထင်ရင် ရိုက်ပုတ်လိုက် လုပ်တယ်။ ငါးနှစ် ခြောက်နှစ် အရွယ်ကလေးက ဘုန်းကြီး





တေိုင်လိဖမ်းပြီး လှုပ်ရှားနေပုံကို သီလရှင်ဆရာကြီးတွေက အပြစ်မယူတဲ့အပြင် သနားနေကြပါတယ်။ ဒါပေမယ့် မညွန့်စိန် ဒီနေရာမှာ နေရတာ မပျော်ပိုက်ပါဘူး။ ရက်ပေါင်း နှစ်ဆယ်လောက်ပဲ နေခဲ့ပြီး ဖျာပုံ နေန်းချောင်းကြီးရွာက သူ့ အိမ်စုတ်ကလေးရှိရာကိုပဲ ပြန်သွားပါတယ်။ ခုဆိုရင် မညွန့်စိန် အသက် ငါးဆယ်နီးပါးလောက် ရှိပါတော့မယ်။ သူ ရှိသေးသလား၊ သူ ဘယ်လို နေထိုင် အသက်မွေးမှုပြုနေပါလိမ့်လို့ တွေးမိပါတယ်။

မညွန့်စိန်အကြောင်းကို မှတ်တမ်းပြုထားတဲ့ ဆရာတော် အရှင်ဩဘာသာဘိဝံသရဲ့ "သရုပ်ပြ အဘိဓာန်ကျမ်းကြီး" ထဲမှာတော့ မညွန့်စိန်အကြောင်းကို ဟောသလို နိဂုံးချုပ်ထားတာ တွေ့ရပါတယ်။

မညွန့်စိန် သူ့ရွာကို ပြန်သွားပြီး မကြာမီ တစ်နေ့မှာ ဖျာပုံမြို့၊ မြို့ဦးပြာသာဒ်ကျောင်းဆရာတော် ဦးနန္ဒိယရောက်လာလို့ ကောင်မလေး အကြောင်း မေးကြည့်တော့ ဒီကောင်မလေးဟာ သူ့ဆရာ တော်ခဲ့ဖူးတဲ့ နေန်းချောင်းဆရာတော် ဦးနာယက အစစ်ပါပဲ။ သည်ဘဝမှာ ခေတ္တခဏ လာနားတာ ဖြစ်ပါလိမ့်မယ်။ အသက်ရှည်ရှည်နေရမယ် မထင်ပါဘူးလို့ ဦးနန္ဒိယက ပြောပြတယ်။

ဒီတော့ သူ့စကားကို နားမရှင်းလို့ ...

"ကိုယ်တော့်စကားကို နားမလည်ဘူး ... ခေတ္တခဏ လာနားတာပါ ဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ ... ဘာကို ဆိုတာလဲ — ထပ်ရှင်းပြပါအုံး"

လို့ ဆိုလိုက်တော့ ဦးနန္ဒိယက ထပ်ရှင်းပြတယ်၊

သူဟာ ဘုန်းကြီးဘဝကနေ "ဒါနကုသိုလ် နည်းခဲ့လို့ ...



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲမွဲတေလှတဲ့ မိန်းမဘဝကို ခဏလာယူတာပါ။ သည်ဘဝမှာ ကြာကြာ နေရမယ် မဟုတ်ပါဘူး။ ဘာကြောင့်ဆိုတော့ သူ့မှာ မိန်းမစိတ်မှ လုံးဝမရှိဘဲ၊ ဘုန်းကြီးစိတ်ပဲ ရှိနေတာကို အကဲခတ်ကြည့်ပေါ့။ ဒါကြောင့် တပည့်တော်က ခေတ္တခဏ ဒီဘဝကို လာနားတာပါလို့ ပြောရခြင်း ဖြစ်ပါတယ်"

လို့ ထပ်ဆင့် ရှင်းပြသွားတယ်။

နိပါတ်တော်တွေ၊ ဇာတ်တော်တွေမှာတော့ ရှင်ဘုရင် သေပြီး ရှင်ဘုရင်တွေချည်း ပြန်ဖြစ်နေကြတာကို အများအပြား ဖတ်ဖူး၊ တွေ့ဖူးပါတယ်။ မညွန့်စိန်လို ဘဝမျိုးကိုတော့ တွေ့ရခဲတဲ့ ရှားရှားပါးပါးအဖြစ် တစ်ခုပါပဲလို့ ဆိုရမှာပါ။

ဘာပဲဖြစ်ဖြစ် လူ့ဘဝနေရတဲ့အခိုက်မှာတော့ ဘဝရင်းစား မရှုံးရအောင်၊ ဒါနကုသိုလ် ကံသုံးပါးလုံးကို ပြည့်စုံလုံလောက်အောင် အားထုတ်သွားကြဖို့ လိုအပ်ပါတယ်။

ဒါန ကုသိုလ် ဆိုရာမှာ ဘုရားတည်၊ ကျောင်းဆောက် အလှူကြီးပေးနိုင်မှ ဒါနမြောက်တာ မဟုတ်ဘူး။ အစာမစားရလို့ ပိန်လှီငတ်ပြတ်နေရှာတဲ့ ခွေးပိန်ကလေးကို ...

"ခွေးပိန်ကလေး အစာဝအောင်စားရပါစေ ... စားပြီးတဲ့နောက်မှာလည်း သူ့ဘဝ ဆက်လက် ရပ်တည်နိုင်ပါစေ"

ဆိုတဲ့ စေတနာနဲ့ မေတ္တာကိုပေါင်းပြီး ပြုလိုက်တဲ့ ကုသိုလ်ဟာ ဒါနပါပဲ။

ဆန်ကွဲ ရှာစားနေတဲ့ ငှက်ကလေး၊ စာကလေးတွေကို ဆန်ကွဲကျွေးနေကြတာလဲ ဒါနပါပဲ။ အဲဒီသတ္တဝါလေးတွေအတွက် ရေသောက်ဖို့ ရေအိုင်၊ ရေခွက် လုပ်ပေးတာလဲ ဒါန ပါပဲ။ ကျွန်မ ဘဝသက်တမ်းမှာ လူချမ်းသာ ဘဝက ကွယ်လွန်ပြီး ဒါနကုသိုလ်နည်းပါးခဲ့လို့ သူဆင်းရဲဘဝကို ပြန်လည် ဝင်စားတာမျိုးကို တွေ့ဖူးလှပါပြီ။ ဒါကြောင့် သန့်ရှင်း စင်ကြယ်စွာသော စေတနာနှင့် ဒါနကုသိုလ်ပြုကြပါလို့ တိုက်တွန်းချင်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



# ဆရာတော်ဦးလွဲ့ ရှာပုံတော်

၁

၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးပတ်မှာ မင်းဘူး၊ စကု၊ စလင်းနဲ့ ဆင်ဖြူကျွန်းဘက်ကို မသွားမဖြစ်တဲ့ကိစ္စကြောင့် ခရီးထွက်ခဲ့ရပါတယ်။ ကိစ္စက တခြားမဟုတ်ပါဘူး။ မဟာဝိဇ္ဇာဘွဲ့အတွက် ကျမ်းပြုနေတဲ့ တူမလေးက အကူအညီတောင်းလာပါတယ်။ သူပြုနေတဲ့ကျမ်းက စလင်းဆရာတော် ဦးလွဲ့ ပြုစုခဲ့တဲ့ "မီတရောဝါဒ" ပို့လို့ ခေါ်တဲ့ "သမီး ဆုံးမစာ" ဖြစ်ပါတယ်။ ဒီပို့ကို စလင်းမြို့က ဦးခင်လှ ယူလာတာပါ။ ဦးခင်လှဟာ အရောင်းအဝယ်ကိစ္စနဲ့ ၁၉၅၄ ခုနှစ်က ပခုက္ကူခရိုင်၊ တောင်ယောနယ်၊ လောင်းရှည်မြို့ကို ရောက်သွားရင်း လောင်းရှည်မြို့ နန်းကြူးရွာ ဆရာတော် ဦးပညာဝံသကျောင်းတိုက်က ရလာတာပါ။ ဆရာတော် ဦးပညာဝံသက စာသင်သားဘဝမှာ စလင်းမြို့က ရုပ်စုံကျောင်းကြီးမှာ ပညာသင်ယူခဲ့ဖူးတော့ ဦးခင်လှနဲ့ ရင်းနှီးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၃ ခုနှစ်မှာ ဟံသာဝတီတိုက်က ထုတ်ဝေခဲ့ပါတယ်။ ဦးခင်လှက စာသမားပါ။ စလင်းမြို့ပေါ်မှာ စာပေဝါသနာရှင်များ စုပေါင်းပြီး "ဥက္ကာပျံစာပေ" ရယ်လို့ ဖွဲ့စည်းထားပါတယ်။ ဒီအဖွဲ့ကနေပြီး အဖိုးတန် စာအုပ်စာပေများကို ထုတ်ဖော်ခဲ့ပါတယ်။ သုတေသနပြုပါတယ်။ ဒါကြောင့် ဥက္ကာပျံစာပေရဲ့ လုပ်ငန်းစဉ်လည်း ပေါ်စေ၊ အဖွဲ့ရံပုံငွေလည်း ရစေ၊ မိမိတို့မြို့မှာ ပေါ်ထွန်းလာတဲ့ ဆရာတော်ဦးလှဲ့ကိုလည်း ဂုဏ်ပြုရာ ရောက်ပါစေဆိုတဲ့ ရည်ရွယ်ချက်များနဲ့ မီတရောဝါဒပျို့ကို ထုတ်ဝေခဲ့ခြင်း ဖြစ်ပါတယ်။

တည်းဖြတ်သူက မီတရောဝါဒပျို့အမှာစာမှာ ဒီပျို့ကို ပြုစုခဲ့တဲ့ ဆရာတော် ဦးလှဲ့ဟာ စကုမြို့နယ်၊ ပန်းလွှားရွာ၊ ပန်းလွှားဆရာတော် ပျံတော်မူပြီးသည့်နောက် တစ်လှည့် ပြန်လည်ဝင်စားလာတာဖြစ်လို့ ဆရာတော် ဦးလှဲ့ရယ်လို့ ဘွဲ့အမည်တွင်လာရကြောင်းကို ဖော်ပြထားပါတယ်။ ပန်းလွှားဆရာတော်ကြီးဆိုတာ ဘိုးတော်လက်ထက်ကစပြီး ဘကြီးတော်နဲ့ ရွှေဘိုမင်းသမီးအထိ အဆက်ဆက် ကိုးကွယ်လာခဲ့တဲ့ ဆရာတော်ကြီး ဖြစ်ပါတယ် ဆိုတာကလွဲပြီး ဆရာတော်ဦးလှဲ့ရဲ့ ထေရုပ္ပတ္တိမှာ လုံးဝ ပါမလာပါဘူး။ ဒီတော့ ကျမ်းပြုရမယ့် တူမလေးမှာ အခက်အခဲ ဖြစ်လာရပါတယ်။ ဆရာတော်ဦးလှဲ့နဲ့ ပတ်သက်သမျှကို လေ့လာရှာဖွေဖို့ တာဝန်ရှိလာပါတယ်။

စလင်း ဦးခင်လှဆီ ဆက်သွယ်တော့ ကွယ်လွန်တာကြာပြီလို့ သိရပါတယ်။ ရန်ကုန်ရောက် စလင်းမြို့နယ်သားတွေဆီ စုံစမ်းကြည့်ပါတယ်။ ဘာကိုမျှ အရင်းကျကျ မသိရပါဘူး။ ဒီတော့ ကမ္ဘာအေးကုန်းမြေမှာ ကျင်းပတဲ့ မြို့နယ်ပေါင်း ၄၇ မြို့နယ်က ကြွရောက်စည်းဝေးလာကြတဲ့





ဆရာတော်များဆီမှာ သဲလွန်စ ရလိုရငြား စုံစမ်းလျှောက်ထားကြပြန်ပါတယ်။ တူမလေးရဲ့ ကံပါပဲ။ ဆရာတော်ဦးလှဲ့ကို သိဖူး ကြားဖူးသူလည်း မရှိပါဘူး။ မီတရောဝါဒပျို့ကို ဖတ်ဖူး၊ ကြားဖူးသူလည်း မရှိပါဘူး။

ကျွန်မတို့ ချွတ်ယွင်းချက်က အဲဒီစည်းဝေးပွဲကြီးမှာ ဆင်ဖြူကျွန်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နဲ့ မတွေ့မိတဲ့ အချက်ပါပဲ၊ ကြားခံပုဂ္ဂိုလ်နဲ့တော့ ဆင်ဖြူကျွန်းဆရာတော်ကို ဆက်သွယ်ပါသေးတယ်။ ဒါပေမယ့် ဆရာတော်ကိုယ်တိုင်က ဆရာတော်ဦးလှဲ့ကို မသိဘူးလို့ အကြောင်းပြန်တာကို တစ်ဆင့်ကြားရပြီး စိတ်ပျက်သွားရပါတယ်။ တူမလေးက စိတ်မလျှော့ပါဘူး။ သူ့အလုပ် ဖြစ်နေတာကိုး။ ဒီတော့ အခက်အခဲ များစွာနဲ့ ဆက်လက် စုံစမ်းပြန်ပါတယ်။

တစ်နေ့တော့ ကံကောင်းထောက်မလို့ တူမလေးအိမ်မှာ ဆွမ်းခံကြွနေတဲ့ ဦးဓမ္မသာရဆိုတဲ့ ဦးပဉ္စင်းကလေးက စလင်းသား ဖြစ်နေပါတယ်။ ဦးပဉ္စင်းက ရန်ကုန်မှာ စာဝါလိုက်နေတဲ့ နှစ်ဝါသာရှိသေးတဲ့ အရွယ်ဖြစ်တော့ အင်မတန် ငယ်နုပါသေးတယ်။ ဆရာတော်ဦးလှဲ့ အမည်ကိုတောင် မကြားဖူးသေးပါဘူး။ ဒါပေမယ့် တူမလေးအတွက် စိတ်အားတက်စရာ ကောင်းတာက ဒီဦးပဉ္စင်းကလေးက ဆရာတော်ဦးလှဲ့အကြောင်းကို ရအောင် စုံစမ်းပေးပါ့မယ်။ စလင်းမှာရှိတဲ့ မိဘတွေက တစ်ဆင့် စလင်းမြို့နယ် သံဃနာယကအဖွဲ့ထိ သွားရောက်စုံစမ်းရင် ရနိုင်ပါတယ်လို့ အားပေးတယ်။

ဦးပဉ္စင်းလေး ကျေးဇူးပါပဲ။ တစ်လကျော်ကျော်လောက်မှာ သတင်းကောင်း ရလာပါတယ်။ စလင်းမြို့နယ်၊ ပေါင်းနား ရပ်တွင်း သံဃာနာယကအဖွဲ့ ဆရာတော် ဦးပညာဇောတဆီမှာ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



ဦးလှဲ့ရဲ့ထေရုပ္ပတ္တိ ပုရပိုက်တစ်ဆူ ရှိနေတယ်။ ဒါပေမဲ့ အဲ့ဒီပုရပိုက်ကို လုံးဝ မငှားပါဘူး။ လိုအပ်တာရှိလျှင် လာပြီး ဖတ်ပါ၊ ကူးပါလို့ ဦးပဋ္ဌင်းကလေး မိဘတွေဆီက စာရောက်လာပါတယ်။

အဲဒါကြောင့် ဘယ်လိုပင် ကျွန်မ အသက်အရွယ်အရ ခရီး ကြမ်းပါသော်လည်း၊ ရာသီဥတုက အင်မတန် အေးချမ်းနေပါသော်လည်း တူမလေးကို ပါရမီဖြည့်ဖို့အတွက် ဦးပဋ္ဌင်းကလေး ခေါင်းဆောင်ပြီး ဆရာတော်ဦးလှဲ့ကို ရှာပုံတော်ထွက်ဖြစ်ခဲ့ပါတယ်။ အဲဒီခရီးမှာ သင်ခန်း စာ ရလိုက်တာက တူမလေးက ခရီးသွားဖို့ လက်မှတ်ကိုသွားဝယ်တဲ့အခါ မှာ ခရီးကို နားမလည်တော့ ချောက်မြို့နယ်သွား ကားကြီးရဲ့လက်မှတ် ကို တစ်ယောက် ခြောက်ရာကျပ် ပေးလိုက်ရတယ်၊ အမှန်က ကျွန်မတို့ ခရီးဟာ မကွေးကို သွားရမှာပါ။ ဒီတော့ မကွေးကားလက်မှတ်ကို ဝယ် ရင် တစ်ယောက် လေးရာကျပ်ပဲ ကျပါတယ်၊ ခုတော့ နှမြောစရာ ဖြစ် သွားရပါတယ်။ သင်ခန်းစာပေ့ါလေ။ ခရီးသွားလေ့ ဗဟုသုတက မရှိတော့ ဒီလောက်အတွေ့အကြုံဟာ အကင်းပါပဲလို့ သဘောထားလိုက်ရပါတယ်။

ချောက်မြို့နယ် ကားကြီးကတော့ သပ်ရပ် သန့်ရှင်း ကျယ်ပြန့် ပါတယ်။ တစ်နေ့ ကြိုတင်ဝယ်ထားတာမို့ ထိုင်ခုံနေရာလည်း စိတ်တိုင်း ကျပါပဲ။ ပြီးတော့ အချိန်လည်း တိကျပါတယ်။ လက်မှတ်ဝယ်စဉ်က ကြေညာထားတဲ့အတိုင်း ရန်ကုန်ဧဝ်ဘွားကြီးဂိတ်က ညနေ လေး နာရီခွဲမှာ ထွက်ခဲ့ပါတယ်။ ဘယ်နေရာမှ မရပ်ပါဘူး။ ညကိုးနာရီရောက် မှ "အင်းမ" မှာ ရပ်ပါတယ်၊ အင်းမမှာ ရေပြာထွန်းဆိုတဲ့ ထမင်းဆိုင် နှစ် ဆိုင်ပဲ ရှိပါတယ်။ အဲဒီမှာ ကားကြီးနှစ်စင်းက ပြိုင်တူဆိုက်လိုက်တော့ ထမင်းစားမယ့်သူတွေ လျှံကျလာပြီး မနိုင်မနင်း ဖြစ်ကုန်တာ တွေ့ရပါ





တယ်။ ကျွန်မတို့ ဝင်တာက ရေပြာဆိုင် ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီနေ့က ညစာကို ကျွန်မတို့နှစ်ယောက်လုံး မစားဖြစ်ကြပါဘူး။

အင်းမက ထွက်လာတော့ ဆယ်နာရီရှိနေပါပြီ။ အအေးဓာတ်က ပိုလာပြီမို့ အနွေးထည်တွေဝတ်၊ ဓာတ်ဘူးထဲပါလာတဲ့ ကော်ဖီကို သောက် ပြီး မှိန်းလိုက်လာပါတယ်။ ဗီဒီယိုကလည်း အင်္ဂလိပ်ကားရော၊ မြန်မာကား ပါ ကြည့်ကြပါတယ်။ တောင်တွင်းကြီး ရောက်တော့ နာရီဝက် ရပ်ပေးပါ တယ်။ လက်ဖက်ရည်သောက်ချင်သူ၊ ကျန်းမာရေးအံ့တွက် ဆင်းချင်သူ တွေအတွက် ရပ်ပေးတာပါ၊ တောင်တွင်းကြီးကနေ ဘယ်မှာမှ မရပ်တော့ ပါဘူး။ လေးနာရီထိုးတော့ မကွေးမြို့ကို ရောက်ပါတယ်။ ကျွန်မတို့က လွဲ လို့ ဆင်းသူမရှိပါဘူး။ ချမ်းလိုက်တာကလည်း တစ်ကိုယ်လုံးကို တုန်ပြီး မေးချင်းရိုက်ကုန်တဲ့အထိပါပဲ။

ဆိုက်ကားနှစ်စင်းခေါ်ပြီး မင်းဘူး သင်္ဘောဆိပ်ကို ဘယ်လောက် လဲလို့ ဦးပဋ္ဌင်းက မေးတော့ ဆိုက်ကားတစ်စီး ရှစ်ဆယ်တဲ့။ နေ့လယ်ဆို သင်္ဘောဆိပ်ကို တစ်ယောက် ဆယ့်ငါးကျပ် ယူတာ၊ ဒီခရီးသွားနေကျ ဖြစ်တဲ့ ဦးပဋ္ဌင်းက သိတော့ မတရားတောင်းရသလားလို့ ဒေါပွတယ်။ ဒါပေမယ့် သူတို့တောင်းတဲ့အတိုင်းပဲ ပေးငှားလိုက်ပါတယ်။ ပစ္စည်းတွေ နဲ့ ဦးပဋ္ဌင်းက တစ်စီး၊ ကျွန်မနဲ့ တူမလေးက တစ်စီးပေ့ါ။ သင်္ဘောဆိပ် အထိ မိနစ်လေးဆယ် နင်းရပါတယ်။ သင်္ဘောဆိပ်ရောက်တော့ ကမ်းစပ် မှာ မီးပုံကလေးတွေဖို၊ မီးတွေ လှုံနေကြရင်းက "မင်းဘူးကို၊ မင်းဘူးကို" လို့အော်နေကြတာ ဆူနေတာပါပဲ။ ရန်ကုန်မှာဆို အိပ်ကောင်းတုန်း ချမ်း ချမ်းနဲ့ ကွေးလို့ကောင်းတုန်းအချိန်ဆိုတာကို သတိရလိုက်တယ်။

မင်းဘူးကို မော်တော်ထွက်တော့ ငါးနာရီပါ။ မှောင်နဲ့မည်းမည်း



www.burmeseclassic.com

www.burmeseclassic.com



ချောင်းထဲမှာ မကွေးဘက်ကမ်းက လင်းထိန်နေအောင် ထွန်းညှိထားတဲ့ လမ်းမီးတွေအရောင်က အလင်းတွေဖြာပြီး တောက်ပနေတဲ့ အလှဟာ အတော့်ကို စိတ်ကူးယဉ်စရာကောင်းလှပေမယ့် ကြည့်မနေနိုင်ပါဘူး။ အလုံအခြုံဖြစ်နေတဲ့ မော်တော်ဝမ်းထဲကို မြန်မြန်ဝင်ပြီး ငြိမ်ကုပ်နေရတယ်။ ဒါတောင် တစ်ချက်တစ်လေ ဝှေ့လာတဲ့ မြစ်ပြင်ထဲက လေကို တွေ့လိုက်ရလျှင် အသည်းမှာတောင် စိမ့်သွား၊ အေးသွားပါရဲ့။

ခရီးသည်တစ်ယောက်ကို မော်တော်ခ နှစ်ဆယ့်ငါးကျပ်ပေးရပါတယ်။ မကွေးနဲ့ မင်းဘူး မဝေးလှပါဘူး။ မိနစ်သုံးဆယ်ကျော်ကျော်လောက်ပဲ ကူးရပါတယ်။ အလင်းရောင်က နည်းသေးတော့ မင်းဘူးကမ်းအတက်မှာ မမြင်မစမ်းပါပဲ။ လက်နှိပ်မီးယူလာမိလို့ တော်ပါသေးတယ်။ တစ်ညလုံး ကျထားတဲ့ နှင်းမိုးကြောင့် အတက်လမ်းဖြစ်နေတဲ့ မင်းဘူးဆိပ်ကမ်းမှာ ချော်လဲမှာစိုးလို့ မနည်းသတိထားနေရတော့ ဦးပဋ္ဌင်းလေးက ဒကာမကြီး လာ လာ ဆိုပြီး လက်လှမ်းဆွဲခေါ်တယ်။ ကမ်းပေါ်ရောက်တော့ မြင်းလှည်းတွေက တန်းစီနေကြတယ်။ မြင်းလှည်းကို အဲဒီဒေသမှာ "မြင်းရထား" လို့ ခေါ်ကြပြီး မော်လမြိုင်ဘက်မှာတော့ "ဘုံပြတ်" လို့ ခေါ်ကြပါတယ်။

ကျွန်မတို့ အဖွဲ့ခေါင်းဆောင် ဦးပဋ္ဌင်းကတော့ လူငယ်ပီပီ အင်မတန် ဖျတ်လတ်ပါတယ်။ ကျွန်မ မြင်းလှည်းနား ရောက်တာနဲ့ ပါလာတဲ့ ဝန်စည်စလယ်အားလုံး မြင်းလှည်းပေါ် ရောက်နေတာကို တွေ့ရပါတယ်။ အချိန်စောသေးတာကြောင့် စလင်းကားဆိပ်ကို မသွားသေးဘဲ မင်းဘူးမှာရှိတဲ့ ဦးပဋ္ဌင်းကလေးရဲ့ ဆရာတော်ကျောင်းတိုက် သွားပြီး အရက်ဆွမ်းစား၊ ခဏအနားယူမယ်လို့ ဆိုပါတယ်။ ဆီးချိုသီး သီးချိန်မို့





အဲဒီ ကျောင်းဝိုင်းထဲကို ရောက်တာနှင့် ဆီးသီးမှည့်တွေ ပြွတ်ခဲနေတဲ့ ဆီးပင်တွေကို တွေ့လိုက်ရတော့ ငယ်ငယ်တုန်းကလိုပဲ ခူးချင်စိတ်တွေက ပေါ်လာတယ်။ ဒါပေမဲ့ မခူးလိုက်ရပါဘူး။ ကိုရင်လေးတွေက ဆီးချိုသီးတွေကို ရွေးဆေးပြီး ဇလားကြီးနဲ့အပြည့် ယူလာပေးပါတယ်။ ကောင်းလိုက်တဲ့ ဆီးသီး၊ အလုံးတိုင်းကို ချိုမွှေးပြီး ဝါးလိုက်တော့ အသားက ပျော့မနေပါဘူး။ ကြွပ်ဆတ်ကလေးပါ။ ဒါပေမဲ့ အလုံးကတော့ သေးပြီး ဆီးပေါင်းခြောက်လို့ ခေါ်လေ့ရှိကြတဲ့ အလုံးဝန်းလျား ပုံစံမျိုးတွေ ဖြစ်ပါတယ်။ အရသာရှိလွန်းလို့ အားရပါးရကို စားပစ်လိုက်တယ်။

နေကောင်းကောင်းပွင့်လာတော့ စလင်းကားဂိတ်ကို မြင်းလှည်းခေါ်ပြီး တစ်ကြိမ် ရွှေ့ရပြန်တယ်။ စလင်းကားဂိတ်ကို လူတစ်ယောက် နှစ်ဆယ် ဆိုပေမယ့် ကျွန်မတို့က စီးလုံးငှားပြီး စီးချင်လို့မေးတော့ တစ်ရာတဲ့။ အဲဒီဘက်မှာတော့ ခရီးအနီးအဝေးကြည့်ပြီး ရန်ကုန်က "ကက" ကားတွေလို ဈေးတောင်းတာ မဟုတ်ပါဘူး။ စီးလုံးငှားလိုက်ရင် နီးနီးကလေးလည်း တစ်ရာကျပ်ပါပဲ။ စလင်းဂိတ်ရောက်တော့ ခရီးသည်တင် ဟိုင်းလပ်ကားကလေးတွေက အများကြီးပါ။ သူ့ဆီ လာပါ၊ ငါ့ဆီ လာပါနဲ့ ခေါ်လိုက်ကြတာ ဆူနေတာပါပဲ။ ကားခက စလင်းအထိ တစ်ယောက်ကို တစ်ရာ့သုံးဆယ့်ငါးကျပ် ယူပါတယ်။ ခရီးသည် တင်တာကတော့ အပြည့်အလျှံပါပဲ။ ခေါင်မိုးပေါ်မှာလည်း လူပဒေသာပင်ကြီးလို ပြွတ်ခဲနေပါတယ်။

ဂိတ်က ထွက်လာတော့ ကိုးနာရီရှိနေပြီ။ ကားထွက်တယ်ဆိုတာနဲ့ ခရီးသည်တွေ နားထောင်ဖို့ ကက်ဆက်ဖွင့်ပေးတော့ မယ်တလင်းသီချင်းက ထွက်လာတယ်။ ဇကန္တ တွံတေးက အဆိုတော်တစ်ယောက်အသံ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပဲလို့ အနားမှာထိုင်လာတဲ့ သူငယ်လေးကို မေးကြည့်တော့ ထင်တဲ့အတိုင်းပါပဲ။ တွံတေးစိုးအောင်တဲ့။ ကားပေါ်ပါလာတဲ့ လူငယ်တွေက ကက်ဆက်သံနဲ့အတူ လိုက်ဆိုကြတယ်။ အဲဒီဘက်မှာတော့ တွံတေးစိုးအောင် ဆိုရင် အသည်းစွဲထင်ပါရဲ့။ တခြားကားတွေမှာလည်း ဒီသီချင်းသံကိုပဲ ကြားနေရတယ်။

လမ်းတစ်လျှောက် ရွာထဲက လူတွေကလည်း တစ်ရွာနဲ့တစ်ရွာ သွားချင်ကြရင် ဒီကားတွေကိုပဲ လက်တားပြီး စီးနေကြရတော့ ကားတွေမှာ ရပ်လိုက်၊ သွားလိုက်နဲ့ ခရီးမတွင်လှဘူး။ ခရီးသည်တွေက ဆိုလည်း နေစရာ၊ ထိုင်စရာ မရှိလောက်အောင် ကြပ်သည့်ထက် ကြပ်လာတာပဲ။ မန်းချောင်းကို ဖြတ်ဆောက်ထားတဲ့ မန်းတံတားက လွန်လာတော့မှ အဆင်းအတက် ခရီးသည်တွေ နည်းသွားပါတယ်။ ဒီနေရာလွန်ရင် မုန်းချောင်းကို ရောက်ပါတော့မယ်။ မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်အတွင်းက မင်းဘူး၊ စလင်း၊ တညောင်နဲ့ ဆိပ်ဖြူလမ်းပေါ် ရှိနေတဲ့ မုန်းချောင်းကို ဖြတ်ပြီး တံတားဆောက်ဖို့ စီစဉ်နေပါပြီ။ ကျွန်မတို့ကား မုန်းချောင်းကမ်းပါးမှာ ဆိုက်လိုက်တော့ သမ္ဗာန်တွေကို ပူးတွဲပြီး စက်နဲ့စီစဉ်ထားတဲ့ "ဇက်" ပေါ်ကို လူရော ကားပါ ကူးကြရပါတယ်။ ကူးခက လူတစ်ယောက် ငါးကျပ်ပေးရတယ်။

ဟိုဘက်ကမ်းကို ကူးနှင့်နေတဲ့ ကားနဲ့ ဇက်က ဒီဘက်ကမ်းကို ပြန်ရောက်မလာမချင်း နာရီဝက်သာသာ စောင့်ရပါတယ်။ အဲသလို စောင့်ရင်း ဒီဘက်ကမ်းမှာ ဖွင့်ထားတဲ့ လက်ဖက်ရည်၊ ကွမ်းယာ၊ ဆေးလိပ်နဲ့ အအေးဆိုင်ကလေးတွေမှာ အရိပ်ခိုရင်း စားကြ၊ သောက်ကြပါတယ်။ ပြောင်းဖူးပြုတ်နဲ့ ငှက်ပျောသီးမှည့်တွေတွေ့လို့ ဈေးနှုန်းမေးကြည့်



တော့ ဈေးကြီးပါတယ်။ ရန်ကုန်ဈေးထက် အတော်ကလေး များနေပါတယ်။ ငှက်ပျောသီးကတော့ နံ့သာဖူး ငှက်ပျောတစ်မျိုးတည်းပါပဲ။ ဒီရေမြေမှာ အသီးအနှံ သိပ်မဖြစ်ထွန်းဘူး ထင်ပါတယ်။ ပြောင်းဖူးတွေကလည်း အောင်အောင်မြင်မြင်၊ အဖူးကြီးကြီးရယ်လို့ မတွေ့ရပါဘူး။ ဒါပေမဲ့ ကလေးတွေ ပါလာတဲ့ မိခင်တွေကတော့ ကလေးတွေ ဆာလာတယ် ထင်ပါရဲ့၊ ဈေးကြီးပေးပြီးတော့ ဝယ်ကျွေးနေကြတာကို မြင်နေရတယ်။

မုန်းချောင်းက လွန်တော့ နေရှိန်ပြင်းလာပါပြီ။ ခရီးသည်တွေလည်း စကားသံတွေ တိတ်ပြီး ငိုက်မျဉ်းလာကုန်ကြပြီ။ မကြာမီ စလင်းကို ရောက်ပါတော့မယ်။ မြို့ရိပ်ကို ရေးရေးမှုန်မှုန် မြင်နေရပြီမို့ ဝမ်းသာနေမိပါတယ်။ ဆရာတော် ဦးလှဲ့ရဲ့ တိမ်မြုပ်ပျောက်ကွယ်လုလု ဖြစ်နေပြီဖြစ်တဲ့ ထေရုပ္ပတ္တိရဲ့ အစကလေးတစ်စကနေပြီး ဆရာတော်ရဲ့ ဘဝတစ်ခုလုံးကိုပါ ထင်ထင်ရှားရှား မြင်ရတော့မှာပါကလား ဆိုတဲ့ ပီတိ အတွေးတွေ ရင်မှာ ပေါ်လာရပါတယ်။ သဲလွန်စ ဆိုတာ အစကလေးတစ်ခုကနေပြီး ဆွဲရတာပါပဲ။ ဒီလိုဆွဲတဲ့အခါမှာ လူပင်ပန်းတာ၊ ငွေကြေးကုန်ကျတာကို တွက်လို့ မရပါဘူး။ သမိုင်းတစ်ခု မှန်ကန်စွာ ဖြစ်တည်မှုကိုသာ အဓိကထားပြီး ကြိုးစားနေရတာ ဖြစ်ပါတယ်။

စလင်းမြို့ဟာ မြန်မာရာဇဝင်ထဲမှာ ထင်ရှားတဲ့မြို့ ဖြစ်ပါတယ်။ လူသိများတဲ့မြို့လည်း ဖြစ်ပါတယ်။ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်မှာ မိဖုရားခေါင်ကြီး မယ်နုရဲ့ အစ်ကို မောင်အို ဆိုတာ စလင်းမြို့စားမင်းသားကြီးပါ။ သူ့ခေတ်မှာသူ့ကို စလင်းမင်းသားကြီးလို့ပဲ ခေါ်ဆိုကြပါတယ်။ စလင်းမြို့ပေါ်က နာမည်ကြီး ရုပ်စုံကျောင်းကြီးဟာ သူ့ကျေးဇူ



www.burmeseclassic.com

www.burmeseclassic.com



လို့ မှတ်သားရပါတယ်။ မင်းတုန်းမင်း လက်ထက်မှာ သာသနာတော်နဲ့ ပတ်သက်လာသမျှ အမှုအခင်းများကို စစ်ဆေးရတဲ့ "သံဃနာယက ဝိနိစ္ဆယအဖွဲ့" မှာ စလင်းဆရာတော်ဘုရားကြီးဆိုတာ ဝိနည်းနဲ့ ပတ်သက်လာရင် နာမည်အကြီးဆုံး ဖြစ်ပါတယ်။ ဘုရင်မင်းမြတ်က ကိုးကွယ်ထားတဲ့ မင်းဆရာတော်တွေထဲမှာ စလင်း မြောက်ကျောင်း ဆရာတော်နဲ့ စလင်း တောင်ကျောင်းဆရာတော်ရယ်လို့ ရတနာပုံ နေပြည်တော်မှာ စလင်းဆရာတော်များ သီတင်းသုံးတော်မူတဲ့ ကျောင်းနှစ်ကျောင်း ရှိပါတယ်။ မင်းတုန်းမင်းရဲ့သမီးတော် တပင်တိုင် စုဖုရား ဆိုတာ စလင်းမြို့ကို စားရတဲ့ စလင်းစုဖုရားရယ်လို့ နာမည်ကြီးခဲ့ပါတယ်။

စလင်းမြို့နဲ့ နီးလာလေလေ သူတို့ရဲ့ ပုံရိပ်တွေကို မြင်လာလေလေပါပဲ။ စလင်းစုဖုရားဆိုတာ မင်းတုန်းဘုရင်ရဲ့မယ်တော် နတ်ရွာစံပြီး ဝင်စားလာတဲ့ သမီးတော်ဖြစ်လို့ မင်းတုန်းမင်းရဲ့အချစ်အခင် အယုအယကို အများဆုံးခံခဲ့ရတဲ့ သမီးတော် ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ဆင်ဖြူမရှင် မိဖုရားက ဖွားမြင်လာတဲ့ သမီးတော်တွေ အများကြီး ရှိနေပါလျက်က မထင်မရှား မိဖုရားတစ်ပါးက ဖွားမြင်လာတဲ့ စလင်းမင်းသမီးကိုမှ တပင်တိုင် မင်းသမီးဘွဲ့ပေးအပ်လိုက်တာပဲ ဖြစ်တယ်။ စလင်းမင်းသမီးရဲ့ မယ်တော် ဆိုတာက ဆင်ဖြူမရှင် မိဖုရားလို မင်းဇကရာဇ်သွေး မဟုတ်ပါဘူး။ ကျေးရွာကလေး လေးရွာ၊ ငါးရွာလောက်ကို တိုက်နယ်အဖြစ်လုပ်ထားတဲ့ "လင်ပန်းတိုက်စား" သာမည မိဖုရားတစ်ပါး ဖြစ်ပါတယ်။

စလင်းနဲ့ မကင်းတဲ့ သူတို့အကြောင်းများကို စိတ်ဝင်စားနေတုန်းမှာပဲ "စလင်းကို ရောက်ပါပြီ၊ ဒီနေရာမှာ အားလုံးဆင်းနိုင်ပါတယ်" ဆိုတဲ့ သတိပေးသံက ပေါ်လာပါတယ်။ မင်းဘူးနဲ့ စလင်းက ၃၉ မိုင်ရှိ





ပါတယ်။ ဒီတော့ စလင်းကို ရောက်ပါပြီလို့ ကြွေးကြော်လိုက်ကြပေမယ့် ရှတ်တရက် မထနိုင်ပါဘူး။ ထိုင်လာတာလည်း ဘေးတန်းထိပ်ဆုံးကို ရောက်နေတော့ ကားတစ်စီးလုံး လူကုန်အောင် ဆင်းသွားပြီးမှပဲ ဒူးကို ဖြည်းဖြည်းဆန့်ပြီး ဆင်းနိုင်ပါတော့တယ်။ လက်စသတ်တော့ ကျွန်မတို့ ခေါင်းဆောင် ဦးပဠင်းလေးက စလင်းသား မဟုတ်ဘဲကိုး။ စလင်းမြို့နယ်၊ ဆင်ကျုံးရွာကလေးဆိုတော့ ကျွန်မတို့ခရီးက မဆုံးသေးပါဘူး။ ကားပေါ်က ဆင်း၊ မြင်းလှည်းတစ်စီးငှားပြီး ဆင်ကျုံးရွာကို ဆက်ရပါဦးမယ်တဲ့။

သိပ်တော့ မဝေးလှပါဘူး။ တစ်နာရီလောက် သွားရတဲ့ ခရီးပါပဲ။ ထုံးစံအတိုင်း မြည်းလှည်းခကတော့ တစ်ရာကျပ်ပါပဲ။ စလင်းမြို့ကို ကျော်ပြီး ဆင်ကျုံးရွာကို ရောက်လာတဲ့အထိ မြင်ကွင်းအားလုံးကို သတိပြုလာမိတာက ဒီဒေသဟာ ပုဂံမြို့ဟောင်းလိုပဲ ဘုရားဟောင်းများစွာနဲ့ ပြိုပျက်နေတဲ့ စေတီတော်များ၊ လက်ညှိုးထိုးလို့ မလွဲအောင် နေရာအနှံ့မှာ ဖူးတွေ့လာခဲ့ရတဲ့ အချက်ပါပဲ။ ဒီသက်သေသာဓကများကို ထောက်ပြီး စလင်းမြို့ဟာ ရှေးမြန်မာမင်းများ အဆက်ဆက်ရဲ့ လက်ထက်တော်တွင်မှာ စီးပွားရေး ဖြစ်ထွန်းခဲ့တယ်။ မင်းတို့ရဲ့မြောက်စားချီးပင့်ခြင်းကို ခံယူခဲ့ရတယ်၊ သာသနာတော်ကြီး နေလို လလို ထွန်းတောက်ခဲ့တယ် ဆိုတာကို လွယ်ကူစွာ ခန့်မှန်းလို့ရတဲ့ သာဓကတွေပါပဲ။

ကျွန်မတို့ မြင်းလှည်း ဆင်ကျုံးရွာအဝင် "ဥသျှောင် ကျောင်းတိုက်" ဝင်းထဲကို ရောက်တော့ ဆယ့်တစ်နာရီခွဲနေပါပြီ။ ကျောင်းက တဲသာသာ၊ အမိုးကုပ်ကုပ်ကြီး ဆောက်ထားတော့ မြင်းလှည်းက ကျောင်းရှေ့မှာရပ်လိုက်တာနဲ့ ကျောင်းထဲမှာ နေ့ဆွမ်းဘုဉ်းပေးတော်မူနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးနှစ်ပါးကို ဖူးမြင်လိုက်ရပါတယ်။ ဒီတော့မှ "ဦးပဉ္ဇင်း၊ နေ့ဆွမ်း ဘုဉ်းပေးချိန် ရောက်နေပြီလေ။ မြင်းလှည်းပေါ်က မြန်မြန်ကြွ၊ ဟိုမှာ ဆွမ်းဘုဉ်းပေးနေကြပြီ။ ဒါတွေ ထားခဲ့။ တပည့်တော်တို့ ယူလာခဲ့မယ်" လို့ မြန်မြန်လျှောက်လိုက်ရတယ်။ နေက မွန်းလွဲတော့မယ်လေ။ တော်ကြာ နေ့ဆွမ်းမမီလို့ ခက်နေဦးမယ် မဟုတ်လား။

ကျွန်မတို့ပစ္စည်းတွေ ကျောင်းပေါ်ရောက်တော့ တူမလေးက ရန်ကုန်ကယူလာတဲ့ ငါးသလောက်ပေါင်းကိုကပ်တယ်။ အချိုပွဲအတွက် လိမ္မော်သီးတွေ နွာတယ်။ ကျွန်မက ကော်ဖီဖျော်မယ်လုပ်တော့ အကျင့်မလုပ်နဲ့ ဒကာမကြီး၊ ကျုပ်တို့ သောက်လေ့မရှိဘူးလို့ ကျောင်းဘုန်းကြီး တစ်ပါးက တားမြစ်တယ်။ ကိုရင် တချို့က ကျွန်မတို့အတွက် ပဲကြော်သုတ်နဲ့ ရေနွေးကြမ်းကို ပြင်လာပေးတယ်။ ကောင်းလိုက်တဲ့ ပဲကြော်၊ မွမွရွရွကလေးမှာ နမ်းဆီရွှဲရွှဲ ဆမ်းလိုက်တော့ နမ်းနံ့ကလေးကို သင်းနေတာပဲ။ ပဲကြိုက်တဲ့ ကျွန်မမှာ ပဲသုပ်တစ်ဇွန်းမောက်မောက်ကို ဝါးပြီး ရေနွေးကြမ်း တစ်ပန်းကန်ကို ယူသောက်တုန်းရှိပါသေးတယ်။ "ဒကာမကြီးတို့ လိုချင်နေတာ ဒီပုရပိုက်မဟုတ်လား" လို့ကမ်းပေးတယ်။ ပုရပိုက်က အင်မတန် ဟောင်းနွမ်းနေပါပြီ။ ထောင့်စွန်း အနားသားတွေလည်း ပွဲရွဲ့နေပါတယ်။ အင်္ဂါလည်း မစုံလင်တော့ပါဘူး။

ဒါပေမယ့် ပုရပိုက်ဆိုတာနဲ့ ကျွန်မ ချက်ချင်းပဲယူပြီး ဖြန့်ဖတ်လိုက်ပါတယ်။ ခေါင်းစဉ်မှာ ရေးထားတာက ဆရာတော်ဦးလှဲ့၏ ထေရုပ္ပတ္တိလို့ ဆိုတာနဲ့ ကျွန်မမှာ အသံထွက်ပြီး ဖတ်ကြည့်လိုက်တော့ ရပ်လို့ကို မရတော့ဘူး။ နှစ်ကာလကြာခဲ့တာကြောင့် စာလုံးတွေက မပီမသ ဖြစ်နေတာက တစ်ကြောင်း၊ စာအသုံးအနှုန်း၊ သတ်ပုံသတ်ညွှန်းတွေက





တစ်မျိုးဖြစ်နေတာကြောင့် စဉ်းစားဆိုင်းငံ့ပြီး ဖတ်နေရတယ်။ သို့သော်ဘယ်လို သတ်ပုံတွေနဲ့ပဲရေးရေး၊ ကျွန်မတို့ ရှာဖွေနေကြတဲ့ ဆရာတော်ဦးလှဲ့ရဲ့ အတ္ထုပ္ပတ္တိအမှန်ဖြစ်နေတာကို မျက်မြင်ကိုယ်တွေ့ ကြုံကြိုက်လိုက်ရတဲ့အခါမှာတော့ အတိုင်းမသိ ဝမ်းသာသွားရပါတယ်။ ကျေနပ်ခြင်း၊ ပီတိဖြစ်ရခြင်းတို့နဲ့ အားရနှစ်သိမ့်မှုတွေကြောင့် စာကူးယူဖို့ ချက်ချင်း ပြင်ဆင်တော့ ဘုန်းတော်ကြီးနှစ်ပါးက တားတယ်။ ဖြည်းဖြည်းပေါ့ ထမင်းစားဖို့ လုပ်ပါဦး မိန့်တယ်။

အဲဒီနေ့က မနက်စာကို ဦးပဉ္ဇင်းလေးက သူ့မိသားစုအိမ်မှာ စားဖို့ရယ်၊ သူ့အိမ်ကို ရွှေ့ပြောင်း နေထိုင်ဖို့ရယ်ကို စီစဉ်ထားတာကြောင့် ဦးပဉ္ဇင်းအိမ်ကို ရောက်မှ စားကြတော့ တစ်နာရီကျော်နေပါပြီ။ ကျွန်မမှာ ဆာနေပေမယ့် အာရုံမပြုနိုင်ပါဘူး။ ကိုယ်လိုတဲ့ဆန္ဒ ပြည့်သွားပြီ ဆိုတဲ့ ပီတိစိတ်နဲ့ပဲ ရင်မှာပြည့်နေရပါတယ်။ ပုရပိုက်ထဲ မှတ်တမ်းပြုထားတဲ့ ဆရာတော်ဦးလှဲ့ ထေရုပ္ပတ္တိက ငါးလွှာပဲ ရှိပါတယ်။ ပုရပိုက်အလွှာ ဆယ်လွှာလောက်ရှိရာမှာ ဆရာတော်ဦးလှဲ့ရဲ့ ပစ္စည်းလေးပါး ဒါယကာ ကျောင်းဒါယကာဖြစ်တဲ့ ကင်းဝန်မင်းကြီး ဦးကောင်းရဲ့ အတ္ထုပ္ပတ္တိကလည်း ငါးလွှာလောက် မှတ်တမ်းပြုပါတယ်။ ဒါတောင်မှ ဆရာတော်ဦးလှဲ့ စလင်းမြို့ လယ်ပြင်ကျောင်းတိုက်မှာ သီတင်းသုံးသွားသေးတော့ ဆရာတော် မရှိတဲ့နောက် လယ်ပြင်ကျောင်းကြီး မီးလောင်သွားရာမှာ ရသလောက် ဆွဲထုတ်ရာက ကံကောင်းလို့ ကျန်ခဲ့တာပါလို့ သိရပါတယ်။ လယ်ပြင်ကျောင်းတိုက်ကြီး နေရာကတော့ မီးလောင်ပြင် ဖြစ်နေပါပြီ၊ အထိမ်းအမှတ် ပစ္စည်းရယ်လို့ နေရာပဲရှိပါတော့တယ်။

စလင်းမြေကတော့ ဘုရား၊ စေတီ များပြားရုံသာမက ...



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတိုက်ကြီးတွေရဲ့ အပျက်အစီးတွေရော၊ လက်ရှိ သာသနာ့အဆောက်အအုံ၊ ဘုရား၊ ကျောင်း၊ တန်ဆောင်း ဆိုတာတွေကလည်း တစ်မြို့လုံးအနှံ့မှာ ဖူးမြင်တွေ့ရှိရပါတယ်။ ရှေးမြန်မာမင်းများ လက်ထက်ကစပြီး စလင်းမှာ ဆည်မြောင်းတွေနဲ့ ရေသွင်းစိုက်ပျိုးလာတဲ့ စနစ်ကရှိခဲ့တော့ ခုအခါမှာ စလင်းဟာ အင်မတန်မှ ရေခံမြေခံကောင်းပြီး ဆည်ရေသောက် လယ်မြေတွေ ဧကပေါင်း သုံးသောင်းကျော်နေပြီမို့ သိရပါတယ်။ စိုက်ပျိုးရေးဖြစ်ထွန်းတာကြောင့် ရာသီအလိုက် သီးနှံတွေ အောင်မြင်ပြီး နယ်မြေရဲ့စီးပွားရေးအခြေအနေလည်း မညံ့လှပါဘူး။

ရှေးစာတွေမှာ တွေ့ရတာက တကောင်းခေတ် မဟာသမ္ဘဝ၊ စူဠသမ္ဘဝ ဆိုတဲ့ မျက်မမြင် မင်းသားညီနောင် နှစ်ပါးကို ခမည်းတော်အမိန့်နဲ့ ရောတီမြစ်ရိုးကို ဖောင်နဲ့ မျှောလိုက်တဲ့အခါမှာ စန္ဒမုခိဘီလူးမက မျက်မမြင်တွေမှန်းသိလို့ ဖောင်ပေါ် တိတ်တိတ်လိုက်လာပြီး မင်းသားတို့ရဲ့ အစားအသောက်တွေကို ယူစားတော့ မင်းသားတို့က ဘီလူးမကို ဖမ်းမိပြီး သတ်မယ် လုပ်ပါတယ်။ ဘီလူးမက တောင်းပန်တယ်။ သူ့ကို မသတ်ပါနဲ့၊ မင်းသားတို့ မျက်စိအလင်းရအောင် ဆေးကုပေးပါ့မယ် ဆိုလို့ အသက်ချမ်းသာပေးပြီး ဆေးကုစေတယ်။

အဲသလို ဆေးပေးပြီး မျက်စိကို စတင်ကုသတဲ့နေရာကို "စကု"၊ မျက်စိအလင်းရတဲ့ နေရာကို "စလင်း" လို့ခေါ်တယ်ဆိုတာ အဆိုရှိခဲ့ပါတယ်။ ဦးကုလား မြန်မာရာဇဝင်ကြီးမှာ ပုဂံပြည် နရပတိစည်သူ မင်းကြီးလက်ထက်၊ မြန်မာသက္ကရာဇ် ၆၅၆ ခုနှစ်မှာ စလင်းကို တည်ခဲ့တယ်လို့ တွေ့ရပါတယ်။ စလင်းမြို့နယ် သမိုင်းမှာ တွေ့ရတာကတော့ ဦးစိန္တာမဏိ ရေးခဲ့တဲ့ "စလ်ဂသမန္တဝိသောဓနီ" ကျမ်းအရ စလင်းကို အနော်ရထာ





မင်း လက်ထက်ကစပြီး တည်ခဲ့တာလို့ ဆိုထားပါတယ်။ မြို့နယ်သမိုင်းတွေကို ပြုစုကြတဲ့အခါမှာ မှန်နန်းရာဇဝင်၊ ဦးကုလားရာဇဝင် အစရှိတဲ့ ရာဇဝင်ကြီးတွေနဲ့ ညှိနှိုင်းသတိပြုကြဖို့တော့ လိုကြပါလိမ့်မယ်။

သာသနာတော်နဲ့ပတ်သက်လာရင် စလင်းမြို့နယ်ဟာ သမိုင်းပြောင်ပါတယ်။ စာတတ်၊ ပေတတ်၊ ကျမ်းတတ် ပုဂ္ဂိုလ်တွေ များပြားတဲ့ အပြင် သာသနာပိုင် ဆရာတော်များ၊ မင်းကိုးကွယ်တဲ့ မင်းဆရာတော်များ ပေါ်ထွန်းရာ နယ်မြေမြတ်လည်း ဖြစ်ပါတယ်။ သက္ကရာဇ် ၁၁၂၅ ခုနှစ်မှာ ဖွားတဲ့ စလင်းမြို့နယ်၊ စကုမြို့အနီးက "ကန့်ကလာရွာ" သား မောင်ချစ်လှောက် ဆိုတာ ရဟန်းတော်ဘွဲ့ ရှင်ပညာသာမိလို့ တွင်ပါတယ်။

အမိဝမ်းက ကျွန်တော့် ရေသန့်စင်ပေးပြီး ဆန်ကောထဲ သိပ်ထားရာမှာ လောက်ကောင်တွေ ချက်ပေါ်တက်လာကြတာကို မြင်တွေ့ကြလို့ မောင်ချက်လောက်လို့ခေါ်ခဲ့ရာက မောင်ချစ်လှောက် ဖြစ်လာရတယ်လို့ ဆိုပါတယ်။ မောင်ချစ်လှောက် အသက်ရှစ်နှစ်မှာ ကြက်သွန်ခင်း ဆရာတော်ကြီးရဲ့တပည့်ဖြစ်တဲ့ အရှင်မေဓိယဆီမှာ ပညာသင်ယူပါတယ်။ အသက်ဆယ့်ခြောက်နှစ်မှာ သာမဏေပြုတော့ ရှင်ပညာဆိုတဲ့ ဘွဲ့ကို ပေးပါတယ်။ ရဟန်းအဖြစ်ကိုရောက်တော့ ရှင်ပညာသီဟလို့ ရဟန်းဘွဲ့ ပေးအပ်ပါတယ်။ ရဟန်းဘဝမှာ ကျမ်းတတ်စာပြုအကျော် စလင်းမြို့နယ်၊ ပန်းလှွား ဆရာတော်ဆီမှာ စာသင်ယူပါတယ်။ ပန်းလှွား ဆရာတော် ဆိုတာက ဝိုက်းအုပ်ဆရာတော် အရှင်ဂုဏဝန္တ ဖြစ်ပါတယ်။

ရှင်ပညာသီဟ ရဟန်း ကိုးဝါ ရတော့ အမရပူရမြို့တော်သုခမ္မာ ဇရပ်မှာ ဥဘတောဝိဘင်းကို ပြန်ဆိုရာမှာ မောင်းထောင်



www.burmeseclassic.com

www.burmeseclassic.com



သာသနာပိုင်က နီသရည်းတိုက်အုပ် အမိန့်တော်စာချွန်ကို ပေးအပ်ပါတယ်။ ဒီအခါမှာ ဘိုးတော်မင်းတရားကြီးက ရှင်ပညာသီဟကို နေပြည်တော် ပင့်ပြီး ရဟန်း ဒါယကာအဖြစ် ခံယူပါတယ်။ ဘိုးတော် မရှိတဲ့နောက် ဘကြီးတော် လက်ထက်မှာ ဘိုးတော် ကောင်းမှု ဖြစ်ခဲ့တဲ့ အသောကရာမကျောင်းတိုက်ကြီးနဲ့ ရတနာဘုံကျော် ကျောင်းတိုက်ကြီးတို့ကို လှူဒါန်းပါတယ်။ "မုနိန္ဒာဘိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း ကပ်လှူပြီး သာသနာပိုင်အဖြစ် အပ်တော်မူပါတယ်။ ဘိုးတော်၊ ဘကြီးတော်၊ ရွှေဘိုမင်း ဆိုတဲ့ မင်းသုံးဆက်တိုင်တိုင် ကိုးကွယ်မှုကို ခံယူပြီး သက်တော် ခုနစ်ဆယ့်ရှစ်၊ သက္ကရာဇ် ၁၂၀၂ ခုနှစ်မှာ ပျံလွန်တော်မူပါတယ်။ စလင်း သာသနာပိုင်ဆရာတော်လို့ ဆိုလိုက်ရင် "ဦးချစ်လှောက်" ဒါမှမဟုတ် "ဦးမုနိန္ဒ" လို့ပဲ သိကြပါတယ်။ ငယ်ဆရာများက ပေးအပ်ခဲ့တဲ့ "ရှင်ပညာသီဟ" ဆိုတဲ့ ဘွဲ့ကို သိကြသူနည်းပါးလိမ့်မယ်။

စလင်းသာသနာပိုင် ဆရာတော်ကြီးအကြောင်းကို ပြည့်ပြည့်စုံစုံ တင်ပြရတာ အကြောင်းရှိပါတယ်။ ဘယ်လိုအကြောင်းလဲဆိုတော့ စလင်းသာသနာပိုင် ဆရာတော်ရဲ့ ငယ်ဆရာတစ်ဆူဖြစ်တဲ့ ပန်းလှွာဆရာတော်အကြောင်းကို ဖော်ပြချင်လို့ပါပဲ။ ပန်းလှွာဆရာတော်ဟာ ဘိုးတော်လက်ထက်မှာ "ပရိတ်ကြီးနိသျ" ကို ပြုစုခဲ့ပါတယ်။ သာသနာတော်ရဲ့ဂိုဏ်းချုပ် ဆရာတော်ကြီးလည်း ဖြစ်ပါတယ် ဆိုတာကို "သာသနာဝံသဒီပနီ" သီရိသောဘန ဆရာတော် ပြုစုတော်မူခဲ့တဲ့ စာအုပ်က ထုတ်နုတ်ဖော်ပြလိုက်ပါတယ်။

ကဲ၊ ဆရာတော်ဦးလှဲ့ရဲ့ထေရုပ္ပတ္တိကို ကျွန်မတို့ တွေ့မြင်ရတဲ့





အတိုင်း ဖော်ပြလိုက်ပါမယ်။

၁၂၀၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃) ရက်၊ ညနေ လေးချက်တီးကျော်ကျော်မှာ စလင်းမြို့အရှေ့မြောက်ပေါင်းနားရပ်၊ ဆည် စာရေးကြီး ဦးဘိ (အမိအမည် စာလုံးများ ပျက်နေသည်) သားသုံးယောက်မှ အလတ်ဖြစ်သည်။ (ဆရာတော်ဦးလှဲ့ကို သန္ဓေရှိစဉ် မိခင်၏ အိပ်မက်၌ ပန်းလှွာဆရာတော်သည် အိမ်သို့ကြွတော်မူကာ ငါ နင်တို့နဲ့ နေမလို့လာခဲ့တာဟုမိန့်စဉ် မိခင်ဖြစ်သူသည် လန့်နိုးသွားကာ အိပ်မက်အကြောင်းကို ခင်ပွန်း ဦးဘိုအား ပြောပြသည်) ထို့ကြောင့် ကြာသပတေးနေ့ဖွားဖြစ်ပါသော်လည်း ပန်းလှွာဆရာတော် တစ်လှည့် ဝင်စားလာပြန်သည်ဟူသော အမှတ်ဖြင့် "မောင်လှဲ့" အမည်ကို ပေးခဲ့သည်။

မောင်လှဲ့ ကိုးနှစ်အရွယ်တွင် ကိုးဆောင် ဗိမာန်ဘုံသာတိုက်ငါးစည်ရွှေကျောင်းကြီးနေ ဦးသာမြတ်ခေါ် ဦးနန္ဒမာလာထံမှာ စာသင်သည်။ သူငယ်တန်းမှာ မင်္ဂလာသုတ် နမက္ကာရ ပရိတ်ကြီးနှင့် ဇာတ်ကြီးဆယ်ဘွဲ့များ သင်ရ၏။ "ဉာဏ်တံခွန်ပေါက်နေသူ" ဟု ဆရာဘုန်းကြီးကနှလုံးသွင်းမိ၍ အုတ်ကျောင်းကြီးပေါ်ရှိ ဂိုဏ်းအုပ်ဆရာတော်ကြီး အရှင်ဇယန္တထံတွင် အပ်နှံကာ နေ့ည စာဝါများကို သင်ကြားစေသည်။ ၁၂၁၅ ခုနှစ်အတွင်းတွင် စလင်းဆရာတော် အရှင်ကလျာဏဓဇ နေပြည်တော်မှ ကြွလာတော်မူသည်နှင့် ကြုံ၍ သာမဏေ ရှင်ပညာသီဟဖြစ်နေပြီဖြစ်သော မောင်လှဲ့ကို စလင်းဆရာတော်ထံ တစ်ဖန် အပ်နှံ၍ နေပြည်တော်သို့ ထည့်ပေးလိုက်။

နေပြည်တော်တွင် သဂြိုဟ်၊ ဆန်း၊ အလင်္ကာ အဘိဓာန်ပဋ္ဌာန်းကျမ်းကြီးများကို နှုတ်ရအာဂုံမှာ ပြည့်စုံသည့်အလျောက် ၁၂၂



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်၊ ပြာသိုလ စာပွဲသဘင် ဆင်ယင်ရာ သုဓမ္မာဇရပ်တော်ကြီးတွင် အရှင်ဉေယျဓမ္မဒိသ ( ဒုတိယ မောင်းထောင်သာသနာပိုင် ) ဆရာတော်ဘုရားနှင့် မင်းတုန်းဘုရင် အမှူးပြုသော မှူးမတ်ပရိသတ်၊ ရဟန်းပရိသတ်တို့ အလယ်၌ ရဲရင့် တည်ကြည်စွာ ဖြေဆို အောင်မြင်လေသည်။ (ကြည့်မြင်တိုင် စလင်းဆရာတော်ဦးသီဟ)သည် ထိုအချိန်တွင် သာသနာပြု ဆရာတော်ကြီးများ၏ အန္တေဝါသိက တပည့်ကြီး ဖြစ်လေသည်။

ထို့နောက် ရဟန်းအဖြစ်ကို ခံယူရန်အတွက် ဒွေမာတိကာနှင့် တကွ ကင်္ခါဝိတရဏီ၊ အဌကထာကို အလယ်ကိုးဆောင်တိုင် ဆရာတော် ဦးဂန္ဓထံတွင် သင်ယူ၍ ကင်္ခါနိဒါန်းအဖွင့်မှုလောက်နှင့်ပင် မိမိ၏ ပင်ကို ဉာဏ်ထက်သန်သောကြောင့် ရဟန်းသုံးဝါခန့်မျှနှင့် ဆည်းကပ်လာကြသော ရဟန်းပရိသတ်တို့အား စာပေသင်ကြားပေးမှု စေတနာ ထက်သန်လျက်ရှိသောကြောင့် ကျောင်းဒါယကာ ဦးလူကြီး၊ ကျောင်းအမ ဒေါ်မယ်ကောင်းတို့က သဒ္ဓါတိုးပွားကြသည်ဖြစ်၍ ကိုးဆောင်တိုက် တောင်ဘက် တာတစ်ဆက်တည်းဖြင့် လယ်ပြင်မြေကို ဝယ်ယူပြီး လေးထပ် စမြင်ခံ ကျောင်းတိုက်ကြီးကို ဆောက်လုပ် လှူဒါန်းသည်။ ထိုကျောင်းကြီး၌ ဆရာတော်ဦးလှဲ့ ခေါ် ဦးပညာသီဟသည် စာပေပို့ချကာ သီတင်းသုံးလျက်ရှိသည်။

မင်းတုန်းမင်းနှင့် စကြာဒေဝီ မိဖုရားခေါင်ကြီး တည်ဆောက်သော မဟာဝိဇိတာရာမ ကျောင်းတိုက်သစ်ကြီးတွင် စာချလိုက်သောအခါ စလင်းလယ်ပြင်ကျောင်းရှိ အရှင်ပညာသီဟကို ပင့်၍ ပထမ စာချအဖြစ် သင်ကြားပို့ချပေးရသည်။ ထိုအခါ မိဖုရားခေါင်ကြီးက နို့စွဘက်





ဆွမ်းအုပ် ပို့ကပ်ခြင်း၊ မင်းတရားကြီးကလည်း ပထမစာချ လစာ ရိက္ခာတော်အဖြစ် တစ်လလျှင် ဆီ၊ ဆန်၊ ငပိ၊ ဆား စသည် လှူဒါန်းထောက်ပံ့လေ။

သီပေါမင်းလက်ထက် ၁၂၄၆ ခုနှစ်တွင် လယ်ကိုင်းမြို့စားမင်းကြီးဦးကောင်းက သူရိယသဘော်ဖြင့် အလုံဝန်၊ လယ်ကိုင်းမြို့ဝန်၊ မဟာဒန်ဝန် စသော ပညာရှိတို့အား လွှတ်ကာ ဝါဆိုလဆန်းတွင် စလင်းမြို့မှ နေပြည်တော်သို့ ပင့်ဆောင်၍ နေပြည်တော် အနောက်တောင်ထောင့် ရွာဟိုင်းဈေး မြောက်ဘက်တွင် အသစ် ဆောက်လုပ်သော ခေါင်းတန်းလေးမျက်နှာ၊ မဟာရံအုတ်တံတိုင်းနှင့်တကွ ငါးထပ်ပျဉ်ကျောင်းကြီးကို ကပ်လှူ၍ ကိုးကွယ်၍ စာပေပရိယတ် ပို့ချ သင်ပေးရ၏။ ထိုအခါ ကျောင်းဒါယကာဖြစ်သော မင်းကြီး ဦးကောင်းက နေ့စဉ် နို့စွဘတ် တစ်လလျှင် သုံးဆယ့်နှစ်ကျပ်နှင့် တစ်လလျှင် လေးသီတင်း ဝသည့် ဆွမ်းဘောဇဉ် အမြဲကပ်လှူ၏။

ဆရာတော်ဦးလှဲ့ကို ဒေသခံများက "ဆတော်လှဲ့" ဟုခေါ်ကြသည်။ ပုရပိုက်သည် ဆွေးမြေ့နေပြီဖြစ်၍ ဤမျှသာပါရှိပါသော်လည်း ဆရာတော်ဦးလှဲ့နှင့် ပတ်သက်သည့် အကြောင်းအရာများကို ထပ်မံ သိရှိလိုပါသေး၍ ကျွန်မတို့ တူဝရီးသည် ဆရာတော်ဦးလှဲ့ ရှာပုံတော်ကို ဘယ်သို့ဘယ်ပုံ ဆက်လက် ရှာသင့်သည်ဟူသော အချက်အလက်များကို ဆွေးနွေးကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရှပ်စုံကျောင်းတော်ကြီး

ကျွန်မတို့ ခရီးကို ဦးဆောင်လာတဲ့ ဦးပဥ္စင်းကလေးရဲ့ဇာတိ "ဆင်ကျုံးရွာ" ဆိုတာက ရှေးရွာကြီး ဖြစ်ပါတယ်။ ခု လက်ရှိနေထိုင်ကြသူတွေကို ဘာဖြစ်လို့ ဆင်ကျုံးရွာ ခေါ်ပါသလဲလို့မေးမြန်းရင် မဖြေနိုင်ကြပါဘူး။ ကျွန်မက တော့ စာသမားဖြစ်တဲ့အတွက် ဒီနေရာဟာ ရှေးက ဆင်ကျုံးသွင်းခဲ့တဲ့ နေရာလား။ စလင်းမြို့နယ်ထဲ ပါဝင်နေတဲ့ စေတုတ္တရာမြို့ဟာ စလင်းနဲ့ (၃၆) မိုင် ဝေးပါတယ်။ ရခိုင်ရိုးမတောင်ကြီးတွေရဲ့အရှေ့ဘက်မှာလည်း တည်ရှိနေတာကြောင့် ရခိုင်ရိုးမက နယ်ကျွံပြီး ဆင်းလာကြတဲ့ ဆင်တွေ ဟာ စလင်းကိုရောက်နိုင်တဲ့လမ်းကြောင်း ဖြစ်တယ်လို့တွေးပြီး ဆင်ကျုံး ရွာရဲ့သမိုင်းအစကို တူးဆွချင်စိတ်ပေါ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် စာပေဟောင်းတွေမှာ ပြန်ရှာတဲ့အခါ ယဉ်ကျေးမှု စာစောင်အတွဲ (၃)၊ အမှတ် (၃)မှာ ဆင်ကျုံးရွာသမိုင်းကို ဟောသလို တွေ့ရပါတယ်။ (၁၉၅၇) ခုနှစ်လောက်က ရေးခဲ့တာပါ။

"ဆင်ကျုံးရွာသည် သာသနာတော်နှစ် (၁၀၁) ခုနှစ်မှ စ၍ သရေခေတ္တရာပြည်ကြီးကို တည်ထောင်တော်မူခဲ့သော ဒွတ္တပေါင်မင်းကြီးမှ စ၍ သရေခေတ္တရာ မင်းအဆက်ဆက်တို့သည် တိုင်းခန်းလှည့်လည်ကြသောအခါ စီးတော် ဆင်များကို ဆင်ခုနှစ်သင်း ဖွဲ့၍ ဂဇဝေ၊ ဂဇရဲ တို့ကို အကြီးအမှူးခန့်လျက် ဆင်တော်များကို ကျုံးသွင်းကြသောကြောင့် ဤအရပ်ကို ဆင်ကျုံးရွာဟူ၍ တည်ခဲ့သည်ဟုဆိုလေ၏။ ထို့ပြင် ဆင်ကျုံးရွာနှင့်အကျုံးဝင်နေသည့်လက်ဖွဲ့ဆိုင်ရွာနှင့် ပိသနာရွာ၊ ဝေဝန်ရွာ ဟူသော ရွာကြီးများလည်း ရှိကြသေး၏။

ဒီတော့ သမိုင်းအရဆိုရင် ဆင်ကျုံးရွာသက်ဟာ မနည်းတော့ပါဘူး။ ဆင်ကျုံးရွာအဝင်၊ ဥသာရော ကျောင်းတိုက်ရဲ့ ပရိဝုဏ်ရှေ့မှာ တည်ရှိနေတော်မူကြတဲ့ ဘုရား၊ စေတီပေါင်းအဆူဆူတို့ရဲ့အပျက်အစီး၊ အပြိုအလဲများကို ဖူးတွေ့ရတာနှင့်ပဲ ဆင်ကျုံးရွာရဲ့သက်တမ်းကို ခန့်မှန်းလို့ ရနိုင်ပါတယ်။ ဥသာရော ကျောင်းတိုက်အိုကြီးထဲမှာ သက်တော် (၇၀) နီးပါး ဘုန်းတော်ကြီးနှစ်ပါးနဲ့ ကိုရင်ခြောက်ပါး ရှိပါတယ်။နေ့စဉ်ဆွမ်းခံကြွတော်မူနေကြပါတယ်။ ဒီဘုရားဟောင်းတွေကို မပြုပြင်ကြတော့ဘူးလား ဘုရား။ ဘုရားဒါယကာများရဲ့ဆွေစဉ်မျိုးဆက်တွေ မရှိကြတော့ဘူးလားလို့ လျှောက်ကြည့်တော့ ... "ဟာ... ဒကာမကြီးနယ်၊ ဆွေစဉ်မျိုးဆက်မပြောနဲ့ ဘယ်ခေတ် ဘယ်ကာလက တည်သွားကြမှန်းကိုတောင် မသိကြတော့ပါဘူး" လို့ မိန့်ပါတယ်။





ဒီကနေ့ ဆင်ကျုံးရွာ အခြေအနေကတော့ လယ်အလုပ်၊ ယာအလုပ်နှင့် ရပ်တည်နေကြရပါတယ်။ အိမ်ခြေတစ်ရာလောက်ရှိပြီး မူလတန်း ကျောင်းတစ်ကျောင်း ရှိပါတယ်။ မကြာခင် အလယ်တန်းကျောင်းကို တိုးချဲ့ပေးမယ်လို့ သိခဲ့ရပါတယ်။ မြေဩဇာကောင်းတာမို့ သီးနှံတွေဖြစ်ထွန်းကြပါတယ်။ ဒါပေမယ့် အင်အားစိုက်ပြီး စိုက်ပျိုးကြသူများထက် တစ်ဆင့်ခံ ဝယ်ယူရောင်းချကြတဲ့ ကုန်စိမ်းသည်များကတော့ ထုံးစံအတိုင်း အပင်စိုက်သူထက် ပိုပြီး သူတို့ကအကျိုးရှိကြပါတယ်။ ပွတဲ့အရပ်ဆိုတော့ ဆီးချိုပင်တွေက အိမ်တိုင်းလိုလို ရှိကြပါတယ်။ အိမ်ရှင်တွေက ကျွန်မတို့ စားဖို့ လင်ပန်းကြီးတစ်ချပ်နဲ့ ယူလာပေးတဲ့ ဆီးသီးတွေက ပုံစံအမျိုးမျိုး အရွယ်အမျိုးမျိုးဖြစ်နေကြပေမယ့် ချိုတာကတော့ အားလုံးပါပဲ။ ဒီအထဲမှာ အစေ့ပါ ဝါးစားလို့ရတဲ့ စလေဆီးသီးတွေကပါ ရောပါလာတော့ စားလို့ကို မတင်းတိမ်နိုင်အောင်ပါပဲ။

ဆင်ကျုံးမှာ တစ်ညအိပ်ပြီး နောက်နေ့ မိုးလင်းတာနဲ့ ဆင်ကျုံးရွာသား ကိုကျော်ဖေ မောင်းတဲ့ မြင်းလှည်းကို တစ်နေ့တာအတွက် စီးလုံးငှားလာပါတယ်။ ဦးပဥ္စင်းကလေးတို့နဲ့ အိမ်နီးချင်းပါပဲ။ ဒီတော့ တစ်နေ့လုံးအတွက် သုံးရာ့ငါးဆယ်ကျပ်ပဲ ပေးရပါတယ်။ ခရီးက ဒီတော့မှ တွင်ပါလိမ့်မယ်။ ဘုရားကျောင်းကန် ပေါများလှတဲ့ ဆင်ကျုံးနဲ့ စလင်းမှာ အနည်းဆုံး သုံးရက်လောက် လှည့်ပတ်နိုင်မှ နံ့စပ်မယ် ထင်ပါတယ်။ ရောက်လာမှတော့ ဘုရားလည်း ဖူးရင်း ဆရာတော်လှဲ့သမိုင်းကိုလည်း အစဖော်ရင်း ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပထမဆုံး စလင်းမြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်ဆီသွားဖို့ ထွက်ခဲ့ပါတယ်။ ဒီတော့ ဥသာရော ကျောင်းတိုက်ကို ဝင်ပြီး သက်တော် ခြောက်ဆယ် ရှိတဲ့ ဦးအာဒိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



ဦးပဍ္ဍင်းလေးက ကျွန်မတို့ခရီးကို ဦးဆောင်ဖို့အတွက် ပင့်ခဲ့ပါတယ်။ ဥသျှစ်ရောကျောင်းတိုက်မှာက သက်တော် ခုနစ်ဆယ်ရှိနေပြီ ဖြစ်တဲ့ ဘုန်းတော်ကြီး ဦးပညာဇောတနဲ့ ကိုရင်လေး ခြောက်ပါးလောက်က နေ့စဉ် ဆွမ်းခံလှည့်ပြီး ဘုဉ်းပေးပါတယ်။ ဘုန်းတော်ကြီးကျောင်းတွင် ဆင်ကျုံးမှာ အတော်များပါတယ်။ ဒါပေမယ့် ဒကာ၊ ဒကာမများက နှစ်ဘက် ဝတ်မပျက် လောင်းလှူကြတာမို့ ဆွမ်းအတွက် အခက်အခဲမရှိပါဘူးလို့ သိရပါတယ်။

စလင်းကို ရောက်တော့ သံဃာ့နာယကအဖွဲ့ ဆရာတော်နဲ့ အဆင်သင့်ပဲ ဖူးမြင်ရပါတယ်။ ဒီဆရာတော်ဘွဲ့ကလည်း ဦးပညာဇောတပါပဲ။ ကျွန်မတို့ ရလိုက်တဲ့ ဆရာတော်လှဲ့ရဲ့ ပုရပိုက်ဟာ ဒီဆရာတော်ကြီးဆီက ဦးပဍ္ဍင်းကြီး ဦးအဂ္ဂဝံသက ငှားယူလာတာပါ။ ဒါကြောင့် ဆရာတော် ဦးလှဲ့အကြောင်းနဲ့ ပတ်သက်ပြီး အရှင်ဘုရား မှတ်သားမိသမျှကို ကြားနာချင်လို့ပါ လျှောက်တော့ ဒီလိုအမိန့်ရှိပါတယ်။

"ဘုန်းကြီး မှတ်မိသလောက် ဆရာတော်လှဲ့က လူဝတ်ကြောင် ဖြစ်နေပြီ။ လူဝတ်ကြောင် အဖြစ်နဲ့ပဲ ဘုန်းကြီးတွေကို စာချပေးတယ်။ အသင်အပြ အင်မတန်ကောင်းလို့ စာသင်သား သံဃာတွေများပါတယ်။ ဒီတော့ ကျုပ်က သာမဏေဘဝ၊ အသက်ဆယ်နှစ်လောက် ရှိသေးတော့ ဆရာတော်လှဲ့ရဲ့သမီး ကျောင်းဆရာမ အပျိုကြီးအိမ်မှာ နေ့တိုင်း ဆွမ်းခံသွားတယ်"

"သြော် ... လူထွက်လိုက်တော့ ဆရာတော်ဦးလှဲ့ အသက်က ဘယ်လောက်ရှိနေပါပြီလဲ ဘုရား"

"ခြောက်ဆယ့်နှစ်နှစ်မှာ လူထွက်တယ်။ ကျန်းမာရေး မကောင်း





ဘူး။ ဗေဒင်တွက်ကြည့်တော့ ရဟန်းဘဝနဲ့ သေကိန်းမြင်လို့ လူ့ဘဝကို ပြောင်းလိုက်တာလို့ ပြောကြတာပဲ။ ကျုပ်ကတော့ ဆရာတော်လှဲ့ကို မမြင်ဖူးပါဘူး။

"ဆရာတော်လှဲ့ဟာ ပန်းလှ္ဘားဆရာတော် ပျံလွန်တော်မူပြီး ဝင်စားလာတယ်လို့ ပြောကြပါတယ်။ အဲဒါကိုရော ဆရာတော် ကြားဖူးပါသလား ဘုရား"

"အင်း ... အဲသလိုပြောကြတာပဲ ... ပန်းလှ္ဘားဆရာတော်က တစ်လှည့် ဝင်စားလာတာကြောင့် မိဘတွေက မောင်လှဲ့လို့ ... မှည့်တယ် ဆိုတာပဲ"

"ဆရာတော်ဦးလှဲ့ ပြုစုသွားတဲ့ ပေစာပုရပိုက်တို့ ဘာမှမကျန်ခဲ့ဘူးလား ဘုရား" လို့ ကျွန်မက ထပ်လျှောက်တော့ ကျောင်းမီးလောင်တဲ့အထဲ အားလုံး ပါသွားတယ်လေ။ လူဝတ်ကြောင်ဘဝကို ရောက်မှ အတော်ရေးသွားသေးတယ်လို့ သိရတယ်။ အဲဒါတွေလည်း ဘယ်ကို ရောက်ကုန်တယ် မသိဘူး။ "နရသာသန" ဆိုတဲ့ ကျမ်းကြီးတစ်စောင်ကို တော့ ရေးခဲ့တယ်။ အင်မတန် ပြည့်စုံတာပဲ။ နည်းတဲ့ကျမ်းကြီး မဟုတ်ဘူး။ အဲဒီကျမ်းကြီးကိုလည်း သူ့တပည့် "ဂက်သည်းကန်ချောင်း" ဦးဒီပကို မင်းနာမည်နဲ့ထုတ်ဆိုပြီး ပေးသွားတာ။ ခုဆိုရင် အဲဒီကျမ်းကြီးကို ပြန်ရိုက်နေကြတာ ဆယ်ကြိမ်မကတော့ဘူး။ ကြည့်ချင်ရင် ဦးဒီပ ဆီသွား" လို့ မိန့်ပါတယ်။

အဲဒီနေ့က ဆရာတော်ဦးလှဲ့ သီတင်းသုံးသွားဖူးတဲ့ "ကိုးဆောင်တိုက် အုတ်ကျောင်းကြီး" ရှိရာကို ရောက်သွားပါတယ်။ အမိုးနဲ့ အတာလောက်ပဲ ရှိပါတော့တယ်။ ကျောင်းတိုက်ရဲ့ အုပ်တံတိုင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း အားလုံးလိုလို ပြိုကျပျက်စီးနေပါပြီ။ ဆူးပင်၊ ချုံနွယ်တွေများလွှမ်းလို့ ဓာတ်ပုံရိုက်ယူနေရင်းက မြွေထွက်လာမလားလို့ ကြောက်နေရပါတယ်။ ဆရာတော်လှဲ့ရဲ့ ဆရာဖြစ်တဲ့ ဦးဇယန္တ သီတင်းသုံးနေစဉ်အချိန်က အင်မတန် ခမ်းနားထည်ဝါစွာ ဆောက်လုပ်သွားမယ့် ကျောင်းကြီးပါ။ ဦးဇယန္တ မရှိတော့တဲ့နောက် ဆရာတော်လှဲ့ လက်ထက်မှာလည်း ဆက်လက် ကောင်းမွန်နေဦးမှာပါ။

သီပေါမင်း ပါတော်မူပြီးနောက် အင်္ဂလိပ်တွေကို မကျေနပ်ကြတဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးများက အင်္ဂလိပ်တွေကို တော်လှန် ပုန်ကန်တဲ့အခါမှာ ဗိုလ်ဥတ္တမ၊ ဗိုလ်ဆေးနီ၊ ဗိုလ်ခံသီး၊ ဗိုလ်ဖျိုင်းကြီး၊ ဗိုလ်ဖျိုင်းကလေးတို့ တပ်တွေက ကိုးဆောင်တိုက်ကြီးထဲကနေပြီး အင်္ဂလိပ်စစ်တပ်တွေကို တိုက်ခိုက်ပါတယ်။ အင်္ဂလိပ်စစ်တပ်တွေက "ရွှေတန်ဆာဘုရား" ကုန်းဘောင်ပေါ်ကနေ အမြောက်တွေနဲ့ လှမ်းပစ်တော့ ဘယ်ခံနိုင်ပါ့မလဲ။ လက်နက်ချင်းကလည်း မတူ၊ နေရာကလည်း သူတို့က ကုန်းအမြင့် ဖြစ်နေတော့ ဗိုလ်ဥတ္တမတို့တပ်က နောက်ဆုတ်ရပါတယ်။ အဲဒီမှာ ကိုးဆောင်တိုက် အုတ်ကျောင်းကြီးလည်း ပျက်စီးသွားရတာပါပဲ။

မြန်မာ့နိုင်ငံရေးခရီးမှာ အင်္ဂလိပ်ကို အန်တုခဲ့တဲ့ ဦးဥတ္တမ ဆိုတဲ့ ဘွဲ့ထူးရဟန်းနှစ်ပါးပေါ်ခဲ့ဖူးပါတယ်။ ပထမ ဦးဥတ္တမ (၁၂၄၇) ခုနှစ်ကစပြီး အင်္ဂလိပ်တွေကို တော်လှန် တိုက်ခိုက်ခဲ့တာပါ။ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့အနောက်ဘက်၊ မုန်းချောင်းဘေးမှာရှိတဲ့ "ညောင်ပင်စောက်" ရွာဟာ ဦးဥတ္တမ ဇာတိ ဖြစ်ပါတယ်။ ဦးဥတ္တမဟာ အင်္ဂလိပ်တွေကို တိုက်ခိုက်တဲ့အခါမှာ လူဝတ်နဲ့ပါ။ ဒါပေမဲ့ ရဟန်းဘွဲ့မပျောက်ဘဲ ဗိုလ်ဥတ္တမလို့ အမည်တွင်သွားပါတယ်။ ဒုတိယ ဦးဥတ္တမကတော့ ဒုတိယ ကမ္ဘာစစ်





မဖြစ်ခင်ကတည်းက အင်္ဂလိပ် အစိုးရကို နလုံးရည်နဲ့ ဆန့်ကျင် တိုက်ခိုက်ခဲ့တဲ့ ရခိုင်ပြည်နယ်သား ရဟန်းတော် တစ်ပါး ဖြစ်ပါတယ်။

အဲဒီကနေ ရွှေတန်ဆာဘုရားကို ကျွန်မတို့ ထွက်ခွာလာခဲ့ပါတယ်။ ဘုရားကုန်းက အတော်မြင့်ပါတယ်။ ဒီတော့ အင်္ဂလိပ်တပ်တွေက အသာစီး ရသွားတာပေါ့။ ရှေးတုန်းက ဒီထက် ပိုမြင့်သေးသတဲ့။ နောင်မှ ကုန်းကို ပြင်ဆင် မွမ်းမံလိုက်ကြလို့ ခုတော့ အတော်ပြေနိမ့်သွားပြီလို့ သိရပါတယ်။ ရွှေတန်ဆာဘုရားကို သက္ကရာဇ် (၈၆၅) ခုနှစ်မှာ စည်သူကျော်ထင်က တည်သွားတယ်လို့ စလင်းမြို့နယ်သမိုင်းမှာ တွေ့ရပါတယ်။ မြန်မာရာဇဝင်မှာ စည်သူကျော်ထင် ဆိုတဲ့ အမည်ကို အများကြီး တွေ့ရပါတယ်။ ဒါပေမဲ့ ရာဇဝင်ကြီးမှာတော့ (၈၆၅) ခုနှစ်မှာ စလင်းမင်း သိယံသူ ကျွန်များနှင့် ပြည်မင်းသားတော်၊ မင်းတရားဦးရီးတို့ မကြည်မလင်ရှိကြလို့ ဖမ်းဆီးမယ်လုပ်တော့ မင်းတရားဦးရီးက ပြည်ကို ပြေးပါတယ်။ စလင်းမင်းရဲ့ ကျွန်တွေက ဘုရင် နရပတိကို ဒီသတင်းလျှောက်တော့ ဘုရင်က စလင်းမှာရှိတဲ့ ယောက္ခမတော်နဲ့ ဆင်၊ မြင်း လူသူတွေကိုပါ ရွှေဖောင်တော်နဲ့ယူပြီး အင်းဝကို ထွက်ပါတယ်။ ပခန်းစားသတိုးညီရဲ့ အထိန်းတော်ဖြစ်တဲ့ စည်သူကို စလင်းမှာ အလုံးအရင်းနဲ့ ထားတော်မူခဲ့တယ်လို့ တွေ့ရတာကြောင့် ရွှေတန်ဆာဘုရား ဒါယကာဆိုတာ အထိန်းတော်စည်သူပဲ ဖြစ်နိုင်တယ်လို့ ယူဆပါတယ်။

ရွှေတန်ဆာဘုရားကို ဖူးမြင်ရတာ အင်မတန် သပ္ပာယ်ပါတယ်။ ကုန်းမြင့်နေရာမို့ အဝေးရှုခင်း အင်မတန် ကြည့်လို့လှပါတယ်။ အသွားအလာများတဲ့ မြို့တွင်းနေရာဖြစ်ပေမယ့် ရှင်းလင်းသန့်ပြန့်ပြီး ဘုရားရှိသတ်လည်း ပြတ်တယ်လို့ မရှိပါဘူး။ အဲဒီက ထွက်တော့ ရှေ့ဆက်



www.burmeseclassic.com

www.burmeseclassic.com



မှာရှိတဲ့ "သာထွန်းဦး" ဘုရားကို ဝင်ဖူးပါတယ်။ စလင်းဟာ မြို့နဲ့ မလိုက်အောင် ဘုရားစေတီတော် အဆူဆူများလှပါတယ်။ တစ်နေရာမှာ စေတီတော် ခြောက်ဆူ၊ ဒါမှမဟုတ် ခုနစ်ဆူ၊ ရှစ်ဆူအထိလည်း စုပေါင်းပြီး တည်ထားလေ့ရှိကြတာကို နေရာအနှံ့မှာ ဖူးမြင်ရပါတယ်။ ရှေးကလူတွေ ဘယ်လိုစိတ်ကူးရည်ရွယ်ချက်တွေနဲ့ အခုလို တည်ခဲ့ကြတာပါလိမ့်လို့ တွေးစရာ ဖြစ်လာပါတယ်။

သာထွန်းဦး ဘုရားကို ဖူးကြပြီး။ နာရီကိုကြည့်တော့ နေ့ဆွမ်းချိန် နီးနေပါပြီ။ ဒါကြောင့် ဆင်ကျုံးကို ပြန်ကြပါတယ်။ စားသောက်ပြီးမှ နောက်တစ်ခေါက် ထပ်ထွက်မယ်လို့ မြင်းလှည်းကိုလည်း ပြန်လွှတ်လိုက်ပါတယ်။ ဆောင်းရာသီမို့ နေရှိန်က မပြင်းလှပါဘူး။ ခရီးသွားလာလို့ ကောင်းတဲ့အချိန်ပါပဲ။

စလင်းမြို့ဟာ စလင်းမြို့နယ်တို့ရဲ့ ရုံးစိုက်ရာမြို့ဖြစ်တဲ့အပြင် စလင်းခရိုင်ခွဲနယ်မှာ စလင်းမြို့နယ်နဲ့ စေတုတ္တရာမြို့နယ်တွေပါ ပါဝင်နေကြပါတယ်။ ဧရာဝတီမြစ်နဲ့ ခြောက်မိုင်လောက်သာဝေးတာမို့ စလင်းဟာ ရေမြေကောင်းပြီး သီးနှံဖြစ်ထွန်းပါတယ်။ အထူးသဖြင့် ကျွန်မတို့သွားတဲ့နေရာတိုင်းမှာလိုလို ဆီထွက် နေကြာပင်တွေ အောင်မြင်ဖြစ်ထွန်းနေတာကို တွေ့ရပါတယ်။ အားရစရာပါပဲ။ ဒါကြောင့်လည်း စလင်းဟာ ရှေးမြန်မာမင်းများလက်ထက်က စပြီး စီးပွားရေး၊ စိုက်ပျိုးရေး ကောင်းလာတဲ့ နယ်မြေမို့ စလင်းမြို့စား၊ နယ်စားတွေအနေနဲ့ ဘုရားတည်၊ ကျောင်းဆောက် ဆိုတဲ့ သာသနာတော်ရဲ့ အထောက်အပံ့ များစွာကို လုပ်ကိုင်နိုင်ခဲ့ကြတာ ဖြစ်ပါလိမ့်မယ်။ ပုဂံမြို့ဟောင်း နီးပါး ဘုရားဟောင်း များပြားတာကတော့ စလင်းမြို့ရဲ့ အံ့တစ်ပါးပါပဲ။ ကဆုန်လမှာ





နှစ်စဉ် ကျင်းပမြဲဖြစ်တဲ့ ကုသိနာရုံဘုရားပွဲကို လာခဲ့ပါ။ သိပ်စည်တာပဲ။ အနယ်နယ်က လာကြတဲ့ ဘုရားဖူးတွေနဲ့ ဈေးသည်တွေဆိုတာ တိုးမပေါက်ပါဘူးလို့ ဒေသခံတွေက ပြောကြတယ်။

နောက်တစ်ခေါက် ထပ်ထွက်ကြတော့ ပုထိုးဖြူရပ်ကွက်ထဲမှာရှိတဲ့ "ရွှေပြည်အေးဘုရား" ကို ရောက်သွားပါတယ်။ စလင်းမြို့မှာ ဘုရားစေတီပေါ်များသလောက်ရောက်သွားတဲ့နေရာတိုင်းမှာ ရှင်းလင်းသန့်ပြန့်နေတာကိုတွေ့ရတာကတော့ ဂေါပကအဖွဲ့များရဲ့အရည်အချင်းတွေပါပဲ။ ရွှေပြည်အေး ဘုရားပရိဝုဏ်ထဲမှာ ဘုရားဟောင်းများ ပြန်လည်မွမ်းမံပြုပြင်နေကြတာကိုလည်း အများကြီး ဖူးမြင်ခဲ့ရပါတယ်။ အထူးသဖြင့်ကတော့ တံခွန်တိုင်ကြီးတွေကို ခမ်းခမ်းနားနား စိုက်ထူထားတာကို ရွှေပြည်အေးဘုရားမှာပဲ တွေ့ခဲ့ရပါတယ်။ အဲဒီကနေ ရွှေမြင်တင်ဘုရားကို သွားဖူးတော့ စလင်းမြို့စား၊ စလင်းစုဖုရားကို သတိရသွားပါတယ်။ စလင်းဟာ မြို့စား၊ နယ်စားများ အုပ်ချုပ်ရာ နယ်မြေ ဖြစ်တဲ့အတွက် ကောင်းမှုရှင်တွေဟာလည်း မြို့စား၊ နယ်စားများပဲ အများဆုံး ဖြစ်ကြပါတယ်။ ဒီတော့ စလင်းဆရာတော်ကို ကိုးကွယ်ပြီး စလင်းမြို့စား မင်းသမီးဖြစ်တဲ့ စလင်းစုဖုရားရဲ့ ကောင်းမှုတစ်ခုခုများ စလင်းမှာ မရှိနိုင်ဘူးလားလို့ အတွေးဝင်လာပါတယ်။

စလင်းမှာက ထိန်းသိမ်း စောင့်ရှောက်ထားသင့်တဲ့ သမိုင်းဝင်ပစ္စည်းတွေ အများကြီးပါ။ ဘကြီးတော် စစ်ကိုင်းမင်း အင်းဝနန်းသိမ်းပွဲ အခမ်းအနား ကျင်းပတဲ့အခါမှာ မင်းညီမင်းသားများနဲ့ အမတ်များကို သစ္စာတော်ပေးပြီး သူ့ကောင်းပြုတော်မူတော့ ညီတော်ရင်း သ[illegible]မြို့စားကို အိမ်ရှေ့အရာပေးပြီး သာယာဝတီမြို့ကို စားစေခွင့်ပြု[illegible]တယ်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖတော်ဖြစ်တဲ့ နန်းမတော်ကြီး မယ်နုရဲ့ အစ်ကိုရင်း မင်းသားကြီး မောင်အိုကိုတော့ မင်းသားကြီး အဆောင်အယောင်နဲ့အတူ "သတိုးဓမ္မရာဇာ" ဘွဲ့ပေးအပ်ပြီး စလင်းမြို့ကို အပိုင်စားပေးတယ်လို့ မဟာရာဇဝင်ကြီးမှာ တွေ့ရပါတယ်။ ဒါကြောင့်လည်း စလင်းမင်းသားကြီးမောင်အို ဆောက်လုပ်လှူဒါန်းခဲ့တယ်ဆိုတဲ့ "ရုပ်စုံကျောင်းကြီး" ကို ဒီကနေ့မှာ သမိုင်းဝင်ပစ္စည်းအဖြစ် တွေ့နေရတာပါပဲ။

မင်းသားကြီး မောင်အို စလင်းမြို့စား ဖြစ်နေတဲ့ အချိန်မှာ စလင်းသာသနာပိုင်ဆရာတော် ဦးချစ်လှောက်ကို ဘကြီးတော်ဘုရားက ကပ်လှူတဲ့ ဘိုးတော်ကောင်းမှု "အသောကရာမကျောင်းတိုက်ကြီး" နဲ့ "ရတနာဘုံကျော်ကျောင်းကြီး" ကို လက်ခံ သီတင်းသုံးနေတော်မူတဲ့ အချိန်ပါ။ ကျွန်မတို့ "ရုပ်စုံကျောင်းကြီးကို ရောက်သွားတော့ ကျောင်းကြီးဟာ ဇရာဒုဗ္ဗလ ဖြစ်နေပါပြီ။ ပြုပြင်မယ့်သူ မရှိတော့လဲ အိမ်အိုကြီးလိုပါပဲ။ ကျောင်းပေါ်ကို တက်တဲ့ အုတ်လှေကားကြီးရဲ့ ခံ့ညားတဲ့ပုံစံကတော့ အင်းဝက ကျောင်းအမကြီးမယ်နု ကောင်းမှုဖြစ်တဲ့ အုတ်ကျောင်းကြီး လှေကားနဲ့ ထပ်တူပုံစံပါပဲ။ အုတ်လှေကားကိုဖြတ်ကျော်ပြီး ကျောင်းအတွင်းထဲကို ဝင်သွားတော့ မှောင်မည်းနေတဲ့အပြင် ကြမ်းခင်းပျဉ်ချပ်တွေက ဆွေးနေတာကြောင့် နင်းရမှာကို မဝံ့မရဲ ဖြစ်နေမိတယ်။

ရှေးတုန်းကတော့ ဗုဒ္ဓဝင် ရုပ်လုံးရုပ်ကြွတွေ၊ စုလစ်မွမ်းချွန်တွေ၊ လက်ရာကောင်း ပန်းအပြောက်အမွမ်းတွေနဲ့ ဆင်ယင်ထားတဲ့ ရုပ်တုတွေဆိုတာ မနည်းမနောပါပဲတဲ့။ ဒါပေမဲ့ စနစ်တကျ စောင့်ရှောက်မှု မရှိခဲ့တာကြောင့် မသမာသူတွေက ခိုးကြ ဖြုတ်ကြတာကြောင့် ဘာမှ မရှိတော့ပါဘူး။ ခိုးယူဖို့မလွယ်တဲ့ ဘုရားဆောင်ထဲက ပလ္လင်ကြီးတစ်ခု





ပဲ ကျန်ခဲ့ပါတော့တယ်။ ကျောင်းကြီးအောက်ဘက် မြေသားထဲကို နက်နက်ရှိုင်းရှိုင်း နှစ်မြှုပ်နေကြပြီဖြစ်တဲ့ ကျွန်းသားတိုင်ကြီး တစ်ဖက်စာ မကပါဘူး။ အတော့်ကို ကြီးမားပါတယ်။ တိုင်လုံးတွေကတော့ တစ်ရာနီးပါးလောက် ရှိလိမ့်မယ် ထင်ပါရဲ့။

ဒီကျောင်းကြီးပေါ်မှာ ဆရာတော်တစ်ပါး သီတင်းသုံးနေပါတယ်။ ကျောင်းထဲမှာ လူရှိနေမှန်းသိတော့ သူခိုးသူဝှက်မလာနိုင်အောင် စောင့်ရှောက်ထားတဲ့သဘောလို့ ထင်ပါတယ်။ ကျွန်မတို့ ဝင်သွားတော့ ကျွန်မတို့ကို တစ်စုံတစ်ခု ယူသွားမယ်ထင်ပြီး မျက်တောင်မခတ် လိုက်ကြည့်ပါသေးတယ်။ ကြည့်ရုံပဲ ကြည့်ပါ။ ဘာကိုမှ လက်နဲ့ မထိ၊ မကိုင်ပါနဲ့လို့ ဖွင့်ပြောလာတော့မှ ကျွန်မက ကျွန်မတို့လာတဲ့ အကြောင်းကို လျှောက်ရတယ်။ ဒီတော့မှ ဆရာတော်လှဲ့ ဆွေမျိုးဆက်တွေ ရန်ကုန်၊ ရွှေဂုံတိုင်ဘက်မှာ ရှိနေကြတယ်လို့ ပြောပြပါတယ်။ သူခိုး သူဝှက်တွေ လက်ကို ပါမသွားတဲ့ ဆင်းတုတော်၊ ရုပ်ပွားတော်များကိုလည်း ဒီတော့မှ လွတ်လပ်စွာ ဖူးခွင့်ပေးပါတယ်။ သူခိုးတွေကဖြင့် ဘုံဆောင်မြင့်တွေပေါ် တက်ပြီး လင်းနို့တောင်တွေနဲ့ ပန်းကြွေ၊ ပန်းခက်တွေကို ခိုးဖြုတ်သွားကြလို့ အားလုံး ဗလာဖြစ်နေပါပြီ။

ရုပ်စုံကျောင်းကြီးက ပြန်လာတော့ အချိန်ရသေးတာကြောင့် ကန်လယ်ဆရာတော်ကျောင်းကို သွားကြမယ်လို့ ထွက်လာကြပါတယ်။ ကန်လယ်ဆရာတော် ဆိုတာက ရဟန္တာလို့ ကျော်ကြားခဲ့ပါတယ်။ ခုတော့ ပျံလွန်တော်မူသွားပါပြီ။ ပျံလွန်တော်မူလို့ မီးသင်္ဂြိုဟ်တော်မူမှ ဓာတ်တော်တွေကျလို့ အဲဒီတော့မှ သိကြပြီး ဓာတ်တော်တွေကို ဒွာရမှ ပြုလို့ စေတီတည်ထား ကိုးကွယ်ထားကြပါတယ်လို့ ပြောပြကြပါတယ်။



www.burmeseclassic.com

ကန်လယ်ကျောင်းကို လွယ်လွယ်သွားလို့ မရပါဘူး။ ဘာဖြစ်လို့လည်း ဆိုတော့ အင်းလေးကန်ကြီးလို ဖြစ်နေတဲ့ ရေပြင်ကျယ်ကြီးကို ကူးဖြတ်သွားပြီးမှ ဟိုဘက်ကမ်းစပ်ပေါ် တက်ပြီး ကန်လယ်ကျောင်းကို သွားရမှာပါ။

ဒီတော့ ကိုရင်လေးတစ်ပါး အကူအညီနဲ့ ကန်လယ်ကျောင်းကို သွားရပါတယ်။ မိနစ်လေးဆယ်လောက် လှေကလေးကို လှော်ခတ်သွားလိုက်တော့ ဟိုဘက်ကမ်းစပ်ကို ကပ်မိပါတယ်။ ကိုရင် သိပ်မောနေပြီလား၊ လှေလှော်ရတာ ပင်ပန်းလိုက်တာလို့ ကျွန်မက ပြောတော့ ကိုရင်က "မမောပါဘူး ဒီလှေနဲ့ပဲ နေ့တိုင်းလှော်ပြီး ဆွမ်းခံသွားနေရတာ" လို့ ... ပေါ့ပါးစွာပဲ ပြန်ပြောပြီး ရေကန်ထဲက ရေဟာ ရေချိုးရေသန့်ပါ။ သောက်သုံးလို့ရတယ်ဆိုတာကိုပါ ကိုရင်လေးက ပြောပြပါတယ်။

သီတင်းနေ့ဖြစ်လို့ ကန်လယ်ကျောင်းမှာ ဥပုသ်သည်တွေ ရှိနေပါတယ်။ ဝိပဿနာတရား အားထုတ်နေကြတာမို့ တိတ်ဆိတ် အေးချမ်းပြီး နေချင့်စဖွယ်ကောင်းလှတဲ့ နေရာကလေးပါ။ ကန်လယ်ဆရာတော်ကြီး သီတင်းသုံးတော်မူသွားတဲ့ ကျောင်းကလေး အပေါ်ထပ်ကို ရောက်သွားတော့ ဆရာတော်ကြီး အသုံးအဆောင်ပစ္စည်းများဖြစ်တဲ့ ထီး၊ ဖိနပ်က အစ အားလုံးကို မှန်ဗီရိုထဲထည့်ပြီး ပြတိုက်သဘောမျိုး ပြသထားပါတယ်။ အဲဒီကျောင်းလေးပေါ်မှာ ဒေါင်းဖိုနဲ့ ဒေါင်းမ တစ်စုံ အမြဲရှိနေတတ်ပါတယ်။ ဘယ်တော့မှ မခွဲဘူးတဲ့။ ကျောင်းမှာ လူ စည်ကား လာရင် သူတို့နှစ်ကောင်လုံး သစ်ပင်မြင့်ကြီးတွေပေါ် သွားနေကြတယ်။ လူတွေရှင်းသွားမှ ပြန်လာသတဲ့။ ကျွန်မတို့ ရောက်သွားတော့ ဒေါင်းဖို တစ်ကောင်ကိုပဲ တွေ့ခဲ့ရပါတယ်။ ကမ်းပေါ် တက်လာတဲ့





ကျွန်မတို့ကို ကျောင်းဝရံတာပေါ်မှာနေတဲ့ သူက ငုံ့ကြည့်နေပုံဟာ လူတွေနဲ့ အင်မတန် ယဉ်ပါးနေပုံပါပဲ။ သူတို့ကို ဘာကျွေးလဲ မေးတော့ ဆွမ်းကျန်ပဲ ကျွေးရတာပေါ့လို့ ကိုရင်လေးက ပြောပါတယ်။ အကောင်ကြီးပြီး သိပ်ဖွံ့ဖြိုးတာပဲ။ အသွေးအရောင် စိုလက်နေပုံကြောင့် အင်မတန်လှတဲ့ ဒေါင်းကြီးပဲလို့ ချီးကျူးခဲ့ရတယ်။

ကျောင်းပေါ်က ပြန်ဆင်းလာကြပြီး ဓာတ်တော်စေတီကို ဖူးမြော်ကန်တော့ကြပါတယ်။ စေတီတော်ခြေရင်းမှာ ဆရာတော်ရဲ့ ထေရုပ္ပတ္တိကို ကျောက်စာထိုးထားတာတွေ့လို့ ဖတ်ကြည့်တော့ ...

"ရေစကြိုမြို့နယ်၊ မအူအလယ်ရွာမှာ ခမည်းတော် မယ်တော် ဦးစံအုပ်နဲ့ ဒေါ်ဆယ်တို့က သက္ကရာဇ် (၁၂၂၁) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် (၅) နာရီမှာ ဖွားမြင်တော်မူသည်။ အမည်မှာ မောင်စိန်ခဲ ဖြစ်သည်။ အသက်ဆယ့်ရှစ်နှစ်မှာ ရွှေကျင်နိကာယအဖွဲ့က ကျင်းပသည့် ဝိနည်းစာပြန်ပွဲတွင် ပထမကျော် ရသည်။ ဆရာတော်သည် စာချစာသင်မလုပ်၊ ကျောင်းနေရဟန်းနှင့် လူပရိသတ်များကို မကြိုက်၊ ဝိပဿနာအလုပ်ကိုသာ အာရုံပြု စူးစိုက်သည်။ (၁၃၀၉) ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၄) ရက်နေ့၊ နံနက် (၈) နာရီအချိန်တွင် ဖျားနာခြင်း လုံးဝ မရှိပါဘဲ ပျံလွန်တော်မူသည်။ ပျံလွန်တော်မူချိန်တွင် မိုးမရွာပါပဲနှင့် ကန်ရေများ တိုးလာသည်။ မီးသင်္ဂြိုဟ်တော်မူသောအခါ ဦးခေါင်းတော်နေရာမှ ထူးဆန်းသော ရောင်ခြည်တော်များ ကွန့်မြူးတော်မူသည်ကို လာရောက်ကြည့်ညိုသော ပရိသတ်အားလုံးက ဖူးမြင်ရသည်။ ရရှိသော အရိုးဓာတ်တော်များကို စေတီတည်ထား ကိုးကွယ်သည်" လို့ တွေ့ရပါတယ်။ လူသူမနီးတဲ့ ရေကမ်းစပ်မှာ စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆူ၊ ကျောင်းတစ်ဆောင်နဲ့ ရေသိမ်တစ်လုံးသာရှိတဲ့ ပကတိ တိတ်ဆိတ်နေတဲ့ နေရာကလေးပါ။ ရေလယ်မှာ ဖြစ်နေတော့ လှေရှိမှ သွားလာလို့ရတဲ့ နေရာကလေးမို့ လူသူအမှန် ကင်းဝေးတဲ့ ဂေါစရံဖြစ်ပါတယ်။ သူတော်ကောင်းများ နှစ်လိုတဲ့နေရာမျိုး ဖြစ်ပါတယ်။ ကျွန်မတို့ ပြန်ကြမယ်လို့ လှေပေါ်ကို တက်ကြတော့ ဒေါ်ခင်းမ ပြန်ရောက်လာပြီး ဒေါ်ခင်းဖိုကြီးနဲ့အတူ ကျောင်းဝရံတာပေါ်က ငုံ့ကြည့်လို့နေပါတယ်။ ဝင်လုဆဲ နေခြည်အောက်မှာ အင်မတန် လှပနေကြတဲ့ ဒေါ်ခင်းမောင်နှံတစ်စုံပါပဲ။

ကန်လယ်ကျောင်းကနေ ကန်ချောင်စေတီကို ဖူးကြဖို့ ကိုရင်လေးက လှေကို ညာဘက်ကွေ့လိုက်ပါတယ်။ ဆရာတော်လှဲ့ရဲ့သဲလွန်စကို ပေးနိုင်လိမ့်မယ် ဆိုတဲ့ ကန်ချောင်ဆရာတော် ဦးဒီပ ဆိုတာက ပျံလွန်တော်မူသွားပြီလို့ ကိုရင်လေးဆီက သတင်းရလိုက်တော့ ဘယ်လိုလုပ်ပြီး သဲလွန်စရှာရပါတော့မလဲလို့ တွေးရင်းမှာပဲ ကန်ချောင်စေတီခြေတော်ရင်းကို လှေဦးဆိုက်လိုက်ပါတယ်။

စလင်းမြို့ကတော့ စံပါပဲ။ မြေပေါ်မှာ ရေ၊ ရေပေါ်မှာပါ နေရာလွတ်မထားဘဲ သာသနာတော်ရဲ့အကျိုးကို ပြုစုထောက်ပံ့သွားတာပါပဲလို့ ချီးကျူးနေရပါတယ်။ ကန်ချောင်စေတီတော်က ကုန်းမြင့်ပေါ်မှာ တည်ထားပါတယ်။ လှေကားထစ်တွေနဲ့ အတော်မြင့်အောင် တက်ရမှာမို့ ခြေထောက်မကောင်းတဲ့ ကျွန်မမှာ အောက်ခြေမှာပဲ ထိုင်နေခဲ့ရတယ်။ ရင်ပြင်တော်ပေါ်မှာတော့ သစ်ကြီးပင်တွေရဲ့အရိပ်ကြောင့် အေးမြနေပါတယ်။

ရှေးလူကြီးတွေဟာ ကိုယ့်အသိစိတ်နဲ့ ကိုယ် သာသနာတော်





ကြီးကို အင်မတန်မှ ပြုစုသွားကြပါတယ်။ ဘယ်သူဘယ်ဝါရဲ့သွေးဆောင် ဖြားယောင်းမှုမှ မပါဝင်ပါဘူး။ ကျောင်းကန်၊ ဘုရားစေတီများကို တည်ဆောက်သွားကြပါတယ်။ ပြုပြင်သွားကြပါတယ်။ ဒါကို "ရွှေအိုးမြှုပ်" တယ်လို့ ဂုဏ်ယူကြပါတယ်။ နောက်တစ်ခုရှိတာကလည်း စလင်းမြို့သက်တမ်းဟာ အတော်ရှည်ပါပြီ။ မြို့သက်တမ်းရှည်လာတာနဲ့အမျှ မြို့စား၊ မြို့ဝန်၊ ရွာစားတွေကလည်း အဆင့်ဆင့် ပြောင်းလဲကုန်ပါတယ်။ ရခိုင်ပြည်နယ်၊ အန်းတောင်ကြားလမ်းက လာတဲ့ လမ်းမကြီးကလည်း စလင်းကို ပေါက်နေပါတယ်။ ဒီတော့ စကြာ သွားရာ ဗိုလ်ခြေပါ ဆိုတဲ့ စကားလို ဘုရင်တွေ စစ်ချီစစ်တက်ရင်း အမှတ်တရ စေတီတည်သွားကြတာမျိုး၊ မြို့စား၊ မြို့ဝန်တွေကလည်း သူတို့လက်ထက်မှာ အမှတ်တရ ဖြစ်သွားစေချင်တာကြောင့် သာသနာ့ အဆောက်အအုံတွေကို ဆောက်သွားကြတယ်။ ကျောင်းကန်၊ ဘုရား ဇရပ်၊ တန်ဆောင်းတွေကို ပြုစု မွမ်းမံသွားကြတာကြောင့် စလင်းမြို့နယ်ထဲမှာ သာသနာတော်နဲ့ ပတ်သက်ပြီး အခုလောက် ရှေးဟောင်းအမွေအနှစ် အပျက်အစီးတွေ ကျန်ခဲ့တာများ ဖြစ်လေမလားလို့ အတွေးရောက်မိပါတယ်။

ပြီးတော့ စလင်း၊ ကျပင်း ဆိုတဲ့ အရပ်တွေမှာ ရှေးကတည်းက ပညာရှိ စာဆိုတွေ၊ တံဆိပ်တော်ရ တိပိဋကတ်ဓွယ်စုံ ပညာဂုဏ်နဲ့ ပြည့်စုံတဲ့ ဂိုဏ်းချုပ် ဆရာတော်ကြီးတွေ အင်မတန် ထင်ရှားခဲ့ပါတယ်။ အနောက်ဘက်လွန်မင်းတရားကြီးရဲ့ ဆရာတစ်ဆူ ဖြစ်တော်မူခဲ့တဲ့ တောင်ဖီလာ ဆရာတော်ဟာ စလင်းမြို့ကပါပဲ။ သီပေါမင်းလက်ထက်မှာ စာတတ်၊ ပညာတတ်လို့ ကျော်ကြားခဲ့တဲ့ ဦးမြတ်သာထွန်း ဆိုတဲ့ စလင်းသားပါ။ စလင်းရဲ့ရေမြေကိုက ပညာရှိ၊ ပညာတတ်များတို့ ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်စေခဲ့လေသလားဆိုတာ ကျွန်မအတွေးထဲမှာ ရှိနေပါတယ်။

ကန်ချောင်စေတီကနေ လှေဦးပြန်လှည့်တော့ ကိုရင်လေးက "ရွှေမုဋ္ဌောဘုရားကို သွားဦးမလား" မေးတယ်။ "ဘယ်နေရာအထိ သွားရမှာလဲ၊ နေက ဝင်တော့မယ်။ အချိန်ရှိပါ့မလား" လို့ ကျွန်မက မေးတော့ ဒီကန်ကြီးဟာ ဝက်သည်းကန်ပဲလေ။ ခုသွားဖူးရမှာက ဟောဟိုက တံတားထိုးထားတဲ့ နေရာ၊ အဲဒီမှာ "ရှင်ပသိဂံတော ဆင်းတုတော်" လည်း ရှိတယ်။ ဆုတောင်းပြည့်တယ်၊ သွားပြီး ဆုတောင်းပါဦးတဲ့ ကိုရင်လေးက ပြောတော့ မှန်ပါ့လို့ လျှောက်လိုက်တယ်။ ဩော် ... ဝက်သည်းကန် ဆိုပါလား ...။ ထူးဆန်းတဲ့ နာမည်ပါကလား။ စလင်းမြို့မှာတော့ ဆရာတော်လှဲ့ကို အကြောင်းပြုပြီး ဘုရားအစုံလည်းဖူးရ၊ လှူရတန်းရလို့ ကုသိုလ်တွေလည်းရ၊ ဗဟုသုတတွေလည်းရလို့ ကျေနပ်မိပါတယ်။

ဒါပေမဲ့ ဆရာတော်ဦးလှဲ့ အတ္ထုပ္ပတ္တိကတော့ ခုချိန်ထိ ပြီးပြည့်စုံမှု မရှိသေးပါလားလို့ သက်ပြင်းရှိုက်နေရပါတယ်။ ဝက်သည်းကန် ရေပြင်ကျယ်ကတော့ သင်ဖြူးဖျာတစ်ချပ်လို ငြိမ်သက်နေလျက်ပါ။

ဝက်သည်းကန်(ဝက်သဲကန်)ကိုအခြေပြုပြီး ကန်လယ်ကျောင်းနဲ့ ကန်ချောင်စေတီကို ရောက်ခဲ့ပါပြီ။ ဝက်သည်းကန်ကြီးက စလင်းမြို့ရဲ့ ကျက်သရေဆောင် ကန်ကြီးပါပဲ။ ကန် အကျယ်အဝန်းက အတော့်ကို ကျယ်ပြန့်တာကြောင့် ကန်ချောင်စေတီကနေ "ရွှေမုဋ္ဌောစေတီ" ကို လှေနဲ့ ကူးလာတာ နာရီဝက်လောက် လှော်ခတ်ရပါတယ်။ ကိုရင်လေး မောနေပြီမို့ ဦးပဥ္စင်းက ဝင်ကူပြီး တစ်လှည့်လှော်ပါတယ်။ ရွှေမုဋ္ဌောစေတီနဲ့ ရှင်ပင်သိဂံတော်ဘုရား တည်ထား ကိုးကွယ်ထားတဲ့ နေရာက ကျိုကွမိ





ဘုရားကို ဖူးရသလို တန်ဆောင်းရှည်ကြီး ရေနက်ထဲ ဆောက်ထားတာ ဝင်လှဆဲ နေရောင်နဲ့ ပန်းရလှပါတယ်။

ဝက်သည်းကန် သမိုင်းကို "စလင်းမြို့နယ်သမိုင်း" မှာ တွေ့ရတာက နရပတိစည်သူမင်းရဲ့ ကိုယ်လုပ်တော်ဖြစ်တဲ့ "တောဝ" ဟာသူ့ရဲ့ ကျေးကျွန်တွေကို လယ်ယာလုပ်ငန်းလုပ်စေချင်တဲ့အတွက် တစ်ကျွန်း ဖြစ်ခါသာ ဝိတ်လေးအုပ်ကို လက်ဆောင်ပေးပြီး ပြည်စိုးလေးယောက် ဖြစ်တဲ့ "အောင်သမင်္ဂလာ၊ စေဝတ္တနာ၊ မဟာ၊ သမန္တရာဇ" တို့ကိုပါ လက်ဆောင်ထိုးပြီး ဒီကိစ္စ အောင်မြင်အောင် ဆောင်ရွက်နိုင်းတယ်။ ပြည်စိုးတို့ကလည်း ကောင်းပါပြီလို့ ကတိပေးတယ်။ ဒီတော့ တောဝက သားငါး နတ်သဘင်ပူဇော်ပွဲ ပြုလုပ်မယ်လို့ ပူဇော်ဖို့ ပစ္စည်းတွေကို တောင်ခြေရင်း တစ်နေရာဆီ သယ်ယူသွားပြီး ပြင်ဆင်နေတုန်း ခွေး တစ်ကောင်က ရောက်လာတယ်။ ဝက်အသည်းကို ကိုက်ချီယူပြီး ပျံ့ ထွက်သွားသတဲ့။ ဒါပေမဲ့ ခွေးဟာ အဝေးကို ပျံထွက်မသွားဘဲ တောင် ခြေရင်းကို ရောက်သွားတဲ့အထိ ဝဲနေရင်း အရှေ့ရှူးစူးကို ပျံထွက်သွားတုန်း ခွေးနှုတ်သီးမှာ ကိုက်ချီထားတဲ့ ဝက်အသည်းဟာ မြေပေါ်ကို ကျလာတယ်။

အဲဒီ နိမိတ်ကိုတွေ့တော့ တောဝက ပုဏ္ဏားဝေဒ ပညာရှင်များကို နိမိတ်ဖတ်ပေးပါ ပြောတယ်။ ပညာရှင်များက အရှေ့ရှူးစူးကို ကိုက်ချီသွားတာ ဖြစ်တဲ့အတွက် ထာဝရ အစဉ်ရှည်စွာ တည်လိမ့်မယ်၊ ဝက်သည်းကို ပစ်ချခဲ့တာဖြစ်လို့ ပစ်ချခဲ့ရာအရပ်မှာ ကန်တူးပြီး လယ်ယာ မိုးမြေ ပြုလုပ်ပါက အောင်မြင်မယ်လို့ အဟောထုတ်ကြတယ်။ ဒါကြောင့် ဒီနေရာမှာ ကန်တူးစေပြီး "ဝက်သည်းကန်" လို့ ခေါ်ဝေါ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ရှင်းပြထားပါတယ်။

(ဝက်သည်းကန်သမိုင်းကို ဖတ်ရတော့ ဇွန်က ဝက်သည်းကို ချီသွားတာ၊ အသည်းပစ်ချခဲ့တဲ့ နေရာမှာ ကန်ကို ဆည်စေတာ ဆိုတဲ့ အချက်တွေဟာ ပခန်းကိုကြီးကျော် ပခန်းမြို့ကို တည်စဉ်အခါက သမိုင်းနဲ့ တူနေပါတယ်။ စဉ်းစားစရာတွေပါပဲ။ ကျွန်မတို့ရဲ့ မြန်မာ့သမိုင်း အတော်များများဟာ အဲသလို ဆင်တူနေကြပြီး ဒဏ္ဍာရီဆန်တာတွေကို အများကြီး တွေ့နေရပါတယ်။)

ရွှေမုဋ္ဌော ဘုရားတန်ဆောင်းကို ရောက်တော့ တံတားပေါ်ကို ကျွန်မတို့အားလုံး တက်ကြပါတယ်။ ကိုရင်လေးနဲ့ လေ့က ကန်ထဲမှာ ကျန်ခဲ့ပါတယ်။ ကျွန်မတို့ ခရီးက ဘုရားဖူးပြီးရင် လေ့စီးဖို့ မလိုတော့ပါဘူး။ ကမ်းနဲ့ ကပ်နေပြီမို့ ခြေလျင်လျှောက်ပြီး ဆင်ကျုံးကို ပြန်လို့ရပါတယ်။ အချိန်လည်း ရှိသေးတာမို့ ဘုရားတန်ဆောင်းထဲမှာ အေးအေးဆေးဆေး အာရုံပြုကြပါတယ်။ တန်ဆောင်းတစ်ဖက် လမ်းမကြီးပေါ်မှာက စားသောက်ဆိုင်၊ ကွမ်းယာဆိုင်၊ အအေးဆိုင်တွေနဲ့ စည်ကားနေပါတယ်။ လူနေ အိမ်ခြေတွေနဲ့ နီးနေပြီမို့ တန်ဆောင်းထဲမှာ တရားထိုင်နေသူ၊ ပုတီးစိပ်နေကြသူတွေနဲ့ ဘုရားဖူးလာသူတွေ စည်ကားနေကြပါပြီ။ ရွှေမုဋ္ဌောစေတီ ဆိုတာ ဘုရားဟောင်းကို ပြန်လည်ပြုပြင် ကိုးကွယ်ထားတာလို့ ပြောပြကြပါတယ်။

ကျွန်မ ဖော်ပြခဲ့တဲ့ ဆင်ကျုံးရွာသမိုင်းကို ရေးသူ ဆရာစလင်းမိတ္တာရဲ့ "ရွှေမုဋ္ဌောဘုရားသမိုင်းနဲ့ ပတ်သက်နေတာကို ဒီနေရာမှာ ဆက်ပြီး တင်ပြပါဦးမယ် ဘယ်လိုလဲ ဆိုတော့ ...

"ရွှေမုဋ္ဌောစေတီကို သက်တော်ရှည်စေတီဟုလည်း ခေါ်ကြ





ကြောင်း ဟူသော ပြဿနာနှင့် ပတ်သက်၍ ဘွဲ့တော်နှစ်မျိုး ဖြစ်နေရသည့်အကြောင်းအရင်းကိုရှင်းပြရလျှင် သာသနာတော်နှစ်(၂၃၅) ခုနှစ်တွင် ပါဋ္ဋလိပုတ်ဘုရင် သီရိဓမ္မာသောကမင်းကြီးသည် ရေတွင်း၊ ရေကန်၊ စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်ကို ပျံ့နှံ့အောင် တည်ထားခဲ့ရာတွင် အပါအဝင်ဖြစ်သော မဇ္ဈိမတိုင်းနှင့် ယူဇနာ (၃၀၀) ကွာဝေးသည့် သုနာပရန္တတိုင်းမ ချက်ချာလွန်သာယာသည့် "စခန်းဦး" အမည်ရှိသောအရပ် (အဆိုပါ အရပ်သည် စလင်းမြို့၏ အနောက်ဘက်၊ ရှေးအခေါ် ဝက်သည်းကန်၏ တောင်ဘက်၊ ဆင်ကျုံးရွာ၏ အရှေ့ဘက် ဖြစ်သည်) ၌ ဘုရားအလောင်းတော် နစဉ်ဘဝက ဝက်မင်း ဖြစ်ခဲ့စဉ် ကျင်လည်ကျက်စား ပျော်ပါးတော်မူခဲ့သည့် အရပ်ဌာနဖြစ်ကြောင်းကို မဟာဗိုဒ္ဓိက ရဟန္တာမြတ်တို့ထံမှ မင်းကြီးသိရလျှင် ဤနေရာတွင် စေတီတော်မြတ် တည်ထား ကိုးကွယ်တော်မူရန် ဆန္ဒရှိသောကြောင့် ရွှေမုဋ္ဌောဘွဲ့မည်တော်ဖြင့် တည်ထားတော်မူခဲ့သည်" ဟု ဆိုလေ၏။

ထိုစေတီတော်အတွင်း၌ ဘုရားရှင်၏ သရီရ ဓာတ်တော်များနှင့် ရုပ်ပွားတော်များကို ဌာပနာတော်မူခဲ့သည်ဟု ပေမူသမိုင်းတို့မှ ကောက်နုတ် ရေးသားတင်ပြလိုက်သည်။ ထိုနေရာတွင် ရှေးအခါက စလင်းမြို့ကိုပင် မတည်ရသေး။ ရွာကြီးများနှင့် လူနေအိမ်ခြေ အနည်းငယ်သာ ရှိသေး၏။ ထိုရွာကြီးများအနက် "ကြက်တက်မြောင်" ဟူသော ရွာမှာ ယခု မရှိတော့။ ရွာမြေပေါ်တွင် လယ်ယာများ လုပ်ကိုင်နေကြသည်ကိုသာ တွေ့ရတော့၏။ အရာတော်ရွာမှ မိတ်ဆွေများ၏ ပြောပြချက်အရ အဆိုပါ ကြက်တက်မြောင် ရွာနေရာမြေကို သုံးတောင် ခွဲ တောင်မျှ တူးလိုက်လျှင် ရှေးလူများ သုံးစွဲခဲ့သည့် ကြေးအိုး ကြေးခွက်



www.burmeseclassic.com

www.burmeseclassic.com



များ၊ ကြီးမားလှသော မြေအိုးကြီးများနှင့် ဆေးတံတို အမျိုးမျိုးကို ယခု တိုင် တွေ့ကြရသေးကြောင်းကို သိရလေသည်။

မြောက်တောကျင်းရွာနှင့် တောင်တောကျင်းရွာတို့ကိုမူ နှစ်ရွာကို ပေါင်း၍ မြောက်တောရွာဟု ခေါ်လေသည်။ ဤရွာနှစ်ရွာသည် စလင်းမြို့၏ မြောက်ဘက် နရပတိစည်သူမင်းကြီး ဖောက်လုပ်ခဲ့သည့် "မြောင်မတော်" ယခုအခေါ် "လင်းဆင်းမြောင်း" ၏ ဝဲဘက် ယာဘက် နှစ်ဖက်လုံးတွင် ဥယျာဉ်ခြံမြေများနှင့် ယခုတိုင် စည်ကား သိုက်မြိုက်စွာ တည်လျက် ရှိလေသည်။

သက္ကရာဇ် (၅၅၆) ခုနှစ်တွင် နရပတိစည်သူမင်းသည် မဟာပုန် အမှူးပြုသော ပြည်စိုးလေးဦးနှင့်အတူ စလင်းမြို့ကို မြို့ မြောင်း၊ ဆည်သုံးဌာနတို့နှင့် တစ်ပြိုင်တည်း တည်တော်မူပြီးလျှင် မြို့ရွာ စည်ပင်သာယာသောအခါမှာ အထိန်းတော်ကြီး၏ သားဖြစ်သူ "ဘုရင်သိင်္ဃည်းနန္ဒသူရိယ" ကို စလင်းမြို့စားအဖြစ် ခန့်အပ်တော်မူခဲ့လေသည်။ တစ်နေ့သောအခါ စလင်းမြို့စား နာမကျန်းဖြစ်လေရာ သမားတော်ကြီးများနှင့် ကုသပါသော်လည်း သက်သာမှု မရှိသောကြောင့် ဟူးရားဖျူး ဟူးရားညိုတို့ကို မေးလျှင် ဇာတာတော်ကို စစ်၍ ထီး၊ ယပ်၊ ဆွမ်း၊ ဆီမီး၊ ပန်းနံ့သာ စသည်တို့ဖြင့် မြို့အနောက်ဘက်ရှိ ရွှေမုဋ္ဌောစေတီတော်မြတ်အား အထူးပြု ပူဇော်ပါဟု ဟော၏။ ဟောသည့်အတိုင်း ပြုလုပ်လျှင် မြို့စားရောဂါ ကင်းပျောက်သွားသောကြောင့် မြို့စားမောင်နံ့တို့ ဝမ်းမြောက် အားရစွာဖြင့် မိမိတို့ အသုံးအဆောင်ပြုသော ရွှေငွေရတနာများကို ထုခွဲကာ ကံကျေးစရိတ်ပြုပြီးလျှင် စေတီတော်မြတ်ကို ကြီးကျယ်စွာ ထပ်မံ ပြုပြင် တည်ဆောက်တော်မူ၏။ မိမိ အသက်ချမ်းသာကာ





အသက်ရှည်ရသည်ဟု ထိုစေတီတော်ကို "သက်တော်ရှည်စေတီ" ဟု ကမ္ပည်းတော်ထပ်၍ သတ်မှတ်တော်မူလေ၏။

သက္ကရာဇ် (၁၂၄၇) ခုနှစ်၊ သီပေါဘုရင် ပါတော်မူပြီးနောက် ဗြိတိသျှ စစ်တပ်များက ထိုဘုရားကို ဖျက်ဆီးကြလေရာ သက္ကရာဇ် (၁၂၅၂) ခုနှစ်သို့ ရောက်သောအခါတွင် ကျိုးပဲ့ပျက်စီးနေသော စေတီတော်မြတ်အား စာရေးကြီးဖြစ်သည့် ဦးထွန်းအောင်ကျော်သည် ရွှေငွေ အမြောက်အမြား အကုန်အကျခံ၍ နောင်လာနောက်သားများ၏အကျိုး အတွက် သပ္ပာယ်စွာ ဖူးမြင်ကြရလေအောင် ထပ်မံ၍ ပြုပြင်ခဲ့လေသည် လို့ မှတ်သားရပါတယ်။

ကျွန်မတို့ အဲဒီညနေက ဆင်ကျုံးရွာတည်း အိမ်ကို ပြန်ရောက်တော့ မီးထွန်းချိန် ဖြစ်နေပါပြီ။ ဒီတော့ ထမင်းစားသောက်ရင်း တိုင်ပင်ကြပါတယ်။ ဆရာတော်ဦးလှဲ့ရဲ့ အကြောင်းခြင်းရာကတော့ ပုရပိုက်ထဲမှာ ပါတာထက် အရေးပါတဲ့အကြောင်းရယ်လို့ သဲလွန်စ မရသေးပါ။ ဒီတော့ မနက်ဖြန်ကို ဆင်ဖြူကျွန်းမြို့ကို သွားပြီး မြို့နယ် သံဃာ့နာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကို သွားဖူးရင်း ဆရာတော်လှဲ့ အကြောင်း လျှောက်ထား စုံစမ်းကြရအောင်လို့ ဆုံးဖြတ်လိုက်ပါတယ်။ အင်မတန် အအေးများတဲ့အရပ်၊ အအေးများတဲ့ကာလကြီးမှာတစ်နေ့လုံး လျှောက်သွားနေရတာ ပင်ပန်းလို့ ထင်ပါရဲ့၊ ရှစ်နာရီလောက်မှာ အိပ်ရာပေါ် ခေါင်းချတာနဲ့ အိပ်ပျော်သွားတာပါပဲ။ ချမ်းတာ အေးတာ ဘာမှမသိတော့ပါဘူး။

ဆင်ဖြူကျွန်းမြို့က မဝေးလှပါဘူး။ စလင်းနဲ့ (၆) မိုင်လောက်ပဲ ရှိပါလိမ့်မယ်။ ဒါကြောင့် စီးတော်ယာဉ်ဖြစ်တဲ့ ကိုကျော်ဖေ မြင်း...



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မနက်စောစောမှာပဲ ဆင်ကျုံးရှာက ထွက်လာပါတယ်။ စလင်းနဲ့ ဆင်ဖြူကျွန်း ဈေးရောင်းဈေးဝယ်သွားနေကြတဲ့ မြင်းလှည်းတွေ အမြဲ ရှိပါတယ်။ ဆင်ဖြူကျွန်းမြို့ဟာ စလင်းရဲ့ အရှေ့မြောက်အကွာရှိတဲ့ ဧရာဝတီမြစ်တို့ဆုံရာ ဆိပ်ကမ်းမှာ တည်ထားတာပါ။ ဈေးမြန်မာဘုရင်တွေလက်ထက်ကတော့ အထူးသဖြင့် (၁၁၈၁ - ၁၁၉၉) ဘကြီးတော် လက်ထက်မှာ ဆင်ဖြူတွေကို ဒီနေရာက မကြာခဏ ရတတ်တာကြောင့် ဆင်ဖြူကျွန်းရယ်လို့ အမည်တွင်လာရတယ်လို့ မှတ်သားရပါတယ်။ ဆင်ဖြူကျွန်းက စလင်းထက် ရေမြေသဘာဝ ကောင်းပါတယ်။ သီးနှံဖြစ်ထွန်းပါတယ်။ ငါးသားပုစွန်လည်း ပေါပါတယ်။ ငါးတန်းထဲ ကျွန်မတို့ ရောက်သွားတော့ အခုပဲ ဖမ်းယူလာကြသလို လတ်ဆက်တဲ့ ငါးပုစွန်တွေကို ဝယ်ချင့်စဖွယ် တွေ့ရပါတယ်။ ဈေးနှုန်းမေးကြည့်တော့ ရန်ကုန်နဲ့ မကွာလှပါဘူး။

ထန်းမြစ်တွေ ပေါချိန်မို့ တစ်ဈေးလုံးကို ထန်းမြစ်ပုံတွေချည်းပါပဲ။ ရောင်းသူ ဝယ်သူ၊ ဈေးဆစ်နေကြသူတွေကြောင့် ဆင်ဖြူကျွန်းဈေးကြီးဟာ နံနက်ခင်း ဆိုရင် ဝက်ဝက်ကွဲအောင် စည်ကားနေပါတယ်။ ရေဆိပ်နဲ့ကပ်နေတာကြောင့် ရေလမ်းကနေပြီး လှေ၊ သမ္ဗန်တွေနဲ့ ရောက်လာကြတဲ့ ကုန်စိမ်းတွေ ဆိုတာ ပေါမှပေါပဲ။ ငရုတ်သီးစိမ်းတောင့် ထွားထွားကြီးတွေက လတ်လိုက်တာ၊ တစ်ပိဿာမှ ခြောက်ဆယ်တဲ့။ ရန်ကုန်မှာ ငါးကျပ်ဖိုးဝယ်မှ ရောင်းတဲ့ ငရုတ်သီးစိမ်းတွေမို့ တူမလေးကဝယ်သွားပြီး လက်ဆောင်ပေးချင်လိုက်တာတဲ့။ ဆင်ဖြူကျွန်းဈေးကို ရောက်မှ မြင်ဖူးတဲ့ သခွားသီး ရှည်ရှည်ကောက်ကောက်ကြီးတွေကို တစ်လုံးဆယ့်သုံးကျပ်ဆိုတော့ ရန်ကုန်မှာ သခွားသီး သေးသေး





ကလေး တစ်လုံးကိုတောင် ငါးကျပ်ပေးရတာ ဝယ်သွားမယ် ဆိုပြီး ငါးလုံး ဝယ်လိုက်တာ သူ့မှာ မဆွဲနိုင်တော့ဘူး။ ထန်းမြစ်တွေ ဝယ်ထားတာကလည်း မနည်းဘူး။ ဒီတော့ မြင်းလှည်းရပ်ထားတဲ့ဆီ သွားပြီး ထားရပြန်တယ်။

ပဲစဉ်းငုံ၊ ပဲနောက်၊ နံနံစေ့တွေက သိပ်လတ်တာလို့ တစ်မျိုးတစ်ပြည် ဝယ်ပြန်ပါရော။ သူ့မှာ ဝယ်ချင်တာချည်းမို့ တားမြစ်နေရတယ်။ အမျိုးသမီးတွေ သဘာဝကတော့ ဈေးဝယ်ချင်ကြတဲ့နေရာမှာ တစ်ညီတစ်ညွတ်တည်းပါပဲ။ ဈေးသက်သာတယ်ထင်ရင် ဝယ်ချင်ကြတယ်။ ဝယ်ပြီးမှ မနိုင်မနင်းဖြစ်တော့ အမယ်လေး တ. ကုန်ရတယ်။ ဒါတောင် ဆတ်သားခြောက်ဝယ်ချင်လို့ လိုက်ရှာသေးတယ်။ မတွေ့လို့ မဝယ်ရတော့ ဆင်ဖြူကျွန်းက ပဲကြော်လည်း ကောင်းတယ်၊ ပဲလှော်လည်း ကောင်းတယ်၊ ဆရာမတွေကို လက်ဆောင်ပေးရအောင် ဝယ်သွားမယ်လို့ ဝယ်ပြန်တယ်။ ဈေးလျှောက်ဝယ်နေတာ သိပ်ကြာတော့ ဦးပဥ္စင်းလေးက လိုက်လာတယ်။ လမ်းများ မှားနေသလား စိတ်ပူလို့ လိုက်လာတာ ဆိုတော့ တူမလေးက ရယ်တယ်။ ရန်ကုန်က လာပြီး ဆင်ဖြူကျွန်းမှာ လမ်းမှားနိုင်ပါ့မလားလို့ ပြန်ပြောတယ်။

တူမလေးက ဈေးလျှောက်ဝယ်နေတုန်း ကျွန်မက မုန့်ဟင်းခါးဆိုင် လိုက်ရှာတယ်။ ဆာလို့ မဟုတ်ပါဘူး။ ကိုယ်မရောက်ဖူးတဲ့ဒေသကို ရောက်ရင် ဘယ်လို စားသောက်တတ်ကြတယ်ဆိုတဲ့ ရပ်ဓလေ့ ရွာဓလေ့ကို သိချင်လို့ပါ။ ဥပမာ မွန်ပြည်နယ်၊ ဖင်းကျိုက်၊ ဖလပ်တို့မှာ မုန့်ဟင်းခါး တစ်ခါပြင်ရင် မုန့်ဖတ်ကို ရန်ကုန်မှာ ရောင်းတဲ့ မုန့်တွန့်တွေလို မုန့်ဖတ်ကို အခွေကလေးတွေ လုပ်ထားတယ်။ စပါးလင်နနွင်းကို ဆွေ့ဂျင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက် ပါးပါးလှီးပြီး ဆီနဲ့ ကြော်ထားတာက ကြက်သွန်ဖြူ ဆီချက်ထက် စားကောင်းတယ်။ အနံ့ကလေးက မွှေးလို့ သင်းလို့၊ ပဲရှူးဘက်က မုန့်ဟင်းခါးဆိုင်တွေမှာတော့ ထမင်းခြောက်ကို ညက်နေအောင် ထောင်းထားပြီး ပဲမှုန့်လို ထည့်စားကြတယ်။ တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသလိုပေါ့။

ဆင်ဖြူကျွန်းဈေးထဲမှာ မြစ်ဆိပ်က တက်လာတဲ့ လမ်းနဲ့ ကပ်နေတဲ့နေရာမှာ မုန့်ဟင်းခါးဆိုင်တွေ့ရတယ်။ သန့်သန့်ပြန့်ပြန့် ခင်းကျင်းလို့၊ ရောင်းတဲ့ ကလေးမကလည်း ဖြူဖြူလှလှကလေး၊ ကျွန်မက မုန့်ဗီရိုထဲ ထည့်ထားတဲ့ အကြော်စုံတွေကို ကြည့်ရင်း မုန့်ဟင်းခါးလားလို့ မေးလိုက်တော့ ဟုတ်တယ်တဲ့။ စားနေကြသူတွေလည်း အများကြီးပါ။ ဘူးသီးကြော်နဲ့ တစ်ပွဲပေးဆိုတော့ ချက်ချင်းရောက်လာတယ်။ သူတို့ဆီမှာ နံနံပင်၊ ကြက်သွန်မြိတ်နဲ့ အချဉ်စိတ်သုံးတာကို လုံးဝမတွေ့ရဘူး။ မုန့်ဟင်းခါး ပန်းကန်က ဆီဝေ့ဝေ့နဲ့ အရောင်ကလေးဝင်းဝါလို့၊ တော်တော်လှပါတယ်၊ ငရုပ်သီးမှုန့်လည်း ကောင်းပါတယ်။ ဒါပေမယ့် ဟင်းရည်ထဲမှာ ငှက်ပျောပင် မထည့်ပါဘူး။ အုန်းနို့ခေါက်ဆွဲဟင်းလို ပဲမှုန့်ကို ဖျော်ပြီးချက်ထားတာပါ။ တစ်ဇွန်းခပ်စားပြီး ကျွန်မ မေးလိုက်တယ်။ ဟင်းကဘာနဲ့ ချက်ထားတာလဲဆိုတော့ ကြက်ဥနဲ့တဲ့။ ဒါကြောင့် အသားဖတ်မမတွေ့တာကိုး။ စားလို့တော့ မဆိုးပါဘူး။ ဒီလိုချက်တဲ့ မုန့်ဟင်းခါးဟင်းကိုလည်း တစ်ခါမှ မစားဖူးပါဘူး။ အတွေ့အကြုံအသစ်ပေါ့လေ။ ဈေးနှုန်းမေးတော့ တစ်ပွဲနှစ်ဆယ်တဲ့။ သက်သာပါတယ်။ တစ်ပွဲကလည်း အများကြီးပါ။

မြင်းလှည်းပေါ် လူစုံလို့ မောင်းထွက်လာကြတော့ ဆယ်နာရီခွဲ





တော့မယ်။ ဒါကြောင့်မို့ မြင်းလှည်းဆရာကို "ကိုကျော်ဖေ၊ ထမင်းဆိုင်ကောင်းကောင်းကို ပို့ပေးပါ။ ဦးပဥ္စင်းတို့ နေ့ဆွမ်းနီးနေပြီ" ဆိုတော့ ရှေ့က လမ်းမှာ ကျွန်တော်တို့ စလင်းက ပြောင်းလာပြီးဖွင့်တဲ့ တရုတ်ထမင်းဆိုင် ရှိတယ်။ အဲဒီဆိုင်သွားကြမယ်လို့ ထွက်လာကြတယ်။

ထမင်းဆိုင်က ခုံညားထည်ဝါတဲ့ နှစ်ထပ်တိုက်ရဲ့ အောက်ထပ်မှာ ဖွင့်ထားတာပါ။ သူ့ဆိုင်မှာ ရနိုင်တဲ့ ဟင်းစာရင်းကို ဖတ်ပြီးဆယ့်နှစ်မျိုးဟင်းချို၊ ကုန်းဘောင်ကြီးကြော်နဲ့ ကြက်သားဟင်းကို မှာလိုက်တော့ ကြက်သားနဲ့ ဝက်သား ဟင်းနှစ်မျိုးပဲ ရှိတယ်တဲ့။ မကျက်သေးတာလား၊ မချက်ရသေးတာလား မပြောတတ်ပါဘူး။ စားပွဲထိုးလုပ်တဲ့ လူငယ်နှစ်ယောက်ကို ကြည့်ရတာ မအူမလည်နဲ့ အတွေ့အကြုံမရှိသေးတဲ့ပုံပါပဲ။ ဆိုင်ရှင်နဲ့တူတဲ့အမျိုးသမီးက စားပွဲတစ်လုံးမှာထိုင်ပြီး သုံးနှစ်သားအရွယ် ကလေး တစ်ယောက်ကို ချော့မြူနေတယ်၊ အခြေအနေကို ဘာမှဝင်မပြောဘူး။ ဒါဖြင့် ဘုန်းကြီးနှစ်ပါးအတွက် စားပွဲမှာ ကြက်သားဟင်း၊ ဝက်သားဟင်းထည့်၊ အစိမ်းကြော် ဒါမှမဟုတ် ခရမ်းချဉ်သီးသုပ်၊ မြင်းခွာရွက်သုပ် တစ်ခုခုရှိနိုင်မလားလို့ မေးတော့ ခေါင်းခါပြတယ်။ တူမလေးက ကြက်ဥရှိလားလို့ ဝင်မေးလိုက်တော့၊ ရှိတယ်တဲ့။ ဒါဖြင့် ကြက်ဥလေးလုံး ကြော်ခဲ့၊ ဒီစားပွဲကို ကြက်သားဟင်းပေး၊ ဝက်သား မယူဘူးလို့ ပြောလိုက်တယ်။

မုန်ရောင်လို ကြည်နေတဲ့ ဟင်းချိုအေးအေးတစ်ခွက်နဲ့ ဘာအရွက်တွေမှန်း မသိတဲ့ တို့စရာ တစ်ပန်းကန်ကို စားပွဲပေါ် လာချပြီး ငါးမိနစ်လောက် ပျောက်သွားတယ်။ မြန်မြန်ပြင်ပါကွဲ့၊ ဦးပဥ္စင်းတို့က မွန်းလွဲတော့မယ်လို့ ထပ်ပြောတော့ အားလုံး ရောက်လာတယ်၊ ကြက်ဥ



www.burmeseclassic.com

www.burmeseclassic.com



ကြော်တော့ ရောက်မလာသေးဘူး။ ကိုကျော်ဖေနဲ့ တူမလေးက စားပွဲမှာ ဝင်စားတော့ ကျွန်မက ဟင်းချိုကို တစ်ဇွန်းခပ်မြည်းကြည့်လိုက်တယ်။ ငရုပ်ကောင်းအနံ့ ဒါမှမဟုတ် တရုတ်နံနံပင် ဘာအနံ့မှ မရပါဘူး။ ရေနွေးကို အချိုမှုန့်နဲ့ ဆားထည့်ပြီး ယူလာတဲ့ပုံပါပဲ။ ကြက်သားဟင်း ပန်းကန်က ပဲ့ပြီးကွဲနေတဲ့ ပန်းကန်၊ ဘာမှမပြောချင်တော့ပါဘူး။ ဒီဆိုင် ကို ခေါ်လာပေးတဲ့ ကိုကျော်ဖေကို အားနာပြီး ဝစီပိတ် ကျင့်နေလိုက် တယ်။ ကျွန်မကလည်း ဝင်မစားပါဘူး။ မနက်က စားလာတဲ့ မုန့်ဟင်းခါး က ဝမ်းထဲမှာ ခုထိမလျော့သေးလို့ ဟန်ကျနေပါတယ်။ အားလုံးစားပြီး လို့ မြင်းလှည်းထွက်လာတော့ ဦးပဥ္စင်းကြီးက သူစားတဲ့ ဝက်သားဟင်း က ဖုံမရ ဝါးမရမို့ ဒီအတိုင်းထားခဲ့လိုက်တယ်တဲ့။ ကိုကျော်ဖေကတော့ ကျွန်တော်စားတဲ့ ကြက်သားဟင်းလည်း မာနေတာပဲ။ ဘယ်လိုဖြစ်တာ ပါလိမ့်။ စလင်းမှာ ဖွင့်တုန်းကတော့ စားကောင်းပါတယ်။ ဒါကြောင့် ကျွန်တော်က စလင်းသားချင်း အားပေးပြီး ခေါ်လာတာလို့ အားနာပါးနာ ပြောရှာတယ်၊ အံ့ဖွယ်သုတပါပဲ။

စလင်းမြို့နယ် သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌ ဆင်ဖြူကျွန်းမြို့ မဟာဝိသုတာရာမ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဇောတ (အဂ္ဂ မဟာပဏ္ဍိတ) ဆီကို ရောက်သွားကြတော့ ဆွမ်းဘုဉ်းပေးပြီးစ ဆရာ တော်ကို အဆင်သင့်ပဲ ဖူးတွေ့ရပါတယ်။ ကျွန်မတို့ ရောက်လာရတဲ့ အကြောင်းကို လျှောက်ထားပြီး ဆရာတော်ဦးလှဲ့အကြောင်းကို သိသမျှ မိန့်တော်မူပါဆိုတော့ ကျွန်မတို့ ရထားတဲ့ ပုရပိုက်ထဲက အကြောင်း ထက် ဘာမှ ပိုမသိပါဘူးတဲ့။ ဘုန်းကြီးအသက်က ခုမှ ခုနစ်ဆယ်ကျော် ဆိုတော့ ခေတ်ချင်း အတော်ကွာပါတယ်၊ ဒကာကြီးတို့ ကြားလာရတဲ့





အတိုင်း အသက် (၆၂) နှစ်မှာ လူထွက်တယ်။ အိမ်ထောင်ပြုတယ်၊ သမီး တစ်ယောက် ရတယ်။ အသက်ရှည်ရှည်နေသွားရတယ် ဆိုတာတွေကို တောင် မိဘဘိုးဘွားတွေဆီက တစ်ဆင့် ကြားနာ မှတ်သားရတာ။ ဒါပေ မယ့် တစ်ခုတော့ရှိတယ်။ ဆရာတော်လှဲ့ဟာ ပန်းလှွား ဆရာတော် ဝင် စားလာလို့ မောင်လှဲ့ အမည်တွင်ရသလို မောင်လှဲ့ ဘဝကနေ သေပြန် တော့လည်း လူဝင်စားတစ်လှည့် ပြန်ဖြစ်တယ်ဗျ။ အဲ့ဒါကိုရော မကြားခဲ့ ရသေးဘူးလားလို့ ဆရာတော်က မိန့်တယ်။

ကျွန်မမှာ သဲလွန်စ မရတော့ဘူး ထင်နေရာက သဲလွန်စ တစ်ခု ထွက်လာပြန်တော့ ဝမ်းသာအားရနဲ့ အဲဒီအကြောင်း မသိရသေး ပါဘူး ဆက်ပြီး မိန့်တော်မူပါလို့ လျှောက်လိုက်ပါတယ်။ ဒီတော့ ဆရာ တော် အမိန့်ရှိလိုက်တာက ...

ဆရာတော်လှဲ့ ကွယ်လွန်ပြီး စလင်းမှာပဲ ပြန်ဝင်စားတယ်၊ အိပ်မက်ပေးပြီး ဝင်စားတာတဲ့။ ဒီဘဝမှာလည်း ညီအစ်မသုံးယောက်မှာ သူက အလယ်လူ၊ ဆရာတော်လှဲ့ ဘဝတုန်းကလည်း ညီအစ်ကို သုံး ယောက်မှာ သူက အလယ်လူပဲ။ မိန်းကလေးသွားဖြစ်ပေမယ့် တတတ်၊ ပညာတတ်ဗျ။ ပညာအုပ်မဖြစ်တာ၊ ခုတော့ ကွယ်လွန်သွားတာ ငါးနှစ် လောက်ရှိပြီ ထင်ပါရဲ့၊ ကွယ်လွန်တော့ ဆင်ဖြူကျွန်းကို အလှူလုပ်ဖို့ လာရင်း ဖြုန်းခနဲ ဖြစ်သွားရတာ။ ဒီကအပြန်မှာ ဝင်မေးလိုက်ပါလား။ ပိုပြီး သေချာသွားတာပေါ့။ မြင်တင်ရပ်၊ ပန်းထိမ်တန်းလမ်းမှာ မိဘတွေ အိမ်ရှိတယ်။ မေးရင် ရပါတယ်။ ဆရာတော်လှဲ့ဘဝက [illegible] လာတာ ဆိုပြီး အဲဒီဆရာမကြီးကိုလည်း သူ့မိဘတွေက "အလှဲ့" [illegible] နာမည်ပေးထားတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ စာတတ်ပေတတ် ဆရာတော်ကြီးတောင် သံသရာထဲက လွတ်ထွက်မသွားနိုင်သေးဘဲ တကျောယောက်ျား လက်သမားကြီးက ဆောက်လုပ်ပေးနေတဲ့ အိမ်ကြီးထဲမှာပဲ တစ်လှည့်ပြီး တစ်လှည့်၊ တစ်ခန်းပြီးတစ်ခန်း ပြောင်းရွှေ့နေထိုင်ရတုန်းပါကလားလို့ ထိတ်လန့်တဲ့ သံဝေဂရမိပါတယ်။ ဆရာတော့်ကျောင်းက ပြန်လာကြတော့ ဆရာတော်ပြုစုထားတဲ့ "ဘုရား၊ တရား၊ သံဃာ ဂုဏ်ကျေးဇူး" ဆိုတဲ့ စာအုပ်ကို လက်ဆောင်ပေးလိုက်ပါတယ်။

ဒီလိုဆိုရင် ဆင်ကျုံးကို ကျွန်မတို့ မပြန်သေးပါ၊ ဒေါ်အလှဲ့တို့အိမ်ကို ဝင်ချင်ပါတယ် ဆိုလို့ ကိုကျော်ဖေက လိုက်ပို့ပေးပါတယ်။ စိတ်ထဲမှာလည်း ဆရာတော်လှဲ့ အကြောင်း သိချင်လို့သာ သွားရတယ်၊ သွားလို့ ကောင်းပါ့မလား။ မေ့ပျောက်ထားနိုင်အောင် ကြိုးစားနေကြရတဲ့ ဝေဒနာ တစ်ခုကို ပြန်လည် တူးဆွလိုက်သလိုများ ဖြစ်သွားမလား။ ကာယကံရှင်များအနေနဲ့ ဒီအကြောင်းကို ပြန်ပြောင်းပြောကြဖို့ ဆန္ဒမှရှိပါ့မလားလို့ ရင်မှာလေးလာရပါတယ်။ အားလည်းနာပါတယ်။ ဒေါ်အလှဲ့တို့အိမ်ကို လာရင်း ဦးပဥ္စင်းကြီး ဦးအဂ္ဂဝံသ မြင်းလှည်းပေါ်မှာ ပြောပြသွားတာတွေက ...

"ဒေါ်အလှဲ့ကို ဆရာတော် ဦးလှဲ့ ဝင်စားတာလို့တော့ ပြောကြတာ ကြားဖူးတယ်။ အင်မတန် လူချစ်လူခင်များတော့ သူ့ရှာပန သိပ်စည်ကားတာပဲ။ ကျောင်းသားတွေဆို ငိုကြ ယိုကြပေါ့။ စလင်းမှာ ဒေါ်အလှဲ့ ရှာပနလောက် စည်ကားတာ တစ်ခါမှ မတွေ့ဖူးဘူး" တဲ့။

ဒေါ်အလှဲ့တို့အိမ်ရှေ့ရောက်လို့ မြင်းလှည်း ရပ်လိုက်တော့ ပိတ်ထားတဲ့ ခြံဝင်းတံခါးကို လာဖွင့်ပေးပါတယ်။ ကျွန်မ စိုးရိမ်နေသလောက်





အခြေအနေမဆိုးပါဘူး။ ဒေါ်အလှဲ့ညီမကို လာရင်းအကြောင်းပြောပြီး ဒေါ်အလှဲ့ဓာတ်ပုံရှိရင်လည်းကြည့်ချင်ပါတယ်ဆိုတော့ ဒေါ်အလှဲ့ရဲ့ဓာတ်ပုံစာအုပ်ကို ယူပြပါတယ်။ အသက်ငါးဆယ့်ရှစ်နှစ်မှာ ကွယ်လွန်သွားရတာဆိုတော့ အမျိုးသမီးတစ်ယောက်ရဲ့ ကာယအား၊ ဉာဏအားတွေ အင်မတန် ဖွံ့ဖြိုးနေတဲ့အချိန်ပါ။ အလှခွန်အားတွေလည်း ပြည့်ဝနေချိန်ဆိုတော့ သိက္ခာ ဣန္ဒြေတို့နဲ့ ချိုကြည်နေတဲ့ ဒေါ်အလှဲ့ရဲ့ဓာတ်ပုံအားလုံးဟာ ကြည့်နေရင်း ကြည့်နေရင်းမှာပဲ ကျွန်မ ရင်ထဲမှာ နမြောလာပါတယ်။ ဖြစ်ရလေခြင်းလို့ တမ်းတမိပါတယ်။

"သူ့တပည့်တွေနဲ့ ဆင်ဖြူကျွန်းသွားပြီး ဘုန်းကြီးကျောင်းမှာ အလှူလုပ်တာ အားလုံးပြီးစီးလို့ ရေစက်လည်းချပြီးပြီ၊ အဲဒီတော့မှ မောလိုက်တာဆိုပြီး လှဲနေရင်း ကွယ်လွန်သွားရတာ။ အလောင်းကို အိမ်ပြန်ယူရတယ်။ သူ့မှာ နှလုံးရောဂါတော့ ရှိပါတယ်။ ဒါပေမယ့် ပြင်းပြင်းထန်ထန် မဟုတ်ပါဘူး။ ဖြစ်ချင်တော့ အကောင်းပကတိကနေ ဖြစ်သွားတာပဲ"

ဒေါ်အလှဲ့ ညီမက မျက်နှာမကောင်းစွာနဲ့ ကျွန်မတို့ကို ပြောပြနေရင်းက အခုလည်း အစ်မကြီးက နေမကောင်းဘူး၊ နှလုံးရောဂါပါပဲ။ ဆရာဝန်က လှုပ်လှုပ်ရှားရှား ဘာမှမလုပ်ရဘူး ဆိုလို့ အိပ်ရာထဲ လှဲနေရတယ်လို့ ဆက်ပြောပြပါတယ်။ ဒေါ်အလှဲ့က ညီမ သုံးယောက်ရှိတဲ့ အနက်က အလယ်လူ ဖြစ်ပါတယ်။ တူမလေးက ဒေါ်အလှဲ့ ဘီအေမှာ ဘာနဲ့ အောင်ပါသလဲ မေးတော့ မမလှဲ့က ဘီအေမှာ ပါဠိဂုဏ်ထူးနဲ့ အောင်တာ။ သူက ပါဠိကို သိပ်ဝါသနာပါတာပဲဆိုတော့ ကျွန်မမှာ အေးစရာ ဖြစ်လာရပါတယ်။ ဘုန်းကြီးဘဝ၊ စာတတ်ပေတတ် ညောင်ဘော်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်က ဝင်စားလာတာမို့ ပါဠိကို ဝါသနာပါတာလား။ အံ့သြစရာအဖြစ်တွေပါပဲ။

ဒေါ်အလှဲ့က ကျောင်းနေကတည်းက စပြီး ဘီအေဘီအီးဒီ အောင်ပြီးတဲ့အထိ ရန်ကုန်မှာပဲ နေပြီး ဆရာမဖြစ်တော့မှ စလင်းမြို့ကို ပြန်လာတာ။ စိတ်နလုံး အင်မတန် နူးညံ့ပြီး တပည့်တွေအပေါ် သက်သက်ညှာညှာ ဆက်ဆံတတ်ပါတယ်လို့ ဆရာမကြီးဒေါ်အလှဲ့ရဲ့ မိတ်ဆွေဟောင်း၊ တပည့်ဟောင်းတွေက ကျွန်မကို ပြောပြတော့ ဟုတ်မှာပါ။ ဓာတ်ပုံထဲမှာ မြင်ရတဲ့ ဒေါ်အလှဲ့မျက်နှာကိုက အဲသလို သဘောကောင်း စိတ်ကောင်းရှိမယ့် မျက်နှာမျိုးပါလို့ ကျွန်မမှာ သူတို့ပြောတာတွေကို နားထောင်ရင်း စိတ်ထဲမှာ ထောက်ခံနေမိပါတယ်။

“ဒေါ်အလှဲ့ကို ဆရာတော်လှဲ့ ဝင်စားလာတာဆိုပြီး အလှဲ့ဆိုတဲ့ နာမည်ကို ပေးတာလို့ ပြောကြပါတယ်။ ဒီတော့ ဒေါ်အလှဲ့ကို မွေးတုန်းက မိခင်ဖြစ်သူမှာ ထူးထူးခြားခြား အိပ်မက်ရတာမျိုး၊ ဒါမှမဟုတ် ဒေါ်အလှဲ့က စကားပြောတဲ့ အရွယ်မှာ သူ ဘယ်ဘဝက လာတာလို့ ဘဝဟောင်းကို မှတ်မိပြီး ပြန်ပြောတာမျိုး ရှိသလား” လို့ ကျွန်မက မေးပါတယ်။ ဒီတော့ ဒေါ်အလှဲ့ညီမက ကျွန်မက မမလှဲ့ထက် ငယ်တာဆိုတော့ အဲဒါတွေကို ဘာမှမသိပါဘူး။ မမလှဲ့ဟာ ဆရာတော်လှဲ့ ဝင်စားလာတယ်ဆိုတာမျိုးကိုတော့ ကြားနေ သိနေရတာပဲ။ ကျွန်မအစ်မကြီးကို အဲဒီအကြောင်းတွေမေးရင် သိပါလိမ့်မယ်။ ဒါပေမယ့် ခက်တာက အစ်မကြီးက စကားမပြောနိုင်တဲ့လူနာ ဖြစ်နေတယ်။ အပေါ်ထပ်မှာပဲ တစ်ချိန်လုံး လှဲနေရတာဆိုတော့ ကျွန်မမှာ ဆက်လက်ပြီး မေးစရာစကား မရှိတော့ပါ။ ဒါကြောင့် ဆရာမကြီးဒေါ်အလှဲ့ရဲ့ဓာတ်ပုံကိုပဲ တောင်းယူပြီး ပြန်





လာခဲ့ရပါတယ်။ ဒေါ်အလှဲ့ဆီက ပြန်လာပြီး မြင်းလှည်းပေါ်မှာ တွေးလာမိပါတယ်။ တစ်နေ့လုံး တပည့်တွေနဲ့အတူ အလှူကုသိုလ်ယူတယ်။ တရားနာ ရေစက်ချပြီးတဲ့အထိ မိမိဒါနကိုတွေးရင်း ကြည်နူးစိတ်တွေ ဝင်နေရာက ဖြုန်းခနဲ ဝိညာဉ်ချုပ်သွားရတယ်။ အများအားဖြင့် နလုံးရောဂါရှိသူတွေမှာ ဝမ်းသာဝမ်းနည်းမှုတွေကို ပြင်းပြင်းထန်ထန် မခံစားနိုင်ကြပါဘူး။ ဒီတော့ ဒေါ်အလှဲ့ဖြစ်သွားရတာက ခရီးသွားရတာကပဲ ပင်ပန်းသွားလို့လား၊ အဖြစ်အပျက်က မြန်လွန်းလို့ တွေးမရအောင်ပါဘဲ။

မြန်မာ လူမျိုးများရဲ့ အယူအဆမှာ မိမိကိုမွေးသောနေ့မှာ ကွယ်လွန်ရင် ကံကုန် နေ့စေ့ သေရတယ်လို့ ဆိုပါတယ်။ ဒေါ်အလှဲ့က တနင်္ဂနွေသမီးပါ။ သူ ကွယ်လွန်တဲ့နေ့ဟာ ကျောင်းအားရက်ဆိုတော့ တနင်္ဂနွေနေ့ ဖြစ်ဖို့များပါတယ်။ ဒါဆိုရင် ကံကုန်နေ့စေ့ ကွယ်လွန်တာလို့ပဲ ဖြေရမှာပါပဲ။ ခုဆို ဒေါ်အလှဲ့ ကွယ်လွန်ခဲ့တာ ဆယ်နှစ်ရှိသွားပါပြီ။ ၁၉၉၀ ပြည့်နှစ်က ကွယ်လွန်ခဲ့တာပါ။ ဘယ်သူ့ဆီများသွားပြီး တစ်လှည့် ဝင်စားဦးမှာလဲဒေါ်အလှဲ့ ရယ်။ ကျွန်မ အတွေးများစွာနဲ့ ရစ်ပတ်နေဆဲမှာ ကိုကျော်ဖေက ဘယ်သွားချင်သေးလဲလို့ ဦးပဥ္စင်းကြီးကို လျှောက်ပါတယ်။

“အောင်နိုင်ကုန်းကို ပို့ရမကောင်းဘူးလား၊ အဲဒီမှာတ အထူးအဆန်းတွေရှိတယ်ကွ။ မြို့ပေါ်က ဘုရားတွေကိုတော့ အားလုံးဖူးပြီးပြီ အောင်နိုင်ကုန်းမောင်းကွာ” တဲ့။

မြင်းလှည်းဆရာက သဘောကောင်းကောင်း သူ့လှည်းကို ဆွဲလာတဲ့ မြင်းမကလေးကလည်း ဖွဲ့ကောင်းကောင်း ဆိုတော့ ကျွန်မတို့ ခရီးသည်တွေမှာ စိတ်ချမ်းမြေ့နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဖေက သူ့မြင်းမကလေးကို တစ်ခါမျှ မငေါက်၊ တစ်ချက်မျှ မရိုက်၊ တုတ်ကိုပင် မဝင့်ဘဲ "သမီး သမီး" ခေါ်ပြီး ချော့မောင်းတော့ မြင်းမကလေးက မနိုမကပ်ပဲ မှန်မှန်သွားတယ်။ နေကလည်း မြင့်လာပါပြီ။ ဒါပေမယ့် အထူးအဆန်းတွေ ရှိတယ် ဆိုတဲ့ အောင်နိုင်ကုန်းကို ရောက်ချင်စိတ်ကြောင့် ဘာကိုမှ သတိမထားတော့ပါဘူး။ အောင်နိုင်ကုန်းကို ရောက်ချင်တဲ့ စိတ်ကပဲ လွှမ်းမိုးနေပါပြီ။



BURMESE CLASSIC .com



# အောင်နိုင်နတ်

နတ်ကိုးကွယ်နေကြတဲ့လောကမှာ ခေါင်းရွက်ချက်ထိုးရေးသည်တွေ ကိုးကွယ်တာက "မနဲလေး"၊ ဆင်နဲ့ စီးပွားရှာသူတွေ ကိုးကွယ်တာက "ဥတိန္နနတ်" ရက်ကန်းနဲ့ စီးပွားရှာသူတွေက "မောင်ပိုးတူနတ်"၊ ပင်လယ်ရေငန်ပိုင်း သွားလာနေရသူတွေက "ဦးရှင်ကြီး"၊ လယ်သမားတွေက "ပုန်းမကြည်ရှင်မနတ်" ဆိုပြီး ဆိုင်ရာပိုင်ရာ အယူအဆတွေနဲ့ ကိုးကွယ်မှု အမျိုးမျိုး ရှိကြတာကို တွေ့ရပါတယ်။ စာရင်းချပြရမယ်ဆိုရင် ကုန်နိုင်မယ် မထင်ပါဘူး။ ကျွန်မတို့ ငယ်ငယ် ကလေးဘဝတွေမှာ အိပ်ရာထဲ "ရှူးရှူး" ပေါက်တတ်သူကို မိဘဘိုးဘွားတွေက စားဖို့ဆောင်ကိုစောင့်ရတဲ့နတ်ဆီမှာ "ရှင်စဖိုညာ၊ ကျွန်တော်ယနေ့၊ သေးမပေါက်ပါစေနဲ့" လို့ သုံးကြိမ် သုံးခါ ဆိုပြီး မီးဖိုကို ရှိခိုးခိုင်းပါတယ်။ ဟုတ်တာ၊ မဟုတ်တာတော့ မသိပါ။ လူကြီးတွေကို ကြောက်လို့ ညတိုင်း ရှိခိုးခဲ့ရတာတော့ အမှန်ပါပဲ။ အဲသလို ယုံကြည်ချက်မှု



www.burmeseclassic.com

www.burmeseclassic.com



မျိုးနဲ့ နတ်ကိုးကွယ် ယုံကြည်ကြသူတွေ အများအပြားမှာ "အောင်နိုင်နတ်" ဆိုတာကိုပါ ကြားဖူးခဲ့ပါတယ်။

ဒီနတ်က တိရစ္ဆာန်ဆေးကုနတ် ဖြစ်ပါတယ်။ အထူးသဖြင့် လယ်သမားတွေကို အကျိုးပြုတဲ့ ကျွဲနဲ့ နွားကိုမှ စောင့်ရှောက်တာပါ။ ကျွဲတွေ၊ နွားတွေ မစားမသောက်ဘဲ တမှိုင်မှိုင် ဖြစ်နေတာမြင်ရင် ကျွဲ၊ နွားပိုင်ရှင်တွေက အောင်နိုင်နတ်ဝင်သည်ကို ခေါ်ပင့်ပြီး ကုလေ့ရှိကြပါတယ်။ အတွင်း (၃၇) မင်း၊ အပြင် (၃၇) မင်းဆိုတဲ့ နတ်တို့ရဲ့စာရင်းထဲမှာ အောင်နိုင်နတ်ဆိုတဲ့ အမည်ကို မတွေ့ပါဘူး။

အောင်နိုင်နတ်ဝင်သည်ဆိုတာ မျိုးရိုးလိုက်ပြီး အစဉ်အလာရှိတဲ့ မျိုးဆက်တွေကသာ ကုသနိုင်ခွင့်၊ ပူးကပ်နိုင်ခွင့် ရှိတယ်လို့ သိရပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မိသားစုနဲ့အတူ စစ်ဘေးဒဏ်ကို ရှောင်ရင်း ကျွန်မမိခင်ကြီးရဲ့ ညီမ နေထိုင်တဲ့ "မမောက်ရွာ" ကြီးကို ရောက်ခဲ့ပါတယ်။ မမောက်ရွာက ကဝမြို့နယ်ထဲမှာရှိပြီး ပင်လယ်နဲ့ နီးပါတယ်။ ရွာအားလုံးဟာ လယ်လုပ်ငန်းတစ်ခုတည်းကိုပဲ အားကိုးပြီး ရပ်တည်နေကြရတဲ့ ဘဝပါ။ မိုးရာသီမှာ လယ်လုပ်ကြတယ်။ ငါး၊ ဖား ရှာစားကြတယ်။ ဈေးလည်း မရှိပါဘူး။ နွေရာသီကိုရောက်ရင် တစ်ရွာလုံး ရေငန်မြေဖြစ်တဲ့အတွက် ရွာလုံးကျွတ် ဆားချက်ကြပါတယ်။

မိုးရာသီရောက်ရင် ရေပင်လယ်ထဲမှာ နေကြရတာကြောင့် ကိုယ်ပိုင်လှေတစ်စင်းလောက်ကိုတော့ အိမ်တိုင်းမှာ ထားရပါတယ်။ အထူးသဖြင့်ကတော့ ကျွဲ၊ နွားတွေကို ဂရုစိုက်ရတာမို့ ကုန်းမြင့်တွေပေါ်မှာ အမိုးလုံအောင် မိုးထားရတဲ့ နွားတင်းကုပ်တွေကို ဆောက်လုပ်ပြီး ထားရပါတယ်။ ကျွဲ၊ နွားမှ မရှိရင် လယ်အလုပ်ကို ဘယ်လိုမှ မလုပ်နိုင်



တဲ့အတွက် လူတွေလို ဂရုစိုက်ပြီး စောင့်ရှောက်ရပါတယ်။ အဲသလို စောင့်ရှောက်ပေမယ့် တစ်ခါတစ်လေမှာ ကျွဲ၊ နွားတွေဟာ အကြောင်းမဲ့ နေမကောင်း ဖြစ်လာတတ်ပါတယ်။ ကြက်နာကျသလို မှိုင်လာတတ်ပါတယ်။ ဒီအခါမှာ ကျွေးနေကျဖြစ်တဲ့ မန်ကျည်းမှည့် ဝမ်းနုတ်ဆေး၊ ကုက္ကိုသီးမှည့် ဝမ်းနုတ်ဆေးကို ကျွေးပါတယ်။ လျှာနာခွာနာလားလို့ လျှာတွေ၊ ခွာတွေကို စစ်ဆေး ကြည့်ရှုပါတယ်။ ဆင်တုံးမနွယ်ကို မီးဖုတ်ပြီး ငါးခြောက်ဖုတ်လို မွနေအောင်ထုပြီး ကျွေးပါတယ်။ နေကောင်းတဲ့အခါမှာ ဆင်တုံးမနွယ် မီးဖုတ်ကို သိပ်ကြိုက်ကြပါတယ်။ ခုတော့ ဘာအစာကိုမှ ကျွေးလို့ မစားရင်တော့ အောင်နိုင်နတ်ဝင်သည်ကို ခေါ်ကြရပါတယ်။ အောင်နိုင်နတ်ဝင်သည်ဟာ အမျိုးသမီးကို ဘယ်တော့မှ မဝင်ပါဘူး။ အမျိုးသားသန့်သန့်ကိုသာ ဝင်ကပ်တဲ့နတ် ဖြစ်ပါတယ်။

အောင်နိုင်နတ်ဝင်သည်ဟာ ဓားမတိုတစ်ချောင်း ခါးမှာထိုးပြီး ပုဆိုးတိုတို ဝတ်ထားပါတယ်။ ကြိုးတစ်ခွေကို ကိုင်လာခဲ့ပါတယ်။ ပလွေတစ်ချောင်းလည်း သူ့မှာ ပါလာပါတယ်။ ကျွဲ၊ နွား ပိုင်ရှင်က နေမကောင်းဖြစ်နေတဲ့ နွား၊ ဒါမှမဟုတ် ကျွဲရှေ့မှာ အုန်းသီးစိမ်းတစ်လုံး ချထားပေးပါတယ်။ ကန်တော့ပွဲ တစ်ခုကိုလည်း ငှက်ပျောသီး၊ အုန်းသီးနဲ့ ပြင်ထားပေးပါတယ်။ အင်္ကျီ လုံးဝ ဝတ်မထားတဲ့ အောင်နိုင်နတ်ဝင်သည်ဟာ နေမကောင်းဖြစ်နေတဲ့ နွားအနီးကို သွားပြီး ခေါင်းပိုင်းဦးထိပ်ကနေ အမြီးများအထိ သုံးကြိမ်လောက် အပြန်အလှန် အသာအယာ ပွတ်သပ် နတ်ဝင်သည်ကတော့ ပလွေသံကို နားထောင်ရတာ မွှန်သံနဲ့ [illegible] "ကောင်းကြီးသခ်ီ" သီချင်းကိုလည်း ကြားရတယ်။ "ရွှေတို့ညီ[illegible] ဒေါသနဲ့အပြစ်တင်၊ မင်းသခင်ဘယ်မှာ၊ လာတော့မြင်" ဆိုတဲ့ နန်း[illegible]

www.burmeseclassic.com



ရှေ့ဆရာတင်ရဲ့သီချင်းသံကိုလည်းကြားရတယ်။ ကျွန်မက "အောင်နိုင်နတ်ကလည်း ခေတ်ဆန်လိုက်တာ၊ ရွှေကျီးညိုသီချင်းကိုတောင် ပလွေမှုတ်နိုင်တယ်" ဆိုတော့ အဘွားက ကျွန်မကို မျက်စောင်းထိုးတယ်။ နတ်ပဲတဲ့၊ သူတို့တန်ခိုးနဲ့ ဆိုတာတ်မှာပေါ့လို့ မာန်တယ်၊ အဘွားတို့က နတ်တွေကို အဲသလို လျောင်ပြောင် ပြောရင် မကြိုက်ဘူး။ နင်တို့ကို နတ်လုပ်လိမ့်မယ်နော်လို့ ခြောက်လှန့်တတ်တယ်။

နေမကောင်းတဲ့ နွားကို အဲသလို ပလွေနဲ့ လှည့်ပတ်မှုတ်လို့ပြီးတာနဲ့ နွားရှေ့မှာချထားတဲ့ အုန်းစိမ်းကို သူ့ခါးမှာ ထိုးယူလာတဲ့ ဓားနဲ့ ထက်ခြမ်းခွဲပြီး အုန်းရည်ကို နွားတစ်ကိုယ်လုံးကို ဖြန်းတယ်၊ နွားတင်းကုပ်ကိုလည်း ဖြန်းတယ်။ မျက်စိကိုမှိတ်ပြီး ယိမ်းထိုးယိမ်းထိုး ဖြစ်နေပေမယ့် သူ့အလုပ်ကိုတော့ မမှားမယွင်း လုပ်သွားတာပဲ။ ထန်းသီးကြွေခိုက်ကျီးနင်းခိုက်လို့ ပြောရမလား မသိပါဘူး။ နောက်တစ်နေ့ကျတော့ နေမကောင်းတဲ့နွားဟာ အစာစားလာတယ်၊ ရှင်ရှင်လန်းလန်းဖြစ်လာတယ်။ ယုံရခက်ကြီးပါပဲ။

ဒါက ကျွန်မအတွေ့အကြုံရှိခဲ့ဖူးတဲ့ အောင်နိုင်နတ်အကြောင်းပါ။ အခု ရောက်သွားတော့မယ့် အောင်နိုင်ကုန်းက အောင်နိုင်နတ် ဆိုတာကတော့ ဘယ်လိုများရှိမလဲဆိုတာ ရောက်မှပဲ သိရပါတော့မယ်။

ဆင်ကျုံးကနေ အောင်နိုင်ကုန်းကို သွားတာ တစ်နာရီလောက် မောင်းရပါတယ်။ အချိန်က သုံးနာရီကျော်လာပါပြီ။ မြင်းလှည်းကို အောင်နိုင်ကုန်းခြေရင်းအထိ မောင်းသွားလို့မရပါဘူး။ ဝါးတံတား ထိုးထားတဲ့ မြောင်းက ရှိနေတာကြောင့် ကျွန်မတို့အားလုံး မြင်းလှည်းပေါ်က ဆင်းပြီး ခြေလျင်လျှောက်ကြပါတယ်။ ကုန်းက အမြင့်ကြီးမဟုတ်ပါဘူး။





ကွင်းအရပ်၊ လွင်ပြင်အရပ်တွေမှာ ရှိနေတဲ့ ကမူဖြစ်နေလို့ ကုန်းဆိုပြီး ခေါ်ကြတာ ဖြစ်ပါလိမ့်မယ်။ ကုန်းအထက်ကို တက်ဖို့ လှေကားထစ်တွေ လုပ်ထားပေးပါတယ်၊ ကုန်းပေါ် ရင်ပြင်ကို ရောက်သွားတော့ တန်ဆောင်း တစ်ဆောင်ကို တွေ့လိုက်ရတယ်။ တန်ဆောင်းထဲမှာ ဆင်းတုတော် တစ်ဆူကို ပန်း၊ ဆီမီး၊ ရေတော်နဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ပူဇော်ထားပါတယ်။

တန်ဆောင်းထဲမှာ မိသားစုအလိုက်လာကြဟန် ကလေးငယ်တွဲလောင်းပါလာကြတဲ့ လူတွေကို နှစ်ဆယ်ကျော်ကျော်လောက် တွေ့ရပါတယ်။ ထမင်းချိုင့်တွေ၊ ရေနွေးကရားတွေနဲ့ စိတ်လွတ်ကိုယ်လွတ် ပျော်စရာပါပဲ၊ တန်ဆောင်းရဲ့ဝဲဘက်မှာက "သဲအင်းရိပ်သာ" လို့ ရေးထားတဲ့ အဆောင်ထဲမှာ ယောဂီ လေးငါးဦး ထိုင်နေတာကိုပါ မြင်လိုက်ရတော့ နေ့ယောဂီတွေအဖြစ်နဲ့ လာရောက် အားထုတ်နေကြတာ ထင်ပါရဲ့လို့ တွေးလိုက်မိပါတယ်။ တချို့ကတော့ ကျွန်မတို့လိုပဲ အောင်နိုင်ကုန်းကို မရောက်ဖူးလို့ ရောက်လာကြတာနဲ့ တူပါတယ်။ နေရာအနှံ့လှည့်ပြီး ကြည့်ကြ၊ ရှုကြ၊ သွားလာကြနဲ့ ကုန်းပေါ်မှာ စည်ကားနေပါတယ်။

တန်ဆောင်း ပတ်လည်မှာ ရုပ်လုံး ရုပ်ကြွ ပန်းချီကားတွေနဲ့ အောင်နိုင်ကုန်းဖြစ်ပေါ်လာပုံကို အစီအစဉ်တကျ ရေးဆွဲထားတာကို မြင်လို့ ဖတ်ကြည့်လိုက်ပါတယ်။

နေဝင်ပါပြီ၊ ဝမ်းထဲမှာလည်း ဆင်ဖြူကျွန်းက စားလာတဲ့ မုန့်ဟင်းခါး တစ်ခွက်နဲ့ ဒေါ်အလှဲ့တို့အိမ်က ဒေါ်အလှဲ့ညီမက တိုက်လိုက်တဲ့ ကော်ဖီတစ်ခွက်ပဲ ရှိပါတယ်။ ပင်ပန်းရမှန်း၊ ဆာလောင်ရမှန်း သတိမရ



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် တစ်နေကုန်သွားနေကြတဲ့ ခရီးပါ။ သွားရကျိုးလည်းနပ်ပါတယ်။ ဒီဒေသ၊ ဒီနယ်မြေဟာ ရှေးဟောင်းမြို့ကြီးတွေ၊ ရွာကြီးတွေပါ။ လေ့လာစရာတွေ အများကြီး ရှိနေပါတယ်။ ကျွန်မတို့မှာ မနက်ဖြန်မနက်စောစောကို ပြန်ကြတော့မှာမို့လို့သာ ခရီးကို ချုံ့နေရတယ်၊ အားမရလှပါဘူး။ အောင်နိုင်ကုန်းက ဆင်ကျုံးကို အပြန်မှ ဘုရားစေတီတော်များရဲ့ ထီးတော်နေရာ ထွန်းညှိပူဇော်ထားကြတဲ့ မီးအလင်းရောင်တွေကိုပါ ဖူးမြင်နေရပြီမို့ ကိုကျော်ဖေက "သမီးရေ၊ မြန်မြန်သွားစမ်း" ဆိုတဲ့ မြင်းမကလေးကို ချော့မြှူလိုက်တဲ့အသံကို ကြားလိုက်ရပါတယ်။

စာရေးချင်သူအတွက်တော့ ဒီခရီးဟာ အင်မတန် ကျေနပ်အားရစရာကောင်းတဲ့ ခရီးပါ။ မွန်မြတ်တဲ့ ခရီးတစ်ခုဖြစ်တယ်လို့လည်း ယူဆပါတယ်။ ဘာ့ကြောင့်ဆိုတော့ တိမ်မြုပ် ပျောက်ကွယ်လုဖြစ်နေတဲ့ ရှေးမြန်မာများရဲ့အမှတ်တရအဆောက်အအုံများနဲ့ ရှေးဘုရား၊ တန်ဆောင်း၊ ကျောင်းကန်များကို အတော်နှံ့စပ်အောင် သွားရောက် ဖူးမြင်ခဲ့ရလို့ပါပဲ။ ရန်ကုန်နဲ့ စလင်းဆိုတာ ကိုယ့်လူခံ မရှိလို့ကတော့ သွားလာဖို့ မလွယ်ကူပါဘူး။ ခရီးကလည်း အဆင်သင့်ဆိုတော့ နေရာအပြောင်းအလဲတွေမှာ အင်မတန် ပင်ပန်းပါတယ်။ ဒီဆောင်းပါးကို ရေးနေချိန်မှာတော့ ရန်ကုန်နဲ့ စလင်း တိုက်ရိုက်ပြေးဆွဲပေးမယ့် ကားကြီးတွေကို စီစဉ်နေပြီ။ တစ်ပတ်ကို နှစ်ရက် ထွက်မယ်လို့ သတင်းစာမှာ တွေ့ရပါတယ်။ ခရီးသွားလိုသူများအတွက် ဝမ်းသာစရာပါပဲ။ စလင်းမြို့ကို ရောက်သွားရင် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာတွေနဲ့ ဝဟုသုတပွားများစရာနေရာတွေက အများအပြားပါပဲ။

အင်မတန် လက်ရာကောင်းတယ်လို့ ကျော်ကြားခဲ့တဲ့ ရုပ်စုံ





ကျောင်းတိုက်ကြီးလို ရှေးလက်ရာကောင်း အဆောက်အအုံကြီး တစ်ခုကို ကျွန်မ နှစ်ကြိမ်ရောက်သွားပြီး လေ့လာပါတယ်။ ရှေးဟောင်းအမွေအနှစ်မို့ ပြုပြင်ချင်လိုက်တာ။ ဦးပဥ္စင်းကြီး ဦးအဂ္ဂဝံသကို ဘယ်သူမှ မပြုပြင်ကြတော့ဘူးလားလို့ လျှောက်ကြည့်တော့ သူကောင်းမျိုးတွေကတော့ တတ်နိုင်သလောက် ပြုပြင်နေကြပါတယ်။ ကျောင်းကြီးကို စောင့်ရှောက်ပေးနေတဲ့ သံဃာတော်ကိုလည်း ဆွမ်းကွမ်းဝေယျာဝစ္စကအစပို့လှူကြပါတယ်။ သူကောင်းမျိုးတွေကတော့ နိုင်သလောက် တာဝန်ယူနေကြပါတယ် ဆိုတော့ တူမလေးက သူကောင်းမျိုး ဆိုတာ ဘယ်လိုအမျိုးကို ခေါ်တာလဲလို့ လျှောက်တယ်။

ဪ ... မိဘဘိုးဘွား အစဉ်အဆက်ကစပြီး ဘုရား၊ တန်ဆောင်း၊ ကျောင်းကန်တွေကို တည်ဆောက်ခဲ့ကြ၊ လှူတန်းခဲ့ကြတယ်။ မျိုးရိုးထဲမှာ အကျင့်ဆိုးသွမ်းတဲ့လူ၊ မကောင်းမှုမှာ ပျော်ပါးတဲ့သူ မပါလာတာကို သူကောင်းမျိုး ခေါ်တာပေ့ါ။ အခု ဆရာမကြီး ဒေါ်အလှဲ့အိမ်ကို ရောက်ခဲ့တယ် မဟုတ်လား။ သူတို့တွေဟာလည်း သူကောင်းမျိုးတွေပဲပေ့ါလို့ ရှင်းပြတယ်။ ကောင်းလိုက်တဲ့စကား၊ စလင်းမြို့ဟောင်းကြီးမှာ သူကောင်းမျိုးဆက်သစ်တွေ ရှိနေကြသေးပါကလား လို့ ဂုဏ်ပြုလိုက်ပါတယ် မြို့စလင်းရယ်။

နယ်ချဲ့တော်လှန်ရေးနဲ့ ပတ်သက်လာတဲ့ သမိုင်းမျက်နှာကို ဖွင့်လိုက်ရင်လည်း စလင်းဟာ အင်မတန် တောက်ပခဲ့ပါတယ်။ နယ်ချဲ့တွေ အကျအဆုံးများခဲ့ရတဲ့စလင်း၊ ဝက်ထီးကန်နားက တမာချော်ရွာတိုက်ပွဲဆိုရင် ခုချိန်အထိ မှတ်မိနေကြတုန်း၊ ဂုဏ်ယူနေကြတုန်း။ ဆင်ဖြူကျွန်းကို ရောက်သွားပြန်တော့လည်း နယ်ချဲ့ကို အသက်ပေး



www.burmeseclassic.com

www.burmeseclassic.com



တော်လှန်သွားတဲ့ ဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်လေးတို့ကို အမှတ်ရသွားပါတယ်။ သူတို့နှစ်ဦးစလုံးဟာ ဆင်ဖြူကျွန်းနယ်သားတွေ ဖြစ်ကြပါတယ်။ ဗိုလ်ချုပ်ကြီးက ဆင်ဖြူကျွန်း အရှေ့တောင်က ရေကြည်အိုင်ပေါက်ကုန်း ရွာသားပါ။ ဗိုလ်ချုပ်လေးက ဆင်ဖြူကျွန်း ပိုးသည်စု၊ တောင်ပိုင်းတန်းသား ဇာတိ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်လုံး ဆင်ဖြူကျွန်းမြောက်ပိုင်းတန်းက စလေကျောင်းထွက်တွေ ဖြစ်တယ်လို့သိရပါတယ်။

နောက်တစ်နေ့ မနက်လေးနာရီမှာတော့ ကိုကျော်ဇေက စလင်း ကားဂိတ်ကို ပို့ပေးဖို့ မြင်းလှည်းလေးနဲ့ရောက်လာပါပြီ။ အင်မတန်အအေးလွန်ကဲတဲ့ သူတို့ဒေသမှာ မနက် လေးနာရီ ဆိုတာ ချမ်းလို့ကောင်းတုန်းပေါ့၊ ဒါကြောင့် လက်အိတ်ရော၊ ခြေအိတ်တွေပါ စွပ်ပြီး တစ်ကိုယ်လုံးကို မ်မီရှပ်အလောင်းကြီးလို မျက်နှာကလေးပဲဖော်ပြီး ထုပ်ပိုးလာခဲ့ရတယ်။ ဒါတောင် မြင်းလှည်းထွက်လာတော့ နိုက်နိုက်တုန်လာတယ်။ စလင်းကားဂိတ်ကိုရောက်တော့ ကိုယ့်ထက် ဝီရိယ ကြီးမားသူတွေက ကားပေါ်မှာ ပြည့်နေပါပြီ။ အလယ်တန်း နောက်ဆုံး ခုံနှစ်လုံးပဲ ရှိပါတော့တယ်။ နောက်ကားမှ စီးမယ်ဆိုတော့ နောက်ထွက်မယ့်ကားမှာလည်း နေရာဦးထားသူတွေက ပြည့်နေပြီ။ ကဲ… မထူးပါဘူးလို့ ရရာနေရာမှာပဲ ထိုင်လိုက်ပါတော့တယ်။ နေရာတစ်ခုရဖို့ မလွယ်ပါလားနော်လို့ အသိတိုးရပါတယ်။

ကားထွက်ပြီ ဆိုတော့ နောက်ဆုံး အကာအကွယ် မဲ့နေတဲ့နေရာမှာ ထိုင်လိုက်လာရတဲ့ ကျွန်မအတွက် မျက်နှာကို ရေခဲရေနဲ့ ဖြန်းပက်နေသလို အေးစိမ့်လာပြီး မေးချင်းတောင် ရိုက်လာပါတယ်။ ဒီနေရာကို တူမလေးက သူ ထိုင်မယ်လို့ ပြောပါတယ်။ ကျွန်မကိုက အထဲမှာ





ထိုင်ရင် ခြေထောက်ဆန့်ရကွေးရ ခက်မှာစိုးလို့ နောက်ဆုံးခုံမှာပဲ ထိုင်လိုက်တာပါ။ ခုတော့မှ နေရာက စကားပြောတယ်ဆိုတဲ့ အသုံးအနှုန်းကို ကိုယ်တွေ့ကြုံရပါတယ်။ ဒီအတိုင်းသာဆိုရင် ကြာတော့ ကြွက်တက်လာမလားလို့ စိုးရိမ်နေတုန်း ခရီးသည်လေးယောက် နောက်ထပ် တက်လာပါတယ်။

သူတို့ဆီမှာ ကားနောက်ဆက်တွဲ ထိုင်လို့ရအောင် ဝါးကပ်တွေနဲ့ ကားနောက်မှာ ခင်းထားကြပါတယ်။ ဒီတော့ ဆန် ရှစ်ပြည်လောက် ရှက်လာတဲ့ အမျိုးသမီးငယ်က ကားနောက်ပေါ်ကို အရင်ဆုံးတက်လာတယ်။ စပယ်ယာက အခဲ့အထုပ်ကို ဒီမှာချပြီး တက်ထိုင်ပါလို့ ကျွန်မဝဲဘက်မှာ နေရာပေးတယ်။ ကျန်တဲ့ ယောကျ်ားလေး သုံးယောက်က ကျွန်မရှေ့မှာ ရပ်ပြီး တွယ်စီးလာရတယ်။ တော်ပါသေးရဲ့ ကျွန်မအတွက် လေဘေး ကာကွယ်ရေး ရသွားပြီလို့ ဝမ်းသာပေမယ့် ဝဲဘက်မှာထိုင်လာတဲ့ မိန်းကလေးက ကားအကွေ့အစောင်းမှာ သူ လိမ့်ကျမှာစိုးပြီး ကျွန်မဒူးကို ဖက်တယ်။ ပြီးတော့ "ကန်တော့နော် အန်တီ" လို့ တောင်းပန်တယ်။ ဒါပေမယ့် ကျွန်မမှာက အဲဒီဘက်ဒူးက ဝေဒနာဒူးဖြစ်နေတော့ သူက လှမ်းဖက်လိုက်တိုင်း နာလွန်းလို့ အောင့်ခံနေရပါတယ်။ ခရီးသွားရတယ်ဆိုတာ ဘဝတစ်ခုလိုပါပဲလေ။ ခရီးမဆုံးမချင်း သုခရော ဒုက္ခပါ တွေ့ကြုံစမြဲပါပဲလို့ သဘောပေါက်ထားရပါတယ်။

အလာတုန်းကလိုပဲ မုန်းရွောင်းဆိပ်ကမ်းကို ရောက်တော့ ကားပေါ်က အားလုံး ဆင်းကြရပါတယ်။ မုန်းဆိပ်ကမ်းမှာ အသက်ဝင်လှုပ်ရှားလာပါပြီ။ ကျွန်မတို့ကားက စလင်းဂိတ်က ပထမဆုံး ထွက်လာတဲ့ ကားဆိုတော့ ဆိပ်ကမ်းမှာ ဖွင့်ထားတဲ့ စားသောက်ဆိုင်လေးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းယာဆိုင်ကလေးတွေလည်း ဈေးဦးပေါက်ကြဖို့ ခေါင်းပါ လုံအောင် ထွေးထားတဲ့ စောင်တွေကို ခွာချပြီး လုပ်ငန်းစကြပါပြီ၊ နာရီဝက်လောက် ကြာတော့ ဇတ်လုပ်ထားတဲ့ တွဲသမ္ဗန်နှစ်စင်း ရောက်လာပါတယ်၊ ဒီတော့မှ ဆိုင်ထဲကလူတွေအပြေးအလွှားထွက်လာကြပါတယ်။ အချိန်က စောလွန်းတော့ လမ်းမှာ စောင့်စီးသူတွေ သိပ်မရှိပါဘူး။ ဒါကြောင့် မင်းဘူးကားဂိတ်ကို ရောက်တော့ ခုနစ်နာရီပဲ ရှိပါသေးတယ်။ ကျွန်မတို့ကားဝင်လာတာနဲ့ မင်းဘူးကို မင်းဘူးကိုဆိုပြီး အော်လာကြတဲ့ မြင်းလှည်းဆရာတွေအသံကို ဆူဆူညံအောင် ကြားလာရတယ်။ ကျွန်မတို့ကတော့ ထုံးစံအတိုင်း မြင်းလှည်းတစ်စီး ခေါ်ပြီး မင်းဘူးမြို့ထဲကို မောင်းလာကြတယ်။

မင်းဘူးမြို့ဟာ သမိုင်းအရထင်ရှားတဲ့မြို့မဟုတ်ပေမယ့် ဆရာတော် ဦးဩဘာသသီတင်းသုံးတော်မူရာဌာနဖြစ်လို့ စာပေသမိုင်းအနေနဲ့ လူသိများပါတယ်။

ဒါ့အပြင် ရွှေစက်တော်ဘုရား၊ စက္ကိန်းတဲ ဘုရား၊ သက်န်းလိပ်တောင်ရပ်ပွားတော်၊ ဓာတ်တော်ပေါင်းစေတီ စတဲ့ တန်ခိုးကြီး စေတီတော်များကြောင့်လည်း နာမည်ကြီးပါတယ်။ မင်းဘူးမြို့ဟာ မကွေးတိုင်း၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်တို့ရဲ့ရုံးစိုက်ရာမြို့ဖြစ်နေတာကြောင့်လည်း အထက်တန်းကျောင်း၊ ဆေးရုံ၊ အကျဉ်းထောင်နဲ့ ရုံးတွေက ရှိနေတော့ အမှုထမ်း အရာထမ်းတွေရဲ့ သွားလာ လှုပ်ရှားမှုကြောင့်လည်း စည်ကားနေပါတယ်။ ကျွန်မတို့စလင်းကစီးလာတဲ့ကား စကုကို ရောက်တော့ မင်းဘူးမှာ ရှိတဲ့ ရုံးတို့၊ ကျောင်းတို့၊ ဆေးရုံတို့ကို လာရောက်ကြမယ့် အမှုထမ်းတွေ အများကြီး တက်လာကြပါတယ်။





ထိုင်စရာအတွက် သူတို့မှာ ပါလာတဲ့ ပလတ်စတစ် အခင်းတွေကို ထုတ်ခင်းကြပါတယ်။ အားလုံးဟာ တိုးတိုးဖွေဖွေပါပဲ။

မိုးခေါင်ရေရှား ရပ်ဝန်းထဲမှာ ပါဝင်နေတဲ့ မင်းဘူးခရိုင် အဓိကလုပ်ငန်းကတော့ လယ်ယာစိုက်ပျိုးရေးပါပဲ။ ဆန်စပါး အောင်မြင်မှုရအောင် ဆည်မြောင်းတွေ ဖောက်လုပ်ပြီး ရေသွင်း စိုက်ပျိုးရပါတယ်။ ရေသွင်း တူးမြောင်းစုတွေကို မြောက်ဘက်မှာ စလင်းတူးမြောက်စု၊ အလယ်မှာ မုန်းတူးမြောင်းစုနဲ့ တောင်ဘက်မှာ မန်းတူးမြောင်းစု ဆိုပြီး သုံးစု ခွဲထားပါတယ်။ ဒါကြောင့် မင်းဘူးခရိုင်ထဲမှာ ဆည်ရေသောက်လယ်ဧကပေါင်းဟာ အမြောက်အမြား ဖြစ်နေပါတယ်။ ဆန်စပါးအပြင် ရာသီစားသီးနှံတွေဖြစ်တဲ့ နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးနဲ့ ဘူးသီး၊ ခရမ်းချဉ်သီး၊ ဂေါ်သီး ဆိုတာတွေကို တခြားမြို့တွေတောင် တင်ပြီးရောင်းနိုင်လောက်အောင် ထွက်နှုန်းကောင်းပါတယ်။

ကျွန်မတို့ မြင်းလှည်း မင်းဘူးမြို့ထဲကို ဝင်လာပြီ။ လမ်းဘေးယာဘက်မှာ "မင်းနွယ်စာပုံနှိပ်တိုက်" လို့မြင်လိုက်ရတော့ ဩော် .... ဆရာကြီး မင်းနွယ်ရဲ့အိမ်ပါလားလို့ သတိပြုလိုက်မိပါတယ်။ ဆရာကြီးက စာတွေ အများကြီး ရေးသွားတာပါ။ ရန်ကုန်ကို လာရင် သိသမျှ စာရေး ဆရာအိမ်တွေကို အမြဲဝင်တွေ့ပါတယ်။ ဆရာရန်အောင်နဲ့ သိပ်ခင်ပါ တယ်။ ရွယ်တူချင်းလည်း ဖြစ်ကြတော့ ဆရာကြီးနှစ်ယောက် စကားပြောကြရင် ကျွန်မတို့မှာ ဘေးက နားထောင်ပြီး ရယ်နေရပါတယ်။ ခုတော့ ဆရာကြီးမင်းနွယ် ကွယ်လွန်သွားတာ ရှစ်နှစ်လောက် ရှိသွားပါပြီ။ မင်းဘူးက လာရင် လွန်ဆံကြော် ယူလာပေးတတ်ပါတယ်။ ဆရာကြီး ကျွေးတော့မှပဲ လွန်ဆံကြော် ဆိုတာ စားဖူးပါတယ်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆိမ့်တိမ့်တိမ့်နဲ့ အရသာတစ်မျိုးပဲ။ မြင်းလှည်းက အေးစေတီမြောက်ကျောင်းလို့ စာဆွဲထားတဲ့ ကျောင်းရှေ့မှာ ရပ်လိုက်တယ်။ အလာတုန်းက ခဏဝင်နားတဲ့ကျောင်းက "တောရကျောင်းတိုက်၊ ဓမ္မာစရိယကျောင်း" လို့ မှတ်မိထားပါတယ်။ ကျောင်းမှာ သီတင်းသုံးတာက ဦးညာဏောဘာသ (စာရေးဆရာ စိုးဉာဏဝေဖဲ) ဆိုတာပါ။ ကျွန်မတို့ အိမ်ကို ကြွဖူးပါတယ်။ လစဉ်ထုတ် မဂ္ဂဇင်းတွေမှာ ဆရာစိုးဉာဏစာတွေကို မကြာခဏ တွေ့နေရပါတယ်။ ကျွန်မတို့ မြင်းလှည်းကျောင်းရှေ့မှာရပ်တာမြင်တော့ ကျောင်းထဲက ကိုရင်လေး ကြွလာပြီး မြင်းလှည်းပေါ်က အထုပ်အပိုးတွေကို ကူညီပြီး ချပေးပါတယ်။ ကျွန်မက ကိုရင်တို့ဆရာတော်ရှိသလားလို့ လျှောက်တော့ ရှိတယ်တဲ့၊ ဝမ်းသာသွားပါတယ်။ စာရေးနေသူချင်း မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ ဝမ်းသာစရာပါပဲလို့ ကျွန်မ ယူဆပါတယ်။

ကျောင်းပေါ် ထိုင်မိကြတော့ ဆရာစိုးဉာဏ ဧည့်ခံတဲ့ အစားအသောက်ကို စားကြပြီး အေးစေတီဘုရားကို သွားဖူးကြပါတယ်။ အေးစေတီ ဘုရားဝင်းဟာ အကျယ်ကြီးပါ။ ဘုရားရဲ့ တောင်ဘက်မှာ ရှိတဲ့ ဘုန်းတော်ကြီးကျောင်းကို အေးစေတီတောင်ကျောင်း၊ ဘုရားမြောက်ဘက်မှာ ရှိတဲ့ ကျောင်းကို အေးစေတီမြောက်ကျောင်းရယ်လို့ ခေါ်ကြပါတယ်။

ကျွန်မတို့ တူဝရီးနှစ်ယောက် အေးစေတီဘုရားဝင်းမှာ လှည့်ပတ် ဖူးမြော်နေချိန်မှာ ဆရာစိုးဉာဏရော ကိုရင်ကလေးတွေပါ ဆွမ်းခံကြွသွားကြပါပြီ။ ကျောင်းစောင့်ရယ်လို့ ခွေးတစ်ကောင်ပဲ ကျန်ခဲ့ပါတယ်။ ကျွန်မတို့ရဲ့ ဦးပဥ္စင်းလေးကလည်း အရက်ဆွမ်းဘုဉ်းမပေးပဲ





မကွေးဘက်ကူးပြီး ကားလက်မှတ်ဝယ်ယူဖို့ ကျွန်မတို့မြင်းလှည်းပေါ်က ဆင်းတာနဲ့ ကြွသွားနှင့်ပါပြီ။

ဒီတော့ အေးစေတီတော်၊ သိမ်တော်ဘုရားနဲ့ စေတီတောင်ပရိဝုဏ်အထဲမှာ ရှိတဲ့ အဆောက်အအုံ အပျက်အစီးတွေနဲ့ ရှေးလက်ရာမပျက်ဘဲ တည်ရှိနေသေးတဲ့ ရှေးဟောင်းလက်ရာတွေကို ဖူးမြင် လေ့လာကြရပါတယ်။ အေးစေတီတော်ဘုရားမှာ ထူးဆန်းတာက စေတီတော်ရဲ့ဖိနပ်တော်မှန်ပေါက်တွေမှာထားတဲ့ ဘီလူးမောင်နှံရုပ်ပါပဲ။ တွေ့မြင်နေကျ ခြသေ့ရုပ်မျိုး မထားဘဲ ဘီလူးမောင်နှံရုပ်ကို ထားတာဟာ ရည်ရွယ်ချက်ရှိမှာပဲလို့ တွေးမိပါတယ်။ ဘုရားတည်ထားတဲ့ အုတ်ချပ်ကြီးတွေကလည်း အတော်ကြီးပါတယ်။ အင်းဝမြို့အုတ်ကျောင်းကြီးမှာ တွေ့ရတဲ့ အုတ်ချပ်ကြီးတွေအတိုင်းပါပဲ။

သိမ်တော်ဘုရားကို သွားဖူးကြတော့မှ သိမ်တော်ဘုရားရဲ့ သမိုင်း၊ တောင့်ချိုးနဲ့ နံနန်းတွေမှာရှိနေတဲ့ ကလသာအိုးကြီးတွေ၊ ကြာသွပ်အိုးကြီးတွေရဲ့ မြင်ကွင်းက ပိုပြီး ရှေးဟောင်းလက်ရာ ပီသနေတာကို တွေ့ရပါတယ်။ ကလသာအိုးကြီးတွေက ဖရုံသီးလို အမြောင်းဖော်ထားပါတယ်။ ကြာသွပ်အိုးကတော့ ပြောင်ချောပါပဲ။ စလင်းကို ရောက်ခဲ့တုန်းကလည်း အဲသည်လို ကသသာအိုး၊ ကြာသွပ်အိုးတွေနဲ့ အတင့်အတယ် တည်ထားတဲ့ စေတီတော်တစ်ဆူကိုသာ ထွန်းဦးဘုရားဝင်းမှာ ထင်ပါရဲ့ ဖူးတွေ့ခဲ့ရပါတယ်။ ဒါပေမယ့် စေတီတော်ကြီးရဲ့ အပေါ် ပိုင်းအတော်များများဟာ ပြိုကျ ပျက်စီးသွားပါပြီ၊ ဉာဏ်တော်ကတော့ အခုဖူးတွေ့ရတဲ့ အေးစေတီတော်ထက် ကြီးပါတယ်။ ဒါကြောင့် ရှေးဟောင်းအမွေအနှစ်ဖြစ်တဲ့ လက်ရာတွေကို ဖူးတွေ့ရတိုင်း စိတ်ပါဝင်စားသလို



www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းစောင့်ရှောက်မှု မရှိမှာကိုလည်း အင်မတန် စိုးရိမ်မိပါတယ်။

သိမ်တော် ဘုရားအဆောက်အအုံ အမွှမ်းအမံတွေက ရှေးဟောင်း လက်ရာတွေပါ။ အနည်းဆုံး ခန့်မှန်းရရင် အမရပူရခေတ်ဦးလောက်က လက်ရာတွေလို့ ထင်မှတ်ရှုံမကပါဘူး။ သိမ်တော်ဘုရားရဲ့ အဝင်နံ့ရံတွေမှာလည်း ဆေးရေးပန်းချီတွေကို ပုဂံဂူဘုရားတွေမှာ တွေ့ရတဲ့အတိုင်း တွေ့နေရပါသေးတယ်။ ဒါပေမယ့် နံရံတွေကို မကြာခဏ ဆိုသလို ထုံးတွေ သုတ်ကြတာကြောင့် အဲဒီနံရံ ဆေးရေးပန်းချီ လက်ရာတွေဟာ မှေးမှိန်ကုန်ကြပါပြီ။ ကြာရင် ဒီထက်ပိုဆိုးသွားကုန်မှာကို စိုးရိမ်ရပါတယ်။ အင်မတန် ထိန်းသိမ်းစောင့်ရှောက်သင့်တဲ့ အမွေအနှစ်တွေပဲဆိုတာ ကျွန်မခေါင်းထဲမှာ စွဲမြဲလာပါတယ်။ သိမ်တော်ထဲမှာ ပူဇော်ထားတဲ့ ဘုရားက ညာဏ်တော် ခြောက်ပေနီးပါးလောက် ရှိမယ် ထင်ရတဲ့ မတ်ရပ်တော်တစ်ဆူဖြစ်ပြီး မဟာကရုဏာတော် မုဒြာနဲ့ ထုလုပ်ထားတာပါ။ တံကဲရဲ့လက်ရာ အပြောက်အမွှမ်းတွေက ပုဂံရွှေစည်းခုံဘုရားကြီးမှာ ဖူးမြင်ခဲ့ရတဲ့ ဂူဘုရားများရဲ့တံကဲပုံတော်တွေနဲ့ ပုံစံချင်း ထပ်တူပါပဲ။

ဆင်းတုတော်ရဲ့ မျက်နှာတော်က ပြုံးယောင်ပြုနေပါတယ်။ အသားက ကျစ်လျစ်သိပ်သည်းပြီ ပြောင်ချောနေတာကြောင့် ဘယ်လိုအသားကို ထုလုပ်ပူ ဇော်ထားတယ်လို့ သိရအောင် ဖဝါးတော်များကို စမ်းသပ်ကြည့်ပါတယ်။ ကျောက်စိမ်းအကာသားမှာ နီဝါဝါအရောင် "ခွန်ဘိ" လို့ ခေါ်ကြတဲ့ ကျောက်စိမ်းသားနဲ့ အင်မတန် တူနေပါတယ်။ အေးစေတီဘုရားဝင်းထဲမှာ "ဆုတောင်းပြည့်" လို့ ကမ္ပည်းထိုးထားတဲ့ ရပ်ပွားတော် တစ်ဆူကိုလည်း ဖူးခဲ့ရပါတယ်။ ဒီပုံတော်ကတော့ နှောင်းလူတို့





ကိုးကွယ်ထုလုပ် ပူဇော်ထားကြတဲ့ပုံတော် ဖြစ်ပါလိမ့်မယ်။ ရှေးဟောင်း လက်ရာ အငွေ့အသက်ကို မမြင်ရဘူး။

ဘုရားဝင်းကနေ မြစ်ထဲကမ်းပါးအထိ သွားလို့ရအောင် ရှေးကတော့ ခိုင်ခိုင်မာမာနဲ့ တံတားကြီး တည်ဆောက်ခဲ့ပုံပါပဲ။ ခြသေ့ကြီး နှစ်ကောင်ကလည်း မြစ်ထဲ ခုန်ဆင်းတော့မယ့်အတိုင်းပါပဲ။ ဒါပေမယ့် ခုတော့ အားလုံး ပြိုပျက်နေပါပြီ။ မကြာမီ မြစ်ထဲရောက်သွားတော့မယ့် အခြေအနေပါ။ ဒီကိစ္စကို "အရှင်ဘုရားတို့ မြို့ပေါ်က လူကြီးတွေနဲ့ ညှိနှိုင်းပြီး ရှေးဟောင်းအမွေအနှစ်ကို ပြုပြင် ထိန်းသိမ်းစောင့်ရှောက်ဖို့ ကောင်းတာပဲ" လို့ ဆရာတော် စိုးညာဏကို လျှောက်တော့ ဆရာတော်က အမိန့်ရှိပါတယ်။

ဒီကျောင်းကို ဦးပဥ္စင်း ရောက်တာက (၁၉၉၃) ခုနှစ်ကပါ။ ငါးနှစ်ပဲရှိပါသေးတယ်။ ဦးပဥ္စင်းအရင် သီတင်းသုံးသွားကြတဲ့ (၁၂၈၇) ခုနှစ်က စပြီး ကျောင်းထိုင်ငါးပါး ရှိခဲ့ပါပြီ။ ကျောင်းသက်ကတော့ နှစ်ပေါင်း ရှစ်ဆယ်နီးပါးရှိပြီဖြစ်တဲ့ ကျောင်းဟောင်းကြီးပါပဲ။ ပြန်လည်ပြုပြင်တည်ဆောက်ဖို့ အာရုံလည်း ရှိပါတယ်။ ကြိုးစားကြည့်ရမှာပေါ့လို့ သိရပါတယ်။ ကျောင်းဝင်းထဲမှာ မပြီးပြတ်သေးတဲ့ စေတီတော်တစ်ဆူနဲ့ အုတ်မြစ်ချထားတဲ့ ကျောင်းနေရာ၊ ဗုဒ္ဓပွင့်တော်မူရာ၊ ဗုဒ္ဓဂါယာ မဟာဗောဓိပင်မျိုးဖြစ်တဲ့ မဟာဗောဓိညောင်ပင်တစ်ပင်ကိုလည်း ဖူးမြင်ခဲ့ရပါတယ်။ ဘယ်တုန်းက စိုက်တာလဲ၊ ဘုရားမျိုးကို ဘယ်က ပင့်လာပါသလဲ လျှောက်တော့ (၁၂၄၈) ခုနှစ် လွတ်လပ်ရေးခေတ်ဦးက ဒီကျောင်းတိုက်ရဲ့ ဆရာတော်ကြီးဖြစ်တဲ့ ဆရာတော် ဦးဇောတိက္က လက်ထက်မှာပဲ ခုက ပင့်လာခဲ့တဲ့ မဟာဗောဓိမျိုးပဲလို့ အမိန့်ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာစိုးညာဏက သက်တော် ငယ်ပါသေးတယ်၊ သာသနာတော်အတွက် အများကြီး အကျိုးပြုနိုင်သေးတဲ့အရွယ်ပါ။ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး သန့်စင်စွာ တည်မြဲရေးအတွက် အများကြီး လှုံ့လပြုနေတာကိုလည်း သတိပြုမိခဲ့လို့ ကျွန်မမှာ အားတက်ရ၊ ဝမ်းသာရပါတယ်။ ဆရာတော့်ကျောင်းတိုက်မှာ စနစ်တကျ ပြုပြင် သင်ကြားပေးထားလို့ အင်မတန်မှ စည်းကမ်းသေဝပ်မှု ရှိတဲ့ သာမဏေ ငါးပါးရှိပါတယ်။ အကြီးဆုံးက ဆယ်နှစ်ကျော်ကျော်လောက်ရှိပြီး အငယ်ဆုံးက ရှစ်နှစ်လောက်ပဲ ရှိပါလိမ့်မယ်။ သူတို့အားလုံး "ဇဖဲ" က ချည်းပဲလို့ သိရပါတယ်။ သူတို့ကို စာမေးပွဲအဆင့်ဆင့် ဖြေနိုင်ကြဖို့အတွက် နေ့စဉ် စာချပေးနေရပါတယ်။ မင်းဘူးမြို့ပေါ်မှာ ဝိနည်းစာပြန်ပွဲတွေ ကျင်းပတဲ့အခါ သွင်းပေးနိုင်အောင် ကြိုးစားပြီး သင်ပေးနေရသလို သူတို့ကလည်း ကြိုးစားပြီး ကျက်မှတ်ကြပါတယ်လို့ သိရတော့ ဒီသာသနာ့ ပျိုးခင်းကလေးကနေပြီး သာသနာတော်ကြီးရဲ့အကျိုးစီးပွားကို အထောက်အပံ့ပြုနိုင်ပါစေလို့ ကျွန်မ ဆုတောင်းမိပါတယ်။

အဲဒီနေ့က ကိုရင်ငါးပါးလုံး ဆွမ်းခံက ပြန်ကြွလာတော့ အကြီးဆုံးဖြစ်တဲ့ ကိုရင်က စနစ်တကျကြပ်မတ်ပြီး ဆွမ်းအားလုံးကို ကြွေဇလုံကြီးတစ်လုံးထဲ စုပေါင်းထည့်ပါတယ်။ ဟင်းတွေကိုလည်း ဇလုံတစ်လုံးထဲ အားလုံး လောင်းချပါတယ်။ ပြီးတော့မှ ဟင်းရွက်ကြော်အချင်းချင်း၊ အသီးအနှံ အချင်းချင်း အားလုံး စုပေါင်းထားပြီးတဲ့နောက်မှာတော့ သပိတ်တွေကိုဆေးကြပါတယ်။ ဆေးပြီး နေပူထဲလှန်းကြပါတယ်။ ခြောက်သွားတော့ အဝတ်သန့်သန့်နဲ့ သုတ်ကြပါတယ်။ အချင်းချင်း စကားပြောသံ၊ အလုပ်လုပ်နေလို့ အိုးသံခွက်သံဆိုတာ လုံးလုံးမကြားရပါဘူး။





ဒယ်အိုးတစ်လုံးထဲမှာ ခြောက်နေအောင်နွေးထားတဲ့ ဟင်းမိုးစုံကို တွေ့လို့ အကြီးဆုံး ကိုရင်လေးကို အဲဒါ ဘယ်တုန်းကဟင်းတွေလဲလို့ လျှောက်တော့ အရက်စားပြီးကျန်တာကို နွေးထားတာပါတဲ့၊ အရက်မှာ ဆွမ်းမခံပါဘူး။ နေ့ဆွမ်းက ကျန်တဲ့ ဟင်းကို မသိုးရအောင် ခြောက်ခြောက်သွေ့သွေ့ နွေးထားပြီး ဆွမ်းစားကြရတယ်လို့ ပြောပြပါတယ်၊ လျှပ်စစ်မီးဖိုတစ်လုံးတွေ့လို့ အဲဒီမီးဖိုနဲ့ ချက်သလားလို့ ထပ်လျှောက်တော့၊ ဟင်းနွေးတာပါ။ ဒီမီးဖိုကို မချက်ပါဘူးတဲ့။ အားလုံး စနစ်တကျနဲ့ ဆရာတော်အတွက် ဆွမ်းဝိုင်း၊ သူတို့အတွက် ဆွမ်းဝိုင်းဆိုပြီး ဆွမ်းနှစ်ဝိုင်း ပြင်ပြီး အပေါ်က ဆန်ကာနဲ့ အုပ်ထားပါတယ်။ ခဏနေတော့ ဆရာတော် ဆွမ်းခံကြွရာက ပြန်လာတာကို ကိုရင်ကြီးက သွားကြိုပြီး သပိတ်ကို ယူပါတယ်။ အမြင် အေးဖွယ်ရာ မြင်ကွင်းတွေပါ။ အရပ်ထဲက ကျွန်မတို့ ကလေးတွေရဲ့ စည်းကမ်းနဲ့ ဘယ်လိုမှ နှိုင်းယှဉ်လို့မရနိုင်တဲ့ မြင်ကွင်းတွေပါပဲ။

အဲဒီနေ့က မနက်စာကို ဆရာတော်ကျောင်းမှာပဲ စားကြပါတယ်။ ကျွန်မတို့ရဲ့ ဦးပဥ္စင်းလေးကလည်း ခုချိန်ထိ ပြန်မကြွလာသေးလို့ လက်မှတ်မှ ဝယ်လို့ရပ့ါမလား ဆိုပြီး တူမလေးက စိတ်ပူသလို ပြောတော့ ဆရာတော်စိုးညာဏက ကားတွေ အများကြီးထွက်ပါတယ် မပူပါနဲ့လို့ မိန့်တယ်။ ထမင်းစားပြီး စကားပြောဖြစ်ပါတယ်၊ စာသမားချင်းတွေ့တော့ မဂ္ဂဇင်းတွေအကြောင်း ပြောမိပါတယ်၊ ဂျာနယ်အစုံ မင်းဘူးကို မရောက်ပါဘူး။ ဖတ်ချင်ရင် မကွေးဘက် တက်ပြီး ဝယ်ရတယ်၊ ဖတ်ချင်တဲ့ စာအုပ်ကို ကြိုတင်ပြီး မှာထားရတယ်ဆိုတာတွေနဲ့ နယ်က စာဖတ်ချင်သူများရဲ့ အာသီသတွေကို ဆွေးနွေးမိနေတော့ အငယ်ဆုံးကိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကလေးဟာ သူ့အိပ်ရာလိပ်ကလေး ယူထုတ်လာပြီး သူ့အိပ်နေကျ နေရာကလေးမှာ တိတ်တိတ်ဆိတ်ဆိတ်ကလေး အိပ်ရာခင်းပြီး အိပ်နေတာကို တွေ့လိုက်ရတယ်။

ဩော်... သာသနာတော်အတွင်းမှာ ခုအရွယ်လေးက စပြီး ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်အားကိုယ်ကိုးနေကြရတာဟာ သူတော်ကောင်းတို့ရဲ့ ဓလေ့ပါလားလို့ ပီတိဖြစ်ရပါတယ်။

တပေစကားပြောရင်းက အေးစေတီဘုရားသမိုင်းကို သိချင်လို့ ဘယ်ခေတ်လောက်က တည်ခဲ့ပါသလဲ လျှောက်တော့ အတိအကျတော့မသိပါဘူး။ ဒါပေမယ့် (၁၉၀၁) ခုနှစ်ထုတ် ဗြိတိသျှမြေပုံမှာ ပါလာတဲ့ အမှတ်အသားကတော့ ဒီနေရာဟာ အရင်က ဇရာဝတီ ဆိပ်ကမ်းဖြစ်ခဲ့လို့ ဒီစေတီကို သင်္ဘောတံတားစေတီရယ်လို့ ခေါ်ခဲ့ကြောင်း တွေ့ရတယ်။ ဒီတော့ (၁၉၀၁) ခုနှစ် မတိုင်ခင် နှစ်ပေါင်း ဘယ်လောက်က တည်ခဲ့တယ် ဆိုတာကို ကျွမ်းကျင်သူတွေကိုယ်တိုင် ကွင်းဆင်း လေ့လာကြည့်မှသာ ပြောနိုင်ပါလိမ့်မယ်။ သူတို့မြေပုံအရ သင်္ဘောတံတားစေတီ ဆိုခဲ့ပေမယ့် အေးစေတီလို့ပဲ တွင်ခဲ့ပါတယ်။

အဲဒီနေ့က ဦးပဉ္ဇင်းလေး ပြန်ကြွလာတော့ နှစ်နာရီလောက်ရှိပြီ။ ဒီအချိန်မှာပဲ မင်းဘူးသင်္ဘောဆိပ်ကို ဆင်းတော့မယ်ဆိုလို့ ဆရာတော်ကို ကန်တော့ နှုတ်ဆက်ပြီး မင်းဘူးက ထွက်ခဲ့ပါတယ်။ မကွေးကားက ရန်ကုန်ကို လေးနာရီခွဲထွက်မယ်။ လက်မှတ်ဝယ်ခဲ့ပြီဆိုတော့ အားလုံးကိစ္စတွေ စိတ်ချသွားရပြီလို့ စိတ်အေးသွားရပါတယ်။ ဒါပေမယ့် မကွေးကား "သီဟရာဇာ" ဆိုတာက ကြေညာထားတဲ့အတိုင်း မထွက်ဖြစ်ပါဘူး။ ဒီတော့ ကားဂိတ်မှာ အစားအသောက်ဆိုင်ရယ်လို့ ဘာဆိုင်မှ





မရှိတော့ ခရီးဝေးက လာရတဲ့ ကျွန်မတို့လို ခရီးသည်တွေအတွက် ခက်ဖွယ်ရာ ကြုံပါတယ်။ လက်စသတ်တော့ ကားက ကျိုက်ထီးရိုးဘုရားကို သွားကြမယ့် ဘုရားဖူးကား ဖြစ်နေတာကိုး။ နေရာလွတ်ကျန်နေသေးလို့ ကျွန်မတို့ကို ရောင်းလိုက်တာဆိုတော့ ဦးပဉ္ဇင်းလေးက မသိရှာလို့ ဝယ်ခဲ့မိတာလေ။ ဒီတော့ တူမလေးက ဦးပဉ္ဇင်းကို ဝေဖန်စရာ ဖြစ်သွားတာပေါ့။

တကယ်တော့ ဦးပဉ္ဇင်းမှာ အပြစ်မရှိပါဘူး။ လက်မှတ် ရောင်းသူက ဘုရားဖူးကားပါလို့ ကြေညာတာမှ မဟုတ်တော့ ကျွန်မတို့လို ခရီးသည်တွေ ဒီကားပေါ်မှာ ဆယ်ဦးလောက်တော့ ပါလာပါတယ်။ စော်ဘွားကြီးဂိတ်အထိတော့ ပို့ပေးပါတယ်။ သို့ပေသည့် ဘုရားဖူးအဖွဲ့ဆိုတော့ သုံးလေးနှစ် အရွယ်ကလေးက စပြီး အသက် ငါးဆယ် ခြောက်ဆယ်အထိက တစ်မျိုး မြီးကောင်ပေါက်တွေက တစ်မျိုးဆိုတော့ ကားတစ်စီးလုံး ငရဲအိုးပွက်ပွက်ဆူသလို အော်သူအော်၊ ငိုသူငို၊ ချော့သူချော့နဲ့မုန်တိုင်းကိုဆင်လာတာပဲ။ ကားကြီးကတော့သန့်ပါတယ်။ လှပါတယ်။

ဒီလိုနဲ့ ရန်ကုန်ဂိတ်ကို မိုးစင်စင် လင်းတော့ ရောက်လာပါတယ်။ ခရီးတစ်ခုတော့ နိဂုံးချုပ်ပါပြီ။ ဒါပေမယ့် ဆရာတော်ဦးလှဲ့ ရှာပုံတော်က နိဂုံးမချုပ်သေးတာမို့ ရန်ကုန်၊ သရက်တောရကျောင်းတိုက်ထဲမှာ သီတင်းသုံးနေတဲ့ ဆရာတော်တစ်ပါးဆီကို ဆက်သွယ်ပြီး ဆရာတော် ဦးလှဲ့ လူ့ဘဝရောက်မှ ရေးခဲ့တယ်ဆိုတဲ့ "နရသာသန" ကျမ်းကြီးကို ခေတ္တငှားဖတ်ရပါတယ်။

မန္တလေးမှာ သီတင်းသုံးနေတဲ့ ဆရာတော်တစ်ပါးရဲ့ အစ်ကို အညီနဲ့ ဆရာတော်ဦးလှဲ့ သီတင်းသုံးတော်မူခဲ့တဲ့ ကင်းဝန်မင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှု ကျောင်းတိုက်ကြီးရဲ့ ဓာတ်ပုံနဲ့ ဆရာတော်ကြီးဦးလှဲ့ရဲ့ ဓာတ်ပုံကိုလည်း ရပါတယ်။ ရာပုံတော်ကြီးကို အောင်မြင်စွာ နိဂုံးချုပ်နိုင်အောင် ကူညီမှုပေးကြတဲ့ အားလုံးကို ကျေးဇူးတင်ပါကြောင်းနဲ့ မင်းဘူး အေးစေတီဘုရားဝင်းမှာ ဓာတ်ပုံရိုက်ကူးပေးလိုက်တဲ့ရွှေပြည်အေး၊ ကိုမောင်မောင်သိန်းကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုပါတယ်။





# လူဝင်စားက ဖော်ထုတ်ပေးသည့် လူ့သတ်မှု

ဘဝကို ပုထုဇဉ်တိုင်း တပ်မက်ကြပါတယ်။ "လူဖြစ်ရပါလို၏။ ဗြဟ္မာဖြစ်ရပါလို၏။ ယောကျ်ားကောင်း ဖြစ်ရပါလို၏" လို့ ဆုတောင်းတတ်ကြပါတယ်။ ကျွန်မ၏ မိတ်ဆွေ "ဒေါ်ခင်စိန်" လွန်ခဲ့သော ခြောက်လလောက်က ကွယ်လွန်သွားရှာသည့် ဆရာကြီး ဦးရွှေအောင်၏ ဇနီးဆို ပါလျှင် "ရက္ခစိုး" ဖြစ်ရပါလို၏လို့ ဘုရားရှိခိုးပြီးတိုင်း ဆုတောင်းတယ်။ ဘာဖြစ်လို့ ရက္ခစိုးဖြစ်ချင်တာလည်း ကျွန်မ မေးတော့ ရက္ခစိုးဖြစ်တော့ အသက်ရှည်တယ်၊ အသက်ရှည်တော့ နောင်ပွင့်တော်မူမယ့်အရိမေတ္တေယျဘုရားကို ဖူးချင်လို့ပါ ဆိုပြီး သူ ရှင်းပြပါတယ်။

ဘဝကို ဆုတောင်းလို့ရသလား လုပ်မှရသလားဆိုတာ သူနှင့် မဆွေးနွေးမိလိုက်ပါ။ ကျွန်မစိတ်ထဲမှာတော့ ဘဝဆိုတာမျိုးကို လုံး မလိုချင်ပါ။ ဘယ်ဘဝကိုမှ မတောင့်တမိပါ ဘဝတို့ပြတ်ချင်လှပါ၏



www.burmeseclassic.com

www.burmeseclassic.com



ဘဝကိုပြတ်စေတဲ့ နည်းလမ်းကောင်းများကိုသာ လေ့လာ ကြိုးစား အား ထုတ်နေမိပါတယ်။ ဘဝများစွာမှာ သူများက သတ်လို့ ကိုယ်သေရတဲ့ ဘဝ၊ ကိုယ်က သတ်ခဲ့လို့ သူများသေရတဲ့ဘဝ၊ လူသေပြီး လူပြန်ဖြစ်ရ တဲ့ ဘဝ၊ လူသေပြီး ဝိညာဉ်ချုပ်ကာနီးကလေးမှာ "အာသန္နကံ" ဆိုတဲ့ အနီးကပ်ဆုံး စွဲလမ်းသွားမိတဲ့ ဇောစိတ်ကြောင့် နတ်ဖြစ်ရတယ်။ အဟိတ် တိရစ္ဆာန်ဖြစ်ရတယ် ဆိုတာတွေဟာ စာတွေမှာရော ငါတွေ့မှာ ပါ ကြုံတွေ့ခဲ့ရပေါင်းများလှပြီမို့ ဘဝဆိုတာကြီးဟာ ကြောက်စရာကြီးပါ ကလားလို့ သံဝေဂဖြစ်ရပါတယ်။

ကျွန်မအမေရဲ့ညီမဝမ်းကွဲတော်တဲ့ ဒေါ်ဆန်းမေဆိုတာ သူ့ကို မွေးလာတော့ လက်နှစ်ဖက်လုံးမှာ လက်သန်းက လက်ညှိုးအထိ ဓားနဲ့ ခုတ်ဖြတ်ထားသလို တိတိရိရိပြတ်နေတာကို တွေ့ရပါတယ်။ လက်မ နှစ် ဖက်လုံးကတော့ အကောင်းပကတိပါ။ လက်ချောင်းကလေးတိုင်းမှာ လက်ဆစ် တစ်ဆစ်စီပဲ ပါလာတယ်လို့ ပြောရမှာပါ။ ခြေနှစ်ဖက်လုံးမှာ လည်း ခြေအလယ်၊ ခြေညှိုးကလေးတွေ လက်ချောင်းတွေအတိုင်း ပြတ် လာပါတယ်၊ ခြေသည်း လက်သည်းတွေ ပါမလာကြပါဘူး။ ပြီးတော့ ခြေ ကျင်းဝတ်နှစ်ဖက်လုံးမှာ ကြိုးနဲ့ ချည်နှောင်ထားသလို ခြေကျင်းဝတ် နှစ်ဖက်လုံး သိမ်ဖနေတဲ့ အမှတ်အသားကြီးက ထင်းနေပါ တယ်။

ဒီကလေးဟာ လူဝင်စားဖြစ်လိမ့်မယ်၊ စကားပြောတတ်တဲ့အခါ သူ့ဘဝဟောင်းကိုမေးရမယ်။ သူ့ဘဝဟောင်းကို သတိမေ့မသွားရအောင် သူ့ကို ကြက်ဥ၊ ဘဲဥ၊ ငန်းဥ၊ ငါးဥ ဘာဥကိုမှ မကျွေးနဲ့လို့ မိဘ ဘိုးဘွား တွေက မှာတယ်၊ လူဝင်စားလို့ ထင်မှတ်ရသူတွေကို အဲသလို ဘာဥကိုမှ မကျွေးရဘူး ဆိုတာ ရှေးလူတွေမှာ အစွဲအလမ်း ရှိခဲ့ကြတယ်။ ဇကန် မှန်





တယ်လို့တော့ ယူဆလို့ မရပါဘူး။ ဒေါ်ဆန်းမေ စကားပြောတတ်တော့ အားလုံးကထင်တဲ့အတိုင်း သူဟာ လူဝင်စားဖြစ်နေပါတယ်။ သူပြန်ပြော ပြတာက သူတို့ အားလုံး သုံးယောက် ပင်လယ်ထဲ သမ္ဗာန်နဲ့ ခရီးသွားရင်း ဓားပြတိုက်ခံရတော့ ဓားပြတွေက သူတို့ကို လက်နောက်ပြန်ထားပြီး ခြေထောက်နှစ်ဖက်နဲ့အတူ ကြိုးချည်ထားတယ်။ နောက်တော့ အားလုံး ကို ဓားနဲ့ ခုတ်သတ်ပြီး အလောင်းတွေကို ပင်လယ်ထဲ ကန်ချသတ်လို့ သေခဲ့ရတာဖြစ်တယ် ဆိုတာကို ပြောပြတယ်။ အဲဒီ ဒေါ်ဆန်းမေဟာ သီလရှင်ဝတ်ပြီး အရိုးထုတ်သွားပါတယ်။ ယောက်ျားဘဝက မိန်းမဖြစ် လာရပေမယ့် အင်မတန် သိမ်မွေ့နူးညံ့ပါတယ်။ ကြောက်စရာကောင်း တဲ့ ဘဝတွေပါပဲ။

ဒေါ်ဆန်းမေလိုပဲ သူများသတ်လို့သေသွားရတဲ့လူတစ်ယောက် အကြောင်းကို ထူးဆန်းလို့ မှတ်မိနေတာ ရှိပါသေးတယ်။ စာတွေ့ ဖြစ်ပါ တယ်။ (ဂန္ထလောကမဂ္ဂဇင်း၊ အတွဲ ၁၅ အမှတ် ၈၆) မှာ ဖတ်ခဲ့ဖူးတာပါ။ ရေးသူကိုတော့ မမှတ်မိတော့ပါဘူး။ အဖြစ်အပျက်က ကြာခဲ့ပြီကိုး။

မြန်မာနိုင်ငံအောက်ပိုင်း၊ မြစ်ဝကျွန်းပေါ်ဘက်မှာ ဖြစ်ခဲ့တာပါ။ ကျွန်မ အသက်ဆယ်နှစ်လောက်က ဖတ်ခဲ့ဖူးတာဆိုတော့ ၁၉၃၅ ခုနှစ် လောက်က ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ဖြစ်ပါလိမ့်မယ်၊ လေ့ငယ်တစ်စင်း ပေါ် သင်ဖြူးဖျာတွေ တင်လာပြီး မြစ်စဉ်တစ်လျှောက် ကမ်းကပ်လှည့် ရောင်းနေတဲ့ ဇနီးမောင်နှံတစ်စုံ ရှိတယ်။ သူတို့မှာ အသက်ကိုးနှစ် ဆယ် နှစ်အရွယ် သားလေးတစ်ယောက် ပါလာတယ်။

တစ်နေ့တော့ ကမ်းကပ်လှေဆိုက်ပြီး ဈေးရောင်းဖို့ အမေကြီး သူက သူ့လှေကို လျှိုကလေးတစ်ခုထဲ သွင်းနေတုန်း အင်ခတ္တေ အေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးပြီး စကားနည်းလှတဲ့ သားလေးက –

"အဘရေ ကျုပ်ကို သူတို့ ဝိုင်းပြီး သတ်ကြတာ ဒီနေရာမှာပေါ့"

လို့ ထအော်ပြောတယ်။ ဒီနေရာကလေးက ခနီပင်၊ လမုပင်ကလေးတွေ တောဖြစ်အောင် ပေါက်နေတဲ့ နေရာကလေးမို့ တုန်ကင်း၊ သမ္ဘာန်တွေ ဆိုက်ကပ်လို့ အဆင်ပြေပြီး လှေဆိပ်တစ်ခုလို ဖြစ်နေတဲ့ နေရာကလေးပဲ။ သားလေးက အဲသလိုပြောတော့ သူ့အမေက လန့်သွားတယ်။

"ဟဲ့ ... လူကလေး၊ ဘာတွေ လျှောက်ပြောနေတာလဲ"

လို့ ဟန့်လိုက်တယ်။ ဒါပေမယ့် ကလေးက ထပ်ပြောပြန်တယ်။

"ဟုတ်တယ် ဒီနေရာမှာ ကျုပ်တို့လှုစု တုန်ကင်းကို ကပ်ပြီး ညအိပ်ကြတယ်။ အဲဒီညက သိပ်အေးတာပဲ၊ ချမ်းလွန်းလို့ ကျုပ်မှာ တော်တော်နဲ့ အိပ်မပျော်ဘူး၊ ဒီအချိန်မှာ သူတို့လှုစု တုန်ကင်းပေါ် တက်လာကြတယ်"

အမေက သူ့သားကို အံ့သြပြီး စိုက်ကြည့်လိုက်တယ်။ နတ်ဝင်နေတာလား၊ ဒါမှမဟုတ် သူ့သားကို ဘာကောင်တွေက ပူးကပ်ပြီး ပြောနေတာလဲလို့ တွေးတယ်။ ဘာဖြစ်လို့ အဲသလို တွေးမိတာလဲ ဆိုတော့ သူ့သားဟာ ဒီနေရာကို တစ်ခါမှ မရောက်ဖူးတဲ့အပြင် စကားများများလည်း တစ်ခါမှ ဒီလိုမပြောဖူးလို့ပဲ။ အဲသလို သားကပြောနေတုန်း အဖေဖြစ်သူက အနားရောက်လာပြီး –

"လူကလေးက တုန်ကင်းကြီးနဲ့ ဒီနေရာကို ဘာလာလုပ်တာလဲ"

လို့ မေးလိုက်တယ်။





"စပါး လာဝယ်တာလေ ... ကျုပ်ကို မြို့က ဆန်ကုန်သည်တွေက ငွေထုတ်ပေးလို့ နှစ်တိုင်း ဒီရွာကိုလာပြီး စပါးဝယ်ပေးရတာ ... သူ့ဌေး အဝယ်တော် ဆိုပါတော့"

သူ့စကားကို အမေက ဒီတော့မှ ပိုအံ့သြသွားပြီး –

"ခုနက လူကလေးပြောတာ ကြားလိုက်ပါတယ်။ သူတို့လှုစု တုန်ကင်းပေါ် တက်လာကြတယ်ဆို ... တက်လာပြီး ဘာလုပ်သလဲ"

လို့ မေးတယ်။ သားက ပြန်ဖြေတယ်။

"ကျုပ်တို့ တုန်ကင်းပေါ်မှာ ကင်းသမားရှိတယ်။ ဒါပေမယ့် ချမ်းလွန်းတော့ ကင်းသမားက စောင်ခေါင်းမြီးခြုံပြီး ကွေးနေရာက အိပ်ပျော်သွားတယ်။ လူသုံးယောက် တက်လာတော့ ကင်းသမား မသိတော့ဘူး။ သူတို့က ကင်းသမားကိုင်တဲ့ ဝါးရင်းတုတ်ကို ယူလိုက်တယ်၊ တုန်ကင်းမှာ ထွန်းထားတဲ့ မီးအိမ်ကို ရေထဲကန်ချလိုက်ပြီး ကျုပ် အိပ်နေတဲ့ နေရာကို လာကြတယ်။ အားလုံးကို ကျုပ်က အိပ်မပျော်တော့ မြင်နေရတယ်။

သူတို့က ကျုပ် ခေါင်းအုံးအောက်မှာထားတဲ့ ငွေတွေကို ယူတယ်။ ကျုပ်ကိုယ်ထဲမှာပတ်ပြီး ဝှတ်ထားတဲ့ ငွေတွေကိုလည်း ယူတယ်။ ဂုန်နီအိတ်ထဲထည့်ပြီး တုန်ကင်းကြမ်းခင်းအောက်မှာ ဝှက်ထားတဲ့ ငွေတွေကိုတော့ သူတို့ ရှာမတွေ့သွားဘူး။ ကျုပ်က မပြောဘူး လာကြပါဦးမှာ ကယ်ကြပါအုံးလို့ အော်တော့ ကင်းသမားက နိုးလာပြီး ကျုပ်ဆီ ပြေးလာတုန်း သူတို့ ဓားနဲ့ ဝိုင်းခုတ်သတ်ပြီး မြစ်ထဲ တွန်းချလိုက်တယ်။ သားငယ်က အဲသလိုပြောပြပြီး ပါးစပ်ပိတ်လိုက်တော့ အဖေက မေးတယ်။

"လူလေးက သူတို့ကို ဘာမှပြန်မလုပ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ -

"ကျုပ်က သူတို့ကို ဘာလုပ်နိုင်မှာလဲ ... ဒါကြောင့် သူတို့ ကျုပ်ကိုပါ ခုတ်သတ်ပြီး မြစ်ထဲ ပစ်ချလိုက်ကြတယ် ... သိပ်ရက်စက်ကြတာပဲ"

လို့ သားက ပြောတယ်။

ဒီတော့ အဖေဖြစ်သူက သူ့သားစကားကို အလေးအနက် စဉ်းစားတယ်။ လွန်ခဲ့တဲ့ ရှစ်နှစ် ကိုးနှစ်လောက်တုန်းက သူနဲ့ တစ်ရွာတည်းသား၊ သားချင်းဆွေမျိုးတော်တဲ့ ကိုရွှေအုပ်အကြောင်းကို သတိရလိုက်တယ်။ ကိုရွှေအုပ်ဟာ စပါးပွဲစား၊ စပါးအဝယ်တော် ဖြစ်တယ်။ အကျင့်သီလကောင်းလို့ သူ့ကို ကုန်သည်သူဌေးတွေက ယုံကြည်ပြီး စပါးပေါ်ချိန်ရောက်လာရင် ငွေကို ကြိုတင်ပေးပြီး စပါးဝယ်ခိုင်းလေ့ရှိတယ်။ ဒီတော့ စပါးပေါ်ချိန်မှာ ငွေထုပ်ပိုက်ပြီး ရောက်လာတတ်တဲ့ ကိုရွှေအုပ်အလုပ်အကိုင်ကို ကျေးရွာသားအားလုံးက သိနေကြတယ်။

တစ်ခုသော နှစ်မှာတော့ လာနေကျ ဝယ်နေကျ ရွာတွေကို သူ ရောက်မလာတော့ဘူး၊ ကိုရွှေအုပ် ပျောက်သွားပြီ။ ဘယ်ကိုရောက်သွားမှန်း စုံစမ်းလို့မရဘူး။ ငွေရှင်ကြေးရှင်တွေက ကိုရွှေအုပ် သူတို့ငွေတွေကို ယူပြီး ထွက်ပြေးသွားပြီလို့ ပုလိပ် (ရဲ) ကို တိုင်တယ်။ ပုလိပ်က စုံစမ်းတော့ ခါတိုင်းနှစ်တွေမှာလိုပဲ သူဆိုက်ကပ်လေ့ရှိတဲ့ မြစ်ကမ်းမှာတုန်ကင်းသုံးစင်းကိုတွေ့ကြတယ်။ စပါးထမ်း စပါးသယ်ဖို့ခေါ်သွားတဲ့အလုပ်သမားတွေကိုပါ တစ်ယောက်မှ မတွေ့ရတော့ဘူး။ ကိုရွှေအုပ်နဲ့ အတူ အားလုံးပျောက်နေကြတယ်။ တုန်ကင်းပေါ်မှာ ရေနံ့ဆီမီးအိမ်တစ်လုံး ကျကွဲနေတယ်။ တုန်ကင်း ကြမ်းပြင်ပေါ်မှာ ရေနံဆီတွေ ယိုစီးနေတာကို တွေ့ရ





တယ်။ ပုလိပ်တွေက တုန်ကင်းကြမ်းပြင်တွေကိုပါ ခွာထုတ်ပြီး စေ့စေ့စပ်စပ် ရှာကြတော့ ဂုန်အိတ်တစ်လုံးနဲ့ ထည့်ထားတဲ့ ငွေအတော်များများကို ထောင်နဲ့ ချီပြီး တွေ့လိုက်ရတယ်။ ဒီလောက်ပဲ သဲလွန်စရလိုက်တယ်၊ ဘာကို မှ စုံစမ်းလို့ မရကြဘူး။ သူဌေးတွေကတော့ ကိုရွှေအုပ်သူတို့ ငွေတွေကို ယူပြီး တစ်နေရာရာကို တိမ်းရှောင်ထွက်ပြေးသွားပြီ၊ ဇာတ်မြှုပ်သွားပြီး လူချမ်းသာ အဖြစ်ကို ရောက်သွားပြီးလို့ပဲ ထင်ကြတယ်။ အစိုးရကလဲ ဒီ အတိုင်းပဲ ယူဆတယ်။ ဒါပေမယ့် ကိုရွှေအုပ်ဟာ တကယ် အဲသလို လုပ်သွားမယ်ဆိုရင် ဘာဖြစ်လို့ ထောင်ကျော် ငွေထုတ်ကြီးကို ထားခဲ့ရသလဲ ဆိုတာက တွေးစရာ ဖြစ်နေတယ်။ လပေါင်းနှစ်ပေါင်းကြာအောင် ဒီအမှု ကို စုံစမ်းကြတယ်။ လူသတ်မှု သဲလွန်စကို အစအနမှ မမြင်ရတော့ လက်လျှော့လိုက်ရတယ်။ အမှုကိုတော့ ပိတ်မပစ်သေးဘူး။ ပုလိပ်ဘက်က အဲသလို လာစုံစမ်းတိုင်း အခင်းဖြစ်ပွားတဲ့ (တုန်ကင်းတွေ တပ်ထားတဲ့) ရွာက သူကြီး ကိုစံချိန် ဆိုတာကလည်း အစွမ်းကုန် အကူအညီပေးပါ တယ်။

နောက်ဆုံးတော့ ကိုရွှေအုပ်ကို ရင်းရင်းနှီးနှီး သိနေ ခင်နေတဲ့ သူကြီးကိုစံချိန်ကပါ ကိုရွှေအုပ်ဟာ ပစ္စည်းဥစ္စာကို မက်မောတဲ့ လောဘတဏှာက ဦးဆောင်လို့ ခုလို မလုပ်သင့် မလုပ်ထိုက်တဲ့ အလုပ်ကို လုပ်သွားတာပဲ ဖြစ်မယ်လို့ စိတ်မချမ်းမသာ ပြောလိုက်တယ်၊ ခုတော့ ကိုရွှေအုပ်ကို သွေးသားရင်းတွေက လွဲပြီး ဘယ်သူမှ သတိမရကြတော့ပါဘူး။ ကိုရွှေအုပ် သေသလား၊ ရှင်သလားလို့လဲ ဘယ်သူမှ အတပ်မပြောနိုင်ကြတော့ဘူး။ အဲဒီအားလုံးကို စဉ်းစားလိုက်မိတဲ့ ဖခင်ဟာ သူ့သားစကား ထူးထူးဆန်းဆန်းတွေကို နားထောင်နေမိရင်း ... [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကိုရွှေအုပ် သေသွားပြီး ဝင်စားလာတာလားလို့ တွေးမိရင်းက -

"သားကို တုန်ကင်းပေါ် တက်လာပြီး အားလုံးကို သတ်သွားတာ ဘယ်သူတွေလဲ၊ လူလေး သိလား"

လို့ မေးလိုက်တယ်။ သားက ပြန်ပြောတယ်။

"ကျုပ်ကို ခုတ်တဲ့လူကိုတော့ ကျုပ် မသိဘူး၊ သူ့မျက်နှာက မှောင်ရိပ်ထဲ ရောက်နေတယ်။ ကင်းသမားကို ခုတ်တဲ့သူကိုတော့ ကျုပ် ကောင်းကောင်းမှတ်မိတယ်"

ဆိုတော့ အမေဖြစ်သူက သူယောက်ျားကို လှမ်းအော်တယ်။

"ကလေးကို ဘာတွေ လျှောက်မေးနေတာလဲ"

တဲ့။ ဒါပေမယ့် သူ့ယောက်ျားက နားမထောင်ဘူး၊ သူ့သားကို ဆက်မေးပြန်တယ်။

"လူလေး မှတ်မိတယ် ဟုတ်လား ... ဒါဖြင့် ပြောစမ်း ဘယ်သူလဲ ... ဘယ်သူလဲ"

"ကိုစံချိန်လေ ... ဒီရွာက သူကြီး ကိုစံချိန်ပေါ့"

သူကြီး ကိုစံချိန်ဆိုသူမှာ ရွာမှာ အထူးသြဇာရှိနေပြီ။ ဘုရားဒကာ၊ ကျောင်းဒကာလဲ ဖြစ်နေပြီ။ ကြေးရတတ် လူချမ်းသာ လူကြီး လူကောင်းဖြစ်နေပြီ။ ငါ့သားကို၊ ကိုရွှေအုပ်ကို သူသတ်ခဲ့တာပဲ။ ဒါကို ငါ ဖော်ထုတ်ရမယ်။ ကိုရွှေအုပ်ဂုဏ်ကို ငါပြန်ဆယ်ရမယ် ဆိုတဲ့ အတွေးတွေ ဖျာသည်ကြီး ခေါင်းထဲကို ဝင်လာတယ်။

ဒါကြောင့်မို့ နယ်လှည့်ထွက်လာတဲ့ မြို့အုပ်မင်းကို ဒီအဖြစ်အပျက်အားလုံး သူ သွားပြောပြတယ်။ ပထမတော့ ဗဟုသုတနည်းပါးသူတွေမှာ လူဝင်စားတာတို့၊ စုန်းပူးနတ်ပူးတာတို့ကို ယုံလွယ်ကြတယ်





လို့မြို့အုပ်မင်းက မယုံချင်ဘူး၊ လက်မခံချင်ဘူး။ ကိုရွှေအုပ်အဖြစ်အပျက်တွေကို ကြားဖူးထားပေမယ့် အယူသီးပြီး လုပ်ကြံပြောတာလို့ ထင်နေတယ်။ ကလေးကိုတွေ့ပြီး ကျကျနန မေးတော့မှ လက်ခံ ယုံကြည်စရာ ဖြစ်လာရတယ်။

ခက်နေတာက သူကြီးကိုစံချိန်မှာ နာမည်ပျက်မရှိဘူး။ အကျင့်စာရိတ္တနဲ့ ပတ်သက်ပြီး အစွန်းအကွက် မရှိဘူး။ စဉ်းစားပြီး ကိုင်တွယ်တတ်ဖို့ အများကြီး လိုအပ်တယ်။ သံသယဖြစ်စရာ တစ်ခုတော့ ရှိနေတယ်။ ကိုစံချိန်ဟာ အလျင်က ဆင်းရဲခဲ့တယ်။ ခုမှ ငွေတွေ ဘယ်လိုရလာပြီး ဘယ်လို ချမ်းသာလာတာလဲ။ ဒီအချက်ကို အခြေခံပြီး ကိုစံချိန်ကို ကိုင်တွယ်ရမယ်လို့ မြို့အုပ်မင်းက စဉ်းစားတယ်။

တစ်နေ့တော့ မြို့အုပ်မင်းက သူ့မော်တော်ကလေးနဲ့ ကိုစံချိန်တို့ ရွာကို ရောက်လာတယ်။ မြစ်ပြင်အတိုင်း ပျော်ပွဲစားထွက်ချင်လို့ သူကြီး လိုက်ခဲ့ပါလို့ ကိုစံချိန်ကို ခေါ်တယ်။ မော်တော်ပေါ်မှာ ဖျာသည်မိသားစုကိုပါ ခေါ်လာတယ်။ အဲသလိုနဲ့ မော်တော်ကလေးဟာ ခုတ်မောင်းလာရင်း ကိုရွှေအုပ်တို့ အခင်းဖြစ်ပွားတဲ့နေရာ၊ တုန်ကင်းကြီးတွင် တွေ့ရတဲ့ ခနီတော၊ လမုတောတွေ ရှိတဲ့ မြစ်ကမ်းစပ်နေရာကို ရောက်လာတော့ မြို့အုပ်မင်းက မော်တော်ကို ရပ်ခိုင်းလိုက်တယ်။ တင်းကပ်ရအောင် လို့ ပြောတယ်။ အဲဒီမှာ သူကြီးစံချိန် အမူအရာ ပျက်လာတာကို မြို့အုပ်မင်းက မြင်လိုက်တယ်။

"ဒီနေရာဟာ မော်တော်ဆိုက်ဖို့ နေရာကောင်း မဟုတ်ဘူး"

လို့ ကန့်ကွက်တယ်။ သူကြီးက အဲသလို ကန့်ကွက်သည့်ကြားထဲမှာပဲ ကလေးက ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ အဲဒီညက တုန်ကင်းတွေ ကမ်းကပ်ပြီး အိပ်ကြတာ ဒီနေရာပေါ့"

ကိုစံချိန် ဖျတ်ခနဲ တုန်လှုပ်သွားပြီး ကလေးကို လှည့်ကြည့်တော့ -

"စံချိန် ခင်ဗျားရော ... မှတ်မိတယ် မဟုတ်လား ... အဲဒီညက အေးလဲ သိပ်အေးတာပဲ"

လို့ပြောတယ်။ ကိုစံချိန်ဟန်မဆောင်နိုင်တော့ပါဘူး။ ကလေးရှေ့မှာထိုင်ချပြီးငိုတော့တာပဲ။ သူ့အပြစ်တွေကို ခွင့်လွှတ်ပါလို့လဲကလေးကို တောင်းပန်တယ်။

"မင်းကိုသတ်တာ ... ကျုပ် မဟုတ်ဘူးကွယ် ... ရွာကြီးသားဖိုးတုတ်ပါ"

လို့ ဖွင့်ဟဝန်ခံတယ်။ မြို့အုပ်မင်းက ရွာကြီးသားဖိုးတုတ်ကို ဖမ်းစစ်တော့ သူ့အပြစ်ကို ဝန်ခံတယ်။ ကိုရွှေအုပ်ကို ဖိုးတုတ်က သတ်တယ်။ ကင်းသမားကို ကိုစံချိန်က သတ်တယ်လို့ ဖြောင့်ချက်ပေးကြတယ်။ ဖိုးတုတ်မှာ ဒီပြစ်မှုတစ်ခုတည်းမကပါဘူး။ သူ ကျူးလွန်ခဲ့တဲ့အမှုတွေကို သူကြီးကိုစံချိန် အကူအညီနဲ့ လက်သည်မပေါ်အောင် ဖုံးဖိခဲ့တာတွေကိုပါ အခု ဖြောင့်ချက်ပေးလိုက်ပါပြီ။

ဒါကြောင့် သူတို့ကို အပြစ်ဒဏ်ပေးလိုက်ပါတယ်။ ကိုစံချိန်က သူကြီးမင်းဘဝက နုတ်ထွက်ပြီး ဖိုးတုတ်နဲ့အတူ ကပ္ပလီကျွန်းမှာ နှစ်ပေါင်းများစွာနေခဲ့ရင်း ဖိုးတုတ်က အလျင်သေသွားပါတယ်။

၁၉၃၂ ခု လောက်မှာ သေသွားတာပါ။ အဲဒီတုန်းက ကိုစံချိန် မသေသေးဘူး၊ ကိုစံချိန်က အတော်အသက်ကြီးသည့်အထိ နေသွားရပြီးမှ တစ်ကျွန်းမှာပဲ သေသွားရတာပါ။ မိသားစု စားသောက်ဖို့ မကောင်းမှုကိုပြုသွားတာကကိုစံချိန်ပါ။ အပြစ်ကိုခံရတော့လဲ ကိုစံချိန်တစ်ယောက်တည်းပါပဲ။ သေပြီးသည့်နောက်မှာ ခံရအုံးမယ့် အပြစ်တွေက တန်းစီပြီးစောင့်နေကြပါလိမ့်မယ်။ ကိုယ်မိုက်မှားမိတဲ့အပြစ်ကို ဘယ်သားမယား၊ သားသမီးကမှ မျှဝေမခံပါဘူး။ အင်မတန် သံဝေဂရဖို့၊ ကြောက်လန့်ဖို့ အဖြစ်တွေပါ။

ဒီအဖြစ်မှာ "ရာဇဝတ်ဘေးက ပြေးမလွတ်ဘူး" ... ဆိုတဲ့ သင်ခန်းစာကို ပြလိုက်တာမို့ စာဟောင်းပေဟောင်းထဲမှာ ဖတ်မိခဲ့တဲ့ အကြောင်းဟောင်းကို ဖော်ပြလိုက်ရပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



# သေလာမြင့်နန်းမှ လွှမ်းနေရသည်

"သက်ဆုံးတိုင် ကြင်ကြင်မယ် ... ယုံပါတော့ ခင်ခင်ရယ် သည်မောင့်မှာ သည်မောင့်မှာ ... ဂုဏ်ငယ်သူမို့ အရာရာဝယ် ဘယ်အခွေး ... တကယ်မအေး ... ပူရတယ် ... တဆိတ်ကလေး စိတ်မအေးနိုင်ဘူးကွယ့် သို့ပေမယ့် သို့ပေမယ့် ချစ်နှံ့ ... ချစ်နှံ့မပြယ်"

ဒီသီချင်းသံကို ကြားရတိုင်း မပန်းခြံရင်မှာ တုန်လှုပ်ရသည်။ နလုံးသားပြင်မှာ သွေးဒိတ်ဒိတ်တို့ ခုန်နှုန်းမြန်လာသည်ကို နားစည်ဖြင့် ပင်မခံနိုင်။ လကွယ်နေ့ညဖြစ်၍ မိုးသားပြင်သည် ကြယ်ရောင်ဘလေးများ၏ မလင်းတချို့ လင်းတချို့ကို အန်မတုနိုင်ရှာပဲ အနက်ရောင်ဘဏ္ဍာပါစကြီးနှင့် လောကကို လွှမ်းခြုံထားသလို ပန်းကုန်းရွာကလေးမှာ တစ်ရွာလုံး မည်းမှောင်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကလည်း သက်ကြီးခေါင်းချချိန် ဖြစ်နေသောကြောင့် ပန်းကုန်းရွာကလေးမှာ လူသံရော၊ ကြက်သံ၊ ခွေးသံတို့ပါ တိတ်ဆိတ်နေပါပြီ။ သစ်ရွက်ကလေးတွေကို လေတိုးနေသံသည်ပင်လျှင် ကောင်းကောင်းကြီး ကြားနေရသော ဒီအချိန်မျိုးမှာမှ သီချင်းသံသည် ဘယ်နေရာက လွင့်ပျံလာပါသနည်း။

ဟွန်း တယောသံ နွဲ့နွဲ့နှင့် လိုက်ဖက်ပါသော သူ့အသံ ချိုချိုအေးအေး ရွာတောင်ပိုင်းဆီကစပြီး လွင့်လာပြီ ဆိုကတည်းက မပန်းခြုံသည် ခေါင်းအုံးပေါ်တင်ထားသည့် သူ့ခေါင်းကလေးကို သာသာဆတ်ဆတ်ကလေးကြွကာ "ဟော … သူ လာပြီ။ သူ ဆိုလာပြီ" ဟု ထိတ်ခနဲ ခုန်လာသော ရင်ကို ညာလက်ကလေးနှင့် ဖိထားစမြဲ။

သူ … ဘယ်သူလဲ။ လကွယ်နေ့ညတိုင်းမှာမှ သူဘာဖြစ်လို့ဆိုတာလဲ။ ပြီးတော့ သီချင်းကဒီတစ်ပုဒ်တည်းလား။ သူ့အသံက ဆွေးဆွေးမြည့်မြည့်ရှိလှတာမို့ နားထောင်ရတဲ့ ပန်းခြုံရင်ထဲမှာလေ ဘယ်သူ့ကိုပဲ လွမ်းရမလိုလို၊ တမ်းတရမလိုလို ခံစားလွန်းရပါကလား။

ဩော် … တွေးရခက်လှပါကလားရှင်။

သူ ဒီရွာသားတော့ ဟုတ်မည်မထင်။

သူ့ဒီရွာမှာ သူ့လို ဟွန်း တယောထိုးတတ်သူ တစ်ယောက်မှ မရှိသည်ကိုတော့ မပန်းခြုံအသိ။ ဒီသီချင်းမျိုးကိုလည်း မကြားစဖူး။ သူ့အသံကို မျှော်ယောင်တမ်းတ၊ လွမ်းဆွေးကြွနေသလို ဆိုတတ်သူမျိုးကိုလည်း ဒီရွာနီးဝန်းကျင်မှာရှိမည်မထင်။ မပန်းခြုံခံစားနေရသည့်ဝေဒနာကို သူသိမည်လည်းမဟုတ်။ သီချင်းသံကလေး လေပြေနှင့်အတူ တဝေ့ဝေ့လွင့်ပါ ပျောက်ကွယ်သွားပါသော်လည်း သူ အိပ်မပျော်နိုင်တော့ပါ။





အတွေးများစွာတို့ ရစ်ပတ် နှောင်ဖွဲ့နေပါသော သူ့ဘဝင်စိတ်ကလေးသည် အရုဏ်ကြက်များ တွန်သံဖြာ၍ ရွာဦးကျောင်းမှ ကုလားတတ်ခေါက်သံပေါ်လာသည်အထိ အိပ်ချင်သောစိတ်တို့က လုံးလုံးမျှ မပေါ်လာ။ သည်လိုနှင့်ပင် အရုဏ်ဆွမ်းခံယူရန် ကြွလာတော်မူကြမည့် သံဃာတော်များအတွက် သူ ဆွမ်းချက်ရန် ပြင်ဆင် လုပ်ကိုင်ရပါတော့မည်။ လကွယ်ညများက များလှချေ့ပါပြီ။

သမီးမပန်းခြုံ၏ ရင်တွင်းဝေဒနာခံစားလာရချက်များကို အမေ၊ အဖေတို့ကတော့ လုံးဝမသိ၊ ဒီအချိန်ဆို အိပ်မောကျလို့ ကောင်းတုန်းပင်။ တစ်ခါ တစ်ခါဆို အမေ့နှုတ်ဖျားမှ "သမီး မပန်းခြုံ" ဟုပင် ယောင်ယောင်ယမ်းယမ်းနှင့် ခေါ်လို့များပင် နေပါရဲ့။ သမီးကို ချစ်လိုက်တဲ့ အမေရယ်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းကုန်းရွာကလေးသည် ပေါင်မြို့နယ်အတွင်းမှာရှိသည့် မွန်ရွာကလေးဖြစ်သည်။ ရန်ကုန် မုတ္တမသွား ကားလမ်းဘေးမှာရှိသော ဤရွာကလေးမှာ အိမ်ခြေတစ်ရာလောက် ရှိပါလိမ့်မည်။ မှုလတန်းကျောင်း တစ်ကျောင်းနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းသာရှိသောကြောင့် ရွာသူရွာသားချင်း ဒါနပြုလည်းအတူ၊ သီလဆောက်တည်လည်း အတူ၊ ဆရာတစ်ဦးတည်း၏ တပည့် ဒါယကာများအဖြစ် ညီညွတ်ကြသည်။ ပန်းကုန်းဆရာတော်ကြီးသည် တစ်ရွာလုံး၏အားကိုးအားထားရာဖြစ်နေသောကြောင့် မင်္ဂလာရက်မြတ်ရွေးရသည်မှာလည်း ဆရာတော်၊ သားလေး သမီးလေး အမည်ပေးရာမှာလည်း ဆရာတော်၊ အိမ်တိုင်ထူရက်နှင့် အချိန်ပေးရာမှာလည်း ဆရာတော်ကိုပဲ အားကိုးရသည်။ နေထိုင်မကောင်းလို့ပါ ဘုရားဟု ဆေးလာတောင်းကြသည်မှာလည်း ဒီဆရာတော်။ ကြာတော့လည်း ဆရာတော်ကြီးမှာ ရွာမိရွာဖ[illegible]လည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းကုန်းတစ်ရွာလုံး နီးဖျာ၊ တောင်းရက်၊ လယ်အလုပ်၊ ယာအလုပ်ဖြင့် သမ္မာအာဇီဝ အသက်မွေးမှုများကြသည်။ ရိုးသား အေးဆေးကြသည်။ ပန်းကုန်းရွာနှင့် အနီးဆုံးရွာကား ကတွန်ရွာကြီး ဖြစ်သည်။ ကတွန်ရွာက တိုက်နယ်ရွာဖြစ်၍ ပန်းကုန်း ရွာထက်လူနေအိမ်ခြေ များသည်။ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းရှိကာ တစ်ကျောင်းက ဘာသာရေးသန့်သန့်ဖြင့် သီတင်းသုံးသည်။ ကျန်တစ်ကျောင်းမှာ ကျောင်းထိုင်ဆရာတော်ကြီးကား လောကီဘက်သို့ နီးနွှယ်သည်။ ဤ ဆရာတော်ကြီးသည် ကျောင်းသားများကို ရတု၊ ရကန်၊ အဲ၊ အန်၊ လူး တား၊ ကဗျာ၊ စာပေ စသည်များကို အဆိုရော၊ အရေးအသားပါ သင်ကြားပေးသည်။ ဇာတ်သဘင် ပညာကိုလည်း ဝါသနာကြီးမားသည်။

ဤဆရာတော်ကြီးကျောင်းမှာ မိုးကာလအခါ ဇာတ်သမားများ ဇာတ်ခေါင်းကွဲချိန်ရောက်လျှင် သူတို့၏ ဆိုင်းပစ္စည်း၊ ဇာတ်ပစ္စည်းများနှင့်အတူ ကျောင်းအောက်ထပ်မှာ လာရောက် နားခိုကြသည်။ သည်အခါမျိုးမှာ ဇာတ်သဘင်အဆို၊ အပြောပညာများကို ဝါသနာပါကြသည့် လူငယ်များက ဆရာတော်ကြီးကျောင်းကို ရောက်တတ်ကြသည်။ ဇာတ်သဘင်ပညာရှင်များထံမှ သူတို့ တတ်လိုသည်များ သင်ယူကြသည်။ ပန်းကုန်းရွာသား လုလင်များကလည်း ဤကျောင်းကို ရောက်လာပြီး ဝါသနာပါရာကို သူတို့မိဘများ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ရွာချင်းဝေးလှတာ မဟုတ်၍ လာရောက် သင်ယူတတ်ကြသည်။

လူကြီးမိဘများမှာကား ဇာတ်သဘင်ပညာကို လိုက်စားလျှင် သေသည့်အခါမှာပင် "ဟာသရေဲ" သို့ ရောက်တတ်သည်ဟု အယူသီးကြီးကြ၍ သားသမီးများ ဤပညာကို သင်ယူလိုလျှင် ခွင့်မပြုချင်၊ ဇာတ်





ပညာကို သင်ပေးနေသည်ဟု ... ကတွန်က ဆရာတော်ကြီးကိုလည်း သဘောမကျချင်။ ထုတ်မပြောဝံ့၍သာ မျိုသိပ်နေကြရလေသည်။ (ကတွန်ရွာသား စစ်စစ်ဖြစ်သော ကွယ်လွန်သူ မြန်မာစာပေပညာရှိ စာရေးဆရာကြီး မွန်းဓာတုဗေဒအရာရှိ ဦးမောင်မောင်သည် ဤကတွန်း ဘုန်းတော်ကြီးထံမှာ ငယ်စဉ်အခါက ပျို့ ကဗျာ၊ စာပေများကို နိုင်နင်း တတ်ကျွမ်းသည်အထိ အဆို၊ အပြောပါ မကျန် သင်အံလေ့လာခဲ့ဖူးလေသည်။)

ရွာချင်းကပ်နေပေသည့် မပန်းခြုံမှာ ကတွန်ရွာကြီး၏ ပြုပြင်ပြောင်းလဲနေမှုများကို ဘာမျှမသိ။ တောဓလေ့ သဘာဝအတိုင်း အရွယ်ကလေးရလာသည်နှင့် အိမ်တွင်းပုန်းကြသည်။ အသက် လေးဆယ်ကျော်မှ ကံပေါ်၍ရလာသည့် ဒီသမီးကလေးကို အမေကလည်း မျက်စိအောက်က တယ်အပျောက်မခံချင်။ ဘယ်သွားသွား၊ ဘယ်လာလာ အမေက အတူပါသည်။ ရွယ်တူတန်းတူ သူငယ်ချင်းများ အပေါင်းအသင်းများနှင့်လွတ်ရသည့်တိုင် သမီးပန်းခြုံအိမ်သို့ ပြန်မရောက်မချင်း အမေ့မှာ လည်တံရှည်နေအောင် မျှော်နေမိသည်မှာအမော။

သမီး မပန်းခြုံကလည်း အနေအထိုင် ဝိပြား လိမ္မာပါသည်။ စကားကလည်း မေးနိုင်မှ ပြောသည်။ လုပ်စရာရှိသည့် အလုပ်များကို လုပ်ပြီးသည်နှင့် သမီးက အခန်းထဲပဲ ဝင်နေတော့ အမေက ပျင်းသည်။ သမီးကလေးနှင့် သူတကာ မိသားစုလို ရယ်ကား၊ ပြုံးကာနေချင်၊ ပြောချင်သည်။ တိုးတိုးဖော်အဖြစ် တိုင်ပင်ချင်သည်။ အလှူအတန်း၊ ပွဲလမ်းသဘင် ရှိလာလျှင် သူများ အမေတွေလို သမီးကလေးလက်ကို ဆွဲပြီး ကြော့ကြော့မော့မော့ လမ်းထွက်ချင်ပါသော်လည်း မပန်းခြုံက လိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါဘူး အမေရယ်၊ သွားချင်ပါဘူး အမေရယ်၊ လူတွေ ရှုပ်ကရှုပ်နဲ့ ပန်းခြံမျက်စိနောက်တယ်လို့ ငြင်းပြန်တော့ အမေ့မှာ သက်ပြင်းပဲချရပြန်သည်။

"သမီးကတစ်မျိုးပဲတော့ ကိုရင်။ သူတကာမိန်းကလေးတွေလို ဟိုသွား ဒီသွားလည်း မရှိဘူး။ ခေါ်လည်းမလိုက်ဘူး။ သူကြည့်ရတာ တစ်မျိုးပဲ။ တစ်ခါ တစ်ခါလည်း နေတာ၊ ထိုင်တာ ငေးငေးငိုင်ငိုင်ကြီး၊ တစ်ခုခုစဉ်းစားနေသလိုပဲ၊ ကျုပ်ဖြင့် အားကိုမရဘူး"

ဟု သမီးအဖေကို ရင်ဖွင့်ပြန်တော့ -

"သူ နေတတ်သလိုနေတာပါ။ တို့သမီးက ပုခက်တွင်းမှာကတည်းက အငို၊ အရယ်ရှိတာမှ မဟုတ်ပဲ။ ပူစရာမရှိ ပူမနေစမ်းပါနဲ့"

အဖေက ဝေါက်သလို ပြောသည်။ အင်းလေ ... ဟုတ်တော့လည်း ဟုတ်တာပါပဲ။ သမီးပန်းခြံဘာ တို့မိဘတွေကို ဘယ်လိုဒုက္ခမျိုးမှ ပေးခဲ့တာ မရှိပါဘူးလို့ အတွေးဝင်လာပြန်လျှင် အမေ့ရင်မှာ အေးရပြန်ပါသည်။ အမေ့ဘဝမှာ ဒီသမီးကလေးကို ငုံထားမတတ်ချစ်သည်။ သမီးဆန္ဒရှိ သမျှအားလုံးကို ဖြည့်ပေးရန်က အဆင်သင့်။ သမီးကလည်း ဘာကိုမှ ပူဆာဂျာယ်လို့ မရှိပြန်တော့ ခက်နေရပြန်၏။

ဒီသမီးကလေးကို နတ်ပေးလို့ ရလာတာ၊ ရွှေတိဂုံဘုရားကြီးကိုလေ ဖူးချင်လာတာ အပျိုဘဝကတည်းက။ ဒါပေမယ့် မိဘတွေက ဆင်းရဲတော့ မပို့ပေးနိုင်ခဲ့ဘူး။ ကံကောင်းထောက်မလို့ အိမ်ထောင်ကျပြီး ဆယ့်ငါးနှစ်ကျော်ကျော်လောက်ကြာမှ ဘုရားကြီးကို ဖူးခွင့်က ကြုံချင်တော့ ရွာကျောင်းဆရာတော်ကြီးရဲ့ တူတော်တဲ့ဘုန်းကြီးက ရွာကိုကြွလာတယ်။ သူက ရန်ကုန် တားကရားဘက်မှာ စာသွားသင်နေတာလေ။





ဒါနဲ့ စကားစပ်မိပြီး ရွှေတိဂုံဘုရားကြီး လိုက်ဖူးချင်ပါတယ်။ ပိုက်ဆံ ဘယ်လောက် ကုန်ရင် ရောက်နိုင်မှာလဲ ... လျှောက်တော့ ... တစ်ယောက်ကို ငါးဆယ်လောက်ပါရင် ရပါတယ်။ လှူတာတန်းတာကတော့ ကိုယ်နိုင်သလောက်ပေါ့ဆိုလို့ ဝမ်းသာလိုက်တာလေ။ အဲဒီနှစ်က စပါးဈေးက ကောင်းလိုက်တယ် မဟုတ်လား။ ဒီတော့ လက်ထဲမှာ ငွေ သုံးရာလောက် စုထားမိတယ်။ ရွာထဲ အဖော်စပ်လိုက်တော့ အားလုံး ငါးယောက်စုမိတယ်။ အမေနဲ့ မိန်းကလေး အဘပါဆိုတော့ ခုနစ်ယောက် ဖြစ်သွားတာပေါ့။

အမေသည် သူ့သမီးကို ဒီအကြောင်းတွေ ခဏ ခဏပြောပြသည်။ အကြိမ်ပေါင်း ဘယ်မျှရှိပြီဟု မမှတ်မိပေသည့် မပန်းခြံကတော့ အမေ့စကားအားလုံးကို တစ်လုံးမကျန်မှတ်မိနေပါပြီ။ မပန်းခြံကလည်း ဒီစကားတွေကို အမေ ဘယ်နှစ်ခါပဲပြောပြော နားထောင်ချင်ပါသည်။ အမေက ပြောပြတိုင်း စိတ်ပါဝင်စားစွာဖြင့် မပန်းခြံ မငြီးမငွေ့နားထောင်ခဲ့ပါ၏။

ဘုရားကြီးမှာလှူဖို့ ဖယောင်းတိုင်နဲ့ မီးခြစ်ကို ရွာက ဝယ်သွားတယ် ... မိန်းကလေး အဘက ... ဟိုမှာ ဝယ်လို့ရတာပဲ ... အလေးခံပြီး ဘာလို့ သယ်သွားရတာလဲလို့ အမေ့ကို အပြစ်ဆိုတယ် ... အို ... ရမှန်းတော့သိတာပေါ့ ... ကိုယ့်မှာ ပါသွားတော့ ကိစ္စမပြီးဘူးလား ... ဖယောင်းတိုင်နဲ့ မီးခြစ် သယ်သွားရတာက ဘယ်လောက် လေးတာမှတ်လို့ ... ဒီတုန်းက ဖယောင်းတိုင်က တစ်ပြား နှစ်တိုင်နဲ့ ... အတိုင်လေးဆယ် ဝယ်သွားတာက ငါးပဲဖိုး ... မီးခြစ်က နတ်သမီး တံဆိပ်ဆိုတော့ ... တစ်ဗူးကို နှစ်ပြားပေးရတာက နှစ်ဗာ ဝယ်သွားတော့ ... တစ်ပဲ ပေးရတယ်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးရဲ့ … ပြီးတော့ ဘုရားကြီးမှာ ဆွမ်းတော် တင်ရအောင်လို့ စွန်ပလွန်ယို တစ်ပိဿာ ဝယ်သွားသေးတယ် … အဲဒါက နှစ်ကျပ်ခွဲဈေး … ဝယ်ရတော့ အဖော်တွေက … ရန်ကုန်မှာ ပေါလွန်းလွန်းလို့ တစ်ပိဿာမှ တစ်ကျပ်ခွဲ … နှစ်ကျပ်ပေးရတာလို့ အမေ့ကို ဗိုင်းပြောတယ် … အိုး ပေါမှန်းသိသားပေါ့။ ကိုယ့်မှာ အဆင်သင့်ပါသွားတော့ မကောင်းဘူးလား။ တော်ကြာ ဘယ်မှာဝယ်ရမှန်း မသိလို့ ဟိုမေး ဒီမေး လိုက်မေးနေရ … မခက်ဘူးလားလို့ ပြန်ပြောလိုက်ရတယ်။

အမေသည် ရယ်ကာ မောကာ ပျော်ရွှင်စွာဖြင့် သူ့သမီး ထိုင်နေရာမှာ ဒီစကားတွေကို ခရေစေ့တွင်းကျ ရေပက်မဝင်နိုင်အောင် မမောနိုင်အောင် မမောမပန်း ပြောသည်။ သမီး ဟင်းရွက်သင်နေရာမှာ ပြောပြန်ရင်လည်း ဒီစကားပဲ။ သမီး ထမင်းချက်၊ ဟင်းချက်ရာမှာ ပြောလည်း ဒီစကားပဲ။ ပြောလို့မကုန်နိုင်။ ဒီလောက်စုံနေအောင် ပြောနေရင်းကပင် ပြောရဦးမယ် မိန်းကလေးရေ ဟု ဆိုရင်း စကားဆက်သေး၏။

ဘုရားကြီးပေါ်မှာ ရွှေတိဂုံဘိုးဘိုးကြီး ဆိုတာ ဆုတောင်းပြည့်တယ် ကြားဖူးလို့ အမေလေ အဲဒီ ဘိုးဘိုးကြီးရှေ့မှာ ချထားတဲ့ ပိုက်ဆံသေတ္တာထဲကို ပိုက်ဆံနှစ်ပြား လှူခဲ့တယ်။ ပြီးတော့ ဖယောင်းတိုင်ထွန်း၊ ပြီး ရှိခိုးရင်း ဆုတောင်းတာပေါ့။ ဘာဆုတောင်းခဲ့တယ် ထင်လဲ။ သမီးကလေးတစ်ယောက် ရပါစေဆိုတဲ့ ဆုပေါ့။ ပြီးတော့ အဲဒီ ဘိုးဘိုးကြီး နတ်ကွန်းရှေ့မှာ အဓိဋ္ဌာန်ပြုတဲ့ ကျောက်တုံးကို မပြီး သမီးကလေး ရမယ်ဆိုရင် ဖက်ရွက်ကလေးလို ပေါ့ပါစေတည်းလို့ ဓိဋ္ဌာန်ပြီး မလိုက်တာ။ တကယ်ပဲ သမီးရေ … ကျောက်တုံးဟာ ဖက်ရွက်တစ်ရွက်လို ပေါ့မှပေါ့။ လက်နဲ့ ကိုင်မလိုက်တာနဲ့ လက်ထဲကို မပါလာသလိုဘဲ။ အမေဖြင့် ဝမ်း





သာမှသာ။ အဲဒီတစ်နေ့လုံး ငါတော့ သမီးကလေးတစ်ယောက် ရတော့မှာပဲလို့ စိတ်ကူးပြီး အိပ်လို့တောင် မပျော်ခဲ့ဘူး … မိန်းကလေးရေ။

အမေပြောခဲ့သည့်အတိုင်းပင်၊ ရွှေတိဂုံဘုရားကြီးမှ ပြန်ရောက်လာပြီး မကြာခင်အတွင်းမှာ အမေ ကိုယ်ဝန်ရှိလာသည်။ အိမ်ထောင်သက် ဆယ့်ငါးနှစ်မှ ကျော်လာလေပြီ။ ထူးထူးခြားခြားပါပဲဟု မိသားစုအားလုံးက ဝမ်းမြောက်ဝမ်းသာ ခံစားကြရသလို ရပ်ထဲရွာထဲမှ ရင်းနှီးခင်မင်ကြသူများကလည်း ရွှေတိဂုံဘုရားကြီးက ပေးလိုက်တဲ့သန္ဓေသားပဲလို့ အားတက်သရော ပြောကြသည်။ အသက်က လေးဆယ်နား ကပ်နေပြီ။ သားဦးလည်း ဖြစ်တယ်။ အနေအထိုင်၊ အသွားအလာ ဆင်ခြင်ဟု သတိပေးကြသည်။

ဒါပေမဲ့ ထူးဆန်းပုံက သမီးကို မွေးသည့်နေ့က ဗိုက်လည်း မနာ၊ အနေအထိုင်လည်း ပေါ့ပါးသည်ဟု လယ်တဲသို့ အမေ ထွက်လာသည်။ လယ်တဲနှင့် အိမ်က မိုင်ဝက်နီးပါးလောက် ဝေးပေသည့် သွားလာနေကျဖြစ်သောကြောင့် ဝေးသည်ဟုလည်းမထင်။ ခေါင်းပေါ်မှာတောင်ပါး ကလေးတင်ပြီး သမီးအဘနှင့် စကားတပြောပြောလျှောက်လာတုန်း ဗိုက်ထဲက နာလာသလိုလို ဖြစ်လာသည်။ ကျုပ် နေရတာ တစ်မျိုးကြီးပဲ၊ ကိုရင် ရွာထဲပြန်ပြီး အမေညာကို မြန်မြန်ပြေးခေါ်ပေးစမ်း။ ဒီနားမှာ ကျုပ် ထိုင်စောင့်နေမယ်။

အမေညာဆိုတာက ဝမ်းဆွဲပညာရှင်။ သူ့လက်ထဲမှာ အဖိတ်အစင် တစ်ခါမျှ မရှိဖူးအောင် ဝမ်းဆွဲပညာမှာ ကျွမ်းကျင်သည်။ နန္ဒင်းဘူးကြီး ကိုင်ပြီး အမေညာ ရောက်လာတော့ လယ်တဲကို ဘယ်လိုမှ မသွားနိုင်။ မျက်နှာရှုံ့မဲ့မဲ့နှင့် တအင်း အင်း ညည်းနေသည့် အမေ့ကို ခေါ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှသည့် တောစံပယ် ပန်းခြုံကြီးအောက်သို့ ရွေ့ယူပြီး လွယ်လွယ်ကူကူပဲ မွေးဖြစ်သွားသည်။

"သမီးကလေးဟဲ့ ... အမယ်လေး ... သန့်မာလိုက်တဲ့ ကလေးနယ်"

အမေညွှာ၏ အားပါးတရ ကောင်းချီးပေးသံကြောင့် ခံစားနေရသည့် ဝေဒနာများ အမေ့ထံမှ အားလုံးလွင့်ကုန်သည်။ မိန်းကလေးတဲ့၊ သမီးကလေးတဲ့ဟု အတိုင်းမသိ ဝမ်းသာမိသည့် အဖြစ်။

မီးကထွက်တော့ ကျောင်းဘုန်းကြီးကို သမီးဘဘနှင့်အတူ သွားရောက် ကန်တော့ကြသည်။ သမီးကလေးကို နာမည်ပေးပါဘုရား လျှောက်တော့ -

"နင်တို့သမီးက ... ကြာသပတေးသမီး မဟုတ်လား ... ပန်းခြုံအောက်မှာ မွေးခဲ့ရတာဆို ... ထွေထွေရာရာ နာမည်ရှာမနေနဲ့ ... မိန်းကလေးက သူ့နာမည်သူ ဆောင်လာတာ ... ပန်းခြုံလို့သာ မှည့်လိုက်"





သည်လိုနှင့် မပန်းခြုံဖြစ်လာရသည်။ အရွယ်ကလေး ရလာတော့ ဖူးပွင့်စ ပန်းကလေးတစ်ပွင့်လို အလှသွေး ဝင်လာသည်။ ပန်းကုန်း တစ်ရွာလုံးမှာ အချောအလှဆုံး မဟုတ်ပေသည့် အချောအလှ စာရင်းထဲမှာတော့ မပန်းခြုံ ပါဝင်သည်။ ကိုယ်ဟန်က သွယ်နွဲ့သည်။ ဆံနေဆံထားလှသည်။ မိန်းမတို့၏ ကောင်းခြင်းထဲမှာပါဝင်သည့် မပန်းခြုံ၏ပိတုန်းရောင်သုံးတောင် ကေသာကြောတို့က ပန်းကုန်းတစ်ရွာလုံးမှာအကောင်းဆုံးဖြစ်နေ၍ ရွယ်တူမိန်းကလေးချင်းက အားကျသည်။ ပန်းခြုံ ဆံပင်တွေက သိပ်လှတာပဲ ဟု ချီးကျူးသည်။

ထူးထူးခြားခြား တစ်ညသောအခါမှာတော့ မပန်းခြုံ အိပ်မောကျနေရာမှ လန့်၍ ထအော်သည်။ ကယောင်ကတမ်း ထအော်ခြင်းမဟုတ်။ အသံကြည်ကြည်ဖြင့် ပီသစွာ အော်လိုက်သည့် အသံ



www.burmeseclassic.com

www.burmeseclassic.com



"အမေ ... ကျားကြီး ... ကျားကြီး"

အမေရော အဖေပါ မီးခွက်ထွန်းပြီး သမီးအခန်းထဲ ရောက်သွားတော့ မပန်းခြုံ ကိုယ်ကလေး တုန်နေသည်။ အိပ်ရာထဲမှာ ငုတ်တုတ်ကလေး ထိုင်နေရာမှာ သူ့အခန်းပတ်လည်ကို လှည့်ကြည့်သည်။ ပြီးတော့မှ အမေ့ကို အသံကလေးဖွဖွနှင့် မေးသည်။

"အမေ ... သူ ဘယ်ရောက်သွားလဲ"

"ဘယ်သူလဲ မိန်းကလေးရဲ့ ... ဘယ်သူကို မေးတာလဲ"

"ဟိုဒင်းလေး ... သူ ... သူ ကျားကြီးလေ ... ဘယ်ရောက်သွားလဲ ... ခုပဲ ဒီနားမှာ ... သမီးအနားမှာ ရှိနေတာ"

အဖေက ရေတစ်ခွက်သွားခပ်သည်။ မပန်းခြုံကို တိုက်သည်။ ပြီးတော့မှ မိန်းကလေး အိပ်မက်မက်ပြီး လန့်အော်တာကွာ။ ပြန်သိပ်လိုက်ပါ။ ခုမှ သန်းခေါင်ကျော်ရှိသေးတယ်။ မိုးလင်းဖို့ အတော်လိုသေးတယ်။ ပြန်အိပ်လိုက် သမီးဟု ပြောကာ အခန်းထဲမှ ထွက်သွားသည်။

ဒီအချိန်က စပြီး မပန်းခြုံကို အမေ စိုးရိမ်လာသည်။ မပန်းခြုံ စကားပြောတတ်ခါစ သုံးလေးနှစ်အရွယ်လောက်ကတည်းက တစ်ခါတစ်ရံ စိတ်လိုလက်ရဖြင့် –

"အမေ ... တောထဲမှာလေ ... သမီးနဲ့တူတူနေတာ ကျားကြီး အမေရဲ့ ... အခု သူ ဘယ်ရောက်သွားသလဲ မသိဘူး"

ပြောတတ်သည်။ ဘယ်တောထဲမှာလဲ သမီးရဲ့ ... ဟု အမေက ဆက်မေးလျှင် ဘာမှပြန်မပြောတော့။ မသိသလို မကြားသလို နေလိုက်သည်။ ဒီလို ပြောပြီး မေ့လောက်ရှိပြန်လျှင် –

"အမေ ... သူကလေ သမီးအတွက် အစာရှာသွားမယ်ပြောပြီး





ထွက်သွားလိုက်တာ ... ပြန်မလာတော့ဘူး ... သမီးကို သူပစ်သွားတာ အမေရဲ့"

ဟု မျက်ရည်ဝေ့စွာဖြင့် ဝမ်းနည်းသံနှောကာ ပြောတတ်ပြန်လေသည်။

အမေ စိတ်ပူလာသည်။ မေးပြန်တော့လည်း ဘာမှပြန်မဖြေ။ စိတ်ညစ်ပါရဲ့ မိန်းကလေးရယ်ဟု ကျောင်းဘုန်းကြီးထံသို့ပြေးကာ သမီး ဇာတာကို စစ်ပေးပါဘုရားဟု လျှောက်ရင်း သမီးဖြစ်နေသမျှ အားလုံးကို ကုန်အောင်လျှောက်ထားသောအခါမှာ ကျောင်းဘုန်းကြီးက မပန်းခြုံဇာတာကို တွက်သည်။

"ဟဲ့ နင့်သမီးဟာ ဘဝဟောင်းက လာတာ ... သူ့မှာ ဆုတောင်းဘက်ရှိနေတယ် ... အဲဒီဆုတောင်းဖက်နဲ့ အချိန်ရောက်ရင် ... သူတို့ အချင်းချင်း တွေ့ကြလိမ့်မယ် ... လူကြီးချင်း စကားအပြောအဆို ... အစေ့အစပ် ရောက်လာကြလိမ့်မယ် ... ပြီးတော့ ... နင့်သမီးဟာ သည့်ထက် တောတောင် ထူထပ်တဲ့ နေရာသစ်တစ်ခုကို ရောက်သွားလိမ့်မယ်"

"မရောက်အောင် လုပ်လို့ မရဘူးလား ဘုရား ... သမီးကို ... တပည့်တော် မခွဲနိုင်ပါဘူး ... အဝေးကိုရောက်မသွားနိုင်အောင် သကြံဆင်ပေးပါ ဘုရား"

"ဟင် တယ်ခက်ပါလား ... နင်က မခွဲချင်သေးတဲ့ ဟာက ခွဲတော့ ဘာတတ်နိုင်မှာလဲ ... နင့်သမီးမှာ ဘဝဟောင်းက ဆုတောင်းဘက် ရှိနေတယ် ... တစ်နေ့နေ့ ... ရောက်လာလိမ့်မယ်လို့ ငါ စောစောကတည်းက ပြောပြီးပါရောကလား ... သူ့ဆုတောင်းနဲ့ သူလာတာကို နင်က တားချင်



www.burmeseclassic.com

www.burmeseclassic.com



နင့်မှာ အပြစ်ဖြစ်တော့မပေါ့ ... ကဲ ... ကဲ ... ပြန်ပြန် ... ဒီသမီးအတွက် နင် ဘာမှမပူနဲ့ ... သူ့ကံနဲ့သူ စီမံလာတာ ... သူက ... မွေးလာကတည်းက ထူးထူးဆန်းဆန်း ... သူများနဲ့မတူအောင် မွေးလာတာ မဟုတ်လားဟဲ့"

အမေ့မှာ သက်ပြင်းတရှိုက်ရှိုက် ရင်မှာ ဖိုလှိုက်ပြီး ပြန်လာခဲ့ရသည်။ မပန်းခြုံမှာ အများနှင့်မတူ၊ ထူးနေတာကတော့ အမှန်ပင်။ လေးငါးနှစ်အရွယ် ကျောင်းနေစကတည်းက ကျားရုပ်မြင်လျှင် သူ စိတ်ဝင်စားသည်။ အမေ အဲဒါ ဘာကောင်လဲ မေးတတ်သည်။ အမေက ကျားလေ သမီးရဲ့ အဲဒီကောင်ကို ကျားလို့ခေါ်တယ်ဟု အမေက ရှင်းပြလျှင် အဲဒီကျားကြီးက ဘယ်မှာနေလဲ ဆက်မေးသည်။ တောထဲမှာနေတာပေါ့ မိန်းကလေးရဲ့ သူက တောဘုရင်လေ။ တောထဲမှာရှိတဲ့ အကောင်တွေအားလုံးက သူ့ကို ကြောက်ရတယ်။ သူ့ကိုတွေ့ရင် ဘေးကင်းရာကို ပြေးကြ၊ ပုန်းကြတယ် ဟု စိတ်ရှည်စွာဖြင့် ရှင်းပြနေသည့် အမေ့စကားဆုံးသွားသည်နှင့် - "သမီးကတော့ မကြောက်ပါဘူး။ အဲဒီ ကျားကြီး ဘယ်မှာရှိလဲ အမေ။ ပန်းခြုံတွေ့ချင်လိုက်တာ" ဟု ဆိုဖူးသည်။

သမီး ပန်းခြုံ၏ ထူးခြားလာချက်များကို အမေသည် စီကာ၊ စဉ်ကာ အစုမှ အစ ပြန်ဖော်နေသည်။ အင်း၊ ကျောင်းဘုန်းကြီး ပြောလိုက်သလို သမီးဟာ တကယ်ပဲ ငါ့ကို ခွဲပြီး အဝေးကို ထွက်သွားမှာလား။ မျက်ရည်စတွေက မျက်လုံးထဲမှာ ဝေ့လာချင်သည်။ သမီးအကြောင်းတွေးမိလျှင် အမေ့ မျက်ရည်တို့ ဘယ်က ရောက်လာကြသည်မသိ။

ဩော် သမီးကလေးရယ်။ ပန်းခြုံရယ်၊ သမီးအတွက် အမေ့မှာ ရင်မောလှချည်ရဲ့ကွယ်။

ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်အတွင်းရှိ ရန်ကုန်၊ မုတ္တမ





သွား ကားလမ်းမကြီးဘေးမှာ ကျေးရွာကလေးပေါင်းများစွာ ရှိသည်။ အများအားဖြင့် ဗုဒ္ဓဘာသာဝင် ကရင်အမျိုးသားများသာ နေထိုင်မှုများသည်။ ကြီးပင်၊ ကြိမ်ဖန်၊ ဆပ်သွား၊ အလူးကြီး၊ အလူးလေး စသော ဤရွာကလေးများမှာ နေထိုင်ကြသူများသည် သရက်၊ ပိန္နဲ၊ ဒူးရင်း၊ တညင်း စသည့် စားသောက်ပင်အများဆုံးကို စိုက်ပျိုးရောင်းချကြသည်။ အိမ်အမိုးအကာ လုပ်ကြသည့် တောင်ထန်းပင်များကိုလည်း ဝင်းကြီး၊ ခြံကြီးများနှင့် စီးပွားဖြစ် စိုက်ပျိုးကြသည်။ ဝါးဘိုးမျှစ်ချို၊ မျှစ်ချဉ်၊ မို့ စသည့် ရာသီစာများကိုလည်း ရာသီအလိုက် ရှာဖွေ ရောင်းချလေ့ ရှိကြသည့် သမ္မာအာဇီဝ ရွာကလေးများပင်တည်း။

ဤရွာကလေးများအနက် အလူးကြီး ဆိုသော ရွာက ရွာကြီးဖြစ်သည်။ အိမ်ထောင်စုရော လူဦးရေပါ အခြားရွာကလေးများထက် ပိုများပြားသည်။ သီးပင် စားပင်များလည်း ပိုမို ဖြစ်ထွန်းသည်။ ဤရွာကလေးများမှာ ဈေး မရှိ၊ စာသင်ကျောင်း မရှိ၊ ဘုန်းကြီးကျောင်းသာ ကျောင်းသာ အလူးတောင်ပေါ်မှာ ရှိသည်။ ထို့ကြောင့် စာတတ်ကြသူမရှိ၊ ဘုန်းကြီးကျောင်းသားအဖြစ်နှင့် ဘုန်းကြီးကျောင်းသို့ သွားရောက်၍ ဘုန်းကြီးထံမှ စာသင်ယူကြသည့် ကျောင်းသား အနည်းအပါးလောက်သာလျှင် ရေးတတ် ဖတ်တတ်ရုံမျှ အနည်းအပါး စာတတ်သူရှိလေသည်။

တောရိပ်၊ တောင်ရိပ်ကောင်းသည့် အလူးတောင်ပေါ် ကျောင်းမှာ သီတင်းသုံးသော ဘုန်းတော်ကြီးကလည်း တောရဆောက်တည်နေသော ဘုန်းတော်ကြီးဖြစ်သည်။ ရွာသူရွာသားများနှင့် ဥပုသ် သီတင်းဆောက်တည်ကြသော နေ့များလောက်သာ တွေ့ရ၊ ဆုံရ၊ ဖူးမြင်ရသည်။ ထိုခေတ်၏ ဝန်းကျင်ကလည်း ဘုန်းတော်ကြီး ဦးသီလကို



www.burmeseclassic.com

www.burmeseclassic.com



တိုင်ကြီး ဆရာတော် စသည့် တောရဂိုဏ်းများကို စတင် တည်ထောင်နေကြသည့် ခေတ်ဝန်းကျင် ဖြစ်သည်။ အလူးကျောင်းဘုန်းတော်ကြီးထံမှာ ရဟန္တာဟု ကျော်ကြားနေသော ဆရာတော်ကြီးများ လာရောက်၍ တောရ ဆောက်တည်နေသည်ဟု သတင်းကြားလျှင် တောင်ခြေရွာကလေးများမှ ဆွမ်းအုပ်၊ ဆွမ်းချိုင့် ပို့ကြသည်။ သည့်ထက်ပို၍တော့ ကျောင်းသို့ အဝင်အထွက်လုပ်လေ့ မရှိကြ။ သို့သော် အလူးကြီးရွာသား ဦးပန်းသာ၏ သားတစ်ယောက်ဖြစ်သည့် ကိုထွန်းအေးကတော့ အလူးကြီးကျောင်းဘုန်းကြီးထံ အသွားအလာ များသည်။ ညအိပ်ချင် အိပ်သည်။ ဆယ့်လေးငါးနှစ်အရွယ် ဘုန်းကြီးကျောင်းသားကလေး အဖြစ် ဘုန်းကြီးကျောင်းမှာ နေပြီး သုံးနှစ်လောက်အထိ စာသင်သား လုပ်ခဲ့သည်။ ဘုန်းကြီးအတွက် ဆွမ်းခံကြွရာနောက် တကောက်ကောက် လိုက်ရင်း ကျောင်းပျော် ဖြစ်နေသည်။ အိမ်ကို ပြန်ရောက်တော့လည်း သူ့အတွက် အလုပ်က ဟုတ်ဟုတ်ငြားငြား မရှိသောကြောင့် တစ်ခါတစ်ရံ အလူးတောင်ခြေရှိ စမ်းချောင်းကလေးမှာ ငါးမျှားချင် မျှားနေလိုက်သည်။ မိုးဦးကျစ စားဖားတွေက အုံးအင်သံပေးသည်ကို ကြားပြန်သော အခါ မီးအုပ်ဆောင်းကို ဆွဲပြီး လယ်ကွက်တွေထဲ ဖားရိုက် ထွက်ချင် ထွက်သည်။

ဒါပေသည့် တညင်းသီးပေါ်ချိန်၊ ဒူးရင်းသီးပေါ်ချိန် ရောက်ပြန်တော့ ကိုထွန်းအေး သူ့အဘနှင့်အတူ သစ်သီးခူးလိုက်ပြန်သည်။ ထမ်းရ၊ ပိုးရနှင့် ဟုတ်ဟုတ်ငြားငြား အပင်ပန်းခံပြီး အလုပ်လုပ်ပြန်တော့ သူ့အဘ ဦးပန်းသာက အားကိုးရတဲ့ သားပဲဟု ဝမ်းသာရသည်။ တောင်ထန်းပေါ်ချိန်၊ ခူးချိန်၊ တောင်ထန်းပစ်ချိန်တွေမှာလည်း သူက သူ့အဘထက်





ပင် ခြေမြန်လက်မြန်ရှိပြီး လက်ရာလည်း ကောင်းသည်ဟု အမေက ချီးကျူးတာကို ခံရသည်။ ငါ့သားက ဘာပဲလုပ်လုပ် ဖွဲလုံ့လ တယ်ကြီးတာပဲဟု အမေသည် ကိုထွန်းအေးကို ထုတ်ဖော်ပြီး မပြောခဲ့ပေသည့် စိတ်ထဲမှာတော့ ကျေနပ်အားရမှုဖြစ်နေ၏။

ကိုထွန်းအေး အသက်ဆယ့်ရှစ်နှစ်လောက်မှာ အိုင်ထဲ ငါးမျှားရင်း ပုရပိုက်တစ်ဆူ ကောက်ရလာတယ် ဟူသော သတင်းထွက်လာသည်။ ဟုတ်လားလို့ သူများတွေက မေးတော့ -

"အလကားပါ ... ဘယ်က ပုရပိုက်ဟုတ်လို့လဲ ... သံသေတ္တာစုတ်ကြီးပါ ... လွှင့်ပစ်လိုက်ပြီး"

ဟု မျက်နှာတည်တည်ဖြင့် ပြန်ပြောသည်။ ထိုသတင်းထွက်ပြီး မရှေးမနှောင်းမှာ ကိုထွန်းအေး ရှူးသွားပြီ။ တစ်ယောက်တည်း စကားပြောနေတယ်။ အိမ်ကိုလည်း ပြန်မလာဘူး။ သူ့ကို သူ့အဖေ၊ အမေတွေက ဘယ်သွားနေတာလဲ မေးတော့ "မောင်းတီးတောင်" လို့ ပြောတယ်။ သူ့အဖေ ကိုပန်းသာကြီးတော့ ဒုက္ခပါပဲ ဆိုသည့် အရပ်စကားများက တစ်နေ့ထက် တစ်နေ့ ပျံ့လွင့်လာသည်။

မောင်းတီးတောင်သည် အလူးကြီးတောင်နှင့် မဝေးလှပါ။ သို့ပေသည့် အလူးကြီးတောင်ထက် မောင်းတီးတောင်က ပိုမိုမြင့်သည်။ သစ်ကြီး၊ ဝါးကြီးလည်း ပေါသည်။ တောနက်သည်၊ တောကြမ်းသည်ဟု အသွားအလာ သိပ်မလုပ်ဝံ့ကြ။ မုဆိုး၊ မျှစ်ရှာ အနိုင်မိုးရောက်လျှင် ရေ စု လူဝေး အဖော်အပေါင်းနှင့်မှ တောင်ပေါ်ကို တက်ဝံ့ကြသည်။ ညဘက်ဆိုလျှင် တစ်ယောက်တည်း တောင်ပေါ်သို့ သွားသူရှိ မထင်ပေ။ သို့သတင်းကြီးသော မောင်းတီးတောင်ပေါ်ကို တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်ညနေ သွားသည်ဆိုတော့ မည်သူကမျှ မယုံ။ ထွန်းအေး ရူးနေလို့ ပေါက်ကရတွေ လျှောက်ပြောနေတာလို့ ပြောကြသည်။

"မောင်းတီးတောင်၊ ဟုတ်လား ထွန်းအေး။ အဲဒီတောင်ပေါ်မှာ နင် နှစ်ည၊ သုံးည ဘာသွားလုပ်တာလဲ။ ဟိုးတစ်ခါက ဘုန်းကြီးတစ်ပါးနဲ့ ဖိုးသူတော်တစ်ယောက် အဲဒီတောင်ပေါ်သွားပြီး တရားကျင့်လိုက်တာ ကံကောင်းလို့ မသေခဲ့တာလေ။ သရဲထောင်းတယ် ဆိုလား၊ ဘီလူး ထောင်းတယ်ဆိုလား တို့ရွာက လူတွေ တောင်ပေါ် ဟင်းရွက်ရှာသွားရင်း ဘုန်းကြီးရော ဖိုးသူတော်ပါ တစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့ သတိမေ့နေကြတာတွေ့လို့ ထမ်းခေါ်ချလာပြီး ဆေးကုပေးရပါရောလား။ "ထွန်းအေး နော်၊ နင်အရူးမဟုတ်၊ အကောင်းမဟုတ်နဲ့ တော်ကြာ သေနေလိမ့်မယ်" ဟု အမေက ဆူသည်။ အဖေက ဘာမှမပြော။ ကိုထွန်းအေးကို သူညီက မိဘတွေ မရှိတုန်း "ဟေ့ အစ်ကို၊ တောင်ပေါ်မှာ နင် သရဲအခြောက်မခံရ ဘူးလား။ အမေပြောတဲ့ ဘုန်းကြီးတစ်ပါးနဲ့ ဖိုးသူတော်တစ်ယောက်ကို တို့ရွာထဲမှာ ဆေးကုပေးနေရတုန်းက ပြောသံကြားရတာ ဘုန်းကြီးနဲ့ ဖိုး သူတော်တို့ တောင်ပေါ်မှာ စည်းဝိုင်းချပြီး တရားအားထုတ်ကြတော့ တစ်ညလုံးခြောက်လှန့်နေတာပဲတဲ့။ သစ်ပင်ကြီးတွေ လဲကျသံ၊ သစ်ကိုင်း တွေ ကျိုးကျသံနဲ့ လေတိုက်သံတွေကို ဆူနေတာပဲတဲ့။ ဘုန်းကြီးက မျက်စိမှိတ်ပြီး တရား အားထုတ်နေတော့ ဘာမှမမြင်ရဘူးပေါ့။ ဖိုးသူ တော်ကြီးကတော့ အဖော်လိုက်လာတာမို့ မျက်စိကို ဖွင့်ထားတယ်။ တရားလည်း အားမထုတ်ဘူး။ စည်းဝိုင်းထဲမှာပဲ ငုတ်တုတ်ထိုင်ပြီး ဟို ကြည့် သည်ကြည့်လုပ်နေတော့ ကြောက်စရာကောင်းလှတဲ့ပုံသဏ္ဌာန် အမျိုးမျိုးကို တွေ့နေရသတဲ့။ နီနီရဲရဲ မီးလုံးကြီးတွေလို အလုံးကြီးတွေ





လည်းတစ်လုံးပြီးတစ်လုံး တက်လိုက်၊ ဆင်းလိုက်လုပ်နေတာကလည်း အများကြီးတဲ့ အစ်ကိုရ။

သူမှာ ကြောက်လွန်းလို့ တုန်နေသတဲ့။ မိုးလင်းခါနီး အရုဏ် ပေါ်လာတော့မှ အဲသလို ခြောက်လှန့်နေတာတွေအားလုံး ပျောက်သွား တယ်။ ဒီတော့မှ နေသာထိုင်သာရှိသွားတုန်း လူတစ်ယောက် ကွမ်းထုပ် တွေ ထမ်းပြီး စည်းဝိုင်းအနားရောက်လာတယ်။ ပြီးတော့ ကွမ်းတစ်ထုပ် ကိုင်ပြီး ဦးသူတော် ကြုံတုန်းကြုံခိုက် ကွမ်းလှူချင်ပါတယ်။ အလှူခံပါလို့ ပြောတာနဲ့ ဦးသူတော်လည်း မိုးလင်းနေပြီမို့ ကိစ္စမရှိတော့ပါဘူးထင်ပြီး စည်းဝိုင်းအပြင်ကို ထွက်လိုက်တာ အဲဒီမှာ စည်းပေါက်သွားပြီး အထုခံ လိုက်ရတော့ ဘုန်းကြီးပါ ခံလိုက်ရတာပေါ့။ အစ်ကို မမှတ်မိဘူးလား၊ ဆယ်ရက်လောက်တောင် ကြာသွားတယ် မဟုတ်လား"

သူညီ စကားဆုံးသွားတော့ ကိုထွန်းအေး ပြုံးသည်။ မှတ်မိ သားပဲ၊ အဲဒီတုန်းက မိတ်သလင်ဥ လိုချင်တယ်ဆိုလို့ ငါပဲ လိုက်ရှာပြီး တူးပေးလိုက်ရသေးတယ်။ သူတို့က ခံရမှာပေါ့ကွ။ စည်းကလည်း ပေါက်၊ သမာဓိအားကလည်း နည်းကြတာကိုး။ ဒီလို တောကြမ်း၊ တောင် ကြမ်းတွေမှာ ကျင့်ကြံအားထုတ်တယ်ဆိုတာ သမာဓိအား လိုတယ်ကွ၊ မေတ္တာတရား လိုတယ်ကွ။ တောကြမ်း၊ တောင်ကြမ်းတွေမှာက "ဘုတ နတ်" တွေ ရှိကြတယ်။ အဲဒီ ဘူတနတ်တွေဟာ သူတို့ချစ်ခင် ကြည်ညို တဲ့သူကို ဘယ်တော့မှ မခြောက်လှန့်ဘူး၊ ဘာအန္တရာယ်မှလည်း မပေး ဘူး။ မင်းကော မမှတ်မိဘူးလား၊ အဲဒီ ဖိုးသူတော်ကြီးထက် စောပြီး ဘုန်း တော်ကြီး ဦးသီလဆိုတာ တရားအားထုတ်ဖူးသေးတယ်လေ၊ အဲဒီဘုန်းကြီး တ ဘာမှမဖြစ်ဘူးမှတ်လား၊ တို့အလုံးကြီးတာ လူတွေတောင် ဘုန်းတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဆီ သွားပြီး မင်းကွတ်သီးတို့၊ ကြက်မောက်သီးတို့ ကပ်လှူကြသေး တယ်လေ။ သူ့ညီက ဘာမျှပြန်မပြော။ သူ့အစ်ကို ပြောသွားသည့် ဘုတနတ်၊ သမာဓိ၊ မေတ္တာတရား ဆိုသော စကားတွေကို သူ ဘာမျှနားမလည်၊ ကြားလည်း မကြားဖူး၊ ငါ့အစ်ကို ဒီစကားတွေ ဘယ်လိုလုပ်ပြီး တတ်လာပါလိမ့်ဟုသာ စဉ်းစားနေမိတော့၏။

အလူးကြီးတောင်ပေါ်မှ နေ၍ ယောက်ျားကြီး ခြေလှမ်းဖြင့် သွက်သွက်လှမ်းသွားလျှင် သုံးနာရီခန့် သွားရသော နေရာမှာ "မနုတောင်" ဟူ၍ ရှိ၏။ မနုတောင်ကို မောင်းတီးတောင်၊ ကြပ်သူတော်တောင်နှင့် ရွှေရောင်ပြတောင်ဟု အမည်တွင်ရသည်မှာ နေ၏ အလင်းရောင်အောက်တွင် ရွှေရောင်ပြတောင်ကြီးသည် ရွှေရောင်များဖိတ်ဖိတ်လက်ကာ ထာဝစဉ် တောက်ပနေလျက်ရှိသောကြောင့် သူ့အမည်ကို သူဆောင်လာသော တောင်တော်မြတ် ဖြစ်ပေ၏။ ကြပ်သူတော်တောင်ဆိုသည်မှာကား အလွန် မျက်နှာထား ဆိုး၍ အရပ်အမောင်းလည်း အလွန်ပုသော ဖိုးသူတော်တစ်ဦးသည် ကြီးမားသော ပုတီး တစ်ကုံးကိုလည်မှာဆွဲထားလျက် ဆွမ်းဆန်အလှူခံသည့် ဆိုင်းထမ်းကို ထမ်းကာ တောဖိတ်နေ့တိုင်း တောင်ခြေရွာကလေးများသို့ ဆန်ခံလေ့ ရှိသည်ဆို၏။ ထိုဦးသူတော် တောင်ပေါ်မှ ဆင်းလာသည်ကို မြင်သည်နှင့် ခွေးများက ဆီးဟောင်တော့၏။ ရုပ်ဆိုးလှသော ထိုဖိုးသူတော်ကို အိမ်ရှေ့ လာရပ်သည်နှင့် အမြန်ဆုံး ဆန်ထွက်လောင်းကြသော်လည်း သူ့မျက်နှာကိုမူ မည်သူကမျှ မကြည့်၊ သူ နေသောတောင်မှာ သူမှလွဲ၍ မည်သူမျှမရှိ၊ ထို့ကြောင့် ဤတော ဤတောင်တွင် သူ တစ်ဦးတည်း နေထိုင်သည်မှာ သူကိုယ်တိုင် လူသားစင်စစ်မဟုတ်။ သူသည် ကြပ် (သို့မဟုတ်) တစ္ဆေ





သရဲ၊ နာနာဘာဝ ဖြစ်မည် အထင်နှင့် သူနေသော တောင်ကို ကြပ်သူတော်တောင်ဟု ခေါ်ခြင်းဖြစ်သည်။ မောင်းတီးတောင်ကလည်း ထူးဆန်းပါသည်။ ကွဲအက်နေသည့် မောင်းကြီး တစ်လုံးအား ထုရိုက်လိုက်လျှင် ထွက်ပေါ်လာသည့် အသံအတိုင်း လှုသူကင်းမဲ့သော ဤတောင်ထိပ်ပေါ်မှ မကြာခဏထွက်ပေါ်မြည်ဟည်းလာတတ်သည့်မောင်းသံကြောင့် သူ့အမည် သူဆောင်ကာ မောင်းတီးတောင်ဟု ခေါ်ဆိုလာကြခြင်း ဖြစ်သည်။ အထူးသဖြင့် လပြည့်၊ လကွယ် ညများတွင် မောင်းတီးသံ ပေါ်လာတတ်သည်မှာ ယခုတိုင်ဖြစ်သည်ဟု တောင်ခြေရွာများက ပြောစမှတ်ပြုသည်။

ဤတောင်သုံးလုံး၏ အလယ်ဗဟိုမှာ ရှိနေသည့် မနုတောင်အကြောင်းကိုကား ကောင်းသည် ဆိုးသည်ဟု မည်သူကမျှ မပြော။ မနုတောင်ကို အသွားအလာလည်း မရှိကြ။ မနုတောင်သည် အလူးကြီးရွာနှင့်လည်း လှမ်းသည်။ တောင်တက်လမ်းကလည်း ဟုတ်ဟုတ်ငြားငြား မရှိသောကြောင့် မောင်းတီးတောင်ပေါ်သို့သာ အလူးကြီးရွာသားများ လမ်းပေါက်နေကြခြင်းဖြစ်၏။ ထိုသို့သော အခြေအနေမှာ ကိုထွန်းအေးလို လူငယ်တစ်ယောက်က မောင်းတီးတောင်ကို နေ့ရောညပါ လမ်းပေါက်နေသည်ဆိုသောအခါမှာ ထွန်းအေး ရူးနေပြီဟုပဲ ထင်ကုန်ကြ၏၊ ထွန်းအေးကို ကြောက်ရမလိုလို၊ လန့်ရမလိုလိုနှင့် မခေါ်ဝံ့စရာလည်း ဖြစ်ကုန်ကြ၏။ သည်လို တောင်ထင်၊ မြောက်ထင် အမျိုးမျိုး ထင်မြင်နေကြတုန်းမှာပဲ ကိုထွန်းအေးသည် အံ့ဩစရာ ဖြစ်ပေါ်လာရ ပြန်သည်၊ တစ်နေ့ —

"ထွန်းအေး ... လာစမ်း ... ဒီကို"

ကိုထွန်းအေးကို သူ့အဖေ ဦးပန်းသာက သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ထိုင်ပြီး နီးဖြာနေသည့် ကနစိုးပင်ကြီးအောက်ကို ခေါ်ယူလိုက်သည်။ ဦးပန်းသာသည် အလွန်စကားနည်းသည်။ အကြောင်းတစ်စုံတစ်ရာ မရှိလျှင် မည်သည့်စကားမျှ မပြော။ ထိုအခါ ကိုထွန်းအေးမှာလည်း သူ့အဖေမှာ သူနှင့် ပတ်သက်ပြီး ပြောစရာ အကြောင်းတစ်ခုခုတော့ ရှိနေပြီဟု သိလိုက်၏။

သို့ပေသည့် သူ့အဖေသည် သူ့ရှေ့သို့ ကိုထွန်းအေး ရောက်သွားသည်အထိ ခေါင်းကိုလည်း မမော့၊ ကိုထွန်းအေး မျက်နှာကိုလည်း လုံးဝမကြည့်ပဲ နီးဖြာမပျက် ရှိနေရာမှ -

"မင်း မနေ့က ဘုန်းကြီးကျောင်းမှာ ဥပုသ်သည်တွေကို ဗုဒ္ဓဝင်အကြောင်း ဟောတယ်ဆိုကွ"

"ဘုန်းကြီးက ဟောခိုင်းလို့ပါ ... လပြည့်နေ့မို့ ဥပုသ်သည် များတယ်ဆိုပြီး ဘုန်းကြီးက ဟောခိုင်းတယ်"

"မင်းက ဘယ်သူ့ဆီက သင်လာပြီး ဟောရတာလဲ"

"ဘယ်သူ့ဆီကပဲသင်သင် ... အဖေရာ ... မနေ့က ကျွန်တော်ဟောပြောတာတွေ မှန်သလား ... မှားသလားဆိုတာပဲ အရေးကြီးတယ်"

သူ့အဖေက "ဟေ" ဟု တစ်ခွန်းသာ ဆိုပြီး ကိုထွန်းအေးမျက်နှာကို မော့ကြည့်သည်။ ယံ မင်္ဂလံလောက်သာ ကျောင်းဘုန်းကြီးထံမှာ သင်ခဲ့ရသော သူသားသည် ဥပုသ်သည်များကို မနေ့က ဗုဒ္ဓဝင်တော်ကြီးကို ကျကျနန ပြောဟောပြခဲ့သည်။ ဘုန်းတော်ကြီးကလည်း ဒီကောင် ထွန်းအေး ပြောနေတာတွေက အမှားမပါဘူး။ မင်း ဘယ်ကတတ်လာတာလဲလို့မေးတော့ ဒီလိုပဲတတ်လာတယ်လို့ စာထဲပေထဲပါလာတာတွေနဲ့တော့ အံကိုက်ပဲဟု ဦးပန်းသာကို ခေါ်ပြောသည်။





"သြော် ... ထွန်းအေး ... ထွန်းအေး ... မင်းလုပ်နေသမျှအားလုံး ထူးထူးဆန်းဆန်းတွေချည်းပါလားကွာ"



www.burmeseclassic.com

www.burmeseclassic.com



**၁၉၂၅** ခုနှစ်လောက်မှ စ၍ ဘီးလင်းမြို့နယ်အတွင်းမှာ "ခနေ တောင်ဦးထွန်းအေး" ဟူသောအမည်ကို လူတိုင်းသိခဲ့သည်။ သူ နေထိုင်သည်က ခနေတောင်ပေါ်မှာ။ အသက်လွတ် စားသည်။ ခနေတောင်က ဘီးလင်းမြို့မှတစ်ဆင့်သွားလျှင် လမ်းသာသည်။ တောင်ခြေရင်းအထိ လှည်းမောင်းသွားနိုင်သည်။ အမြင့်ပေ တစ်ထောက်ကျော်ကျော်လောက်ရှိသည်ဖြစ်၍ တစ်နာရီပါးခန့် တောင်ပေါ်ကို တက်ရသည်။ တောင်တက် လမ်းပြေသောကြောင့် တောင်တက်သူများ မောပန်းခြင်း မရှိကြ။

ဤခနေတောင်ပေါ်မှာ ဦးထွန်းအေးက တရားစခန်းဖွင့်ထားသည်။ သူ့ကျောင်းဝင်းမှာ "ခမ္ဘော" ဟု အဆက်မပြတ် ရွတ်ဆိုနေရသည်။ မျက်လုံးကို မှိတ်၍ ငြိမ်သက်စွာဖြင့် ရွတ်နေ၊ ကျင့်နေရင်း သမာဓိအားကောင်းလာလျှင် မိမိ ဘယ်ဘဝမှလာသည်ကို သိကြသည်။ တစ်ချို့က နွားဘဝ၊ ကျွဲဘဝမှ လာသည်၊ တစ်ချို့က ယောကျ်ားဘဝမှ မိန်းမဘဝသို့



www.burmeseclassic.com

www.burmeseclassic.com



ကူးပြောင်းလာသည် အစ ရှိသည်ဖြင့် ပြောလာကြသည်။ တရားလာကျင့်သူများမှာ ငါးပါးသီလကို လုံအောင် ထိန်းသိမ်းရသည်။ အကြောင်းကြီးငယ် မရှိလျှင် လုံးဝ စကားပြောခွင့်မပြု။ ခနောင် တရားစခန်းသို့လာရောက် အားထုတ်လိုသူများသည် အိပ်ရာလိပ် ယူလာရသည်။ အသက်လွှတ် စားရသည်ဖြစ်၍ လိုအပ်သော ဟင်းလျာကိုမူ ခနောင်ကပဲ ကျွေးသည်။ ခနောင်ပေါ်မှာ တရားကျင့်နေသူများသည် ဖျားနာသည်ဟု မရှိ။ တောင်ခြေမှ ဖျားနာနေသူများပင် ခနောင်ပေါ်တက်၍ ဦးထွန်းအေး ပေးသော ဆေးကို စားလိုက်သည်နှင့် ရောဂါများ ပျောက်ကင်းကြ၍ ခနောင်ကို ဆေးရုံတောင် ဟုပင် ပတ်ဝန်းကျင် ကျေးရွာများက အမည်ပေးထားကြသည်။

ခနောင်မှာ တရားအားထုတ်ဖူးသူများက "ဦးထွန်းအေး တရားက ဘုရားဆီမှာ ငါးပါးသီလယူ၊ ပြီးရင် ခမ္မောနဲ့ ရွတ်နေရင်းက သမာဓိရင့်လာရင် တရားတွေကို မြင်သူကမြင်၊ အလိုလို ရွတ်တတ်လာသူက ရွတ်တတ်၊ ကိုယ်လာရာဘဝကို မြင်သူကမြင် အမျိုးမျိုးပဲ။ အဲဒါကို ဉာဏ်မှာ အလိုအလျောက်ပေါ်လာတဲ့ ခမ္မစက်လှည့်ခေါ်တယ်။ တရားသဘင် လှည့်တယ် ဆိုပြီး တရားကျင့်နေသူအားလုံးကို တဲကြီးတစ်လုံးထဲမှာ စုဝေးထားပြီး တရားဟောတယ်။ သိချင်တာရှိရင် မေးခွင့်ပြုတယ်" ဟု ပြောပြကြသည်။

ခနောင် ဦးထွန်းအေးကို သူ့ထံမှာ ကျင့်ကြံအားထုတ်ဖူးသူတိုင်းက အမြင်ကြည်သည်။ ကြည်ညို လေးစားကြသည်။ သူ့တရားကို အားထုတ်သူတိုင်း အတိတ်ဘဝကို မသိကြ၊ မမြင်ကြရပါ။ သို့ပေသည့် ဗုဒ္ဓ၏ တရားတော်အပေါ်ပို၍ လေးစားအားထားကြသည်ကတော့ တရား





ကျင့်လာသူတိုင်း၏ နှလုံးသားမှာ ကပ်ပါစွဲလာကြသည်။ ဦးထွန်း အေးက သူ၏ ကျင့်စဉ်သည် ခမ္မစက်သာ ဖြစ်သည်။ ခမ္မကျက် မဟုတ်။ ခမ္မကို အကျင့်ဖြင့်သာ ခန္ဓာမှာပေါ်လာပါစေ။ ကျက်ဆို ရေရွတ်လို့ကတော့ ခန္ဓာမှာကျန်ခဲ့မှာမဟုတ်ဘူး။ အားလုံးကွယ်ပျောက်ပျက်သွားမှာပဲဟု ဩဝါဒပေးသည်။ ထူးဆန်းသည်မှာ ဦးထွန်းအေး နိဗ္ဗာန်ရောက်ကြောင်း တရားကိုမူ ဘယ်ခါမျှမဟောဟု ဆိုကြသည်။

ခနောင်ပေါ်မှာ ဦးထွန်းအေး၏ ခမ္မောတရားကို အမြဲ ဆည်းပူး အားထုတ်နေကြသည့် အမျိုးသား၊ အမျိုးသမီးများ ရှိကြသည်။ သူတို့သည် ဝေယျာဝစ္စအဖွဲ့လည်းဖြစ်ကြသည်။ သူတို့အားလုံး အဝတ်ညိုများ ဝတ်ဆင်ကာ ရသေ့အသွင်ဖြင့်နေကြသည်။ တောင်အောက်ကို တစ်လ တစ်ကြိမ်၊ နှစ်လ တစ်ကြိမ် ဆိုသလို စားနပ်ရိက္ခာအတွက် ဈေးဝယ် ဆင်းကြရလျှင် ရသေ့အသွင်ဝတ်ဆင်ထားသည့် ထိုအဖွဲ့ဝင်များကပဲ ဆင်းဝယ်ကြသည်။ သူတို့ကို "ခမ္မောဂိုဏ်း" ဟုလည်း ခေါ်သူများ ရှိသည်။ အနေအထိုင် သိမ်မွေ့၍ စကားပြောဆိုမှု အလွန် နည်းပါးကြသည်မှာတော့ ခနောင်ပေါ်မှာ တရားကျင့်နေကြသူအားလုံး၏ စရိုက်အသွင်ပဲ ဖြစ်ကြလေသည်။

ခနောင် ဦးထွန်းအေး နာမည်သိပ်ကြီးလာသောအခါ မော်လမြိုင်၊ မောင်ငံရပ်တွင် သီတင်းသုံးတော်မူနေသည့်မေဓာဝီဆရာတော်နှင့် ဘီးလင်းမြို့နယ်အတွင်းမှာ နာမည်ကြီးသဏ္ဍာယ်ကျင်း ဆရာတော်တို့က ဦးထွန်းအေးကို ခေါ်ယူမေးမြန်းသည်။ တပည့်တော်ရဲ့ ကျင့်စဉ်တကိုယ်ကျင့်တရား ကောင်းမွန်ရေးနဲ့ လူတိုင်း ငါးပါးသီလမြဲကြရအောင် အဓိကထားပြီး ကျင့်ရတဲ့ ကျင့်စဉ်ပါ။ သူတို့ကို စိတ်တည်ငြိမ် အေးအေး



www.burmeseclassic.com

www.burmeseclassic.com



မှုရစေပြီး ဓမ္မောတရားကို အားထုတ်ရင်း သမာဓိကို ထူထောင်ပေးပါတယ်။ သမာဓိ ရင့်ကျက်လာတာနဲ့အမျှ သူတို့ကိုယ်မှာ ဓမ္မစက်ကြီးလည်လာပြီး အသိပညာတွေကို ခန္ဓာကိုယ်မှာ တွေ့လာကြရတယ်။ မိမိလာရာဘဝပေါင်းကိုသိကြတဲ့တရားမှာတော့ ကျင့်ကြံအားထုတ်မှုရဲ့အနုအရင့်နဲ့ ပါရမီအထုံ ပါလာသူတိုင်းအတွက် တွေ့မြင် သိမြင်ကြပါတယ် ဟု ဦးထွန်းအေးက လျှောက်သည်။

ဒါဖြင့် မင်းကိုယ်တိုင်မှာ ကိုယ်ခံတရား ဘယ်လောက် ရှိနေပြီလဲ၊ ဘယ်လိုတရားကို အားထုတ်ခဲ့သလဲ၊ ဘယ်ဆရာများဆီက နည်းနာယူခဲ့သလဲဟု၊ မေးမြန်းတော်မူသည်။ တပည့်တော်က ခန္ဓာကိုယ်တွေ့နဲ့ပဲ ကျင့်ကြံခဲ့တာပါ။ ပိဋကတ်တော်တွေထဲက စာပေကို အရှင်ဘုရားတို့က သိလိုတာကို မေးပါ။ တပည့်တော် ဖြေကြားပါ့မယ်။ တပည့်တော်နုတ်ငုံရပါတယ်ဟု ဆရာတော်နှစ်ပါးကတစ်လှည့်စီ မေးသမျှကို ဦးထွန်းအေးက မြင်းကောင်းစိုင်းသလို ဖြေနိုင်ခဲ့သည်ဟု သတင်းများ ထွက်လာလျှင် အင်းစာကို ဟုတ်ဟုတ်ငြားငြား မသင်ရဘဲ ဒီလောက်တတ်နေတာကိုထောက်ရင် ဟိုတစ်ခါ ချောင်းထဲ ငါးမျှားရင်း ပုရပိုက် တစ်ဆူ သ ရသွားတယ်ဆိုတာ အမှန်ပဲဖြစ်မယ်။ ဒီပုရပိုက်ထဲက သူ တတ်လာတဲ့ပညာတွေပဲ ဖြစ်ရမယ်ဟု ဦးထွန်းအေးမှာ နာမည်သတင်း ပိုမို ကြီးမားလာပြန်၏။

တစ်နေ့မှာ သထုံအရေးပိုင်က နာမည်ကြီးနေသော ဦးထွန်းအေးကို သူ့ရုံးသို့ ခေါ်ယူစစ်ဆေးသည်။ ဦးထွန်းအေး မနေတောင်ပေါ်မှ လူကြီးလေးငါးဦးနှင့် အတူသွားသည်။ အရေးပိုင်က ဦးထွန်းအေးကို မင်းလောင်း ဝန္ဒကရသေ့၊ မင်းလောင်းမောင်သန့်တို့လို ထင်၍ စိုးရိမ်ကြီးစွာ





ခေါ်မေးခြင်း ဖြစ်သည်။ ဒါပေသည့် ဦးထွန်းအေးက အေးအေးပါပဲ။ သူ့အလုပ်ကို သိပါလိမ့်မည်ဟုပဲ စကားနည်းနည်းဖြင့် အဖြေပေးသည်။ အရေးပိုင်က လွှတ်လိုက်သူများ မနေတောင်ပေါ် ရောက်သောအခါ သင်္ခေါက်ဆိုးအဝတ်များနှင့် တရားကျင့်နေသူများကို တဲများပေါ်မှာ တွေ့ခဲ့ရသည်။ မနေတောင်ပေါ်မှာ ရေမြေကောင်းသည်။ တိတ်ဆိတ်အေးချမ်းမှုရှိသည်၊ မနေတောင်မှာ စပါးမှလွဲလျှင် စားသုံးပင်အားလုံးကို စိုက်ပျိုးစားသောက်ကြသည်ဟု မြင်လာရသောအခါမှာ ဦးထွန်းအေး လမ်းစဉ်သည် မင်းလောင်းဖြစ်လိုသည့် လမ်းစဉ်မဟုတ်။ သူ၏ ဓမ္မစက်ကိုသာ မှန်ကန်စွာ လေ့ကျင့်အားထုတ်နေသည်ကို သိလာကြသည်။ ဦးထွန်းအေး နာမည် ပိုမိုကြီးမားလာရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ နာမည်ကြီးနေသော ဦးထွန်းအေး၏ ဇာတိနယ်မြေ အလူးကြီးရွာသည် စာရေးသူဇာတိဖြစ်သော "တောင်စွန်း" နှင့် နှစ်မိုင်လောက်သာဝေးသည်။ ကျွန်မအဘွားနှင့် ဦးထွန်းအေး၏ဖခင် ဦးပန်းသာတို့က ရင်းနှီးသည်။ ဦးပန်းသာ တောင်စွန်းကိုဈေးဝယ်လာတိုင်း ကျွန်မတို့အိမ်မှာ နားခိုသည်။ ရေနွေးကြမ်းသောက်ရင်း၊ ကွမ်းစားရင်း အဘွားနှင့် စကားလက်ဆုံကျလျှင် သူ့သား လူထူးဆန်းဦးထွန်းအေးအကြောင်းအမြဲပါလာသည်။ တစ်ခါတစ်ရံ ဦးထွန်းအေးလည်းရောက်လာတတ်ပါသည်။

ဦးထွန်းအေးက ကျွန်မအမေနှင့် ခင်မင်သည်။ အရွယ်ချင်းကလည်း မတိမ်းမယိမ်းလောက်ရှိပါလိမ့်မည်။ တစ်ယောက်နှင့် တစ်ယောက် စကားပြောကြလျှင် ကျွန်တော်၊ ကျွန်မနှင့် ပြောကြသည်ကို ကြားရ၍ အသက်ချင်းသိပ်မကွာဟု ထင်ရသည်။ ထိုအချိန်က အမေ့အသက်မှာ သုံးဆယ့်သုံးနှစ်လောက် ရှိနေပြီဖြစ်၍ ဦးထွန်းအေး အသက်မှာ အလွန်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှိ သုံးဆယ်လောက် ရှိပါလိမ့်မည်။ သို့သော် အနေအထိုင် ကြမ်းပြီး ကွမ်း အလွန် စားသော ဦးထွန်းအေး ရုပ်ရည်သည် အမေ့ထက်ပင် အသက်ကြီးနေဟန် ထင်ရပါ၏။

လူပုံက နွဲ့နွဲ့ချောချော၊ အသားကဖြူဖြူ၊ အရပ်အမောင်းက ငါးပေခွဲသာသာလောက် ရှိသည်ဖြစ်၍ လူလုံးဖန် မသေးလှပါ။ နက်မှောင်နေသော ဆံပင်ကို သျှောင်တစောင်းထုံးထားပြီး ပဝါပေါင်းထားသောကြောင့် ဇာတ်မင်းသားများနှင့်လည်း တူနေသည်။ ကျွန်မအသက်က ထိုအချိန်မှာ ခြောက်နှစ်ကျော်ကျော်လောက် ရှိနေပါပြီ။ ထို့ကြောင့်လည်း ဦးထွန်းအေး ရုပ်သွင်ကို ကောင်းစွာ မှတ်မိနေခြင်းပင်။ အဖတ်ဖြူဖြူကလေးများကို သန့်လည်ပင်း၊ လက်မောင်း၊ ခြေသလုံး စသည် အဝတ်လစ်လပ်သော နေရာတိုင်းမှာ မြင်နေရသည်။ ဒါပေသည့် ယားယံ ကုတ်ခြစ်နေသည်ကိုမူ တစ်မျှမတွေ့ရပါ။ ကျွန်မတို့က ဦးထွန်းအေး အိမ်မှ ပြန်သွားလျှင် -

"အမေ ... ဦးထွန်းအေးကြီး တစ်ကိုယ်လုံးက ပွေးတွေနဲ့နော် ... ရွံစရာကြီး"

ဟု ပြောလျှင် အမေက -

"ဟဲ့ ... သူများကို မရွံကောင်းဘူး ... ငဲ့ကြီးတတ်တယ် ... အဲဒါ ပွေးမဟုတ်ဘူး ... တစ်နှစ် တစ်ခါ ... မြွေလို အရေခွံလဲတာလို့ သူက ပြောတယ်"

ဟု ကျွန်မတို့ကို ရှင်းပြသည်။ သည်လိုနှင့် ဦးထွန်းအေး ကျွန်မတို့အိမ်သို့ရောက်မလာသည့် သုံးလေးလအကြာလောက်မှာ မနက်စောစောကြီး အိမ်သို့ သူ ရောက်လာသည်။





အိမ်မှာ ထိုင်ထိုင်ချင်း -

"ကျွန်တော် ပန်းကုန်းကို သွားပြီး မိန်းမ ယူတာဗျ ... အဖေတို့ လိုက်တောင်းပေးတယ် ... ခရီးဝေးလို့ ... ခင်ဗျားတို့ကို လာမပြောတော့ဘူး"

လို့ ဆိုင်းမဆင့်ဘုံမဆင့် ချက်ချင်းပြောသည်။

"ဟင် ... ဒါကြောင့် ပျောက်နေတာကိုး ... ကျွန်မက တောင်ပေါ်မှာ အလုပ်တွေ သိပ်များနေပြီလို့ ထင်နေတာ ... လက်စသတ်တော့ ကိုထွန်းအေးက ... မိန်းမတောင်း သွားနေတာကိုး ... အခု ကိုထွန်းအေး မိန်းမကို ဘယ်မှာထားသလဲ ... သူ့ရွာမှာပဲလား"

အမေက ကွမ်းအစ်ချပေးရင်း မေးလိုက်တော့ -

"အဲဒီအတွက် ခင်ဗျားဆီ ကျုပ်လာတာပဲ ... သူ့ကို ပန်းကုန်းမှာပဲ ထားခဲ့သေးတယ် ... ပြာသိုလဆန်း (၃) ရက်နေ့ ညနေကို ရထားနဲ့ သူတို့ လိုက်လာကြမယ် ... အဲဒီတစ်နေ့ စောစောမှာ ခနောင်ကို ပြန်ထွက်မယ်"

ပြောပြီး ကွမ်းစားနေတုန်း အမေက မေးသည်။

"ကျွန်မတို့က ဘာလုပ်ထားပေးရမလဲ ... စားဖို့ သောက်ဖို့အတွက်လေ"

"အဲဒါတွေ ဘာမှမလိုဘူး ... အဲဒီ ပြာသိုလဆန်း (၃) ရက်နေ့ မနက်စောစောမှာ ... ကျုပ်လူတွေ လှည်းနှစ်စီးနဲ့ လူခြောက်ယောက် ခင်ဗျားတို့ဆီ ရောက်လာမယ် ... သူတို့အားလုံး အိပ်ရာနေရာအတွက် ခင်ဗျား အိမ်ခေါင်းရင်းက မြေကွက်လပ်မှာ မဏ္ဍပ်ထိုးပေးပါ ... ပြီးတော့ သံယာစင်လို ... စင်မြင့်ထိုးပေးလိုက်ပေါ့ဗျာ ... အဲဒီအပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ် ... စောင်၊ ခေါင်းအုံးပါမလာဘူးနော် ... အဲဒါ ခင်ဗျား တာဝန်ယူရမှာ ... ပန်းကုန်းက လိုက်လာမှာတော့ ... သူ့အမေနဲ့ အဖော်နှစ်ယောက်လောက်ပါပဲ"

ဦးထွန်းအေးက အစီအစဉ်တွေ ပြောပြီးသည်နှင့် အမေက ကောက်ခါငင်ခါဖြင့် -

"ကိုထွန်းအေး ... မိန်းမယူပုံကြီးကလည်း နေ့မရွေး၊ ရက်မရွေးနဲ့ ... ဘယ်နှယ့် ပြာသိုလကြီးမှာ ယူရတာလဲ ... ဝါဝါ၊ တော်တော် ပြာပေါင်း ခေါ်ဆိုတဲ့ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ နတ်တော်၊ ပြာသိုနဲ့ တပေါင်းလ ဆိုတဲ့ ခြောက်လမှာ ... ဗိသနိုးမင်းကြီး အိပ်ပျော်နေတဲ့ ခြောက်လဖြစ်လို့ ... မင်္ဂလာမဆောင်ကောင်းဘူးဆို ... အဲဒီလတွေမှာ ဆောင်မိရင် အိမ်ထောင်မမြဲဘူး ... ကွဲတတ်တယ်လို့ ဗေဒင်ဆရာတွေက ပြောထားတယ် မဟုတ်လား"

ဟု ပြောလိုက်လျှင် ဦးထွန်းအေးက အမေ့ကို မျက်လုံးပြူးကြီးနှင့် အဓိပ္ပာယ်ကြာအောင် စိုက်ကြည့်သည်။ ပြီးတော့ လေသံလေးလေးနက်နက်နှင့် အမေ့ကို သူရှင်းပြသည်။

"ခင်ဗျားတို့ အဲဒါခက်တာပဲ ... ဒါတွေဟာ ဘုရားဟောခဲ့တာမဟုတ်ဘူးဗျ ... ပုဏ္ဏားတွေ ထင်ရာရေး ... ထင်ရာပြောခဲ့တာတွေကို အမှန်တွေချည်းပဲလို့ ထင်နေကြတာကိုက ဗုဒ္ဓဘာသာတွေမှာ ခက်နေတာ ... ကောင်းတဲ့အလုပ် ... မင်္ဂလာရှိတဲ့အလုပ်ကို လုပ်တယ် ဆိုတာ ဘယ်နေ့မှာပဲလုပ်လုပ် ... ကောင်းတာချည်းပဲဗျ ... ခင်ဗျား စောစောက ပြောတဲ့ ဗိသနိုးနတ်ကြီးဆိုတာက ကျုပ်တို့ ဗုဒ္ဓစာပေထဲမှာ ရှိလို့လား ... ဒါတွေဟာ ခင်ဗျားလည်း ဗုဒ္ဓဘာသာပဲ ... စာတတ်တာပဲ ... ဗုဒ္ဓစာပေ





တွေထဲမှာ ပါသလား ဆိုတာ ... ရှာပြီး ဖတ်ကြည့်ဦး"

ကျွန်မမှာ ဦးထွန်းအေးလာလျှင် အနားမှာ အမေနှင့် အတူရှိနေတတ်သောကြောင့် အမေနှင့် ဦးထွန်းအေးတို့ ပြောသမျှအားလုံးကို ကြားနာ မှတ်မိခဲ့သည်။ ထိုစဉ်ကလည်း ဦးထွန်းအေး ပြန်ရှင်းပြသော စကားများကို အမေက အပြုံးနှင့်ပဲ နားထောင်နေလိုက်သည်။ ဘာစောဒကကိုမှ ပြန်မဝင်ပါ။ ပြန်ဝင်လို့လည်း စာတတ်၊ စကားတတ် ဦးထွန်းအေးကို အမေ နိုင်မည်မဟုတ်ပါ။

ဦးထွန်းအေး ပြန်တော့ နှုတ်ဆက်စကားဆိုရင်း အမေ့ကို -

"ကျုပ် မိန်းမယူတဲ့နေ့က နေဝင်ကျော်ဖျိုးဖျ၊ သုံးရက်လ မပေါ် တပေါ် ဆိုတဲ့အချိန် ... အတိတ်နဲ့ တဘောင်နဲ့လာတဲ့အချိန် ... ဆိုတာ ခင်ဗျား မှတ်ထားနော်"

ဟု ပြောသွားသည်။

ပြာသိုလဆန်း (၃) ရက်နေ့။

မနက်စောစော ခြောက်နာရီအချိန်လောက်တွင် မနတောင်မှ လှည်းနှစ်စီး ရောက်လာသည်။ လှည်းမောင်းလာကြသည့် အမျိုးသား နှစ်ယောက်နှင့် အမျိုးသမီး လေးယောက် ပါလာကြသည်။ အားလုံး သစ်ခေါက်ဆိုးဝတ်သူများချည်း ဖြစ်လေသည်။ ဦးထွန်းအေးကို မတွေ့ရပါ။ သူတို့မှာ သပြေပန်းများကို ငှက်ပျောရွက်နှင့် ထုပ်ကာ ယူလာကြသည်။ ကျွန်မတို့အတွက် ယူလာပေးသည်တော့ မဟုတ်။ ကျွန်မတို့အတွက် ယူလာပေးသည်က ငှက်ပျောသီးများများနှင့် ထုပ်ထားသည့် ကောက်ညှင်းထုပ်တွေပဲဖြစ်သည်။

အမေက သည်မနက် အလုပ်များနေရပါသည်။ သူတို့ညအိပ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ကျွန်မတို့အိမ်အပေါ်ထပ်မှာ သိမ်းထားသည့် ဖျာလိပ်များနှင့် ခေါင်းအုံးတွေ၊ စောင်တွေကို ယူချလာသည်။ သူတို့တွေ အိပ်ကြမည့်နေရာကို ကန့်လန့်ကာတွေနှင့် ကာသည်။ အမေ အလုပ်များနေသည့် အခိုက် ကျွန်မမျက်လုံးများက မနေတောင်မှဧည့်သည်များကိုပဲ ကြည့်နေမိသည်။ သူတို့အားလုံးသည် ကျွန်မ မြင်တွေ့နေကျလူများနှင့် လုံးဝ မတူသလို ဖြစ်နေပါသည်။ မျက်လွှာကို အမြဲချထားကြသည်။ အချင်းချင်း ပြောကြဆိုကြသည်လည်း မရှိ။ စက်ရုပ်ကြီးများကဲ့သို့ သွားလာလှုပ်ရှား ခြင်းများနှင့် အထိုင်အထ စသည်များမှာ အားလုံးကို သတိထားပြီး လှုပ်ရှားနေကြသလို ဖြစ်နေပါသည်။

သူတို့ နံနက်စာ စားကြမည်ဆိုတော့ မြေကြီးပေါ်မှာ နီးချောဖျာများ ခင်းပေးထားသည့်အပေါ် ထမင်းစားပွဲနှင့် ထမင်းစား ပန်းကန်များ ချထားပေးသည့် ခုံပေါ်မှာ ထိုင်စားကြသည်။ ထမင်းပန်းကန်များကို သူတို့ ယူမစားကြဘဲ သူတို့ယူလာသည့် ထမင်းထုပ်တွေကိုပဲ ဖြည်ပြီး စားကြမည်လုပ်တော့ လက်ဆေးဇလုံ ယူလာပေးသည့် ကျွန်မအမေက အို ... ပန်းကန်ပြားနဲ့ ထည့်စားပါလားဟု ပြောသည်။ ဒါပေသည့် သူတို့အားလုံးက ရပါတယ်၊ ဖက်နဲ့ပဲ စားလိုက်ပါတော့မယ်ဟု လက်ကို လက်ဆေး ဇလုံမှာ ဖြည်းညင်းစွာ စိမ်နှစ်နေကြရင်းက ဖြေသည်။ သူတို့စားနေသည့် ထမင်းက နူးနူးအိအိနှင့် ကောက်ညှင်းပေါင်းတွေလို စေးစေးကပ်ကပ် ရှိလှသောကြောင့် ကောက်ညှင်းပေါင်းတွေလားဟု ကျွန်မမှာ သူတို့ ထမင်းစားနေကြသည့် နေရာကို သွားကြည့်တော့ "စားမလားကလေး" ဟု တစ်ယောက်က မေးသည်။ ထိုနေ့ကမှ သူတို့ ချက်ယူလာသော ထမင်းသည် ဧည့်မထဆန်သစ်ကို ချက်လာခြင်း ဖြစ်သည်ဟု





အမေပြောပြ၍ ဧည့်မထဆန်အမည်ကို ပထမဆုံး ကျွန်မ ကြားဖူးလိုက်ရခြင်း ဖြစ်ပါလိမ့်မည်။ ပဲငါးပိတောင်းကလေးနှင့် မြိန်ရေရှက်ရေ စားနေကြပုံမှာ ကျွန်မအတွက် အမှန်ပဲ စားချင်စိတ် ပေါ်သွားမိပါသည်။ ထမင်းစားသောက်ပြီးကြသည်နှင့် သူတို့အတွက် ပြင်ဆင်ထားပေးသည့် ကန့်လန့်ကာနောက်ရှိ အိပ်ရာများသို့ ဝင်ရောက် အနားယူကြပါသည်။ သူတို့ထံမှ မည်သည့်အသံကိုမျှ မကြားရပါ။ အမြဲမပြတ်၊ သတိကပ်လျက် ရှိနေကြဟန် ဖြစ်ပါလိမ့်မည်။

ညနေ လေးနာရီလောက်မှာ သူတို့အားလုံး လှုပ်ရှားလာကြတော့သည်။ ပေါင်ဘူတာမှ လိုက်ပါလာကြမည်ဖြစ်သော သတို့သမီးနှင့် အဖွဲ့ကို တောင်စွန်းဘူတာမှာ ငါးနာရီကျော်ကျော်အချိန်တွင် ဆိုက်ကပ်လာမည့် ရထားကို သွားကြိုကြရမှာ ဖြစ်ပါသည်။ မနေတောင်မှ ယူလာခဲ့သည့် သပြေပန်းများကို အမျိုးသမီး လေးဦးလုံးက ညာလက်မှာ ကိုင်ဖွဲ့ပြီး ဘူတာမှာ ဆင်းကျန်ရစ်ခဲ့မည့် သတို့သမီးကို အောင်သပြေပန်းနှင့် ကြိုဆိုကြမှာ ဖြစ်ပါသည်။

"ဪ ... ကိုထွန်းအေးကတော့ လုပ်လိုက်ရင် အဆန်းချည်းပဲ ... သူ့သတို့သမီးကို ကြိုဆိုတဲ့အချိန်က နေဝင်ကျော်ဖျိုးဖျ ... သုံးရက်လ မပေါ့တပေါ်ဆိုတဲ့အချိန် ... ကြိုဆိုတဲ့ အတိတ်ပန်းက အောင်သပြေပန်း တဲ့ ... တို့တော့ သူလုပ်တာတွေကို ဘာတစ်ခုမှ နားမလည်ပါဘူး"

ဟု အမေက ညည်းတွားသလို ပြောသည်။

ဘူတာက ကျွန်မတို့အိမ်နှင့် မဝေးပါ။ နောက်ဖေးလမ်းဟုခေါ်သည့် ဖြတ်လမ်းက သွားရလျှင် ဆယ်မိနစ်နှင့် ဘူတာကို ရောက်သည်။ ဒါပေသည့် ခုသွားရမည့် အခြေအနေက မင်္ဂလာကိစ္စဖြစ်နေ၍ လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြို လမ်းကြားက သွားရန်မဖြစ်။ လူမြင်သူမြင် လူနေအိမ်ခြေတွေ ထူထပ်နေသည့် ပေတရာလမ်းမကြီးပေါ်မှာ စနစ်တကျဖြင့် စီတန်းသွားမှ ဖြစ်မည့် အခြေအနေမို့ အမေကပဲ ဦးဆောင်ကာ ဘူတာကို လိုက်ပို့ရသည်။ အမေ့နောက်မှလိုက်သွားသူများက သပြေပန်းကိုယ်စီနှင့် ရသေ့ဝတ်စုံများကို ဝတ်ထားကြသူများ ဖြစ်နေသောကြောင့် ဦးထွန်းအေး၏ ခမ္မောဂိုဏ်းမှဖြစ်သည်ကို သိလိုက်ကြရသော်လည်း ဦးထွန်းအေး၏သတို့သမီးအား ဘူတာမှာ သွားရောက် ကြိုဆိုကြမည့် မင်္ဂလာ ခရီးဖြစ်သည်ကိုမူ မည်သူမှ မသိလိုက်ကြပါ။

အမေ့လက်ကိုဆွဲပြီး လိုက်ပါသွားရသည့်ကျွန်မကမူ ထိုညနေက အဖြစ်ကို အခုတိုင် မြင်ယောင်လျက်ရှိနေပါသည်။ ဘူတာမှာ သပြေပန်းများ ကိုင်လာကြသည့် ခနောင်သူများကို ဘာလုပ်ကြမလို့ပါလိမ့်ဟု အားလုံးက စူးစိုက်ကြသည်။ ရထားကလည်း မဝင်လာသေး။ ကျွန်မမှာလည်း ရထားကြီး မြန်မြန်ဆိုက်လာစေချင်နေသည်။ အမှန်မှာ ကားရထားကြီးက သူ့အချိန်နှင့်သူ တိကျစွာ လာမြဲပါ။ ကျွန်မကသာ ဆန္ဒစောပြီး ရထားကြီးကို ဒီညနေမှာမှ နောက်ကျလိုက်တာဟု ထင်နေခြင်းဖြစ်ပါသည်။

ဟော ... ရထားကြီး ဝင်လာပါပြီ။ တိုးတိုးဝှေ့ဝှေ့ ဆင်းကြ၊ တက်ကြသူများအကြားမှာ သပြေပန်းများကိုယ်စီ ကိုင်ထားသည့် ခနောင်အဖွဲ့သည် ကုန္ဒြေရစွာဖြင့် တည်ငြိမ်စွာ ရပ်တည်လျက် ရှိနေကြသည်ကို ကျွန်မ မြင်လိုက်ရသောအခါမှာ သူတို့ကို အားမလိုအားမရ ဖြစ်လိုက်မိပါသည်။ နောက်မှ အမေ ပြောပြ၍ သိရသည်မှာ ရထားပေါ် ပါလာကြသည့် သတို့သမီးအဖွဲ့သည် သပြေပန်း ကိုင်ထားသူများကို မြင်လိုက်ရ





လျှင် သူတို့အား လာရောက်ကြိုဆိုသူများအဖြစ် အချင်းချင်း သိနိုင်ကြရန် ဦးထွန်းအေးက စီစဉ်ပေးလိုက်ခြင်းဖြစ်သည်ဟု ဆိုပါသည်။

ရထားပေါ်မှ ဆင်းလာကြသည်မှာ အမျိုးသမီးချည်း သုံးယောက်သာ ဖြစ်သည်။ အသက်ကြီးကြီး ကျွန်မအမေအရွယ်ထက် ကြီးပုံရသည့် အမျိုးသမီးကြီး နှစ်ယောက်က ခြံရံလာသော အလယ်မှ အမျိုးသမီးသည် သတို့သမီး ဖြစ်ပါလိမ့်မည်။ သူတို့သုံးယောက် ရထားပေါ်မှ ဆင်းလာသည်ကို မြင်သည်နှင့် ခနောင်အဖွဲ့မှ သတို့သမီးကို သပြေပန်းများ သွားပေးသည်။ လာပေးသော သပြေပန်းကို သတို့သမီးသည် ရင်မှာကပ်၍ ပိုက်ပွေ့ထားပါသော်လည်း မျက်လွှာကို တစ်ချက်ကလေးမှ ပင့်၍မကြည့်၊ သူ့ဘေးမှာ ပါလာသည့် သူ့မိခင်ဟု ထင်ရသော အမျိုးသမီးကြီး၏ လက်ကို လွတ်နေသော ညာဘက်လက်နှင့် ဆုပ်ကိုင်လျက်ရှိသည်ကို ကျွန်မ မြင်နေရသည်။

အိမ်သို့ ရောက်လာ၍ သူတို့အတွက် သီးသန့် ဆောက်လုပ်ပေးထားသည့် နေရာမှာထိုင်၍ အနားယူကြသည်အထိ သတို့သမီးသည် စကားလည်း မပြော၊ မျက်လွှာလည်း မပင့်နှင့် ကျောက်ရုပ်တု တစ်ခုလို ငြိမ်သက်နေပါ၏။ အိမ်ရှင်ဖြစ်သော အမေက ကျောက်ဖရုံယို၊ ဒူးရင်းယို၊ နာနတ်ယိုတို့နှင့် အားလုံးကို ရေနွေးကြမ်းတိုက်၍ ဧည့်ခံသည်။ ကျွန်မမှာက သတို့သမီးကိုပဲ စိတ်ဝင်စားဖွယ်ရာ အရုပ်တစ်ခုလို မကြာခဏ လှမ်းကြည့်နေမိပါ၏။ သူ့ကုန္ဒြေကပဲ ကြီးမားလွန်းနေပါသလား၊ သို့မဟုတ် သတို့သမီးတစ်ယောက်၏ သိက္ခာနှင့် ညီစွာ အရက် အကြောက်လများက ဖုံးလွှမ်း အုပ်မိုးနေပါသလားဟု ကျွန်မအစ်မကြီးများကပါ သူ့ကိုကြည့်ပြီး ဝေဖန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမျက်စိထဲမှာတော့ သူ့ကို ကြည့်ကောင်းနေသည်။ သူ့အသားက မဖြူ မညို၊ အသားလတ်လတ်နှင့် ဝင်းဝင်းဖန့်ဖန့်ဟု အခုထိ ကျွန်မ၏ စိတ်မျက်စိထဲမှာ ပေါ်လွင်နေပါသည်။ နားသယ်ဆံစပ်မှ သွယ်လျလျ ဆင်းလာသည့် ဆံပင်နွယ်ကလေးများ သူ့ပါးပြင်ပေါ် ဝေ့ဝဲကျနေပုံကိုလည်း ကျွန်မစိတ်ထဲမှာ ကြည့်ကောင်းနေပါသည်။ ဒီလောက်အနေအထိုင် ကုန္ဒြေကြီးမားလွန်းနေသည့် သတို့သမီးမျိုးကို ဦးထွန်းအေးကြီး ဘယ်လို တွေ့လာပါလိမ့်ဟု အစ်မများက ပြောတော့ အမေက ပြုံးရယ်ရင်း "ဖူးစာပေ့ါဟယ်။ နဖူးစာ ရွာလည်ဆိုတာ အဲဒါမျိုးပေ့ါ" ဟု ဆိုသည်။ အမေကလည်း ဦးထွန်းအေး သူ့ဖူးစာဖက်နှင့် ဘယ်ပုံ တွေ့ဆုံလာရသည်ကို သိချင်နေပါသည်။ ထို့ကြောင့် ဦးထွန်းအေးကို အေးအေးဆေးဆေး အချိန်ရသည့် တစ်နေ့တွင် မေးကြည့်တော့ -

"ပြောရမှာက အရှည်ကြီး ... ဒီအကြောင်းတွေကို ပြန်ပြောရမှာလည်း ယုံကြည် လက်ခံကြမယ်ဆိုရင် ဟုတ်ရဲ့... အရင်ငယ်ငယ်ကလိုပဲ ... ထွန်းအေး ရူးပြီး ထင်ရာမြင်ရာတွေ ... ပြောပြန်ပြီဆိုကြရင် ... ပြောတဲ့ လူတွေအတွက် အပြစ်ဖြစ်ကြဦးမယ်"

ဟု လေသံလေးလေးနှင့် အမေ့ကိုပြော၏။

"ကျွန်မက ကိုထွန်းအေးကို ယုံပါတယ် ... ဘယ်တုန်းကများ ကိုထွန်းအေး ပြောခဲ့တဲ့စကားတွေကို ... မယုံမကြည်လုပ်ခဲ့လို့လဲ ... ကိုထွန်းအေး ပြောခဲ့သမျှတွေ အမှန်အကန်ချည်းပဲဆိုတာ ... ကျွန်မ လက်ခံပါတယ် ... အခု ကျွန်မမေးရတာက ... ခနောင်ပေါ်မှာနေတဲ့ ကိုထွန်းအေးက ပန်းကုန်းရွာ အဝေးကြီးမှာနေတဲ့ မပန်းခြုံကို ဘယ်နည်း ဘယ်ပုံ တွေ့ပြီး ဖူးစာဆုံခဲ့ရသလဲ ဆိုတာကို အံ့သြနေလို့ပါ ... ပြီးတော့





မပန်းခြုံအမေက ပြောသွားတယ်လေ ... သူတို့နှစ်ဦးဟာ အရင်ဘဝကတည်းက ဇနီးမောင်နှံ ဖြစ်ခဲ့ဖူးတယ်တဲ့... အဲ့ဒါဟုတ်သလား ...ဒါကြောင့် ကျွန်မက သိချင်ပြီး မေးတာပါ"

မောင်ထွန်းအေး စကားပြောတတ်စ သုံးနှစ် နီးပါး အရွယ်လောက်မှာ မကြာခဏ တက်တတ်သည့် ရောဂါကြောင့် အလူးကြီး ဆရာတော်ဆီ ကလေးကို ခေါ်သွားပြီး တွက်ချက်ကြည့်သည်။ ထိုအခါ ဆရာတော် အမိန့်ရှိသည်မှာ ကသစ်သားနှင့် ကျားရုပ်တစ်ကောင် ထုလုပ် ခမည်းပေးရမည်ဟု အမိန့်ရှိလိုက်သည်။ သူတို့အရပ်မှာ ဟုတ်ဟုတ်ငြားငြား ပန်းပုလုပ်တတ်သူ မရှိ၍ သူ့အဖေကို ပန်းသာက ကသစ်သားကို ရှာလာပြီး ကျားရုပ်ထုသည်။ ကျားလိုလို၊ ကြောင်လိုလို ဖြစ်နေပေသည့် အဝါရောင်ထင်းထင်းနှင့် အနက်ရောင်မှုန်မှုန်ဆေးကို ခြယ်ပေးပြီးသောအခါမှာတော့ ကျားရုပ် ပီသလာသည်။ ထိုကျားရုပ်ကလေးကို မောင်ထွန်းအေး လည်ပင်းမှာ ကြိုးကလေးနှင့် ချည်ပြီး ခမည်းအဖြစ် ဆွဲပေးလိုက်သည်။ အံ့သြစရာပါပဲ။ ကျားခမည်းကို ပေးလိုက်သည့်နေ့မှစ၍ မောင်ထွန်းအေး မတက်တော့ပါ။ ကိုပန်းသာမှာ ဝမ်းသာလွန်းပါ၍ ဆရာတော်ထံကိုလည်း ဒီအကြောင်း သွားလျှောက်သည်။ သူ့သားအတွက် နောက်ထပ် ကျားကြီးတစ်ကောင်ကိုလည်း ထပ်လုပ်ကာ ရှေ့ငါ့သား ကစားပေတော့လို့ ပေးလိုက်လေသည်။

သည်လိုနှင့် ကျန်းမာစွာ အရွယ်ရောက်လာသည့် မောင်ထွန်းအေးကို သူ့အဖေက အလူး ဘုန်းကြီးကျောင်းသို့ ပို့သည်။ ကျောင်းအတွက် နေ့စဉ် ဆွမ်းချိုင့်ပို့ရင်း ဘုန်းကြီးထံမှာ မောင်ထွန်းအေး စာသင်သည်။ ဘုန်းကြီးကျောင်းမှာ ဟုတ်ဟုတ်ငြားငြား စာမသင်ရဘဲ ပရား



www.burmeseclassic.com

www.burmeseclassic.com



စကားတွေကို ကရားမှ ရေလွှတ်သလို တတွတ်တွတ် ပြောဟောနိုင်လာသည်။ ပြီးတော့ "ထွန်းအေး ငှက်တွေနဲ့ စကားပြောနေတယ်။ မာဂဓ စကား တတ်နေသလား မသိဘူးဟု အလူးကြီးမှာ သတင်းပျံ့ထွက်လာသောအခါ ဟိုးတစ်ခါ ငါးများရင်း ချောင်းထဲက ပုရပိုက်တစ်ဆူ ရလာတယ်ဆိုတာ ဟုတ်မယ်ထင်တယ်။ သူက ရပါတယ်လို့ မပြောပေမယ့် အဲဒီကတည်းက သူ ထူးထူးဆန်းဆန်းတွေ ဖြစ်လာတာပဲ မဟုတ်လား" ဟု တစ်ရွာလုံးမှာ သတင်းကြီးလာသည်။

ကိုထွန်းအေး ချောင်းထဲမှ ပုရပိုက်တစ်ဆူ ရလာသည်မှာ အမှန်ပဲဖြစ်သည်။ ပုရပိုက်မှန်းကို ကိုထွန်းအေး လုံးဝ မသိ။ ဘာကြီးပါလိမ့်ဟု အလူးကျောင်းဘုန်းကြီးထံ ယူသွားပြီးပြသည်။ ဒီဟာ ပုရပိုက်ကြီးပဲဟု ဆိုရင်း ဆရာတော် ဖတ်သည်။ ရေထဲက ရလာသည်ဆိုသော်လည်း ပုရပိုက်အတွင်းသားများမှာ လုံးဝ ရေမစို။ ထို့ကြောင့် ဆရာတော်က အားလုံး ကုန်အောင်ဖတ်သည်။ တစ်နေ့နှင့် ဖတ်၍မပြီး၊ အားလုံးသုံးပတ်လောက် ကြာသွားပြီးမှ ဆရာတော်က ကိုထွန်းအေးကို အမိန့်ရှိသည်။

"ထွန်းအေး၊ နင် ငါးပါးသီလကို လုံအောင်ထိန်းပြီး မေ့မှာ မေ့မှာလို့ အနေမပြင်ဘဲ တစ်နာရီတိတိ ရွတ်နေနိုင်မလား။ မျက်လုံးကိုလည်း မှိတ်ထားရမယ်နော်" ဟု မေးသည်။

"ရွတ်နိုင်ပါတယ် ဘုရား" ကိုထွန်း အေးက ချက်ချင်းဖြေသည်။

"အေး ... ဟုတ်ပြီ ဒါဖြင့် ဒီနေ့ကစပြီး ဘုရား မှာ ငါးပါးသီလယူ၊ ပြီးရင် ဘုရားရှေ့မှာ တစ်နာရီတိတိ အမိဋ္ဌာန်ပြုပြီး ငါ တပည့် မေ့မှာ မေ့မှာလို့ ရွတ်နေစမ်း"





ကိုထွန်းအေးသည် ဘဝများစွာမှ ပါရမီအထုံပါလာသလို တစ်နာရီဟု အဓိဋ္ဌာန်ပြုထားပေသည့် စ၍ထိုင်နေသောနေ့မှာပင် သုံးနာရီအထိ အောင်မြင်သွားသည်။ သည်လိုနှင့် သူ ဤအကျင့်မှာ စိတ်ပါဝင်စားလာသည်။ သူတစ်ပါးတို့၏ အသက် လုံးဝ စားချင်စိတ်မရှိတော့၍ မေ့မှာတရားကို ကျင့်လာခဲ့သည့်နေ့မှစ၍ အသက်လွှတ် စားခဲ့၏။ သစ်သီးဝလံ ပေါများသော အရပ်ဒေသဖြစ်၍ ဒူးရင်းသီးနှင့် ထမင်းကို ဆားဖြူးပြီး နယ်စားသည်။ သရက်သီး၊ ငှက်ပျောသီးတို့နှင့်လည်း ကြုံသလို စားသည်။ သူအသက်လွှတ်စားနေသည်ကို အိမ်သားများကမသိ။ သုံးလလောက်ကြာသွားမှ သူ့အမေက သိသွားပြီး -

"ဟဲ့ ထွန်းအေး၊ နင် အသက်လွှတ်စားနေသလား" မေးသည်။ ဟုတ်တယ်ဆိုတော့ -

"ဟယ် နင်ဘာဖြစ်လို့ မပြောလဲ ... အသက်လွှတ် စားချင်ရင် အသက်လွှတ် ငါ ချက်ပေးမှာပေါ့ ... ထွန်းအေးရယ်"

ဟု အမေက မျှစ်ကြော်၊ ပဲပြုတ်၊ ပဲဟင်း၊ ပဲပုပ်၊ ရှမ်းသီးစသည်တို့ကို ချက်ကျွေးသည်။

ထိုအချိန်ကစပြီး ကိုထွန်းအေးသည် သူ့ကျင့်စဉ်မှာ သူနစ်မျောနေကာ လူတွေနှင့်လည်း သိပ်မတွေ့လို၊ စကားပြောချင်စိတ်လည်း မရှိတော့သဖြင့် အလူးကြီး တောင်ပေါ်ကျောင်း၊ တစ်ခါတလေ မောင်းတီးတောင် စသည်ဖြင့် ရောက်သွားသည်။ မောင်းတီးတောင်သည် သူ့အတွက် လုံးဝ အန္တရာယ်မရှိ၊ သူ အားထုတ်နေသည့် သူ့ အတွက် လုံးဝ အန္တရာယ်မရှိ။ သူ အားထုတ်နေသည့် အချိန်အတွင်းမှာ ရင်မှာ အေးမြသွားစေသည့် အမွှေးနံ့တစ်မျိုးကို အမြဲရှူရှိုက်ရသည်။ သူ၏အဓိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



ပြုရာညောင်ချည်ပင်အောက်ရှိ အရပ်မှာတောင်းငယ်တစ်လုံးနှင့် အပြည့် သစ်သီးအစုံထည့်ကာ ညောင်ပင်အမြစ်ဆုံများအကြားမှာ ချထားသည်ကို မကြာခဏ မြင်ရတတ်၏။ ဒါပေသည့် ကိုထွန်းအေး ထိုစားသောက်ဖွယ်ရာများကို စေ့စေ့ပင်မကြည့်။ တစ်စုံတစ်ယောက် တောတက်လာရင်း ခူးထားသည်ဟုပဲ တွေးသည်။

အဓိဋ္ဌာန်ကို မဆုတ်မနစ်ဖြင့် သုံးလတိုင်တိုင် အားထုတ်ပြီးသည့် တစ်နေ့တွင် -

"အစိန္တိရေ သမ္မာသမ္ဗုဒ္ဓေ
အစိန္တိရေ သမ္မာသမ္ဗုဒ္ဓေ
အစိန္တိရေ သမ္မာသမ္ဗုဒ္ဓေ
အစိန္တိရော သဒ္ဓမ္မေ၊ သဒ္ဓမ္မော၊ သဒ္ဓမ္မံ
အစိန္တိယံ၊ ဘိက္ခဝေ၊ ဘိက္ခဝါ၊ သဒ္ဓမံ။ ။

အစရှိသောဂါထာကို သူ့အလိုလို ရွတ်လာမိသည်။ ဤဂါထာရသည့်နေ့မှာပဲ တစ်နေ့လျှင် ၃၇ ကြိမ် နေရာမပြောင်းဘဲ ရွတ်ခဲ့သည်။ တည်ငြိမ်နေသောမနောသည် သူရွတ်ဆိုနေသည့်အပေါ်မှာပဲတည်လျက်ရှိ၏။ စိတ်သည် ပျံ့လွင့်ခြင်း လုံးဝမရှိသောအခါမှာ ခန္ဓာသည် သက်မဲ့ရုပ်တစ်ခုလို သူ့အလိုအလျောက် အေးမြလျက်ရှိနေသည်ကို သိနေရပါ၏။ ဤသို့ အားထုတ်လာသော ရက်များ ၃၇ ရက် ပြည့်သွားသည့် တစ်နေ့တွင် ကိုထွန်းအေး ဘဝ၌အတွေ့အကြုံ လုံးဝမရှိခဲ့ဖူးပါသောငှက်ကလေးများ သဘာဝအလျောက် မြည်ကြွေးနေကြသည့် မာဂဓအသံများကို သူ့ရင်တွင်းမှ သိနားလည်လာရသည်။





ထူးထူးခြားခြား ငှက်တော် နှစ်ကောင် တွန်ကျူးနေကြသည်ကို နားမှ ကြားပြီး ရင်ထဲမှာ လိုက်သိနေသည့်အဖြစ်မျိုး ဖြစ်၏။ ငှက်ဖိုက တောပြောင်းလို၍ ငှက်မကို တိုင်ပင်နေခြင်း ဖြစ်သည်။ ငှက်မက မလိုက်ချင်၊ ဒီတော ဒီတောင်မှာပဲ ငှက်အသင်းအပင်များစွာနှင့် နေလိုသည်။ ငှက်ဖိုက ဒီနေရာမှာ သစ်သီးဝလံတို့ ရှားပါးကုန်ပြီဖြစ်၍ ဒီနေရာမှာထက် တောအုပ် ကောင်းသည့် ဝေပုလ္လတောင် (အယက်သည်မတောင်) သို့ ပြောင်းချင်သည်။

ကိုထွန်းအေးသည် ထိုနေ့မှစ၍ ပုရပိုက်ကို ပိုမို၍ လေ့လာခဲ့သည်၊ စာတစ်လုံးကိုမျှနားမလည်ခဲ့သော်လည်း အားထုတ်ရင်း အဓိဋ္ဌာန်ပြုရင်းဖြင့် ပုရပိုက်မှာပါသော ညွှန်ကြားထားချက်များကို နားလည်လာသည်၊ နားမှာ ကြားလာရသည်များ၊ အာရုံမှာ ပေါ်လာရသည်များက သူ့ဘဝကို တန်ဖိုးမြင့်သထက် မြင့်လာစေသလောက် မိသားစုနှင့်လည်း သူ့ဘဝသည် တဖြည်းဖြည်း ဝေးကွာလာသည်။ ရွာသူ ရွာသား၊ ရွာဓလေ့များနှင့်သော်ကား ကိုထွန်းအေးသည် လုံးဝပင် မပတ်သက်လေတော့။

သူ့ကို တစ်ရွာလုံးက အရူးဟု သမုတ်နေကြသည်ကို သူ သိပါသည်။ ဘာသူတွေက ဘာပဲထင်ထင် ကိုယ့်အလုပ် ကိုယ်လုပ်မည်။ ဝေနေယျများကို ကယ်တင်မည်ဟူသော ရည်ရွယ်ချက်မှတစ်ပါး သူ့မှာ ဘာမျှမရှိ။ ဘာကိုမှ စိတ်မဝင်စား။ သို့ပါလျက် တစ်နေ့သော နေ့လယ်မှတ်မှတ်ရရ တော်သလင်း လပြည့်နေ့ နေ့ဆွမ်းစားပြီးစ အချိန်မှာ သူ အားထုတ်နေကျ နေရာဖြစ်သည့် အလူးတောင်ပေါ်ကျောင်းရှိ ရေသဖန်းချိုပင်ကြီးအောက်မှာ ခဏလှဲလိုက်စဉ် မှေးခနဲ အိပ်ပျော်သွား၏။ ကျား နှစ်ကောင် တစ်ကောင်က ကျားဖို၊ တစ်ကောင်က ကျားမ။ ကျားဖိုက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကိုယ်ထည် အတော်ကြီးမားသည်။ ကျားမက ကိုယ်လုံးကိုယ်ထည် ငယ်သည်။ အသက်အားဖြင့်လည်း ကျားဖိုထက် အတော်ငယ်ဟန် ရှိသည်။ ကျားမက ကျားဖိုကို မှီတွယ် လဲလျောင်းနေသည်။ ကျားဖိုက ကျားမကို ချစ်ကြည်စွာဖြင့် ကျားမ လည်ဆံမွေး၊ ဦးဆံ စသည့်နေရာများကို သူ့လျှာကြီးဖြင့် အသာအယာ လျက်နေသည်။ ကျားမကလေး သူ့ကိုယ်ပေါ် ယုယစွာ ပြုစုပေးနေသည့် ကျားဖို၏ ဦးခေါင်းကို သူ့လက်ဖြင့် တွန်းသည်။ မရလျှင် ပုတ်ခတ်၍ ကစားသည်။

ကိုထွန်းအေး ဖျတ်ခနဲ လန့်နိုးလာသည်။ လှဲခွေအိပ်နေရာမှ ရုတ်ခြည်း ထထိုင်ရာ ပတ်ဝန်းကျင်ကို ကြည့်သည်။ ခဏနေမှ အိပ်မက်ပါလားဟု ပြန်တွေးသည်။ တကယ် ကိုယ်တိုင်ခံစားတွေ့ရှိလိုက်ရသလိုရင်မှာဖိုနေသည်။ တစ်ခါမှ ဤသို့ မဖြစ်စဖူး၍လည်း သူ အံ့သြနေသည်။ ဘယ်လိုနိမိတ်ပုံပါလိမ့်။ ဤကျားမောင်နှံသည် သူ့ဘဝနှင့်မည်သို့နီးနွယ်ပါသနည်း။ ဪ ... ကလေးဘဝတုန်းကတော့ ငါ့ကို ကျားရုပ် ခမည်းလည်မှာဆွဲပေးခဲ့ရသည်ဟု အမေ ခဏ ခဏပြောသည်။ ဤ အိပ်မက်သည် သူ့ဘဝ၏ အတိတ်ကာလနှင့်များ ဆက်စပ်လာပါသလား၊ သူသည် ပြင်းထန်စွာ သိချင်လာသည်။ သူ့ဘဝနှင့် ကျားမောင်နှံတို့၏ ဘဝဖြစ်စဉ်ပဋ္ဌာန်းဆက် မည်သို့ ဆက်သွယ်လာသည်ကို သိချင်လာသည်နှင့်အမျှ ကျင့်စဉ်ကိုလည်း တိုး၍ တိုး၍ အားထုတ်လာသည်။

ဤသို့ အားထုတ်လာရင်း "ဓမ္မော" ဟူသော အသံကို နားဝမှာထင်ရှားစွာကြားလာရ၏။ "အတိတ်ဘဝ တိုက်တွန်းလာသံကိုပါ ထပ်မံ၍ ကြားလာသည်။ အစိန္တရေဂါထာကို တစ်နေ့ (၃၇) ကြိမ် ရွတ်လာရမှ စိတ်တည်ငြိမ်မှု ဖြစ်ပေါ်လာသည်အထိ ဓမ္မောကို မောင်းတီးတောင်ပေါ်





သုံးညအိပ်ပြီး ရွတ်သည်။ လေးည ပြည့်သွားသော နံနက်မှာ သူ၏အတိတ်ဘဝသည် မျက်စိကို မှိတ်လိုက်သည်နှင့် ရုပ်ရှင်ထိုင်ကြည့်နေသလို ပိတ်ကားကြီးပေါ်မှာ ရုပ်ပုံတွေထင်ရှားစွာပေါ်လာသည်ကို ကိုထွန်းအေး ပြတ်ပြတ်ထင်ထင် မြင်နေရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## ကျားဖိုနှင့် ကျားမတစ်စုံ

ကျိုက်ထီးရိုး စေတီတော်ကြီး၏ တောင်အောက် ကမ်းပါးစောင်း၊ တောအုပ် တောင်တန်းများနှင့် ထူထပ် ညို့မှောင်နေသည့်တောနက်အတွင်း တစ်နေရာမှ တစ်နေရာ၊ တောအုပ်တစ်ခုမှ တောအုပ် တစ်ခုသို့ တစ်ကောင်နှင့် တစ်ကောင် မှီတွယ်လျက်၊ တစ်ခါတလေ ကျားဖိုကြီး သွားရာလမ်းသို့ ကျားမကလေးက အပြေးလိုက်လျက် သွားနေကြသည့်မြင်ကွင်းတစ်ခု။ ဖျတ်ခနဲ ပျောက်ကွယ်သွားသည်။

ထို့နောက် မြင်ရသည်ကား မြင်ကွင်းအသစ်။

ရွှေတိဂုံစေတီတော်ကြီးတည်ရာ ကုန်းမြင့်မှိုမှိုကို အဝေးမှ မပီမသ မြင်နေရသည့်မြင်ကွင်း။

မြင်ကွင်းသည် မှုန်ဝါးဝါးဖြစ်နေရာမှ တဖြည်းဖြည်းလင်းလက်လာသည်။ ရွှေတိဂုံစေတီတော်တည်ရှိရာ ကုန်းမြင့်ကိုနောက်ခံလျက် တောအုပ်တော တန်းများ ထူပြောနေသည့် တောတွင်း တစ်နေရာ။ ထို နေရာမှာလည်း ကျားဖိုနှင့် ကျားမတို့သည် မခွဲမခွာ ချစ်ကြင်နာစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အတူသွားနေကြသည်ကိုပဲ မြင်နေရ၏။ သူတို့သည် သားကောင်ရှာထွက်ရင်း နယ်ကျွံလာသလော၊ သို့တည်းမဟုတ် တောပြောင်း ထွက်လာကြလေသလား။ ကြည့်မြင်နေရင်းမှာပင် ကိုထွန်းအေး၏ မနောစိတ်ကလေးမှာ အတွေးပေါ်လာသည်။

မှတ်ချက် ___

*တိရစ္ဆာန်ဗေဒကျွမ်းကျင်လေ့လာသူများ၏ အဆိုတွင် ကျားတို့သည် အစာမစား၊ ရေမသောက်ဘဲ မိုင်တစ်ရာ့ငါးဆယ်ခရီးကို သွားနိုင်သည်ဟု ဆိုပါသည်။*

နောက်ထပ်မြင်ကွင်းတစ်ခုသို့ ပြောင်းသွားပြန်၏။ တောင်ကုန်းများ ချုံ့ဝှမ်းများနှင့် အတက်အဆင်း များလှသည့်နေရာ တောအုပ်ငယ်တစ်ခု၊ လေတိုက်နှုန်းက ပြင်းထန်နေလေသည်။ သစ်ပင်ကြီးငယ်တို့မှာ ဟိုဟိုဒီဒီ ယိမ်းထိုး လှုပ်ရှားကာ လေငင်ရာသို့လိုက်ပါနေကြသည်ကို မြင်နေရ၏။ ကျားမောင်နှံတို့ ကမ်းပါးစောင်းကြီးတစ်ခု သစ်ပင်ကြီးများနှင့် အုပ်ဆိုင်းနေရာမှာ ရပ်လိုက်သည်။ ကျားမက မြေပြင်ပေါ် ဝပ်လိုက်သည်။ ရှေ့လက်နှစ်ဖက်အပေါ် ဦးခေါင်းတင်ကာ မြေပြင်ပေါ် မားမားစွင့်စွင့် ရပ်နေသည့်ကျားဖိုကို မော့ကြည့်လျက် ကျားဖိုက ကျားမ၏ဦးခေါင်းကို ပွတ်တိုက်ပေးလျက် ရှိသည်ကို ကျားမသည် ငြိမ်လျက်ရှိနေသည်။

ထို့နောက် မြင်ရသည်ကား ကျားဖိုကြီး ကျားမအနားမှ လွှားခနဲ ခုန်ကျော်သွားသည်။ သူ ခုန်ကျော်ထွက်သွားရာလမ်းမှာ လွင်ပြင်ငယ်တစ်ခုကိုလည်း တစ်ခါတစ်ရံ တွေ့ရသည်။

လမ်းကြားများထဲသို့ ကျားဖိုကြီးသည် ကြောင်တစ်ကောင်ကဲ့သို့ ဝပ်တွားလျက် သွားသည်။ ဘာမျှ မကြာလိုက်ပါ။ ကျားဖိုကြီးသည်





သွေးစက်စက်ကျနေသော နွားတစ်ကောင်ကို ဖက်မှ ကိုက်ချီဆွဲလျက် သစ်ပင်များ အကြိုအကြားကိုဖြတ်ကာ လွှားခနဲ ခုန်ထွက်လာသည်။

နွားသေကောင်ကို လူတို့နှင့် ဝေးရာမှာ အားပါးတရ ကိုက်ဝါးမျိုနေစဉ်မှာပဲ ကြောက်မက်ဖွယ်အသံများ ထွက်ပေါ်လာကာ ကျားကြီးသည် လေထဲသို့ သူ့ကိုယ်လုံးကြီး မြောက်တက်သွားသည်။ မြေပြင်ပေါ်သို့ ပြန်ကျလာသောအခါ အသက်ဝိညာဉ် ကင်းမဲ့နေရှာပြီ။ သူ့အနားသို့ ရောက်လာသူများကား ကုလားစစ်သားသုံးယောက်၊ သေနတ်ကို မြေကြီးပေါ် ထောက်ကာ ကျားကြီး တကယ်ပင် သေသည်၊ မသေသည်ကို ဝိုင်းပြီး စစ်ဆေးသည်။

ဘယ်လိုမြင်ကွင်းများပါလဲ။ သူနှင့်ပတ်သက်နေပါလျှင် ကျားဖိုကြီးသည် သူ့ကိုယ်တိုင်ဖြစ်နေပါလိမ့်မည်။ ဒါဖြင့် ကျားမလေးဘယ်ရောက်သွားပါသနည်း။ အားလုံးဝေဝါးနေသည်။ ဤအမြင်အားလုံးကိုကြည်လင်သွားစေရန်အတွက် သူ အားထုတ်ရပါမည်။ ကျားမကလေးကိုလည်း မတွေ့တွေ့အောင် သူ ရှာပါမည်။

ကိုထွန်းအေးသည် ဤမြင်ကွင်း အားလုံးကို သူ့မျက်စိထဲမှ မထွက်နိုင်တိုင်း ကျားမကလေးကိုပဲ သနားစိတ်ဝင်နေတော့၏။ အစာရှာထွက်သွားသည့် ကျားဖိုကြီး ပြန်အလာကို ဆာလောင် မွတ်သိပ်စွာဖြင့် ကျားမကလေးသည် မည်မျှ မျှော်နေရှာမည်နည်း။ တွေးရင်းပင် သူ့ရင်မှာ ဗိုလာရသည်။ သူ့နလုံးသားများ သွေးခုန်နှုန်း မြန်လာသည်။

တစ်ကြိမ်တစ်ခါမျှ မခံစား မတွေ့ကြုံဖူးခဲ့သည့် ဝေဒနာများ သူ့ခန္ဓာကိုယ်ထဲတွင် နိုအောင်းနေကြပါပြီလားဟု ပထမဆုံးအကြိမ်အဖြစ် သူ့ကိုယ်ကို ဆန်းစစ်မိ၏ အံ့သြစိတ်များ ဝင်လာ၏။



www.burmeseclassic.com

ချော် ... အနုသယ ကိလေသာ။

ခမ္မော၊ ခမ္မော၊ ခမ္မော အစဉ်မပြတ် အာရုံပြုလိုက်သည်နှင့် အာရုံသည် "ဇကောခမ္မော" တစ်ခုတည်းအပေါ်မှာပဲ စူးစိုက် တည်ငြိမ်လျက် ရှိသွားသောအခါမှာ ကျားဖိုကြီးသည် ကိုထွန်းအေး ဖြစ်နေသည်။ ကျားဘဝ၊ ကျားခန္ဓာ ချုပ်ငြိမ်းသွားသည့် အခိုက်အတန့်မှာပဲ အသိစိတ်ကလေးသည် တရုတ်အမျိုးသားများ နေထိုင်ကြသည့်ယာခင်းကြီးတစ်ခုအတွင်းရှိ ခတက်ပင်ကြီးပေါ်သို့ ရောက်သွားသည်။ သူ့မှာ ခန္ဓာလည်း မရှိပါ။ ရုပ်ဝတ္ထုအားဖြင့် သူ့မှာ ကိုယ်သည် လုံးလုံးကြီးလား၊ ရှည်ရှည်ကြီးလားဟုလည်း မမြင်ရပါ။ ဒါပေသည့် သူ့ကိုယ်မှအပ အားလုံးကို သူ မြင်နေရသည်။ ကြားနေရသည်။ ဆန်းလွန်းသည့်အဖြစ်ပါတကား။

တစ်နေ့ ယာခင်းထဲရှိအိမ်မှာ လူတွေအမြောက်အမြား ရောက်နေကြသည်ကို သူ မြင်ရသည်။ အဝတ်အစားသစ်များ ဝတ်ဆင်ကာ ထိုယာထဲရှိ အိမ်ထဲသို့ လာကြ၊ သွားကြသည်ကို မြင်ရသောအခါမှာ သူသည်လည်း ထိုနေရာသို့သွားချင်သောစိတ်များပေါ်လာသည်။ သွားချင်လိုက်တာဟုတောင့်တလိုက်သည့်အချိန်မှာပဲ ထိုအိမ်ထဲ သူရောက်သွားသည်။ ဆွမ်းအလှူပြုပြီး၍ ဘုန်းကြီးများ တရားဟောနေသည်ကို တရားနာနေကြသည့် ယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက် အကြားသို့ သူ ဝင်ထိုင်လိုက်စဉ်မှာပဲ သာဓုခေါ်သံများ ကြားလိုက်ရပြီး သူ ဘာကိုမျှ သတိမရတော့။

သူ စကားပြောတတ်သည့်အရွယ်မှာ အိမ်နီးချင်းများက သူ့ကို "ထွန်းအေး၊ နင် ဘယ်ကလာတာလဲ" ဟု မေးလျှင် "တောထဲက" ဟု သူ ဖြေတတ်၍ အိမ်နီးချင်းများက ခဏ ခဏ သူ့ကို "နင် ဘယ်ကလာတာ





လဲ" ဟု မေးကြ စကြသည်။ အမေပြောတော့ အိပ်မက်ထဲမှာ ရသေ့ကြီးတစ်ပါးက သူတို့အိမ်ပေါ် တက်လာပြီး "ဒီကလေးကို ကောင်းကောင်းမွေးထား၊ နင်တို့ကို အကျိုးပေးလိမ့်မယ်" ဟု ပြောပြီး ထားခဲ့သည်၊ မကြာမီ ထွန်းအေးကို ကိုယ်ဝန်ရတာပဲဟု ပြောတတ်သည်။

ခမ္မောနှင့် သမာဓိရအောင် ကျင့်သုံး ဆောက်တည်ပြီး တရားမြင်သူဖြစ်သည့် ကိုထွန်းအေးသည် ခမ္မော တစ်ခွန်းတည်းကိုပဲ အဓိကထားပြီး သူ့တပည့်များကိုကျင့်စေသည်။ သည်ခမ္မောကိုပဲ ညစဉ်ညတိုင်း ဘုရားဟောတော်မူသည့် တရားခမ္မခန်းနှင့် မလွတ်မူဘဲ တရားပြခဲ့၊ ကျင့်စေခဲ့သည်။

မနုတောင်တွင် ဦးထွန်းအေး တရားကိုကျင့်ကြံ အားထုတ်ကြပြီး ဘဝများစွာ၊ သံသရာက ဆိုးခဲ့လေသမျှ မိုက်ခဲ့လေသမျှတွေကို မြင်ပြီး တရားရသွားသူတွေလည်း အများကြီးပင်။ ဘဝများစွာမှ မိခင်တော်စပ်လာသူ၊ ဖခင်တော်စပ်လာသူ၊ သားအမိ၊ သားအဖတော်စပ်လာသူ အချင်းချင်းလည်း ခမ္မောတရားကို အားထုတ်ရင်း ပြန်လည် ဆုံတွေ့တတ်ကြသည်။

မနုတောင်တွင် ဦးထွန်းအေး၏ တရားစခန်း ဖွင့်စအချိန်အခါက ဦးထွန်းအေးကို မည်သူကမျှ အထင်မကြီး၊ ဦးပန်းသာသား မဟုတ်လား။ ဒီကောင် ငယ်ငယ်က အရူးလို့တောင်ပြောနေကြတာကွာ။ မဟုတ်မဟပ်တွေဟု အထင်သေးကြ၊ ရှုတ်ချကြ၏။

နောင်သောအခါမှာ ခမ္မောကျင့်စဉ်၏ ခမ္မစက်ကိုတန်ဖိုးသိလာကြကာ ဦးထွန်းအေး နာမည်နှင့် မနုတောင်နာမည်ကို ဘီးလင်းမြို့နယ်သာမက ကျိုက်ထို၊ သထုံ စသည် အထိ သိလာကြသည်။ ထိုနယ်များမှ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



နေ၍ ဦးထွန်းအေး၏ မနတောင်ပေါ် လာပြီး တရားအားထုတ်ကြသည့် ဝေနေယျများလည်း အများအပြား ဖြစ်လာလေသည်။

ကိုထွန်းအေးသည် ကျားဘဝမှ လူ့ဘဝသို့ ရောက်လာသည်ကို သိရသည့်နေ့မှ စပြီး သူ့ကြင်ဖော် ကျားမလေးကို မပြတ်သတိရနေသည်။ အာရုံမှာလည်း မကြာ မကြာ သတိရနေသည်။ အာရုံမှာလည်း မကြာခဏပေါ်သည်။ သူသေသွားရသည်ကို မသိရှာသောကျားမကလေးသည် သူ့ကိုဘယ်လိုများ ထပ်ရှာနေမလဲ။ ခရီးမကျွမ်း၊ လမ်းမကျွမ်းသည့် ဤကျားမကလေးသည်လည်း သူ့လိုပဲ လူသားတို့ လက်နက်နှင့်တွေ့ကာ သေသွားရှာပြီလား။ သေသွားရှာရင် ဘယ်ဘဝမှာ သူ ရှိနေရှာမလဲ။ ရှာရမည်။ ကျားမကလေး၏ ဘဝသစ်ကို သူ တွေ့အောင်ရှာမည်ဟု ဆုံးဖြတ်ထားသည်။ သို့ပါသော်လည်း သူ့မှာ တရားစက် လှည့်နေရသည်မှာလည်း သူတစ်ယောက်တည်းသာ။ ကိုယ်ခွဲက ရှိသည် မဟုတ်။ ကိုယ်ခွဲထားရမည့်ကျင့်စဉ်မျိုးကလည်း မဟုတ်။ သူ့တရားစခန်းမှာ ကျင့်ကြံအားထုတ်သူ မှန်သမျှကို စရိတ်ငြိမ်း သူ ကျွေးချင်သောဆန္ဒ ရှိပါသည်။ ဒါပေသည့် သူ့မှာက ငွေကြေး မရှိ၊ ရေနွေးကြမ်းပူပူကို လက်ဖက်ခြောက်ကောင်းကောင်းနှင့် အသက်လွှတ် ဟင်းတစ်ခွက် ကျွေးနိုင်အောင်ပင် ကြိုးစားနေရသည်။ တစ်ခါ တစ်ရံ ငွေလှူသူ ပေါ်လာသည့်အခါမျိုးတွင် ပဲကြီးလှော်သုပ်၊ ကောက်ညှင်းထုပ်၊ မုန့်ဆီကြော် စသည့် ရေနွေးကြမ်းနှင့် မြည်းစရာ တစ်ခုခုကိုတော့ ဖန်တီးပေးနိုင်ခဲ့သည်။

ကျွန်မအာမေသည် တောင်စွန်းရွာထဲမှာ ကုန်စုံဆိုင် ဖွင့်ထားပါသည်။ မနတောင်ပေါ်မှ အမေ့ဆိုင်ကိုရွာဝယ်လာသည်ဆိုလျှင် အမေသည် လက်ဖက်ခြောက်နှင့် ငရုပ်သီးတောင့်များကိုအမြဲလှူသည်။ အသက်





လွှတ် စားကြရာမှာ ချဉ်တာနှင့် စပ်တာ ပါလျှင် ခံတွင်း တွေ့တတ်သည်ဟု အမေက ပြောသည်။ တစ်ခါတလေမှာတော့ ကုလား ပဲခြမ်းများကို အမေ လှူပါသည်။

တောင်စွန်းနှင့် ဘီးလင်းသည် ရထားနှင့်သွားလျှင် ခရီးရှည်ပါသည်။ ဘီးလင်းမြို့နယ်ဟု ဆိုထားပေသည့် ဘီးလင်းမြို့မှာ ဘူတာမရှိပါ။ နှင်းပုလဲ ဆိုသော ဘူတာမှာ ဆင်းရပြီး ထိုမှတစ်ဆင့် မြင်းလှည်းနှင့် သွားမှ ဘီးလင်းမြို့ကို ရောက်ပါသည်။ တောင်စွန်းဘူတာနှင့် နှင်းပုလဲ ဘူတာအကြားမှာ "အနိုင်ပွန်း" ဆိုသည့် ဘူတာတစ်ခု ရှိပါသေးသည်။ ဤသို့ ခရီးထောက်နေခြင်းအတွက် ဘီးလင်းသို့ သွားလိုလျှင် အလူးရွာမှ ဖြစ်စေ၊ တောင်စွန်းမှဖြစ်စေ လှည်း (သို့မဟုတ်) ခြေလျင် သွားလေ့ရှိသည်။ တောင်စွန်းနှင့် ဘီးလင်းက လမ်းကြော ဖြောင့်ပါသည်။ ဖြတ်လမ်းလည်း ရှိသောကြောင့် နစ်နာရီလောက်သွားလျှင် ရောက်နိုင်သောခရီးဖြစ်သည်။ ဘီးလင်းမြို့၏ အရှေ့ဘက်မှာရှိသော သံဖြူချောင်းကမ်းပါးမှနေ၍ လှည်းနှင့် သွားကြသူ များ၏။

ပျောက်ကွယ်နေသော ကြင်ဖော်ဟောင်း ကျားမကလေးကို ဦးထွန်းအေး၏ အာရုံမှာ ပြန်လည်မြင်တွေ့ရသောနေ့သည် သထုံအရေးပိုင်က ဦးထွန်းအေးကို တွေ့လိုသည်ဟု မှတ်မှတ်ရရ ဦးထွန်းအေး ပြောပြပါသည်။ သထုံသည် ဘီးလင်းနှင့် မဝေးလှပါ။ ကြား ဘူတာ ငါးခုလောက်သာ ရှိပါလိမ့်မည်။

ထို့ကြောင့် ဦးထွန်းအေးသည် သထုံမှ နေ့ချင်းပြန်လာပြီး မနတောင်ပေါ်သို့ ညတွင်းချင်း တက်သည်။ တောင်ပေါ်ရောက်သောအခါ သန်းခေါင်နား နီးနေပြီ။ ထို့ကြောင့် တောင်ပေါ်ရောက်၍ အိပ်ရာထဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းချသည်နှင့် မောလွန်းသောကြောင့် ချက်ချင်း အိပ်ပျော်သွားသည်။

အိပ်မက်ထဲတွင် ကျားမလေး သူ့အနား ရောက်လာသည်။ သူ့ဘေးမှာ ခွေလုံအိပ်သည်။ ဝမ်းသာစွာဖြင့် ကျားမလေးကို သူ အသာအယာပွတ်သပ်ပေးတော့ ကျားမကလေးက ဟိန်းသံပေးသည်။ သူ့လက်ကို ရုတ်လိုက်စဉ် ကျားမလေးသည် သူ့အနားမှ လွှားခနဲထွက်သွားသည်။ အဝေးတစ်နေရာသို့ ရောက်သွားမှ သူ့ကို လည်ပြန်လှည့်ကြည့်သည်။ သူကလည်း ကျားမကလေးကို မျက်ခြည်ပြတ်မခံဘဲ ကျားမကလေး သွားရာနောက်သို့ လိုက်သည်။ ရွာကလေးတစ်ရွာ ကွမ်းသီးပင်များနှင့် အုပ်အုပ်ဆိုင်းဆိုင်း ညို့ညို့မှောင်နေသည့် ရွာကလေး၊ ရွာကလေး၏ ကုန်းမြင့်ကမူပေါ်မှာက စေတီတော်တစ်ဆူနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် ဝါးနစ်ပြန်လောက် ဝေးမည်ထင်ရသည့် တစ်နေရာမှာကား အုတ်စီရေတွင်းကြီး နှစ်တွင်း၊ ရေတွင်း တစ်တွင်းမှာက မောင်းတက်တပ်ထားသည်။ ကျန်သော တစ်တွင်းမှာကား မောင်းတက်မရှိ။

ရန်ကုန်မှ မော်လမြိုင်သို့သွားသည့် ဤလမ်းမကြီးကို ဦးထွန်းအေး မှတ်မိနေပါသည်။ လမ်းမကြီးဘေးရှိ ကျေးရွာများကိုလည်း သိနေပါသည်။

ဤရွာများသို့ ဦးထွန်းအေးသည် သူ၏ မွေးစက် ဖြန့်ကျက်ရာခရီးများလည်း ဖြစ်နေပါသည်။ သူ၏ နေတောင်ပေါ်ရှိ တရားစခန်းသို့ လာရောက် အားထုတ်ဖူးသူ ဝေနေယျများလည်း ဤကျေးရွာအနှံ့မှာ ရှိနေပါသည်။ ထို့ကြောင့် ဦးထွန်းအေးသည် သူရောက်နေသည့် ရွာသည် ပန်းကုန်းရွာ ဖြစ်နေသည်ကို ချက်ချင်းသိလိုက်၏။





ပန်းကုန်းရွာ အဝင်လမ်းမှာ ကျားမကလေး ရပ်လိုက်သည်။ သူ့ကိုပဲ စောင့်နေသလို ခြေစုံရပ်ပြီး လှည့်ကြည့်သည်။ ခဏကြာမှ အမျိုးသမီးတစ်ယောက် လမ်းလျှောက်သွားသလို ဖြည်းဖြည်းလေး ဆက်၍လျှောက်သည်။ ဝါးဘိုးဝါးရုံကြီးများ ခြံဝင်းထဲမှာ စီတန်းစွာ ပေါက်နေကြသည့် အိမ်ခြေမြင့် တစ်လုံးရှေ့သို့ ရောက်သွားသောအခါမှာ လှေကားထစ်များအပေါ် ကျားမကလေး လှမ်းတက်သွားသည်။ လှေကားသည် အိမ်ဧည့်ခန်းဆောင်၏ဘေးမှာတပ်ဆင်ထားသည့် သုံးထစ်မှ ကျော်သွားသည်နှင့် ကျားမကလေး ပျောက်သွားသည်။ ကျားမကလေး နေရာမှာ မိန်းကလေးတစ်ယောက် ပေါ်လာသည်။ သွယ်နွဲ့ပါးလျားသော ကိုယ်ဟန်ရှိသည့် မိန်းကလေးတစ်ယောက် ပေါ်လာသည်။ သွယ်နွဲ့ပါးလျားသော ကိုယ်ဟန်ရှိသည့် မိန်းကလေး၏ မျက်နှာကား ထူးခြားစွာ ညှိုးနွမ်းလှပါကလား။

ဦးထွန်းအေး အိပ်ရာက နိုးတော့ အရုဏ်ပေါ်နေပြီ။ သူသည် အိပ်မက်ထဲမှာ အမြင်အားလုံးကို စုစည်းလိုက်သည်။ ထိုအခါ ပန်းကုန်းရွာကို ချက်ချင်း မှတ်မိလိုက်သည်။ ပန်းကုန်းရွာကို သူသွားမည်။ သဲလွန်စ တစ်ခုခုကိုတော့ ရပါလိမ့်မည်။ ပန်းကုန်းရွာမှ သူကြီးသည် သူ့ကို လေးစားသည်။ သူ့တရားကျင့်စဉ်ကိုလည်း စိတ်ပါဝင်စားနေသူ ဖြစ်သည်။ ဒီကိစ္စတွင် ပန်းကုန်းရွာသူကြီးသည် သူ့ကို ကောင်းစွာ ကူညီမှုပေးလိမ့်မည်ကို ဦးထွန်းအေး သိထားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အမေ ... ညက အိပ်မက်ထဲမှာ ကျားကြီးကို တွေ့ပြန်ပြီ ... သူက သူနဲ့အတူ လိုက်ခဲ့ပါလို့ ... ပန်းခြုံကို ခေါ်တယ်လေ"

ဆန်ပိုင်းဆန်ပြာ၊ စပါးလုံး ရွေးနေရာမှ ကောက်ခါငင်ခါ ပြောလိုက်သည့် သမီးစကားကြောင့် အမေက "ဟင်" ဆိုပြီး သူ့သမီးကို လှည့်ပြန်ကြည့်သည်။ အမေ့ ရင်ထဲမှာလည်း ထိတ်လန့်သလိုဖြစ်သွားသည်။ သူ့သမီး မပန်းခြုံ ဒီကျားကြီးကို အိပ်မက် မမက်သည်မှာ ကြာလှပြီပဲ။ ကိုးလ၊ ဆယ်လလောက်ပင် ရှိတော့မည်ထင်သည်။ အခုမှ ဒီကျားက ဘယ်က ပေါ်လာရပြန်တာလဲ။ ခက်ပဲခက်ရချည်ရဲ့ မိန်းကလေးရယ်ဟု ရင်ထဲမှာ ညည်းတွားသွားမိရင်းက သူ့သမီးကို ပြန်မေးသည်။

"မိန်းကလေးက ဘာပြန်ပြောလိုက်သလဲ ... လိုက်မယ်လို့များ ပြောလိုက်မိသလား သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မပြောလိုက်ပါဘူး ... ဘာဖြစ်လို့ လိုက်ရမှာလဲ ... သူက သမီးကို ပစ်သွားတာပဲ"

"ပစ်သွားတယ် ဟုတ်လား မိန်းကလေး ... ဘယ်သူက သမီးကို ပစ်သွားတာလဲ ... ဘယ်နေရာမှာ ပစ်သွားတာလဲကွယ် ... အမေ့ကို ပြောပြစမ်းပါ"

"တောထဲမှာလေ ... ဂူကြီးထဲမှာလေ ... သူက သမီးအတွက် အစာရှာသွားမယ် ဆိုပြီး ထွက်သွားတာ ပြန်မလာတော့ဘူး ... သမီးမှာ ဘယ်ကို သွားရမှန်းလည်းမသိ ... ကြောက်လည်းကြောက်တော့ အဲဒီဂူကြီးထဲမှာ အကြာကြီးနေခဲ့ရတယ် ... နောက်တော့ သိပ်ဆာလောင်လာတာနဲ့ ဂူကြီးထဲက ထွက်လာပြီး ... သွားမိသွားရာ မှောင်ကြီးထဲမှာ ထွက်သွားလိုက်တာ စားစရာလည်း မတွေ့တော့ မီးရောင်မြင်နေရတဲ့ဆီကို ထွက်သွားမိတယ် ... အဲဒီမှာ သမီး သမီး"

မပန်းခြုံသည် ဝမ်းနည်းကြီးစွာဖြင့် ရှိုက်သံတစ်ဝက်၊ ငိုသံတစ်ဝက်နှင့် ပြောသွားသည်များမှာ အမေ့အတွက် ရင်နာဖွယ်ရာ ဖြစ်နေရပါသည်။ သူကိုယ်တိုင် သမီး မပန်းခြုံနှင့် ရောပြီး ငိုချင်စိတ်ပေါ်လာသည်။ သမီး ဘာတွေကို ပြောနေပါလိမ့်။ သူလည်း ဘာကိုမှ နားမလည်။ သမီးသည် စိတ်မှ ကောင်းပါလေရဲ့လား။ ဒါမှမဟုတ် သမီး ကိုယ်ထဲကို ဘယ်လို အမှောင့်ပယောဂတွေများ ဝင်နေလို့လဲ။ ခက်လိုက်တာနော်။ အရေးထဲ အနားမှာ သူ့အဘကလည်း မရှိ။ မတော်လို့များ သမီး တစ်ခုခုဖြစ်သွားရင် ငါ ဘယ့်နှယ်လုပ်ရမလဲဟု စိတ်ထဲမှာလည်း ဘုရားတရား ဂုဏ်တော်များကို ရွတ်ကာ -

"သမီး သမီး ပန်းခြုံ ... ဘာတွေပြောနေတာလဲ သမီးရယ် ...





အိပ် မက်ပဲ ... သွေးလေချောက်ချားပြီး မက်ချင်ရာ မက်မှာပေါ့ကွယ် ... ဘာဖြစ် လို့ ငိုရတာလဲ ... "တိတ် ... တိတ်" ဟု ကလေးဘဝတုန်းကလိုပဲ ချော့နေမိပြန်တော့ မပန်းခြုံက အမေ့ကို ငေးစိုက်ပြီး -

"အမေ မသိပါဘူး ... အဲဒီတုန်းက ... သူ ပစ်သွားလို့ ... သမီး ဘယ်လောက် ဒုက္ခရောက်သွားတယ် ထင်သလဲ ... မီးရောင်ရှိတဲ့ဆီကို သွားမိတော့ လူတွေက အများကြီး ... အဲဒီလူတွေကို ကြောက်ပြီး ... မှောင်ရိပ်ရှိတဲ့ဆီကို သွားရင်းက ... ဘုရားကြီးတစ်ဆူအနားကို ... ရောက်သွားတယ် ... ဘုရားက အကြီးကြီးပဲ ... အဲဒီဘုရားကြီးမှာ ဝါးလုံးတွေကို ဟိုးအမြင့်ကြီးအထိ ထောင်ထားတယ် ... သမီးလည်း ... လူတွေကို ကြောက်တာနဲ့ ဝါးလုံးတွေပေါ် ကုတ်တက်သွားလိုက်တာ ... အမြင့်ကြီးကို ရောက်သွားတယ်"

မပန်းခြုံသည် အိပ်ပျော်နေရင်းက ယောင်ယမ်း ပြောနေသလိုမျိုး မဟုတ်ဘဲ သူ့အတိတ်ဘဝဟောင်းကို ဝမ်းနည်း နာကြည်းစွာဖြင့် ပြောနေတာပါကလား ဟု အမေသည် တဖြည်းဖြည်းနားလည်လာသည့် အခါမှာ သမီးကို မျက်ရည်သုတ်ပေးပြီး -

"ပြီးခဲ့တာတွေကို မေ့ပစ်လိုက်ပါ မိန်းကလေးရယ်"

ဟု နှစ်သိမ့်သံည်။ ဒါပေသည့် မပန်းခြုံသည် နတ်ပူးပြီးပြောနေသည့်ပုံ လုံးဝမဟုတ်ဘဲ စာတစ်ပုဒ်ကို ဖတ်ပြီး ပြန်ပြောနေသလိုပင် ဆက်၍ ပြောပြန်သည်။

"အစာမစားရတာ ကြာသွားပြီဆိုတော့ ဆာလိုက်တာ ... အမေရယ် ... တစ်ကိုယ်လုံးကို နုံးခွေနေတယ် ... ဘုရားကြီးပေါ် ရောက်သွားတော့ မောမောနဲ့ အိပ်ပျော်သွားတယ် ... နိုးလာတော့ မိုးလင်းနေပြီ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ... သူများတွေမြင်သွားမှာ ကြောက်လို့ ... မလှုပ်ရဲဘူး ... အောက်က လူသံတွေကို ကြားပြီး ... ကြောက်လွန်းလို့ ဝပ်နေရတယ် ... ကြောက်လွန်းတော့ ဆာတာကိုလည်း သတိမရတော့ဘူး ... အဲသလို ပုန်းရင်း ဝပ်နေရင်း ဘုရားပေါ်မှာ ဘယ်နှစ်ရက်တောင် ကြာသွားမှန်းကို ... သတိမရတော့ဘူး ...

အဲသလိုနဲ့နေရင်း ... လူတွေက သမီးကို ... တစ်နေ့မှာ မြင်သွားကြတယ် ... ဘုရားပေါ်မှာ ကျားကြီး ... ကျားကြီးလို့ အော်ကြတာကို သမီးကြားနေတယ် ... ကြောက်လွန်းလို့ ... ခေါင်းကိုပါ ဝှက်ပြီး ဝပ်နေရတယ် ... လုံးလုံးကို မလှုပ်ရဲဘူး ... အဲသလို မလှုပ်ဘဲနေတာတောင် လူတွေက သမီးကို မြင်ကြပြီး ... ဘာနဲ့ပစ်လိုက်ကြတယ် မသိပါဘူး ... အမေရယ် ... အများကြီးပဲ ... ပစ်လိုက်ကြတာ ... သမီးလည်း အဲဒီမှာ သူ့ကိုလည်း သတိရတယ် ... စိတ်လည်း နာတယ် ... ဝေဒနာကို အလူးအလိမ့်ခံရတဲ့ အကြားက သူ့ကိုပဲ မြင်ယောင်ပြီး ... ဘာကိုမှ သတိမရတော့ဘူး ... သမီးသတိပြန်ရတော့ စကားစိမ်း ပန်းပင်ကြီးတစ်ပင်ပေါ် ရောက်နေတာကို သိလိုက်ရတယ် ... အဲဒီ ပန်းပင်က ... ဘုရားကြီးအနားမှာပဲ အမေရဲ့ ... ဘုရားကြီးနဲ့ သိပ်မဝေးဘူး ... အဲဒီတော့ စောစောကလို သမီးမှာ နာတာတွေ ကျင်တာတွေ မရှိတော့ဘူး ... သမီးကိုလည်း ဘယ်သူကမှ မမြင်ကြတော့ဘူး ... သမီးကတော့ အားလုံးကို မြင်နေရတယ် ... သမီးဟာ ဘယ်သူလဲ ... ဘယ်ကရောက်လာတာလဲ ဆိုတာကို ဘာမှမသိဘူး ... သမီးစိတ်ထဲမှာလေ ... တစ်ခုခုကို လွမ်းနေသလိုပဲ"





ဒါတော့ သူ့သမီး မပန်းခြုံသည် သူ၏ အတိတ်ဘဝဟောင်းကို ဆွေးမြည့်နာကြည်းစွာနှင့် ပြောပြသမျှအားလုံးသည် ဘုရားကြီးပေါ်မှာ သေနတ်ဒဏ်ရာ များစွာတို့ဖြင့် သေဆုံးသွားရရှာသော ကျားမလေးအဖြစ်နှင့် တစ်ထပ်တည်းပါပဲလား။ ဟုတ်ပါပြီ။ သမီးပန်းခြုံကို မွေးပေးတဲ့ ဝမ်းဆွဲ အမေညာကလည်း ပြောဖူးသားပဲ။

"ဟဲ့ ... နင့်သမီးက ... ရင်ဝတည့်တည့်မှာ ... အမှတ်ကြီးပါလာတယ် ... ဘဝဟောင်းက ဝင်စား လာတာလား မသိဘူး"

လို့ ပြောဖူးတယ်။ ဒါကြောင့်ပဲ သမီးဟာ သူ့အိပ်မက်ထဲမှာ ကျားကြီးတစ်ကောင်ကို အမြဲတွေ့ရတယ်လို့ပြောတာ ဖြစ်မယ်။ ဒါဆို ကျားကြီးက ဘယ်ရောက်သွားလဲ။ သူလည်း လူ့ဘဝကို သမီးလိုပဲ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားနေပြီလား၊ အို သမီးရယ် အမေ့စိတ်တွေ နောက်လာပြီ။ ဘုန်းကြီး ကလည်း -

"နင့်သမီးဟာ … ပန်းကုန်းထက်ကို လူသူအရောက်အပေါက် နည်းတဲ့ တောအုံချုံကြားမှာ … သူ့ဘဝကို နိဂုံးချုပ်လိမ့်မယ်"

လို့ ဖြေဟောထားတယ်။

"ဘုရား… ဘုရား… ဘုရား ကိုယ်တော်မြတ်ကြီးတပည့်တော်မ ရဲ့သမီးကို စောင့်ရှောက်ကြည့်ရှုတော်မူပါ ဘုရား"





ကိုထွန်းအေးသည် အိပ်မက်ထဲမှ ချစ်သူ၏ လမ်းညွှန်မှုဖြင့် ပန်းကုန်းရွာသို့ ရောက်သွားသောအခါ တည်းခိုနေကျ ဖြစ်သည့် ပန်းကုန်းရွာသူကြီး ဖနီးမောင်နံ့တို့က အံ့ဩဝမ်းသာ ဖြစ်သွားကြ၏။

"ဘယ့်နယ့်လဲ ကိုထွန်းအေးရဲ့ … တစ်ယောက်တည်းပါလား … အခါတိုင်းလို တပည့်တပန်းတွေလည်း ပါမလာကြပါလား"

ဟု ဆီးကြိုပြောလိုက်သည့်အတွက် ကိုထွန်းအေးကပြုံးသည်။

"ဒါက … မွေစက်လှည့်တာ မဟုတ်ဘူးဗျ… ကျွန်တော့် … ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် … သူကြီးဆီက အကူအညီလိုလို့ … လာခဲ့တာ"

ဟု ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်သောအခါ သူကြီးက သူ့ကို စိုက်ကြည့်သည်။ ကိုထွန်းအေး စကားကို နားမလည်သလိုလည်းဖြစ် သွားသောကြောင့် -



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ကိုယ်ရေးကိုယ်တာကိစ္စလဲဗျ ... ဆိုပါဦး ... ကူညီနိုင်တဲ့ကိစ္စဆိုရင်တော့ ... အဆင်သင့်ပဲ"

ဟု အားတက်သရောပင် ပြောသည်။ ကိုထွန်းအေးမှာလည်း အားတက်သွားရသည်။

"အင်း ... ပြောရမှာကတော့ ဇာတ်လမ်းရှည်တယ်ဗျ"

ဟု ဆိုကာ စကားထပ်မဆက်ဘဲ နေလိုက်၏။ သည်တော့ သူကြီးက စိတ်ဝင်စားလာပြီး -

"ရှည်ရင် သုံးည ... လေးည အိပ်ပြီး ပြော"

ဟု ရယ်ကာ မောကာဖြင့် တိုက်တိုက်တွန်းတွန်းဖြစ်လာသောကြောင့် ကိုထွန်းအေးက -

"ဘဝါဘဝေက ... နဂါးမြွာရေစက်နှင့်အညီ ... ပဏ္ဏာဂဟေဆက်ခဲ့ဖူးသူကလေးက ... သူကြီးတို့ရွာ ပန်းကုန်းမှာ ရှိနေတယ်ဗျ ... အဲဒီအတွက် ... ကျွန်တော် လာခဲ့တာပဲ"

ကိုထွန်းအေး အသက်သုံးဆယ်ပင် ကျော်ခဲ့ပါပြီ။ ဒါပေသည့် ကိုထွန်းအေးသည် ဝါကြီးထေရ်ကြီးရဟန်းတော်တစ်ပါးလိုသမာဓိကြီးမားစွာဖြင့် နေထိုင်ပြောဆိုတတ်သည်ကို အတွင်းသိဖြစ်နေပါသောပန်းကုန်းသူကြီးသည် မကြားဖူးအပြောထူးလာသည့် ကိုထွန်းအေးစကားကြောင့် ကိုထွန်းအေး မျက်နှာကို မျက်တောင်မျှ မခတ်ဘဲ ငေးနေရာမှ -

"အင်း ... ကိုထွန်းအေး စကားထူးလှတယ်ဗျာ ... ကဲ ... နားရှင်းအောင် ပြောစမ်းပါ" ဟု တောင်းဆိုမိသွားသည်။





"ကိုထွန်းအေး ပြောတဲ့အတိုင်းဆိုရင်တော့ ရွာမြောက်ပိုင်းက ပန်းခြံကလေး ဖြစ်နိုင်တယ်။ ဒီမိန်းကလေးက တစ်ဦးတည်းသောသမီးဆိုပေမယ့် တယ်ပြီး လိမ္မာရေးခြား ရှိတယ်။ အနေအထိုင်လည်း တော်တယ်။ ဒီမိန်းကလေးနဲ့ပတ်သက်ပြီး ထူးထူးဆန်းဆန်းကြားဖူးထားတာက ရွှေတိဂုံဘုရားကြီးကိုသွားဖူးရင် ရွှေတိဂုံဘိုးဘိုးကြီးဆီမှာ သားဆုတောင်းလို့ ရလာတယ်လို့ ပြောသံကြားတယ်။ သူတို့ ဘုရားဖူးသွားကြတုန်းက အိမ်က အမယ်ကြီး ပါသွားတယ်လေ။ သူတို့ပြောကြတာကတော့ ဒီမိန်းကလေးဟာ သိုက်က လာတာဆိုလားပဲ"

"အဲဒါကြောင့် ... ကျွန်တော် လာခဲ့တာပဲလေ ... မပန်းခြံ ဆိုတာကိုလည်း ... ကျွန်တော် တွေ့ချင်တယ် ... ကျွန်တော့်ဘဝဟောင်းကို ကျွန်တော် သိနေသလို သူ့ဘဝဟောင်းကိုရော ... သူ သိနေသလား ... ဆိုတာ မေးချင်တယ် ... သူကြီးက ကျွန်တော့်ကို ကူညီပါ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ကူညီရမှာပေါ့ ... ကိုထွန်းအေးက ... လူကောင်း တစ်ယောက်ပဲ ... ပန်းကုန်းတစ်ရွာလုံးကလည်း ... သိနေပါတယ်"

ကိုထွန်းအေးသည် သူကြီးနှင့်အတူ မပန်းခြုံတို့၏ အိမ်ခြံဝကို ခြေရောက်သွားသည်နှင့် အိပ်မက်ထဲမှာ တွေ့မြင်ရသည့် ဝါးဘိုးဝါးပင်ကြီးများကို ဘွားခနဲ မြင်လိုက်ရသည်။ သေချာပြီဟု သူ့ရင်ထဲမှာ လိုက်ခနဲ ဖိုသွားသည်။ ရှေ့ကဲ ဦးဆောင်သွားသည့် သူကြီးသည် အိမ်မြင့်ပေါ်တက်သည့် အိမ်ဘေးမှ တပ်ထားသော လှေကားထစ်ပေါ်သို့ လှမ်းတက်သွားသောအခါ လှေကားအထစ် သုံးထစ်လောက်မှာရပ်နေရာမှ ကိုထွန်းအေးကို ဖျတ်ခနဲ ပြန်လှည့်ကြည့်သည်။

"ဟင် ... ဒါ အိပ်မက်ထဲမှာ ... သူ ငါ့ကို လှည့်ကြည့်နေတဲ့ နေရာပဲ"

ကြည်နူးစွာ ရင်မှာ ခံစားရသည့်အဖြစ်။ ဒီလို ကြည်နူးမှုမျိုးကို ကိုထွန်းအေး ဘဝမှာ တစ်ခါမျှ မကြုံခဲ့ဖူးပါကလား။ သြော် ... လွမ်းမောတသစွာနဲ့ ချစ်ခဲ့ရသူကလေးရယ်။ ဘဝများစွာ သံသရာက ပေါင်းဖက်လာခဲ့ကြရတဲ့ သမုဒယနွယ်ကြိုးမျှင်ကလေးဟာ တရားရှင်သည် ကိုယ်တွေ့ ဉာဏ်တွေ့ဖြင့် ဆင်ခြင်လိုက်မိပါသည်။

"ဒါပေမဲ့ ... အဲဒီတုန်းက သူ့ကို ကျုပ် မတွေ့ခဲ့ရဘူး ... သူကြီးနဲ့ ကျုပ် သူ့မိဘတွေနဲ့ တွေ့ပြီး ... ဘဝ ဘဝက ပါလာရတဲ့ ... ရေစက် အရှိန် အဟုန်ကြောင့် သူ့ကို တွေ့ချင်ပြီး လာခဲ့ရပါတယ် ... တွေ့ပါရစေဆိုတော့ သူ့အမေက သဘောကောင်း မနေ့ကောင်းပါပဲ ... သမီးနဲ့ တွေ့ခွင့်ပြုပါတယ် ... သူကိုယ်တိုင် သမီးရှိနေတဲ့ အခန်းထဲဝင်ပြီး သွားခေါ်ပေးတယ် ... အဲဒီမှာ အံ့ဩစရာကောင်းပုံက ... ကျုပ်နာမည်ကိုလည်း မကြားချင်





ဘူး ... ကျုပ်မျက်နှာကိုလည်း မကြည့်ချင်ဘူး ... အခုမှလာပြီး မဟုတ်တာတွေကို လာပြောမနေပါနဲ့ ... ပစ်တုန်းက ပစ်ထားခဲ့တယ် ... သူ့ကို အစာငတ် ရေငတ်အောင် ထားခဲ့တယ် ... စိတ်နာတယ် ဆိုပြီး ရန်တွေ့သလိုပြောရင်းက ငိုလိုက်တာဗျာ ... အခန်းအပြင်ကနေပြီး နားထောင်ရတဲ့ ကျုပ် ရင်ထဲမှာ ဆို့သွားတာပဲ ... သူ့ကို သနားလည်း သနားရဲ့ ... ကိုယ် အသတ်ခံရပြီး ... သူ့ဆီ ပြန်မရောက်တာကို ... သူ အထင်လွဲပြီး ကျုပ်ကို စိတ်နာနေတုန်းပါကလားလို့ ... ကိုယ်တိုင် ရှင်းပြချင်လိုက်တာ ... အခြေအနေက အဲသလို ရှင်းပြခွင့်ကို မရခဲ့ဘူး ... သူက တက်မတတ် ချက်မတတ် ဝမ်းနည်းပက်လက်ဖြစ်ပြီး သိပ်ငိုနေတော့ ပြန်လာခဲ့ရတယ် ...

နောက်မှ ... သူကြီးအိမ်မှာ ညအိပ်ပြီး ... ကျုပ် သူ့ကို ထားခဲ့ပြီး အစာရှာထွက်တုန်း အသတ်ခံရလို့ ... သူ့ဆီ ပြန်မလာနိုင်တာပါ ဆိုတာတွေကို ... သူ သဘောပေါက်လာအောင် ရှင်းပြပေးပါဆိုတာ ...သူကြီးကို မေတ္တာရပ်ခံရတယ် ... သူကြီးကလည်း အားလုံး အဆင်ပြေသွားအောင် သူ ကူညီပုံမယ်လို့ ... ကတိပေးပြီး ... ကျုပ်တို့ နှစ်ယောက်အဖြစ်ကို သိပ်အံ့ဩနေတာပေါ့ ... ကျုပ်က သူ့အတွင်းစိတ်ကို သိပြီးသားပေါ့ ... ကျုပ် အပေါ် သူ့ သံယောဇဉ် ဘယ်လောက်ကြီးမားခဲ့တယ် ... ဆိုတာကိုလည်း ဟိုး ... ဘဝ ဘဝကတည်းက သိခဲ့ပါတယ် ...

ခုလို အသံတောင် မကြားချင်ပါဘူးလို့ ပြတ်ပြတ်တောက်တောက် ... စိမ်းစိမ်းကားကား ပြောလိုက်ပေမယ့် ... ကျုပ်ကို သူ တကယ် မမုန်းပါဘူး ... သူ့အပေါ် လှည့်စားရက်လေခြင်း ... လုပ်ရက်လေခြင်း ... ဆိုတဲ့ ဒေါမနဿစိတ် ... သင်္ကာမကင်းတဲ့စိတ်တွေက လွှမ်းမိုးပြီး ... လွှတ်ခနဲ ပွင့်ထွက်သွားတာပါ ... အမှန်ကို သိသွားရင် ... သူမတွေ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဆီ ပြန်လည်လာမှာကို တွေးပြီးသားပါ ... ဒါကြောင့် ခနတောင်ကို ပဲ အေးအေးဆေးဆေး ပြန်လာခဲ့တယ် ...

သိပ်မကြာလိုက်ပါဘူး ... ဆယ်ရက်လောက်ပဲ ရှိပါလိမ့်မယ် ... ပန်းကုန်းသူကြီး ခနတောင်ကို ရောက်လာတာပါပဲ ... စောစောက ပြောခဲ့သလို ဇာတ်ရည်က .. လည်သွားပြီဆိုတော့ ... အားလုံး အဆင်ပြေ သွားတယ် ဆိုပါတော့ ... ဒီတော့ ကျုပ်မိဘတွေကိုယ်စား ... သူကြီး လင် မယားပဲ ရပ်ရွာထုံးစံရှိတဲ့အတိုင်း ... စေ့စပ်တောင်းရမ်း လက်ထက်ပေး လိုက်ရတာပေါ့"

ကိုထွန်းအေး စကားဆုံးတော့ အမေက မေးသည်။

"မပန်းခြုံက ခနတောင်မှာ နေရတာ ... ပျော်သတဲ့လား"

ကျွန်မအမေ၏ မေးခွန်းကို ဦးထွန်းအေးက ရယ်သည်။

"ကျားဘဝက ... လူ့ဘဝရောက်လာတာပဲဗျာ ... တောတောင် သဘာဝကို ... မကြိုက်ဘဲ နေပါ့မလား ... ပန်းကုန်းရွာမှာထက်တောင် ပျော်နေသေးရဲ့" ဟု ပြောသည်။ အမေ ထပ်ပြောပြန်သည်။

"မပန်းခြုံရော ...ကိုထွန်းအေးလိုပဲ အသက်လွတ်စားသလား"

ဆိုတော့ ဦးထွန်းအေးက "သူကလည်း ထမင်းစားတဲ့အရွယ် ကတည်းက စပြီး ဘာသားမှ မစားဘူးတဲ့။ အံ့သြစရာကောင်းတာက သားစိမ်းစားတဲ့ ကျားဘဝကနေပြီး လူဖြစ်လာရတဲ့ ကျုပ်တို့နှစ်ယောက် ဟာ အသတ်လွတ်သမားတွေ ဖြစ်လာရတယ် ဆိုတာကတော့ ထူးဆန်း တယ်လို့ တွေးမိတယ်" ဟု ဆိုပါသည်။





ဦးထွန်းအေး ကျွန်မတို့အိမ်မှပြန်သွားလျှင် အမေသည် ဦးထွန်း အေး၏ ထူးဆန်းလှပါသော ဇာတ်လမ်းအစုံစုံကို သမီးများဖြစ် သည့်ကျွန်မတို့ကို တစ်လုံးမကျန်ပြန်ပြောတတ်ပါသည်။ အမေ့ မှာသမီးလေးယောက်ရှိသည့်အနက် ကျွန်မက တတိယသမီး ဖြစ်ပါသည်။

သို့ပေသည့် ကျွန်မလောက် မမှတ်မိတတ်ကြပါ။ ဦးထွန်းအေး ၏ဇနီး ဒေါ်ပန်းခြုံကို ဘူတာမှာ သွားကြိုရတာရော၊ ဒေါ်ပန်းခြုံကို ကြိုဆိုဖို့ ခနတောင်မှ ဦးထွန်းအေး တပည့်များ လာကြတာပါ မှတ်မိသမျှ ပြောပြ ပါဟု မေးသောအခါမှာ ကျွန်မ မှတ်မိသလောက်ပင် သူတို့ မမှတ်မိကြ တော့ပါ။ ကျွန်မ မှတ်မိနေသည်များကိုပင် သူတို့မှာ အံ့သြနေကြပါ၏။ သူတို့ခေါင်းထဲမှာ ဦးထွန်းအေးမှလွဲလျှင် တစ်ကြိမ်သာမြင်ဖူးလိုက်ရသည့် ဒေါ်ပန်းခြုံ၏ ပုံရိပ်ကိုပင် ဝေဝါးလျက် ရှိနေကြပါပြီ။

ဦးထွန်းအေး ဒေါ်ပန်းခြုံနှင့် လက်ထပ်ပြီးသည့်နောက် ခြောက် လလောက် အကြာမှာ ထင်သည်။ အမေသည် ခနတောင်မှ မွေးဝယ်



www.burmeseclassic.com

www.burmeseclassic.com



သော လှည်းကြုံဖြင့် ခနတောင်ကို လိုက်သွားပါသည်။ အမေသည် တစ်ကြိမ်တစ်ခါမျှ ခနတောင်ကို မရောက်ဖူးပါ။ ဦးထွန်းအေးနှင့် ဒီလောက် ရင်းနှီးကြမှ တစ်ခါတလေတော့ ရောက်ဖူးဖို့ကောင်းတယ်ဟု အမေ ပြောသည်။ တောင်ပေါ်မှာ တစ်ညပဲ အိပ်ပြီး အမေ ပြန်လာတော့ တောင်ပေါ်မှာ စားလေ့ရှိသည့် ပဲကတ္တီပါများနှင့် ကောက်ညှင်းထုပ်များ လက်ဆောင်ရလာသည်။ ခနတောင်အတွက် ကောက်ညှင်းထုပ်နှင့် ရှိုင်ငှက်ပျောသီးမှည့်များသည် ထာဝရ စားသုံးလေ့ရှိသော အာဟာရပဲ ဖြစ်သည်။

အမေက ပြောပြပါသည်။ ကျွန်မတို့ ညီအစ်မများက အမေ့ရှေ့မှာ ဝိုင်းထိုင်ပြီး နားထောင်ကြသည်။

"ကိုထွန်းအေးက တောင်ပေါ်မှာ အင်္ဂလိပ်အရုပ်ကြီး တစ်ရုပ်လုပ်ထားတယ်။ ဦးထုပ်အမြင့်ကြီးဆောင်းလို့၊ အဲဒါကို ကောင်းကင်မှာပေါ်လာတဲ့ နက္ခတ်တွေကို ကြည့်ပြီး နက္ခတ်ကိုက်တဲ့အချိန်မှာ မီးရှို့ပစ်ရမယ်လို့ ပြောတယ်။ အဲဒါကြောင့် အမေက ကိုထွန်းအေးကို သတိပေးခဲ့ရသေးတယ်။ သိုသိုသိပ်သိပ် လုပ်ပါ။ တော်ကြာ ဟိုတစ်ခါလို အရေးပိုင်ရုံးရောက်နေဦးမယ် ဆိုတော့ … စိတ်ချ မရောက်ဘူး။ သန်ဘက်ခါ ညသန်းခေါင်ကျော်ရင် ဓာတ်ခိုက်၊ နတ်ကြိုက်ဆိုတဲ့ အချိန်မျိုးပဲ။ ဒီတော့မှ သူ့ကို လက်စတုံးပစ်ရမယ်။ နို့မဟုတ်ရင် ဒီမိစ္ဆာကောင်တွေက ကျုပ်တို့ ဗုဒ္ဓဘာသာဝင်တွေကို သိပ်အနိုင်ကျင့်ချင်တာလို့ အားနဲ့မာန်နဲ့ ပြောတယ်။ ဒီညသန်းခေါင်ချိန်မှာ အဲဒီအင်္ဂလိပ်ရုပ်ကြီးကို သူ မီးရှို့မယ်" ဟု အမေ ပြောပြသည်။

"ဒေါ်ပန်းခြုံကိုရော တွေ့ခဲ့လား အမေ" … ဟု အစ်မကြီးက မေး





တော့ "မပန်းခြုံက တောင်အောက်မှာ နေတာဟဲ့။ အပြန်မှပဲ သူ့ကို ဝင်ပြီး နှုတ်ဆက်ခဲ့ရတယ်" ဟု အမေ ပြောပါသည်။ သည့်နောက်ကာလများတွင် ဦးထွန်းအေးသည် ကျွန်မတို့အိမ်သို့ အလာအသွား နည်းပါးသွားပါသည်။ တောင်ပေါ်မှာ တရားအားထုတ်လာသူများနေလို့ သူလည်း တောင်အောက်ကို မဆင်းလာနိုင်တော့ဘူး ထင်ပါရဲ့ဟု … အမေသည် သူ့ထင်မြင်ချက်ကို ပြောပါ၏။

၁၉၄၀ - ၄၁ ခုနှစ်သို့ ရောက်လာသည်။

ဤနှစ်များသည် ကျွန်မတို့ မြန်မာနိုင်ငံ၌ ဒုတိယ ကမ္ဘာစစ်အရိပ်အငွေ့များ သမ်းနေသောအချိန် ဖြစ်၏။ ဤအချိန်၏ တစ်နေ့သော အခါတွင် ဦးထွန်းအေးသည် လွယ်အိတ်ကြီးတစ်လုံးလွယ်လျက် အိမ်သို့ ရောက်လာသည်။ မတွေ့ရတာကြာပြီဖြစ်သည့် ငါးနှစ်၊ ခြောက်နှစ်အတွင်းမှာ ဦးထွန်းအေး၏ ရုပ်အသွင်ကျသွားပါသည်။ ပိန်လည်း ပိန်သွားပါသည်။ သည်အခါမှာ သူပြောသည့်စကားများက အခါတိုင်းလို မမွှာတရားများ မဟုတ်ပါ။ တိုင်းပြည်၏ အခြေအနေ ဖြစ်နိုင်ခြေရှိသည်များကို တင်ပြနေခြင်းဖြစ်ပါ၏။

"အင်္ဂလိပ်က အမှန်ပြေးရမှာဗျ ..ဝင်လာမှာက ဂျပန်.. ဒီကောင်တွေလည်း မကောင်းဘူး … နောက်ထပ်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ ဆိုတဲ့ကောင်မျိုးပဲ … ဒါ ထားပါတော့ … အရေးမကြီးဘူး … အများနဲ့ ခံရတာပဲလို့ပြောရင် ဖြစ်တယ် … ဂျပန်တွေဝင်လာရင် တောင်စွန်း … ဘီးလင်း … သထုံ ဒီလမ်းတစ်လျှောက် အားလုံးခံရလိမ့်မယ် … စစ်က ဒီလမ်းက ဝင်လာမှာ … ဝင်လာတော့ စစ်ဦးဘီးလူး ဆိုသလို ကြမ်းကြမ်းရမ်းရမ်းကြလိမ့်မယ် … ဒီတော့ ခင်ဗျားတို့မိသားစုကို … ကျုပ်က စိတ်ပူလာ



www.burmeseclassic.com

www.burmeseclassic.com



တယ် ... ခင်ဗျားမှာက သမီး မိန်းကလေးတွေ တစ်အုံတစ်မနဲ့ ... ဘယ်သွားနေမလဲ ... ခုကတည်းက ကြိုတင် စီစဉ်ထားနော် ... စပါးတစ်စီးလောက်ကို ကြိုတ်ပြီး ... တောင်ပေါ်ကို ပို့ထား ... ထမင်းရှိရင် ပြီးတာပဲ ... ဘာနဲ့စားစား ဖြစ်တယ် ... အဲဒီ စားတဲ့အတွက်ကို ကျုပ်တာဝန်ထား"

ဟု ဦးထွန်းအေးသည် ပုပင်စွာဖြင့် အမေ့ကို လာပြောသွားပါသည်။

ဒါပေသည့် ဦးထွန်းအေးမှာသည့်အတိုင်း ခနေတောင်သို့ ကျွန်မတို့ ဆန်မပို့ဖြစ်ခဲ့ပါ။ ဘာကြောင့်ဆိုသော် ကျွန်မတို့အစ်ကိုလေးက အမေ့ညီမရှိသည့် ပင်လယ်တစ်ဖက်ကမ်းမှ "မမောက်ရွာ" သို့ သွားသင့်သည်။ ထိုနေရာသို့ ဂျပန်များရောက်နိုင်မည် မဟုတ်ဟု အကြံပေးသောကြောင့် ခနေတောင်သို့မရောက်ဖြစ်ခြင်း ဖြစ်၏။ ဦးထွန်းအေး ကြိုတင်ပြောခဲ့သည့်အတိုင်း ကျွန်မတို့အရပ်သည်စစ်လမ်းကျရုံမျှမက ဂျပန်တို့အဝင်မှာ ကျွန်မတို့အိမ်များပင် ပြောင်တလင်းခါသွားအောင် မီးရှို့ခံလိုက်ကြရပါသည်။

ဦးထွန်းအေးကို နောက်ဆုံးတွေ့ရသည်မှာ ၁၉၄၃ ခုနှစ် အတွင်းမှာဖြစ်သည်။ ထို့နောက်ကာလများမှာ ဦးထွန်းအေးနှင့် ကျွန်မတို့ အဆက်အသွယ်ပြတ်သွားပါသည်။

ဂျပန်များစစ်အထွက်တွင် အမေ့အစ်ကိုဆရာတော်ကြီးကျောင်းထိုင်သည့် ဘီးလင်းမြို့ရှိကျောင်း သစ်တောရကျောင်းတိုက်မှာ ကျွန်မတို့မိသားစု နားခိုခဲ့ရဖူးသော်လည်း ခနေတောင်၏သတင်း ကို မေးမြန်းစုံစမ်း၍ မရသောကြောင့် ဦးထွန်းအေးနှင့် လုံးဝ အဆက်ပြတ်သလို ဖြစ်သွားရ၏။ ဂျပန်စစ်တပ်များ အဝင်ရော အထွက်ပါ ကျွန်မတို့နယ်မြေသည် အလူးအလဲခံလိုက်ရသောအခါမှာ အမေသည် -





"ဩော်... ကိုထွန်းအေး ပြောသွားတာတွေ မှန်လိုက်တာ"

ဟု ညည်းတွားသလိုပြောသည်။

၁၉၄၇ ခုနှစ်မှာ ဦးထွန်းအေး ဆုံးသွားလေပြီဟူသော သတင်းကို ကျွန်မတို့ ကြားသိရသောအခါမှာ ကျွန်မတို့မိသားစုသည် ရန်ကုန်သို့ ပြောင်းရွှေ့ရောက်လာသည်မှာပင် သုံးနှစ်လောက် ရှိနေပါပြီ။ ဦးထွန်းအေးသည် မကွယ်လွန်မီကတည်းကပင် သူ ကွယ်လွန်မည့် အချိန်ကို ပြောခဲ့သည်။ သူကွယ်လွန်လျှင် ခနေတောင်ပေါ်မှာပဲ သူ့အလောင်းကို မီးသင်္ဂြိုဟ်ရန် မှာသွားသည်ဟု ဆိုပါသည်။ သူ၏ တပည့်များကမူ ဦးထွန်းအေးသည် ဘဝအဆက်ဆက်တွင် ဗုဒ္ဓဘာသာ သာသနာတော်အတွက် သာသနာပြုသွားမည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု နိုင်မာစွာ ယုံကြည်ထားကြ၏။ ထို့ကြောင့် သူ၏အရိုးကို အုတ်ဂူလုပ်ကာ ခနေတောင်ပေါ်မှာပဲ တည်ဆောက်ထားကြသည်။ သူ့ဇနီး ဒေါ်ပန်းခြုံသည်လည်း သူ ကွယ်လွန်ပြီး မကြာမီ ကွယ်လွန်သွားသည်။ သူ့ရုပ်အလောင်းကို ဦးထွန်းအေးကို မီးသင်္ဂြိုဟ်သည့် နေရာမှာပဲ မီးသင်္ဂြိုဟ်ပါသည်။ သို့သော် ဦးထွန်းအေးကဲ့သို့ အရိုးဂူကိုမူ ပြုလုပ်ထားခြင်း မရှိကြဟု ကျွန်မတို့ သိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၆ ခုနှစ်၊ မိုးကာလအတွင်းက ဘီးလင်းမြို့သို့ ကျွန်မ ရောက်သွားပါသည်။ ဦးထွန်းအေး၏ မျိုးဆက်များ ရှိပါသေးသလားဟု အလူးကြီးရှာသား၊ ဦးထွန်းအေးကိုလည်း ကောင်းစွာ မြင်ဖူး၊ ကြားဖူး၊ သိဖူးလိုက်သည့် ဦးစောမောင်အေးကို သတင်းမေးသောအခါ ဦးထွန်းအေးတို့ မျိုးဆက်မှ သားနှစ်ယောက် ကျန်ခဲ့သည်။ တစ်ယောက်က ဘီးလင်းမြို့နယ်အတွင်းရှိ "နယ်ခြား" ရွာကလေးမှာ ရှိနေသည်။ သွားချင်လျှင် လှည်းနှင့်သွားလို့ရသည်။ လိုက်ပို့ပေးမည်။ ကျန်သောသားတစ်ယောက်ကတော့ ဘယ်မှာရှိနေသည်ဟု မသိပါ ဆိုသည်။ ဒါပေသည့် မိုးကာလဖြစ်နေ၍ နယ်ခြားရွာကို မသွားနိုင်ခဲ့ပါ။ နွေကိုလာခဲ့ပါဟု ဦးစောမောင်အေးသည်လည်း အသက်ရှစ်ဆယ်ကျော် ရှိနေပြီဖြစ်သောကြောင့် လွန်ခဲ့သောဝါခေါင်လအတွင်းကပဲ ကွယ်လွန်သွားရာသည်။ ကျွန်မအတွက်သဲလွန်စတစ်ခု ပျောက်ဆုံးသွားရခြင်းပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလလောက်လ ခနေတောင် ပေါ်မှာ ဦးထွန်းအေး၏ဓမ္မတာရားကျင့်စဉ်ကို ဆက်လက် ကျင့်သုံးအား ထုတ်နေသည့် "ဦးမေတ္တာ" ဆိုသူ ယောဂီကြီး တစ်ဦးကို ကျွန်မ တွေ့ ဆုံရပါသည်။ အသက်ခုနစ်ဆယ်ကျော်လောက် ရှိပြီး ကျန်းမာသန်စွမ်း ပုံရသည့် တပ်မတော်သားဟောင်းကြီး တစ်ဦး ဖြစ်သည်။ ဦးမေတ္တာကို ရန်ကုန်၊ ဗွတ္တလစ် ဈေးကြီးရှေ့မှာ နေသည့် တိုင်းရင်းဆေးဆရာကြီး ဦးလှမင်းနှင့် ဆရာကြီး၏ ဇနီးဖြစ်သူ တိုင်းရင်းဆေးဆရာမကြီး ဒေါ်အုံး မြိုင်တို့က ဆက်သွယ်ပေးသောကြောင့် ကျွန်မ သိရခြင်းပင်။ ဆရာကြီး တို့ဇနီးမောင်နှံသည်လည်း အလူးကြီး ရွာသားများဖြစ်ကြ၍ ဦးထွန်းအေး ၏အကြောင်းအရာကို ကျွန်မတို့ မိသားစုလောက် အတွင်းကျကျ မသိရ သော်လည်း ဦးထွန်းအေး၏ ဓမ္မတာရားကျင့်စဉ်ကိုမူ ကောင်းကောင်း သိသူများဖြစ်ကြသည်။ ဦးထွန်းအေး၏ ခနေတောင် တရားစခန်းကိုလည်း ရောက်ဖူးကြသူများ ဖြစ်သည်။

ဦးထွန်းအေး မကွယ်လွန်မီ တစ်နှစ်ကျော်လောက်ကတည်း က ခနေတောင်ပေါ် ရောက်လာပြီး ဦးထွန်းအေး၏ ဓမ္မတာရားကျင့်စဉ် ကို ကြိုးကြိုးစားစား အားထုတ်ကာ ဦးထွန်းအေးထံမှာ တပည့်အဖြစ် ခံယူ လာခဲ့သော ယောဂီကြီး ဦးမေတ္တာက –

"ဦးထွန်းအေးဟာ ... ဘုရားဆုပန် ထားတာဗျ ... လွန်ခဲ့တဲ့ နှစ် ပေါင်း ရှစ်ဆယ်လောက်က ... ဘီးလင်းရွှေရောင်ပြတောင်မှာ ... တစ်ပါး တည်း ဧကစာ ကျင့်သုံးဆောက်တည် ... ပျံလွန်တော်မူသွားတဲ့ .. ရဟန္တာ အရှင်မြတ်ဆိုပြီး ကျော်ကြားတဲ့ ... ဘုန်းကြီး ဦးအုန်းခိုင်ကလည်း ဘုရား ဆုပန်သွားတာပဲ ... အလံတစ်ရာဘုရားကြီးကို ... ထူးထူးခြားခြား တည် တော်မူသွားတဲ့ အလံတစ်ရာ ဆရာတော်ကတော့ ... ရဟန္တာအရှင် ဖြစ် ရပါလို၏လို့ ဆုပန်တယ်ဗျ"

ဟု ပြောပြပါသည်။

ကျွန်မသည် ဦးထွန်းအေး ပျိုးထောင်သွားသည့် ဓမ္မတာရား ကျင့်စဉ်ထက် ဦးထွန်းအေးနှင့် ဒေါ်ပန်းခြုံတို့၏ ကျားမောင်နှံဘဝမှ လူသား မောင်နှံဘဝသို့ ကူးပြောင်းလာကြသည့် ထူးဆန်းသော ဘဝ အကြောင်းကိုသာ ပိုမို စိတ်ဝင်စားခဲ့သူ ဖြစ်ပါသောကြောင့် ဦးထွန်းအေး ၏ဖြစ်ကြောင်းကုန်စင်ဘဝကို ကျွန်မတို့ မိသားစုထက် ပို၍ သိရှိသောသူ ရှိတော့မည် မဟုတ်ဟု ယူဆယုံကြည်လိုက်ပါသည်။ ဦးထွန်းအေး၏ နှုတ် ထွက် ဝန်ခံချက်စကားနှင့် မိခင်ကြီးထံမှတစ်ဆင့် ကြားသိရသော စကား များကို စုစည်းကာ ဖြစ်နိုင်ခြေ ရှိသည်၊ မရှိသည်ကို အတည်ပြုနိုင်ရန် အတွက် အကိုးအကား၊ မှတ်စု မှတ်တမ်းများကို ရှာရပါသည်။

ထိုအခါ ...

၁၉၀၃ ခုနှစ်၊ မတ်လ ၂ ရက်။ ၁၂၆၄ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်နေ့တွင် ရွှေတိဂုံဘုရားကြီးပေါ်သို့ ကျားတက်သည်ဆိုသော မှတ် တမ်းကို တွေ့ရပါသည်။

တပေါင်းပွဲတော်ကြီး ကျင်းပနေချိန်ဖြစ်သောကြောင့် ရွှေတိဂုံ စေတီတော်ကြီးမှာ ဘုရားဖူးလာကြသူများဖြင့် အလွန်စည်ကားနေသော အချိန် ဖြစ်ပါသည်။ ဘုရားကြီးကို မြန်မာနိုင်ငံ ဘုရင်ခံနှင့် ဟံသာဝတီ သာသနာပိုင်ဆရာတော်ကြီး(ငါးထပ်ကြီးဆရာတော်)တို့က ကြီးကြပ်ကာ ရွှေပြားသက်န်းတော်များ ကပ်လှူပူဇော်မည့် အစီအစဉ်ရှိသောကြောင့် ငြမ်းများ ဆင်ထားချိန်လည်း ဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ခေါင်းလောင်းပုံ အနားစွန်းတွင် ဝပ်နေသည့် ကျား တစ်ကောင်ကို ဘုရားဖူးများက ထီးတော်ကို မော်၍ ဖူးကြသောအခါမှာ မြင်လိုက်ရ၍ အော်ဟစ်ကြသည်။ နံနက်စောစော နေထွက်ချိန် ဖြစ်နေသောကြောင့် ကျားကို ရုတ်တရက် မမြင်ကြ။ နေရောင်နှင့် ဘုရားကြီး၏ ရွှေရောင်များဟပ်ကာ ကျားပုံသဏ္ဍာန်သည် ပုံမပေါ့်တပေါ်ဖြစ်နေသည်။ ထို့ကြောင့် လူအုပ်ကြီးသည် သူ့ထက်ငါ တိုးဝှေ့ကြည့်ရှုကာ ဆူညံလျက်ရှိလေ၏။

ဤအချိန်မှာပင် ဘုရားလူကြီးများနှင့် အင်္ဂလိပ် စစ်ဗိုလ်ကြီး တစ်ဦး ရောက်လာသည်။ သူ့လက်ထဲမှာ နှစ်လုံးပူးသေနတ်တစ်လက် ပါလာသည်။ ထို့နောက် မှန်ပြောင်းဖြင့် ကျားရှိသော နေရာကို ကြည့်သောအခါမှာ ကျားတစ်ကောင်လုံးကို မမြင်ရ။ ကျောပြင်၊ နောက်ခြေ နှစ်ဖက်နှင့် အမြီးကိုသာ တွေ့ရသည်ဆို၏။ အားလုံး တိုင်ပင်ကြသောအခါမှာ ဤကျားကို ချက်ကောင်းမိအောင် ပစ်ချနိုင်လျှင် ကောင်းပါသည်။ သို့မဟုတ်ဘဲ နာကျင်ရုံမျှသာ ထိသွားမည်ဆိုပါက ကျားသည် ဘုရားပေါ်မှ ခုန်ဆင်းကာ ဘုရားဖူး ပရိသတ်များကို ရန်ပြုမှာ စိုးရိမ်ရသည်ဟု ဆိုကာ ဘာမျှမလုပ်သေးဘဲ ရိုင်ဖယ် သေနတ်ကိုင် စစ်သား ဆယ်ဦးကို ခေါ်ယူပြီးလျှင် သေနတ်သမားများကို ငါးဦးစီ နေရာခွဲစေပြီးမှ ကျားရှိသောနေရာကို တစ်ပြိုင်တည်း ပစ်ကြစေသည်။

ကျားသည် ကြောက်စိတ်ဖြင့် သူ၏ ကိုယ်ကြီးကို လုံးထွေးဝပ်ထားသောကြောင့် သေနတ်ကျည်ဆန်များသည် သူ့ကို လုံးဝ မထိမှန်ဘဲ ကျားဝပ်နေသည့် အုပ်ခံ အစွန်းများကိုသာ ထိနိုက်ကုန်၏။ ထို့ကြောင့် ရိုင်ဖယ်ကိုင် စစ်သားများသည် နောက်ထပ် နေရာရွှေ့ပြောင်းယူကာ ပစ်





ရန် စီစဉ်နေကြခိုက် ကျားသည် ရုတ်တရက် ဦးခေါင်းပိုင်းထောင်ကာ ထလာပြီး အောက်ဘက်သို့ ငုံ့ကြည့်စဉ် ကပ္ပတိန် ဂျင်းနင်းပစ်လိုက်သည့် ကျည်ဆန်ဖြင့် ရင်အုပ်၊ ပခုံးနှစ်ဖက်နှင့် အမြီးကို ထိသွားလေသည်။

ကျားတစ်ကိုယ်လုံး ဒဏ်ရာကြောင့် အလူးအလဲ ခံနေရသည်မှာ နာရီဝက်ခန့် ကြာ၏။ ထို့နောက်မှ ငြိမ်ကျသွားသည်ကို မြင်ရ၍ ငြမ်းပေါ်သို့ တက်ကာ ကျားသေကို ယူစေရာ အသက်မသေသေးဘဲ ညည်းညူသံ ပြုနေသည်ကို ကြားနေရသေးသောကြောင့် ရင်ဝတည့်တည့်သို့ ကပ်ကာ နောက်ထပ် တစ်ချက် ပစ်လိုက်မှ ငြိမ်သက်သွားတော့၏။ ကျားသေကို အောက်သို့ ယူချကာ စစ်ဆေးကြသောအခါမှာ ကျားသည် အမ ဖြစ်ကာ ငယ်ရွယ်သေးသည်ကို တွေ့ရ၏။ ကျားကိုယ်ပေါ်မှာ သေနတ် ဒဏ်ရာ ငါးချက်တွေ့ရ၏။ ကိုယ်ကို တိုင်းထွာကြည့်သောအခါ ရှစ်ပေ ရှိ၏။ ကျား အမြီးကို သေနတ်မှန်သွားသောကြောင့် ကျားမှာ အမြီးပါမလာ။ အုတ်ခုံ အစွန်းနှင့် ငြမ်းမှာ ငြိကာ အမြီးတန်းလန်း ကျန်ခဲ့သည်ကို နောက်မှ တက်ယူကြရသည်။ ဤကျားသည် ဘုရားပေါ်သို့ မတက်မီ ပုဇွန်တောင် အမဲသတ်ရုံအနီးရှိ အိမ်များသို့ ရောက်ရှိသွားသည့်ခြေရာများကိုတွေ့ရသည်။ ထို့နောက် ကုက္ကိုင်း ရေကူးကန်ဘက်ရှိ နွားခြံထဲမှာ နွားတစ်ကောင်ကို ဆွဲယူစားသွားသည်ဟု သိရ၏။

( ဤမှတ်တမ်းများကို ကြည့်လျှင် ကျားသည် တစ်ကောင်တည်း ဖြစ်နေသည်။ သို့ရာတွင် ဦးထွန်းအေး ပြောပြချက်အရမှာ ကျားဖိုနှင့် ကျားမ ကွဲသွားကြသည်။ ဘယ်မျှလောက်ကြာကြာ ကွဲသွားသည်ကို မပြောပြ။ ကျားဖိုက နွားဆွဲစားရင်း သေနတ်ပစ်ခံရသည်ဟုသာ ပြောပြ၏။ နောက်တစ်ချက် စဉ်းစားရသည်မှာ ကျားမများသည် အမများအား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သိုး၊ ဆိတ် စသည့် အကောင်ငယ်များကိုသာ ဖမ်းစားလေ့ရှိသည်။ သားကျချိန်ဖြစ်သောအခါမျိုးမှာပင် ကျားမသည် သားကောင်ကြီးများကို ဖမ်းစားခဲ့သည်ဟု တောလိုက် ဗဟုသုတရှိသူများထံမှ သိရပါသည်။ ယခု ဘုရားကြီးပေါ်မှ ရရှိသော ကျားမသည် ရှစ်ပေသာ ရှိသေးသည်ဟု ဆိုထားသောကြောင့် အရွယ် အလွန်ငယ်သေးပါ၍ သားကောင်ကြီးများအား ဖမ်းစားရန် အရွယ်မမြောက်သေးဟု စဉ်းစားရမည် ဖြစ်ပါ၏။)

ဦးထွန်းအေး၏ ပြောပြချက်အရ သူ့ဇနီး ဒေါ်ပန်းခြုံ၏ ရင်ဝမှာ ဒဏ်ရာအမှတ်တစ်ခု ပါလာသည်ဆိုခြင်းမှာလည်း ထည့်သွင်းတွေးတောစရာ ဖြစ်သည်။ မည်သို့ပင်ဆိုစေ ရွှေတိဂုံဘုရားကို ကျားတက်သည့် ၁၉၀၃ ခုနှစ်သည် ဦးထွန်းအေးနှင့် ဒေါ်ပန်းခြုံတို့၏ ဖွားသက္ကရာဇ်ထက် တစ်နှစ် နီးပါးစန့်သာ စောသည်မှာလည်း ထည့်သွင်း စဉ်းစားရမည့် အချက်ပဲ ဖြစ်နေပါ၏။

ဘုရားမှာ ကျားတက်ပြီး မကြာခင် 'ရွှေဘိုဂုံဘုရားမှာ ဘျား တက်တယ် ငါးရက်ကြာ' ဟူသော ဇာတ်သီချင်းများ ပေါ်လာသလို ဓားဝိန် ယိမ်းဆရာ ဦးမောင်ကြီး၏ 'ဘုရားအထက်၊ ကျားတက်' ဟူသော အဆို အငို ပါသည့် ဇာတ်စာအုပ်နှင့် ရွှေတောင် ဆရာလွမ်း "ဆရာကြီး သခင် ကိုယ်တော်မှိုင်း" ၏ 'ရွှေတိဂုံဘုရားအမှုကို ကျားအမူးလာသောပြဇာတ်' စာအုပ်မှာလည်း အလွန် နာမည်ကြီးသွားသည်။

အထူးအားဖြင့် ပြောလိုသည်မှာ ဦးထွန်းအေး ကဲ့သို့သော ဘာသာရေး ခေါင်းဆောင် တစ်ယောက်၏ ဖွင့်ဟ ပြောဆိုချက်သည် မယုံလျှင် ပုံပြင်မှတ်ရမည့် ဇာတ်လမ်းမျိုး မဟုတ်ဘဲ ထူးခြားဆန်းကြယ် သည့်ဘဝ၏ အပြောင်းအလဲတစ်ခု၊ သံဝေဂရယူဖွယ်နှင့် ထိတ်လန့်ဖွယ်





ကောင်းသည့် ဘဝတစ်ခု ဟူ၍သာ ခံစားဖွယ်ရာ ဖြစ်ပါ၏။ ဤဖြစ်ရပ်မှန် ကိုလည်း ဒေါ်ပန်းခြုံ မိသားစုနှင့် ဦးထွန်းအေး ပြောပြ၍သိရသော ကျွန်မ တို့ မိသားစုသာလျှင် သိကြသူများ ရှိပါလိမ့်မည်။

ဓမ္မပဒ အပမာဒဝဂ် (၁) တွင် ...

"ကောတုဟလိက ဆိုသော အမျိုးသားတစ်ယောက်သည် ရသ တဏှာကို စွဲလမ်းသောစိတ်ဖြင့် ရတ်တရက် ကွယ်လွန်လေလျှင် အိမ်မှာ မွေးထားသည့် ခွေးမတစ်ကောင်၏ ဝမ်းမှာ သန္ဓေစွဲပြီကာ ခွေးအဖြစ်သို့ ရောက်လာသည်။ ခွေးဘဝတွင် ခွေးရှင် ကိုးကွယ် ဆည်းကပ်သည့် ရှင်ပစ္စေကဗုဒ္ဓကို ကြည်ညိုသောစိတ်ဖြင့် သေပြန်လျှင် တာဝတိံသာ၌ ယောသက နတ်သား ဖြစ်ရသည်" ဟု မှတ်သားရပါသည်။

ထို့ကြောင့် ဤဘုရားဟောလာ ဘဝဖြစ်ရပ်များကို မှတ်သား လျက် ဦးထွန်းအေး ကိုယ်တိုင် ပြောပြသွားသည်များအား ဖတ်ကောင်း အောင် ပြုပြင်ကာ စာဖတ်သူများအား တင်ပြရပါသည်။ ကျွန်မ၏လုပ်ကြံ လီဆယ်မှု လုံးဝ မပါသည်ကို ဝန်ခံပါသည်။

အကယ်၍ စာဖတ်သူသည် ရန်ကုန် - မုတ္တမသွား ကားလမ်း ပေါ်သို့ ရောက်လျှင် ကျိုက်ထိုမြို့မှ လွန်သည်နှင့် ဒေသထွက် သီးနှံများ ကို ကားလမ်းဘေးမှာ ချရောင်းနေကြသည်၊ အထူးသဖြင့် ဒူးရင်းသီးပေါ် ချိန်တွင် မျိုးကောင်း ဒူးရင်းသီးကြီးများကို ချရောင်းနေကြသည့် အလှူး ကြီးရွာကိုတွေ့ရပါမည်။

ထိုအခါ အသက် ခုနစ်ဆယ်ကျော် အဘိုး (သို့မဟုတ်) အဘွား တစ်ယောက်ယောက်ကို တွေ့လျှင် ခနတောင် ဦးထွန်းအေးအကြောင်း ကို မေးကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော စာမသင်ဘဲ စာတတ်နေသော ဦးထွန်းအေး အကြောင်းများကို ပြောပြကြပါလိမ့်မည်။ ခနေတောင်သို့ သွားရောက်လေ့လာလိုပါလျှင်လည်း ထိုသူများက လမ်းညွှန်ကြပါလိမ့်မည် ဟု သတင်းပါးလိုက်ရပါသတည်း။

ကြည်ဦး



BURMESE CLASSIC .com
www.burmeseclassic.com